www.burmeseclassic.com

# မန္တလေးမြို့ ကံရှုဇော ၁၀ ကြောင်း



ကံချွန်

www.burmeseclassic.com

# ကံချွန်

# မန္တလေးမြို့က လူတွေအကြောင်း

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ်
၄၄၁/၂၀၀၄ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၅၄/၂၀၀၄ (၇)
အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးကံချွန် (ကံချွန်စာပေ)
၉-၈၊ (၄၄)၊ သိုးခြံမြို့သစ်၊ မန္တလေးမြို့။
မျက်နှာဖုံးဒီဇိုင်း
ကံချွန်
ထုတ်ဝေသည့်ကာလ
၂၀၀၄၊ စက်တင်ဘာ၊ ပထမအကြိမ်
စောင်ရေ
၁၀၀၀
စာအုပ်ချုပ်
ကိုမြင့်
ကွန်ပျူတာစာစီ
ဘဲကလေး
တန်ဖိုး
၈၀၀ ကျပ်

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သတင်းလူ | ၁ |
| ၂။ | နှစ်သစ်လက်ဆောင် | ၇ |
| ၃။ | ဘာလို့ မစဉ်းစားတာလဲ (၁) | ၁၃ |
| ၄။ | ဘာလို့ မစဉ်းစားတာလဲ ( ၂ ) | ၂၁ |
| ၅။ | ဘာလို့ မစဉ်းစားတာလဲ (၃) | ၂၈ |
| ၆။ | မန္တလေးကချစ်သူ ၊ ချစ်သူက မန္တလေး | ၃၄ |
| ၇။ | မြို့သစ်သွား တောလား | ၄၁ |
| ၈။ | ဒီလိုပဲကူးနေလို့သာ ပြီးမှာလား မောင်ရေ့ | ၄၆ |
| ၉။ | အန္တရာယ်ကို တုတ်နဲ့ထိုးမယ် | ၅၂ |
| ၁၀။ | အနုပညာသမားအိုတော့ | ၅၈ |
| ၁၁။ | ကျောင်းဖွင့်ချိန် (၁) | ၆၃ |
| ၁၂။ | ဗွီဒီယိုရုပ်ရှင်ထဲကအမေ | ၆၉ |
| ၁၃။ | ကျောင်းဖွင့်ချိန် (၂) | ၇၅ |
| ၁၄။ | ရေပတ်လည်ဝိုင်းရံလျက်ရှိသော | ၇၉ |
| ၁၅။ | ငွေစော်နံ ပြန်လိုက်ဦး | ၈၅ |
| ၁၆။ | ပုံပြင်လေးတစ်ပုဒ် ကြားဖူးတယ် | ၉၀ |
| ၁၇။ | မင်းကွန်း သွားဖူးသလား | ၉၇ |
| ၁၈။ | မန္တလေးအငြိမ့် ဘယ်လဲ | ၁၀၂ |
| ၁၉။ | ဖိုက် ဖိုး သရီး တူး ဝမ်း ဂိုး | ၁၀၈ |
| ၂၀။ | အသက် (၅၀) ကျော်တောင် : T နဲ့ဖြင့် ဝေးမယ်မထင်ပေါင် | ၁၁၃ |

www.burmeseclassic.com


၂၁။ အသက်ကလေးရယ်တဲ့ ရှည်စေလို ၁၂၀

၂၂။ ပျော်တတ်ဖို့ လိုတယ် ၁၂၅

၂၃။ သတိထားမိတဲ့ ကိုရီးယားဇာတ်လမ်းတွဲများရဲ့တူညီမှု ၊ ကွဲလွဲမှု ၁၃၁

၂၄။ နာမည်ကျော်တော့ ၁၃၇

၂၅။ ရိုးရာကို ဘယ်လိုမွမ်းမံမလဲ ၁၄၄

၂၆။ ပရိတ်သတ်က နားမကြားပြောတာက ကံချွန် ၁၅၀

၂၇။ မရဲတရဲ နှင့် ပြောပါရစေ ၁၅၇

၂၈။ ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ကို အကြောင်းပြုလို့ ၁၆၃

၂၉။ တော်တော်တီး . . . တော်တော်တီး . . . တီးတော် ၁၆၉

၃၀။ နွားတစ်ကောင် တစ်ကျပ် ၁၇၅

၃၁။ အထူးကုဆေးခန်းကြီးများနှင့် ၁၈၀

၃၂။ တီရှပ်ဆာပေး ၁၈၇

၃၃။ တစ်ဆောင်းသစ်ပြန်ပြီ ၁၉၄

၃၄။ ဆောင်းတွင်းကို ကျော်ဖြတ်ဖို့ ၂၀၀

၃၅။ ကံချွန်ချစ်တဲ့ မန္တလေး ၂၀၆

၃၆။ တစ်နာရီစာ ရှိရဲ့လား ၂၁၂

၃၇။ လိမ္မော်ခြံထဲမှာ ထားမယ့် ကွန်ပျူတာ ၂၁၈

၃၈။ ၂၀၀၃ လက်ကျန်ရှင်းတမ်း ၂၂၄

၃၉။ ၂၀၀၃ ကောက်သင်းကောက် ၂၂၉

# အမှာ

ကျွန်တော်သည် သူများစာအုပ်တွေရှေ့ကနေ လူ
တတ်ကြီးလုပ်ပြီး အမှာစာရေးရမှာကို စိတ်မဝင်စားလှသော်
လည်း အမှာစာကောင်းများကိုတော့ တန်ဖိုးထားဖတ်ရှုလေ့
ရှိသူဖြစ်သည်။

တချို့အမှာစာများသည် စာအုပ်ကောင်းတစ်အုပ်၏
မူလတန်ဖိုးကို ပိုမိုမြင့်တက်စေသည့်အပြင် ထိုစာအုပ်ကို
အကြောင်းပြုပြီး ဆွေးနွေးပြောဆိုထားသော အချက်
အလက်များကလည်း စာပေသုတေသီတို့အတွက် တစ်စုံတစ်
ခုသော အကျိုးကျေးဇူးများရရှိစေတတ်သည်။ တချို့အမှာစာ
များမှာမူ မျိုးဆက်သစ်တပည့်သားမြေးစာရေးဆရာ၊ စာရေး
ဆရာမများ၏ ဘဝနှင့်စာပေအလုပ်ကိုလည်းကောင်း၊ လူကြီး
သူမတစ်ယောက်၏ မေတ္တာစိတ်ကြီးမားစွာ ပြောဆိုထား
သော အမြင်များအဖြစ် မှတ်သားနာယူစရာများ ဖြစ်နေ
တတ်သည်။တချို့သော အမှာစာများကား ရေးဖော်ရေးဘက်
သူငယ်ချင်းများ၏ ရင်းနှီးပွင့်လင်းစွာ ဝေဖန်မှုများ၊ အမှတ်
တရ ပြောဆိုမှုများဖြစ်ရာ ခေတ်ပြိုင်ရုပ်ပုံလွှာများလှုပ်ခတ်နေ
တတ်သလို သူတို့၏ရင်ခုန်သံများပါ ကြားရတတ်သဖြင့် စိတ်
လှုပ်ရှားစရာကောင်းလှသည်။

အမှာစာများကို စိတ်ဝင်စားတတ်ပြီး စာအုပ်အညွှန်း

တွေ၊ စာပေဝေဖန်ရေးတွေ ရေးလေ့ရှိသော ကျွန်တော့်ကို ကျွန်တော့်သူငယ်ချင်း စာရေးဆရာများက သူတို့၏ ဝတ္ထုတို ပေါင်းချုပ်စာအုပ်တွေမှာ အမှာစာရေးခိုင်းမည့်အကြောင်း နုစဉ်အခါက ပြောဆိုခဲ့ဖူးသည်များရှိသည်။ သူတို့၏ လူမှုဘဝ နှင့် သူတို့၏ စာပေအနုပညာအပေါ် အတန်အသင့် နားလည်သဘောပေါက်နှင့်ပြီးသော ကျွန်တော်သည် အထက်မှာဖေါ်ပြထားခဲ့သော အမှာစာသုံးမျိုးသုံးစားထဲက နောက်ဆုံးတစ်မျိုးဖြစ်သော မိတ်ဆွေသူငယ်ချင်းတစ်ဦး၏ ရင်းနှီးပွင့်လင်းသော အမြင်မျိုးဖြင့် အမှာစာ တစ်ပုဒ်တစ်လေ ရေးဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့ဖူးသည်။ တကယ့်တကယ် သူတို့၏စာအုပ်များထုတ်ဝေကြသောအခါ၌ကား အမှာစာ ရေးခိုင်းဖို့ တုတ်တုတ်မျှလှုပ်မလာကြသောသူများချည့်ဖြစ်နေ တတ်သည်။

တချို့ကတော့ မဂ္ဂဇင်းကြီးတစ်ခုမှာ အခြား ကလောင် အမည်နှင့် ကျွန်တော်ပင်တိုင်ရေးနေသော စာပေကဏ္ဍက နေ သူတို့၏စာအုပ်များအကြောင်း ရေးပေးစေလိုကြသည်။ လွတ်လွတ်လပ်လပ်ပွင့်ပွင့်လင်းလင်း ရေးချင်တာရေးပါဟု ဖွင့်ပေးသူများလည်း ရှိသည်။ စာအုပ်ကြော်ငြာသဘောမျိုး လောက် ရေးပေးဖို့ ပြောလာသူတွေလည်း ရှိသည်။ ထား လိုက်ပါတော့။

× × × × ×

ယခုတော့ ကျွန်တော်သည် ဆရာကံချွန်၏ စာအုပ်တွင် အမှာစာရေးဖြစ်ခဲ့လေပြီ။ ဤသို့ ရေးရလိမ့်မည်ဟုကား ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ဘူးပါချေ။ ဆရာချွန်သည် ဝတ္ထုတို တစ်မျိုးတစ်စားတည်း ရေးသူမဟုတ်ဘဲ ကျွန်တော် အထူးပြုဝေဖန်သုံးသပ်လေ့ရှိသော နယ်ပယ်ထက် ကျယ်ပြန့်စွာ ဖြန့်ကြက်ထားသူဖြစ်ခြင်းကြောင့် မမျှော်လင့်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဆရာချွန်နှင့်ပတ်သက်၍ လူပုဂ္ဂိုလ်အပေါ်ရော၊ သူ့စာများ အပေါ်မှာပါ စိတ်ဝင်စားတာလေးတွေ အများကြီးရှိသည်။

ထိုအထဲက ဆရာကံချွန်နှင့် ကျွန်တော်တို့တစ်တွေကြားမှာ မျက်စိဖြင့် မမြင်ရသော နံ့ရံပါးပါးလေးတစ်ချပ်ခြားနေသည့်ကိစ္စလေးတစ်ချက်ပြောလိုသည်။ ထိုနံ့ရံပါးပါးလေးဆိုတာ မျိုးဆက်ကွာဟမှုပင်ဖြစ်သည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်ကတော့ ထိုနံ့ရံပါးပါးလေးသည်ပင် အတန်အသင့်ထူခဲ့ပါလိမ့်မည်။ ဆရာချွန်သည် မန္တလေး စာပေမျိုးဆက်ဟောင်း၏ နောက်ကျသားတစ်ယောက်ဖြစ်ပြီး ကျွန်တော်တို့က မျိုးဆက်သစ်၏ သားကြီးဩရသများဖြစ်သည်။ ထို့ကြောင့် ငယ်မူငယ်သွေးဖြင့် ကြက်ခေါင်းဆိတ်မခံ တုန့်ပြန်တတ်သော ဆရာချွန်နှင့် ဝတ္ထုတိုနယ်ပယ်သစ်တွင် ခြေချစမှာ ကိုလံဘတ်လောက် အထင်ရောက်နေသော

ကျွန်တော်တို့တစ်တွေသည် သဘာဝကျစွာပင် ထိပ်တိုက် ရင်ဆိုင်မိသည်များ ရှိခဲ့ဖူးသည်။

× × × × ×

နှစ်ကာလများကို အတူတကွဖြတ်သန်းလာကြသော အခါ နားလည်သဘောပေါက်မှုလေးများရှိလာကြသည်။ ထိုသို့ နားလည်သဘောပေါက်လာအောင် ဆရာချွန်ဘက်က လူကြီးပီပီ စတင်ကြိုးပမ်းခဲ့တာကိုလည်း မှတ်မိနေသည်။ အဲဒါကတော့ သူနှင့်အတူ စာပေဟောပြောပွဲခရီးများ အတူ တကွထွက်ရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းပင်ဖြစ်သည်။ တစ် ခရီးတည်းအတူသွားဖြစ်ကြသောအခါ တစ်ယောက်သဘော တစ်ယောက်မနောတစ်ယောက် အကြောသိလာခဲ့ကြသည်။ ဘဝအတွေ့အကြုံများ၊ စာပေအတွေ့အကြုံများ စကားစပ် မိကြသည်။ ကျွန်တော်သည် ထိုအခါကပင် ဆရာချွန်နှင့် ကျွန်တော်တို့အကြားမှာ ခြားနေသော နံရံပါးပါးလေးကို သတိမူမိခြင်းဖြစ်သည်။

ဆရာချွန်နှင့် ကျွန်တော်တို့သည် အသက်အရွယ်အား ဖြင့် ဆယ်စုနှစ်တစ်ဝက်ကျော်ကျော်ခန့်သာ ကွာခြားရုံနှင့် စာပေဖြတ်သန်းမှု၊ စာပေအတွေ့အကြုံမှာ သိသိသာသာ ကွာဟနေခဲ့သည်။အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ဓမ္မဗိမာန်စာတမ်းဖတ်ပွဲများ၊ မန္တလေးတက္ကသိုလ်ထွက် ကဗျာ

ဆရာများ၊ လူထု၊ ဟံသာဝတီ၊ စန်းသော်တာ၊ ရဲရင့်၊ တိုင်း သမစာနယ်ဇင်း အစရှိသော နောက်ခံပုံရိပ်များသည် ကျွန်တော်တို့အပေါ်မှာဝိုးတဝါးသာရှိခဲ့သော်လည်း ဆရာချွန်နဲ့ အပေါ်မှာကား ပီပီပြင်ပြင် ကြည်ကြည်လင်လင် ထင်ဟပ် လျက်ရှိသည်။ ဆရာကြီးဦးဆန်းထွန်း၊ ဆရာကြီး ငွေဥဒေါင်း၊ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) အစရှိသော ဆရာကြီးသမားများ၏ အဆုံးအမ အသွန်အသင်ကိုလည်း ကုသိုလ်ထူးစွာ ရရှိလိုက်သူဖြစ်သည်။ အထူးသဖြင့် ခြေမှာ စကား၊ လက်ဖျားကဗျာ၊ မျက်နှာဇာတ်လမ်း သင်ကြားခွင့် ရရှိသူဖြစ်သည်။ သတင်းစာခေတ်တစ်ခေတ်တွင် နာမည်ရ သတင်းစာ ကာတွန်းဆရာတစ်ယောက်ဖြစ်ခွင့်ရခဲ့သလို သတင်းစာဆောင်းပါးများစွာ ရေးခွင့်ရခဲ့သည့် အတွေ့အကြုံ ကလည်း ကျွန်တော်တို့ စာပေအတွေ့အကြုံနှင့် သိသာ ထင်ရှားသော ကွာဟမှုဖြစ်ခဲ့သည်။

ထိုအတွေ့အကြုံများဖြင့် ဆရာချွန်သည် သတင်းစာ ဆောင်းပါးများစွာ ရေးကျင့်ရှိလာခဲ့သူဖြစ်သည်နှင့်အညီ ယနေ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများအပြင် စာပေ၊ ပန်းချီ ရုပ်ရှင်ဂီတအစရှိသော ယဉ်ကျေးမှုနယ်ပယ်မှသည် စီးပွား ရေး၊ ပညာရေး၊ကျန်းမာရေး၊ လူမှုရေးနယ်ပယ်အားလုံးအထိ ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်ရေးသားတတ်သူဖြစ်သည်။ သူ့ရှေ့က သတင်းစာဆရာကြီးများဆီက အဆုံးအမများကို

အမြဲမပြတ်နှလုံးသွင်းလျက်လည်း မျှတသည့် အမြင်ဖြင့် စာရေးတတ်သူဖြစ်သည်။ သူ့စာများမှာ ဟာသငွေ့ငွေ့ပါတတ်သော်လည်း တစ်ဘက်သားနစ်နာလောက်အောင် သရော်စော်ကား မရေးမိအောင် ထိန်းထားတတ်သည်။ အတွေးရှင်းရှင်း၊ အစွဲရှင်းရှင်း၊ အမြင်ရှင်းရှင်းဖြင့် ပွင့်ပွင့်လင်းလင်း ရေးထားသော စာများသာဖြစ်သည်။

× × × × ×

ရွှေမန္တလေး သတင်းဂျာနယ်စတင်ထုတ်ဝေသောအခါ ပင်တိုင်ဆောင်းပါးရှင်အဖြစ် စာမူတောင်းခံရန် ဆရာကံချွန်ကိုသာ ချက်ချင်းသတိရမိသည်။ ဆရာချွန်ဘက်ကလည်း ကျွန်တော်တို့က စာမူတောင်းခံလာသည်ဆိုသည်နှင့် ဘာမျှ အီလေးအာလေးလုပ်မနေဘဲ စာမူရမည့်နေ့ကို ချက်ချင်းရက်ချိန်းပေးခဲ့လေသည်။ ထိုသို့ဖြင့် ရွှေမန္တလေးသတင်းဂျာနယ်တွင် ဆရာချွန်၏ စာများအပတ်စဉ် မှန်မှန်ဖော်ပြနိုင်ခဲ့သည်။ သူ့စာမူများနှင့် ပတ်သက်၍ အယ်ဒီတာအဖွဲ့ကို အချိန်မှန်မှန်စာမူပေးပို့ခြင်းဖြင့် စိတ်ချမ်းသာစေခဲ့သလို စာမူပါအကြောင်းအရာများနှင့် ပတ်သက်၍လည်း စိတ်အနှောင့်အယှက် အလျဉ်းမဖြစ်အောင် စေတနာထားခဲ့သည်ကိုလည်း သတိပြုမိခဲ့သည်။

ဤနေရာ၌ ထုတ်ဖော်ပြောဆိုရန် အချက်တစ်ချက် ရှိပါသေးသည်။ ထိုအချက်ကား ဆရာချွန်၏ စာများနှင့်

ပတ်သက်၍ စာဖတ်ပရိသတ်၏ကောင်းသော တုံ့ပြန်ချက်များပင် ဖြစ်ပါတော့သည်။ ရွှေမန္တလေးဂျာနယ်တွင် ဖော်ပြခဲ့သော ဆရာချွန်၏ဆောင်းပါးအတော်များများနှင့် ပတ်သက်၍ ထောက်ခံဆွေးနွေးသော စာများ၊ တယ်လီဖုန်းဖြင့်ဖြည့် စွက်ပြောဆိုမှုများ မကြာခဏလက်ခံရရှိခဲ့ပါသည်။

ယခုအခါ ရွှေမန္တလေးသတင်းဂျာနယ်တွင် ၂၀၀၃-ခုနှစ်အတွင်း ဖော်ပြခဲ့သော ဆရာချွန်၏ဆောင်းပါး (၃၉)ပုဒ်ကိုစုစည်း၍ စာအုပ်တစ်အုပ်ထုတ်ဝေလိုက်ပါသည်။ ယခုစာအုပ်ပါ ဆောင်းပါးများတွင် ကံချွန်နှင့်မန္တလေးကိုလည်းကောင်း၊ မန္တလေးနှင့်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အထွေထွေသော အကြောင်းအရာများကို လည်းကောင်း၊ သူကိုယ်တိုင် ပါဝင်လှုပ်ရှားနေသော လူမှုရေးလုပ်ငန်းများကိုလည်းကောင်း၊ သူ၏လုံ့လဝီရိယနှင့်စေတနာတို့ကိုလည်းကောင်း မြင်တွေ့ရမည်ဖြစ်သည်။

× × × × ×

အဆုံးသတ်ဝန်ခံပြောဆိုရမည်မှာ အမှာစာ အစပိုင်းက ဖော်ပြခဲ့သော စာပေမျိုးဆက်ဟောင်းမှ နောက်ကျသားဆရာကံချွန်နှင့်မျိုးဆက်သစ်မှ သားကြီးဩရသများအကြားတွင် ခြားနေသော နံရံပါးပါးတစ်ချပ်ဆိုသော ကိစ္စပင်ဖြစ်သည်။ ဆရာချွန်နှင့် စာရေးဆရာတချို့၏ အကြားမှာ

နံရံပါးပါး တစ်ချပ် ခြားနားဆဲဖြစ်ကောင်းဖြစ်နိုင်သော်လည်း ဆရာချွန် နှင့် သူ့စာဖတ်ပရိသတ်အကြားတွင်ကား ဘာနံရံမျှ အခြားအနားမရှိဘဲ တစ်သားတည်း ဖြစ်နေကြောင်းကို သူ့စာများကို ဖော်ပြခဲ့သော ရွှေမန္တလေးသတင်းဂျာနယ် အယ်ဒီတာချုပ်တစ်ယောက်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဝန်ခံလိုက်ရပါသည်။

**သိုက်ထွန်းသက်**

**၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်**

# သတင်းလူ

လူဆိုတာ သတင်းနဲ့အတူမွေးပြီး သတင်းများနဲ့ ကြီးပြင်းလို့ နောက်ဆုံးကွယ်လွန်ချိန်အထိ သတင်းနဲ့ကင်းလို့ မရပါဘူးခင်ဗျား။

လူတစ်ယောက် လူ့ပြည်ရောက်လာတာနဲ့ အုဝဲဆိုအော်လိုက်ချိန်မှာ သတင်းနဲ့စတင်ဆုံဆည်းရတော့တာပါပဲ။

"ဘာလေးလဲ"

"ယောကျ်ားလေး"

"ဘယ်နှစ်ပေါင်လဲ"

"နှစ်ပေါင်တည်းပါ"

"မက လောက်ပါဘူး"

"ဒီမှာကြည့်ပါလား"

(မအေက အနှီးလှန်ပြ)

"ငါက အဲဒီပေါင်မေးတာမဟုတ်ဘူး။ အလေးချိန်မေးတာ"

"ရှစ်ပေါင်"

အဲသလို . . . အဲသလိုပေါ့ခင်ဗျာ။ ကလေးက မဖြေတတ်သေးတော့ ကလေးရဲ့ သတင်းကို မိဘများက ပြောပြပေးရပါတယ်။ လူရယ်လို့ဖြစ်လာတာနဲ့ အင်တာဗျူးနဲ့စကြုံရတယ်လို့ ပြောရင်လည်း ရပါတယ်ခင်ဗျ။ အင်တာဗျူးနောက်

က ကပ်ပါလာတာက ဝေဖန်ရေးပါပဲ။

"အသားက မည်းတယ်နော်"

"အင်း နောက်တော့ဖြူသွားမှာပါ။ သနပ်ခါးလေးဆယ့်ငါးရက်လိမ်းပေးလိုက်ရုံပါပဲ"

"ခေါင်းကြီးတာနဲ့ နားရွက်ကားတာကတော့ ပြင်လို့မရနိုင်ဘူး"

"ဉာဏ်ကောင်းတာပေါ့"

"ဉာဏ်ကောင်းမကောင်းကတော့ မသိဘူး။ စွပ်ကျယ်လည်ပင်းပေါက်ကျယ်မှာတော့ သေချာတယ်"

အဲသလို . . . အဲသလို ဝေဖန်ရေးများဟာ နာမည်ပေး ပုခက်တင်ဆိုပြီး ဒံပေါက်ကျွေးလိုက်တော့မှ . . .

ကလေးက ချစ်စရာလေး နာမည်က ရှင်းသန့်ခန့်တဲ့ဆိုပြီး ဒံပေါက်တန်ခိုးနဲ့ ချွန်မြစေသော်ရယ်လို့ ဖြစ်ရပြန်ရော။ ဒီလိုနဲ့ အဲဒီကလေးကြီးလာတော့ ဘယ်သူကမှ ရှင်းသန့်ခန့်လို့ မခေါ်ပါဘူး။ နဖူးကကျယ်တော့ နိုင်ငံတကာလေဆိပ် (အင်တာနေရှယ်နယ် အဲယားပို့) ကို အစွဲပြုပြီး "အင်တာ" လို့ ခေါ်ကြရော။ ကလေးချင်းကလည်း အင်တာပဲ။ လူကြီးကလည်း "အင်တာ" ပဲ။ သူ့အမေအဖေက "ရှင်းသန့်ခန့်" လို့ ခေါ်ရင်ကိုပဲ သူခေါ်မှန်းမသိဘူး။ "အင်တာ" ခေါ်မှ ဗျာထူးတော့တာ။ လူတွေသိဖို့ အခက်ဆုံးက လူ့အကြောင်းပဲနော်။ ဒံပေါက်ကျွေးပြီး အခေါ်ခိုင်းတဲ့နာမည်ကျတော့

မခေါ်ကြဘူးခင်ဗျ။ ဒီလိုနဲ့ ကျောင်းအပ်ရမယ့်အရွယ်ရောက်လာရောဆိုပါတော့။

အရပ်ထဲက ကျောင်းမှာပဲ အပ်တာပါ။ ကျောင်းအုပ်ဆရာကြီးက ကလေးရဲ့ဘကြီးတော်တာပါပဲ။ အလွန်ရိုးပြီးရှေးဆန်တယ်ပဲ ပြောကြပါစို့။ ခေတ်ဆန်တာတွေ ကို့ယို့ကားယားတွေ မကြိုက်ဘူး။ ဒါကြောင့် ကျောင်းအပ်ဖို့ ရောက်လာတာနဲ့ -

"ကျောင်းနာမည်ကိုတော့ ခေါ်လို့လွယ်တဲ့ နာမည်ပေးလိုက်ပေ့ါ။ ကလေးက ညိုချောဆိုတော့. . ."

"ဘကြီး ချောညိုလို့ပေးရင်မကောင်းဘူးလား။ သျှားညိုနဲ့လည်း ဆင်တူသွားရော"

"မကောင်းဘူး။ ခေါ်လို့လွယ်အောင် မောင်ညိုပဲခေါ်မယ်။ နာမည်ဆိုတာ ကြီးလားတော့ ကြိုက်သလောက်ပြောင်းလို့ရတာပဲ။"

ဆိုလိုက်တော့ အင်တာဟာ မောင်ညိုဖြစ်သွားရော။ မောင်ညိုဆယ်တန်းအောင်သွားတော့ . . .

"သား နာမည်တစ်ခုထပ်မှည့်လိုက်ပြီ အမေ"

"ပြောင်းတာမဟုတ်ဘူးလား"

"ထပ်တိုးတာ"

"ဘယ်သူတဲ့တုန်း"

"ဘွန်ပွိုင်"

သတင်းစာဖတ်နေတဲ့ အဖေက မျက်ခုံးပင့်ပြီး

"ဘာတဲ့"

"ဘွန်ဗွိုင်"

"ဘာအဓိပ္ပာယ်လဲ"

"ဟာ . . . အဖေကလည်း . . . အဓိပ္ပာယ်တစ်ခုခု ရှိနေရင် ဘယ်ခေတ်မှီပါ့မလဲ။ ဒါကြောင့် ဘယ်လိုမှ အဓိပ္ပာယ်မရှိတဲ့နာမည်ကို သေသေချာချာရှာရတာ။ ဒါဆို တော့ နာမည်တူပြဿနာလည်း မပေါ်နိုင်တော့ဘူး။ သီချင်း ဆိုမလား။ စာရေးမလား။ ကုမ္ပဏီထောင်မလား။ ဟိုတယ်ဖွင့် မလား။ ဒီနာမည်က တကယ် အံဝင်တာ"

အမေဖြစ်သူကတော့ သားကို အထင်ကြီးပြီးရင်း ကြီး နေပါပဲ။ အမေက ပြုံးပြုံး ပြုံးပြုံး။ ဘွန်ဗွိုင် ကုမ္ပဏီလီမိတက်၊ ဘွန်ဗွိုင် ဟိုတယ်၊ ဘွန်ဗွိုင်ရဲ့ ဆီးရီးသစ်ဆိုတာတွေပါ တွေးမိ သွားတာကိုး။

"အဲဒါ သားနာမည်ကို သူငယ်ချင်းတွေက အသိ အမှတ်ပြုအောင် ညှော့ခံချင်လို့ . . ."

ဒီလိုနဲ့ ဘွန်ဗွိုင်ရဲ့ လှုပ်ရှားမှုသတင်းတွေဟာ စာစောင် ဂျာနယ်များရဲ့ စာမျက်နှာပေါ် ရောက်လာရဦးမှာပါပဲ။ တကယ်တော့ သတင်းကို စိတ်ဝင်စားနေတဲ့ လူတွေကိုယ် တိုင်လည်း သတင်းတွေပါပဲ။ သေသေချာချာစောင့်ကြည့် မယ်ဆိုရင် လူတိုင်းလူတိုင်းဟာ နေ့စဉ် သတင်းတွေနဲ့

ပတ်သက်ယှက်နွယ်နေကြတယ်။ သတင်းကို ဖြန့်ဝေရေးသား နေသူ။ သတင်းဖန်တီးနေသူ။ သတင်းကို စိတ်ဝင်စား ဖတ်ရှု နေသူ။ သတင်းတွေကို သိချင်နေသူ။ ကိုယ့်သတင်းကို သိစေ ချင်သူ။ စုံလို့ပါပဲ။ စာနယ်ဇင်းဆရာများအား ခေါ်ယူရှင်းလင်း တယ်ဆိုတာ ကိုယ့်လုပ်ငန်းအကြောင်း ကိုယ့်နေရာ အကြောင်း သတင်းပါချင်လို့ပဲပေါ့။

တကယ်တော့ သတင်းသမားများဟာ လှေကားထစ် လိုပါပဲ။ သတင်းသမားများကို နင်းပြီး တက်သွားကြသူတွေ အများကြီးပါ။ သတင်းသမားများကလည်း ကိုယ့်ကြောင့် စင် ပေါ်ရောက်သွားသူတွေကိုကြည့်ပြီး မုဒိတာပွားနေသူတွေပါ။ မအောင်မြင်ခင် လူက သတင်းနောက်လိုက်၊ လူက အောင် မြင်သွားတော့ သတင်းက အဲဒီလူနောက်လိုက်။အပြန်အလှန် သိတတ်သူလည်းရှိ၊ မသိတတ်သူလည်းရှိ။

လူဆိုတာ သိတတ်စကတည်းက ကလေးဘဝမှာ “မုန့် သတင်း” စုံစမ်းရင်း ကြီးပြင်းခဲ့တာပါ။ ဘယ်ဆိုင်က ဝယ်တာ လဲ။ မုန့်နဲ့အတူ အွန်စော၊ ဂျွန်စောပုံပါသလား ဆိုတာမျိုးပေါ့။ နောက်တော့ လှတဲ့မိန်းကလေးသတင်းကို စိတ်ဝင်စားပြန် ရော။ အဲဒီကာလကတော့ တော်တော်ကြာတတ်ပါတယ်။ တချို့ဆိုရင် နှစ်လေးငါးဆယ်ကြာတာပါ။ (မယုံမရှိနဲ့ ကိုယ် တွေ့)

အရွယ်လေးရလာကြတော့ စိတ်ဝင်စားတဲ့သတင်းတွေ

ကတော့ ကွဲပြားကုန်တာပေါ့ ခင်ဗျာ။

နေ စတင်ဖြစ်ပေါ်လာခဲ့တာဟာ နှစ်သန်းပေါင်း သန်းငါးဆယ်ရှိပြီဖြစ်ပြီး ဒီလောင်ကျွမ်းနေမှုဟာ နောက်ထပ် နှစ်သန်းပေါင်း သန်းငါးဆယ် ကြာဦးမှာဖြစ်ကြောင်း၊ အဲဒီလောက်ကြာပြီးတဲ့နောက်မှာတော့ လောင်ကျွမ်းမှု အရှိန်တွေလျော့သွားပြီး အပူရှိန်ပျောက်သွားမှာ ဖြစ်ကြောင်း၊ နောက်ထပ် နှစ်ဆယ်သန်းကျော်ကြာပြီး တဖြည်းဖြည်း မှိန်ဖျော့လို့ လုံးဝ ပျောက်ကွယ်သွားမှာဖြစ်ကြောင်း စိတ်ဝင်တစားပြောပြီး စိတ်ပူနေသူများလည်းရှိပါတယ်။

အသက်ငါးဆယ်ကျော် တစ်ယောက်နဲ့ အသက်သုံးဆယ်ကျော်တစ်ယောက်ကတော့ ရော်နယ်ဒိုနဲ့ပီလီ ဘယ်သူက ပိုတော်သလဲဆိုတာ အငြင်းပွားနေတာလည်း တွေ့ဖူးပါတယ်။ ဒါကြောင့် လူနဲ့သတင်းဟာ ခွဲမရပါဘူး။

ကံချွန်တို့ဟာ လူတွေ စိတ်ဝင်စားတဲ့သတင်းတွေကို ဘယ်လောက်ပေးနိုင်မလဲ။

အကြိုက်နဲ့တိုက်ဆိုင်မှု ဘယ်လောက်ရှိမလဲ။

ဘွန်ပွိုင်တို့ပါ လက်ခံအောင်တော့ ကြိုးစားရမှာပေါ့ ခင်ဗျာ။

*ကံချွန်*

**ရွှေဗန္ဓုလေးဂျာနယ် – ၁၇.၃.၂၀၀၃**

❖ ❖ ❖ ❖ ❖

# နှစ်သစ်လက်ဆောင်

ကျွန်တော်လုပ်ချင်တဲ့အလုပ်များအတွက် တစ်ရက်မှာ ၂၄ နာရီရှိတာဟာ ကျွန်တော့အတွက် ပြဿနာပါ။ အချိန်မလုံလောက်မှု ဖြစ်ရပါတယ်ခင်ဗျာ။ မလွဲသာ မရှောင်သာ အချိန်ခွဲတမ်းလျှော့ရတဲ့ထဲမှာ စာဖတ်တာ ပါနေပါတယ်။ ဂျာနယ်၊ မဂ္ဂဇင်းတွေလောက်ပဲ ဖတ်ဖြစ်ပါတယ်။ လုံးချင်းတွေ မဖတ်ဖြစ်တာ အတော်ကြာပါပြီ။ စာအတိုအထွာတွေကိုတော့ တွေ့မရှောင်ဖတ်ပါတယ်။ သွားရင်း လာရင်း၊ ဆိုင်ကယ်စီးရင်လည်း စာမြင်ရင်ဖတ်မိတာပါပဲ။ ပထမတော့ ဘာရယ်လို့မဟုတ်ပါဘူး။ နောက်တော့ သွားရင်း လာရင်း ဖတ်မိတဲ့ စာတွေကို စွဲသွားရော။ ဒီတော့ ကြုံလို့ဖတ်တာ မဟုတ်တော့ဘဲ၊ ကြုံတာနဲ့ အာရုံစိုက် ဖတ်ဖြစ်ပါတော့တယ်။

လူတစ်ယောက်စာရေးပြီဆိုတာနဲ့ အဲဒီစာထဲမှာ သူ့စိတ်ဓာတ်ပါလာပါတယ်။ပျော်တတ်သလား။ အလေးအနက်လုပ်တတ်သလား။ ဒေါသကြီးတတ်လား။ အလျှော့ပေးတတ်သလား။ ဘာရယ်လို့ မယ်မယ်ရရမရှိတဲ့လူလား။ သူ့ဟာသူ စိတ်လိုလက်ရရေးတဲ့စာမှာ သူ့စိတ်ဓါတ်ထင်ဟပ်နေပါတယ်။ စာတွေကိုဖတ်ရင်း အဲသလို မှန်းဆရတာဟာ ပျော်စရာကောင်းပါတယ်။ စာတွေထဲမှာ ရိုးသားမှု၊ မရိုးသားမှု၊ လူအထင်ကြီးခံလိုမှုဆိုတာမျိုးတွေကို ရှာဖွေရတာ ဝါသနာပါ

ရင်းစွဲရှိတာကိုး။

ကျွန်တော်ဆိုင်ကယ်စီးရင်း ဖတ်မိတဲ့စာတွေက ကုန်ကားကြီးများ၊ ဘတ်(စ်)ကားကြီးများရဲ့နောက်ဘီးရွံ့ကာတွေပေါ်မှာ ရေးထားတဲ့စာတွေပါပဲ။ ကားကြီးများရဲ့ နောက်ဘီးရွံ့ကာမှာ ရေးထားတဲ့စာများဟာ အဲဒီကားမောင်းနေသူရဲ့စိတ်ကို ထင်ဟပ်ထားတဲ့စာဆိုရင် မမှားပါဘူး။ ကားဆရာဟာ ပုံမှန်ဘဲ ဘာကိုမှ စိတ်မဝင်စားဘူး။ လုပ်ရိုးလုပ်စဉ် အသက်မွေးဝမ်းကြောင်းအလုပ်ကို လုပ်နေတာကလွဲလို့ ထူးထူးခြားခြားစိတ်ခံစားမှုမရှိသူများရဲ့ ကားနောက်မှာတော့ ထုံးစံအတိုင်း "ကပ်မလိုက်နဲ့" "ဖြည်းဖြည်း" "ရပ်မည်" ဆိုတဲ့ စာလောက်ပဲ ပါတတ်ပါတယ်။ ဒါဆို ရှင်းနေပြီ။ ကားမောင်းတဲ့အလုပ်ကို အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခု အနေနဲ့ လုပ်နေတာ သူ့မှာ ဘာခံစားမှုမှမရှိဘူး။ ဘာဆန္ဒမှမရှိဘူး။ သာမန်ရိုးရိုးပဲ။

လူဆိုတာ ခံစားမှုတစ်ခုခု ဆန္ဒတစ်ခုခုရှိလာရင် အလျဉ်းသင့်သလို ဖွင့်ဟတာပါ။ တစ်ချို့ကားကြီးများမှာတော့

"မိုက်ရင်ကျော်၊ တိုက်ရင်လျော်"

"လမ်းမတောင်းနဲ့ ဖေဖေသိတယ်"

"စိမ်မခေါ်နဲ့ တိမ်ပေါ်ရောက်သွားမယ်"

"လုပ်လိုက်လေ ကြာသလားလို့"

အဲဒီလိုစာမျိုးတွေရေးထားပြီဆိုရင်တော့ အဲဒီကား နောက်က ခပ်ခွာခွာလိုက်သွားတာ အကောင်းဆုံးပါပဲ။ သူ့ ကျော်တာနဲ့ အပြိုင်မောင်းမယ့်သဘောရှိပါတယ်။ အေးအေး ဆေးဆေးနဲ့ အန္တရာယ်ကင်းကင်းနေလိုသူများကိုလည်း သူတို့ကားနောက်က စာဖတ်လိုက်တာနဲ့ သိနိုင်တာပဲ။

"ကိုယ်တို့ကတော့ ဖြည်းဖြည်းပဲ"

"အားမနာနဲ့ ကျော်သာကျော်"

"အပြုံးလေးတော့ ပေးခဲ့ပါ"

"အချိန်တန်ရင် ရောက်မှာပေါ့"

အဲဒီလိုစာတွေကို ဖတ်ရင်းဖတ်ရင်း ကားကြီးတွေ တွေ့ တိုင်း မဖတ်ရမနေနိုင်တော့ပါဘူး။ တစ်ချို့ကားကြီးများ မှာတော့

"ခွဲမသွားနဲ့ လွမ်းတတ်တယ်နော်"

"လာနမ်းရင်တော့ လျော်ရမှာပဲ"

"မထိတထိမလုပ်နဲ့ ယားတတ်တယ်"

"တောင်းရင် ပေးမှာပေါ့"

"ကျော်မယ်ဆို ပြောဦးနော်"

လို့ရေးထားတာမျိုးတွေ့ရတတ်ပါတယ်။ အဲဒီကား ဆရာဟာ ခပ်ပျော်ပျော်နေတတ်မှန်း သိသာပါတယ်။ ကား ဆရာများထဲမှာ စာဖတ်ဝါသနာအိုး စာကြမ်းပိုးကြီးများလည်း ရှိပါတယ်။ အဲဒီလို ကားဆရာများရဲ့ ကားနောက်မှာတော့

"စိတ်အလို ခြေထောက်မလိုက်ပါနဲ့"

"အန္တရာယ်ဆိုတာ အမြန်မောင်းတဲ့ ကားရှေ့မှာ"

"ပြေးအောင်နင်းဖို့ လွယ်ပေမယ့် ရပ်အောင်နင်းဖို့ ခက်ပါတယ်"

"နောင်တရချိန်မှာ ဘဝကဆုံးနေပြီ"

"စောရောက်မယ့် မိနစ်ပိုင်းအတွက် အသက်ကို လောင်းကြေး မလုပ်ပါနဲ့"

"ဆန္ဒကို ခြေထောက်နဲ့ မဆုံးဖြတ်ပါနဲ့ ခေါင်းနဲ့ ဆုံးဖြတ်ပါ" တဲ့။

တွေ့တိုင်း မှတ်ထားပြီး အမျိုးတူတွေ စုရေးလိုက်ရတာပါ။ ကားပြေးအောင် လီဗာကို ခြေထောက်နဲ့ပဲ နင်းရတယ်။ အဲဒါကို သတိထားလိုက်မိတော့မှ ခြေထောက်ရဲ့ ကဏ္ဍကို မြင်မိတော့တယ်။ စိတ်အလို ခြေထောက်မလိုက်ပါနဲ့တဲ့။ ကားနောက်ဘီး ရွံ့ကာမှာ ရေးထားတဲ့စာတွေကို ဖတ်မိတိုင်း သဘောကျရင် ရေးမှတ်ထားတာတွေများလာတော့ . . .

ကံချွန်ရေးတဲ့စာတွေကရော . . .

ဆန္ဒကို၊ စိတ်ကို၊ ရည်ရွယ်ချက်ကို ထင်ဟပ်ပြတာတွေ ပါကောင်းပါ ပါမယ်။ ခပ်ပေါ့ပေါ့ ခပ်ပျော်ပျော်တွေ ဖြစ်ကောင်းဖြစ်နေပါမယ်။ "မိုက်ရင်ကျော် တိုက်ရင်လျော်" ဆိုတာမျိုးတွေ ရေးခဲ့မိသလား။ "အားမနာနဲ့ ကျော်သာကျော်" ဆိုတာမျိုးတွေ ရေးခဲ့သလား။ "အပြုံးလေးတော့ပေး

ခဲ့ပါ”ဆိုတာမျိုးတွေရေးခဲ့သလား။ “မထိတထိမလုပ်နဲ့ ယားတတ်တယ်”တွေ များနေသလား။ “စိတ်အလို ခြေထောက်မလိုက်နဲ့” ဆိုတဲ့ စေတနာမျိုးရောပါသလား။

၁၃၆၄-ခုနှစ်ကနေ ၁၃၆၅-ခုနှစ်ကို မကြာမီကူးပြောင်းပါတော့မယ်။ ကျွန်တော်ကိုယ်ကို ဝေဖန်ရေးလေးနဲ့ နှစ်သစ်ကူးဖို့ စိတ်ကူးရပါတယ်ခင်ဗျာ။ သူများက ဝေဖန်ရင် တော်တော် အထိနာနိုင်လို့ပါ။

စာရေးဆရာမတစ်ဦး ခပ်ပေါ့ပေါ့တွေရေးလို့ ကံချွန်က ဝေဖန်ဖူးပါတယ်။ လင်းယုန်ဆိုတာ ကြက်၊ ငှက်ငယ်လေးတွေလို နိမ့်နိမ့်လေး ပျံနိုင်ပေမယ့် ကြက်၊ ငှက်ငယ်လေးတွေကတော့ လင်းယုန်လို မြင့်မြင့်ကြီး မပျံနိုင်ပါဘူး။ ဒါကြောင့် လင်းယုန်လို ခပ်မြင့်မြင့်ပဲ ပျံစေ့ချင်ပါတယ်။ ကြက်၊ ငှက်ငယ်လေးတွေ နိမ့်နိမ့်ပျံတာပဲ ကြည့်ကောင်းပါတယ်။ ခွင့်လွှတ်လို့ရပါတယ်။ လင်းယုန်က ကြက်လိုပျံရင် အကြည့်ရဆိုးပါတယ်ဆိုပြီးတော့ . . . . ။

စာရေးသူတစ်ယောက်က အခြားစာရေးဆရာ တစ်ဦးကို စာပေတာဝန်ကျေပါတယ်ဆိုပြီး လက်ခုပ်တီးတုန်းက၊ လူတိုင်းမှာ တာဝန်တွေရှိပါတယ်။ လူတိုင်းဟာ တာဝန်ကျေရမှာပါပဲ။ တာဝန်ကျေတာကို ဂုဏ်ပြုရင် တာဝန်မကျေသူတွေများနေလို့ပဲ ထူးထူးခြားခြား စွမ်းဆောင်နိုင်သူကိုသာ ဂုဏ်ပြုသင့်ပါတယ်ဆိုပြီး ကံချွန် ကလိဖူးပါတယ်ခင်ဗျာ။

ခု . . .

ကိုယ့်ကိုယ်ကို ဝေဖန်မယ်ဆိုတော့ ကိုယ်က သူများကို ဝေဖန်ခဲ့တာတွေကိုလည်း အမှတ်ရမိပါတယ်။ ကိုယ်ကပြော ထားသူမို့ဆိုပြီး မေ့မပစ်ပါဘူး။ ကံချွန်ကတော့ လင်းယုန် လည်း မဟုတ်ပါဘူး။ ကြက်လည်းမဟုတ်ပါဘူး။ ဖြစ်ခြင်းဖြစ် ရင် လင်းနို့လောက်ပဲ ဖြစ်မယ် ထင်ပါတယ်။ ဘာလို့ လင်းနို့နဲ့ ခိုင်းနှိုင်းရသလဲဆိုတော့။

တစ်ခါက တိရစ္ဆာန်လောကမှာ လေခွန်၊ မြေခွန်၊ ရေခွန် ကောက်ဖို့သဘောတူ ဆုံးဖြတ်ကြသတဲ့။ တစ်ရက်မှာ သိန်းငှက်က လင်းနို့ကို တွေ့တော့ လေခွန်ကောက်ရော။ ဒီတော့ လင်းနို့က "ကျွန်တော်က ကုန်းသတ္တဝါပါဗျာ။ ငှက် မဟုတ်ပါဘူး။ သစ်ကိုင်းပေါ် တောင် မနားနိုင်လို့ တွဲလောင်း ခိုနေရတာပါ" လို့ပြောသတဲ့။

နောက်ရက်မှာတော့ အဲဒီလင်းနို့ဟာ မြွေနဲ့တွေ့ပြန် ရော။ ဒီတော့ မြွေက ကုန်းခွန်ကောက်တယ်။ အဲဒီအခါမှာ လင်းနို့က "ကျုပ်က ငှက်ပါဗျာ ကုန်းသတ္တဝါမဟုတ်ပါဘူး"ဆို ပြီး သစ်ကိုင်းပေါ်က ဖြုတ်ချပြီး ပျံဝဲပြလိုက်သတဲ့။

"မထိတထိမလုပ်နဲ့ ယားတတ်တယ်"

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၂၄.၃.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ဘာလို့ မစဉ်းစားတာလဲ (၁)

နည်းနည်းလေးဖြစ်ဖြစ် စဉ်းစားစမ်းပါလို့ ဘယ်လောက်ခိုင်းခိုင်း လုံးဝကို မစဉ်းစားချင်တာ။ ပြဿနာက အဲဒါပဲ။ ကံချွန်နဲ့ ကံချွန့် မြေးတွေကြားမှာ ဖြစ်နေတာပေါ့ ခင်ဗျာ။

အငယ်ဆုံးချာတိတ်မြေးမလေးက လာမယ့်နှစ် ပထမတန်းတက်ရမယ်။ အလတ်ကောင်ငတိက ဒုတိယတန်း၊ အကြီးဆုံးကောင်က စတုတ္ထတန်း၊ ဒီတော့ အငယ်နှစ်ယောက် အတွက်က တက်ရမယ့်အတန်းမှာ ဖတ်ဖို့စာအုပ်တွေ ရှိနေတယ်လေ။ ရှိနေတော့ ဖတ်ကြည့်ကြရော ဆိုပါတော့။ဒုတိယတန်း မြန်မာ ဖတ်စာ စာအုပ်၊ စာမျက်နှာ (၅၇)မှာ (ရွတ်ဆိုရန်) စကားထာဆိုပြီးတော့ ဖော်ပြထားတဲ့ စကားထာ (၂) ပုဒ်ပါတယ်။ အဲဒါတွေက

၁။ ခေါင်းမြီးခြုံ
လုံပါပေ့။
ဆံမြိတ်ချ
လှပါပေ့။
ကျောက်တန်းစီ
ညီပါပေ့။

အဲဒါက တစ်ပုဒ်။ အောက်တစ်ပုဒ်က . . .

၂။ ဒိုက်ခုတ်တော့
အုတ်ပေါ်။
အုတ်ခုတ်တော့
ကြွေပေါ်။
ကြွေခုတ်တော့
ရေပေါ်။
ဘာသီးလဲနော်။ ဆိုတဲ့ စကားထာ(၂)ပုဒ်။

သူတို့က အဲဒါကို အလွတ်ရအောင် ကျက်ကြတာ။ ကံချွန်က မေးကြည့်တယ်။ ပထမတစ်ပုဒ်ရဲ့ အဖြေက ဘာလဲ လို့။ အလတ်ကောင်က ခေါင်းယမ်းပြတယ်။ မသင်ရသေးဘူး တဲ့။

"စဉ်းစားကြည့်လေ အဲဒါ မင်းတို့ စားဖူးတယ်" ဒီတော့ ခဏစဉ်းစားပြီး

"နို့ဆီဘူး"

"မှားတယ်"

"နို့ဆီဘူးမှာ ကုလားမပုံပါတယ်လေ။ ခေါင်းမြီးခြုံထား တာ"

"ထွတ်-ပြောင်းဖူးကွ"

ကံချွန်က ဘာလို့ ပြောင်းဖူးဖြစ်တယ်ဆိုတာ ရှင်းပြပြီး နောက် တစ်ပုဒ်ဆက်မေးကြည့်တယ်။

"ဒါလည်း သေသေချာချာစဉ်းစားပြီးဖြေ"

"မင်းတို့ စားဖူးတဲ့အသီး"

"ဖရဲသီး"

"သခွားသီး"

"ရမ်းပြောမနေကြနဲ့ သေသေချာချာ စဉ်းစားပါဆိုမှ"

"အာလူး"

"တော်ကွာ - မင်းတို့က သေသေချာချာ မစဉ်းစားဘူး။ အုန်းသီးပြောတာကွ။ ဒီလို . . . " ဆိုပြီး ရှင်းပြရပြန်ပါတယ်။ စကားထာကို အကြောင်းပြုပြီး ကံချွန် တွေးမိပါတယ်ခင်ဗျ။ ငယ်ငယ်တုန်းက ကလေးဘဝကိုပေါ့ခင်ဗျာ။

ကံချွန်တို့ ကလေးဘဝက စကားထာဆိုတာ ကစားစရာတစ်မျိုးပေါ့။ လသာည ရေတွင်းကုန်းမှာ ကလေးတွေစုမိပြီဆိုရင် စကားထာဝှက်တမ်း ကစားကြတာပါပဲ။

"နတ်သမီး တံတွေးပြောက် ကြက်မကောက်နိုင်"

"အဲဒါနေပြောက်"

"သွားတော့ခွေခွေ နေတော့စင်းစင်း"

"ရေပုံးကြိုး"

"ကဲ မလျှော်ခင်က သန့်ပြီး၊ လျှော်လိုက်တော့ ညစ်ပတ်သွားတာ"

"ရေ"

"ခြေလေးချောင်းရှိပြီး လမ်းမလျှောက်နိုင်တာ"

"အင်း အဲ အဲဒါတော့ မသိဘူး"

"မသိရင်ပေး ပဲလျှော်နှစ်စေ့ - မှတ်ထား စားပွဲခုံ"

အဲသလိုမျိုးပေါ့။ ဖြေတဲ့လူက ဆက်တိုက်ဖြေနိုင်နေရင် မေးတဲ့သူက ဆက်မေးစရာ စကားထာမရှိရင်လည်း မေးသူ ရှုံးပါတယ်။အမြဲတမ်းကစားနေတာဆိုတော့ စကားထာခေါင်း ပါးမှုကလည်း ရှိလာတာပေ့ါ။ ရှုံးပြီဆိုရင် ကိုယ်စားမယ့် ပဲလျှော်နှစ်စေ့ ပေးရတာကို နှမြောလို့တော့မဟုတ်ဘူး။ အဲဒီ ရှုံးတယ်ဆိုတဲ့ နာမည်ကို မကျေနပ်တာနဲ့ပဲ အိမ်ပြန်ရောက် တာနဲ့ အဘွားကို မေးရတော့တာ။အဘွားက ရေနွေးသောက် နေရင်းကနေ စဉ်းစားပြီး "သူ့ဗိုက်ထဲ အမြဲပူ - မပူရင် အပူ ထည့်" အဒါဘာတုန်းလို့ မေးလိုက် သူတို့သိမှာ မဟုတ်ဘူး ငါ့မြေးနိုင်မှာ"

"အဲဒါက ဘာတုန်း"

"ဟောဒီ ရေနွေးကရားပေ့ါ"

အဲသလို အဘွားဆီက ပူပူနွေးနွေး လတ်လတ်ဆတ် ဆတ်ရတဲ့ စကားထာတွေကလည်း ရှိသေးတယ်။ အဲသလို ကိုယ့်ဟာကိုယ်လည်း စကာထာတွေလုပ်တတ်လာတယ်။ အဲ သလိုပါပဲ သူတို့မှာကလည်း နောက်ဆုံးပေါ် စကာထာတွေ က ပါ, ပါလာတာ။ အဲဒီစကားထာ ဝှက်တမ်းကစားတဲ့ အလေ့အကျင့်ကြောင့် စဉ်းစားတဲ့ အလေ့အကျင့်၊ တွေးတဲ့ ဝါသနာ၊ အဖြေမှန်ရှာချင်တဲ့စိတ်တွေ ပြုစုပျိုးထောင်ပြီး ဖြစ်ခဲ့

တယ်ဆိုရင် မမှားပါဘူး။

စကားထာတွေဟာ ကလေးတွေရဲ့ စဉ်းစားအဖြေရှာမှု၊ တွေးတောကြံဆမှုကို လေ့ကျင့်ပေးတဲ့ အရာပါ။ လူမျိုးအလိုက်၊ နေရာဒေသအလိုက်၊ နိုင်ငံအလိုက်၊ ကမ္ဘာအနှံ့မှာ စကာထာတွေ ရှိနေတာပါပဲ။ ဒီနေ့ ကံချွန်တို့ရဲ့ ကလေးငယ်များမှာစဉ်းစားအဖြေရှာတဲ့ အလေ့အကျင့်အတော်ကို နည်းနေပါတယ်ခင်ဗျ။ ကံချွန်သတိထားမိသလောက် (၉၀)ရာနှုန်းကျော်ကျော်ဟာ စဉ်းစားတဲ့အလေ့အကျင့်မရှိပါဘူး။ သူတို့အရွယ်နဲ့ သူတို့စဉ်းစားသင့်တာတွေကို မစဉ်းစားတာပါ။ သူတို့ သင်ခန်းစာမှာပါတဲ့ ကွက်လပ်ဖြည့်ရတဲ့ လေ့ကျင့်ခန်းမျိုးဆိုပါတော့။ ပေးထားတဲ့ စာကြောင်းကိုဖတ်။ ရှေ့နောက်ဆက်စပ်ပြီး အဓိပ္ပာယ်ရှိတဲ့စကားလုံးကို ရှာထည့်ကြတာမဟုတ်ပါဘူး။ သင်ပေးထားတဲ့အတိုင်း ကျက်ထားပြီးထည့်ကြတာပါ။

"မောင်လှ၏အသား ------- သည်။" (ဖြူ) ဆိုပြီး ကျက်ထားရင် ကွက်လပ်ထဲမှာ ဖြူကိုထည့်လိုက်တာပဲ။ (ညို) ကိုထည့်လည်းရတာပဲ။ (မည်း) ကိုထည့်လည်း ဖြစ်တာပဲဆိုတာမသိဘူး။ သင်ပေးထားတဲ့အတိုင်း မဟုတ်ရင် မှားတယ်လို့ပဲခံယူ ထားကြတာ။

"စုဝေး"ကိုစာကြောင်းလုပ်ပြပါဆိုရင်လည်း

ကျောင်းသားများ အလံတော်ရှေ့ စုဝေးကြသည်ပဲ။ အားကစားကွင်းထဲ စုဝေးကြသည်လို့ ရေးလည်းရတာပဲလို့ ပြောရင် သူတို့ တုံ့ပြန်တာက အဲသလိုသင်ထားတာ မဟုတ်ဘူး ဆိုတဲ့စကားပါ။ ကလေးတွေမှာ စဉ်းစားတဲ့၊ တွေးတဲ့၊ ဆုံးဖြတ်တဲ့ အကျင့်တွေ လုပ်ပေးဖို့တော့ လိုနေတာအမှန်ပါပဲ။ ကံချွန့်မြေးတွေမှ မဟုတ်ပါဘူးခင်ဗျာ။ ကလေးများအတွက်ပါ။

နိုင်ငံတော်က နည်းပညာ၊ အတတ်ပညာတွေအတွက် ဖြည့်ဆည်းပေးနေရင် မိဘများအနေနဲ့က စဉ်းစားတွေးခေါ်တတ်ဖို့ အသိပညာကို ပျိုးထောင်ပြုစုပေးသင့်ပါတယ်။အဖြေမှန်ရှာတတ်ဖို့ စဉ်းစားတတ်ဖို့၊ တွေးတတ်ဖို့အတွက် သင်ပေးဖို့ရာက ငွေကုန်ကြေးကျ တစ်အားမများပါဘူးခင်ဗျ။မိဘများအနေနဲ့ မအားတဲ့ကြားက သားသမီးများအတွက် ရည်ရွယ်ပြီး အချိန်ပေးတတ်ဖို့လေးပဲ လိုပါတယ်။ သားသမီးတွေနဲ့ စကားများများပြောပေးရမယ်။ သူတို့ သိချင်လို့ စပ်စုတာကို ဖြေပေးရမယ်။ ကိုယ်သိစေချင်တာတွေလည်း ပြောပြရမယ်။ သူတို့ စိတ်ဝင်စားမယ့် ပုံပြင်မျိုး၊ ဇာတ်လမ်းမျိုးဖတ်ပြရမယ်။ သူတို့ဟာ သူတို့ ဖတ်ချင်ရင်ဖတ်လို့ရမယ့် သင့်လျော်တဲ့ စာအုပ်စာစောင်လေးတွေ ရှိရပါမယ်။ မိဘအတော်များများ

က အတတ်ပညာနောက်လိုက်ဖို့ပဲ အာရုံစိုက်နေကြလေ တော့ အသိပညာနောက်လိုက်ဖို့ တွန်းအားပေးဖို့ မေ့နေသူ များပါတယ်။

ကျွန်တော်တို့လူကြီးများ နောက်ထပ်မေ့နေတာက တော့၊ မစဉ်းစားမိတာကတော့ . . .

ဒီနေ့ဖြစ်ပေါ်တိုးတက်လာတဲ့ လူ့အသုံးအဆောင် ပစ္စည်းတွေ၊ နည်းပညာ၊ အတတ်ပညာ အသုံးချပစ္စည်း ကွန်ပျူတာတွေဟာ အရင်ကမရှိဘူး။ အခုရှိလာတယ်။ မရှိ ရာက ရှိလာတာဟာ ဘာလဲလို့။ စဉ်းစားတွေးခေါ်တတ်တဲ့၊ အသစ်ရှာဖွေဖန်တီးချင်ကြတဲ့ ပညာရှင်များရဲ့ ဆန္ဒကြောင့် ပါ။ စိတ်ကြောင့်ပါ။အသိပညာရှင်များဟာ လူအများအတွက် အသုံးဝင်မယ့် "စိတ်ကူးအိပ်မက်" တွေကို လက်တွေ့အ ကောင်အထည်ဖော်ခဲ့ကြလို့ပါ။

စဉ်းစားတွေးခေါ် အဖြေရှာတတ်တဲ့အလေ့အကျင့်ကို ပြုစုပျိုးထောင်ပေးဖို့ မိဘများမေ့နေတယ်ဆိုရင် . . .

ကိုယ့်သားသမီးကို လူအ,လေးမဖြစ်စေချင်ဘူးဆိုရင်

ကလေးတွေရဲ့ လက်ထဲမှာ ကွန်ပျူတာခလုတ်ကို ကျွမ်း ကျွမ်းကျင်ကျင်နှိပ်နိုင်တဲ့ အတတ်ပညာရှိနေဖို့ လိုအပ်သလို ကလေးတွေရဲ့ခေါင်းထဲမှာ အမှားအမှန်ခွဲခြားစဉ်းစားဖို့၊

တွေးတတ်တဲ့၊ စူးစမ်းတဲ့ အလေ့အကျင့်တွေနဲ့ အသိပညာတွေ ရှိနေစေချင်ပါတယ်။

ခေါင်းမြီးခြုံလုံပါပေ့။ ဆံမြိတ်ချ လှပါပေ့ကို နို့ဆီဘူး ဆိုပြီး ဖြေလိုက်လို့ . . . ဒိုက်ခုတ်တော့ အုတ်ပေါ်၊ အုတ်ခုတ်တော့ ကြွေပေါ်ကို ဖရဲသီးလို့ ဖြေလိုက်လို့ . . .

အတွေးဆန့်မိတာပါ။

***ကံချွန်***

**ရွှေဗန္ဓုလေးဂျာနယ် – ၃၁.၃.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ဘာလို့ မစဉ်းစားတာလဲ (၂)

စကားထာအကြောင်း ရေးလိုက်မိတော့ (၂၁) ရာစု ရောက်နေကာမှ (၂၀) ရာစုကို လွမ်းနေတဲ့ငတိများဖြစ်နေပြီ လားလို့ ဆက်စဉ်းစားမိပါတယ်။

တကယ်တော့ . . .

ကလေး

လူငယ်

လူလတ်

လူကြီး

အရွယ်လေးပါးစလုံးဟာ ဘဝအတွက်စကားထာတွေ ဉာဏ်စမ်းပုစ္ဆာတွေဖြေဆိုရင်း အချိန်ကုန်နေကြရတာပါ။ ကလေးအရွယ်မှာ မှားသွားတာ၊ မသိလို့ အရှုံးပေးလိုက်ရတာ ဟာ ပဲလှော်လေးနှစ်စေ့ဖြစ်ပေမယ့် လူငယ်အရွယ်မှာ အဖြေ မှားလိုက်လို့၊ မစဉ်းစားတတ်လို့၊ မတွေးတတ်လို့ ရှုံးလိုက်ပြီ ဆိုရင် တစ်နှစ်လုံးသင်ခဲ့တဲ့အတန်း၊ နောက်ထပ်အချိန်တစ် နှစ်ပေးပြီး သင်ရတော့တာ။ ငွေကုန်တာထက် ပြန်ရှာလို့ အစားထိုးလို့မရတဲ့အချိန်ကုန်တာက ပိုနှမြောဖို့ကောင်းပါ တယ်။

လူလတ်ပိုင်း၊ လူကြီးပိုင်းမှာလည်း စီးပွားရေးလောက မှာ၊ လူမှုရေးလောကမှာ စဉ်းစားရ၊ တွေးတောရ၊ မှန်းဆရ၊

ဆုံးဖြတ်ချက်ချရနဲ့ နေ့စဉ် အနိုင် အရှုံးတွေ၊ တစ်လအတွင်း အနိုင် အရှုံးတွေနဲ့ အချိန်ကုန်နေကြရတာပါ။ ကံချွန်တို့ သတိထားသင့်တာက အမှားအမှန်ကို ဦးနှောက်နဲ့ဆုံးဖြတ်ရမှာပါ။ တစ်စုံတစ်ယောက်ဆီကပဲဖြစ်ဖြစ်၊ ကွန်ပျူတာဆီကပဲ ဖြစ်ဖြစ် ကျွန်တော်တို့ရနိုင်တာက အချက်အလက်ပါ။ ကျွန်တော်တို့လက်တွေ့ဘဝမှာ နေ့စဉ်ပြောင်းလဲရင်ဆိုင်နေရတဲ့ အခြေအနေဆိုတာ ကွန်ပျူတာထဲမှာ မပါနိုင်ပါဘူး။ အခြေအနေပေါ်မှာ သုံးသပ်ပြီး ဆုံးဖြတ်မှ မှန်တဲ့အရာမျိုးဟာ အချက်အလက်ပေါ်မှာ အခြေခံပြီးဆုံးဖြတ်လို့ မရပါဘူး။ ပတ်ဝန်းကျင်အခြေအနေဆိုတာ ကလေးဘဝက စကားထာဝှက်တာကို ဖြေရသလိုပါပဲ။ ဖြစ်နိုင်ခြေတွေ စဉ်းစားပြီးမှ အဖြေထုတ်ရတာပါ။

တကယ်တော့ ကံချွန်တို့ဟာ အသက်ကြီးလာတာနဲ့ အမျှ ခက်ခဲတဲ့ အနက်ဝှက်တဲ့ စကားထာတွေနဲ့ ရင်ဆိုင်နေကြရတာပါ။ ကလေးဘဝလွန်ပြီးစ လူငယ်ပေါက်စ အလယ်တန်းကျောင်းသားအရွယ်ထိ ကံချွန်တို့ဟာ စကားတွေဝှက်ခဲ့ကြ ဖြေခဲ့ကြဆဲပါ။ ကံချွန်တို့အားချိန်၊ နားချိန်မှာ ထိုင်စရာနေရာကလည်း ရွာလယ်က စာကြည့်တိုက်ပဲရှိတာပါ။ ဒီနေ့လို ဗီဒီယိုရုံတွေ၊ ကာရာအိုကေတွေ၊ တီဗွီဂိမ်းတွေမရှိသေးပါဘူး။ လူငယ်တွေစုမိရင် စာဖတ်ချင်ဖတ်၊ စာမဖတ်ချင်ရင် ရုပ်ရှင်အကြောင်းပြော။ ထွေရာလေးပါးပြော။ ဒါပဲ။

စာကြည့်တိုက်မှာ ကျားခုံ (၁၂ ကောင်ကျား) နဲ့ စစ်တုရင်ခုံ တော့ရှိတယ်။ ဘီလိယက်ခုံ (လက်တောက်ခုံ) ထားခွင့်မပေး ဘူး။ စဉ်းစားရတဲ့ ကစားနည်းမဟုတ်လို့တဲ့။ ကံချွန်တို့ရဲ့ စုရပ် က အဲဒီ စာကြည့်တိုက်ပါ။

အဲဒီမှာ ဉာဏ်စမ်းတွေ၊ စကားထာတွေ မေးလေ့ရှိတဲ့ ကျောင်းဆရာကြီးလည်းပါတယ်။ သူက စာကြည့်သင်းမှာ လည်း လူကြီး လူငယ်တွေ စုမိတာနဲ့ စာမဖတ်ဘဲထိုင်နေတဲ့ လူငယ်တွေနားလာပြီး တစ်ခုမဟုတ်တစ်ခု မေးတော့တာ။ အဲသလိုမေးတဲ့အတွက် ဘယ်လူငယ်ကမှလည်း စိတ်မပျက် ဘူး။ ဆရာကြီးမမေးရင်ကိုပဲ တစ်ခုခုဟာနေသလို။ မလာတဲ့ ရက်ဆို မျှော်ကြတာ။ ဆရာကြီးက -

"မင်းတို့ အလယ်တန်း၊ အထက်တန်းကျောင်းသားတွေ နော်။ ဟိုနှစ်ယောက်ကဆို တက္ကသိုလ်ရောက်နေပြီ။ မင်းတို့ A က Z ထိ (၂၆)လုံးစလုံးပါတဲ့ စာတစ်ကြောင်းလောက် ရေးပြစမ်းပါ။ မင်းတို့သိပြီးသား စာလုံးတွေစုလိုက်ရင် A ကနေ Z ထိပါပြီးသားတွေ အများကြီးပဲ။"

လို့ ခိုင်းတာမျိုးပါ။ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း တွေးရေးရေး၊ သုံးလေးယောက်စုပြီး ရေးရေး၊ ငါးမိနစ် လောက်ကြာလို့မှ မရရင် -

"ဒီဗဟုသုတအတွက် ကုန်သင့်တဲ့အချိန်က ဒီလောက် ပဲကွ။ ဆက်မစဉ်းစားနဲ့တော့။ ဆရာပဲရေးပြမယ်"

ဆိုပြီး ရေးပြတာပါ။ ခုထိ မှတ်မိနေတုန်းပါ။

A k wr o jum s qu'cl'y e t'e y g.

ဆိုတဲ့ စာကြောင်းမျိုးပေါ့။ တကယ်တော့ အဲဒီ စာကြောင်းကိုသိလို့လည်း ဘာမှမဖြစ်ပါဘူး။ မသိလို့လည်း ဘာမှမဖြစ်ပါဘူး။ အဓိကပြောချင်တာက သိအောင်ကြိုးစားချင်တဲ့စိတ်ကို မွေးမြူပေးလိုက်တယ်ဆိုတဲ့ အကြောင်းပါ။ တစ်ခါတလေမှာ စကားထာတွေကို အင်္ဂလိပ်လို ဝှက်ပါတယ်။

“စကားထာဆိုတာ လူမျိုးတိုင်းမှာ ရှိတယ်ကွ။ တို့ဆီမှာသာ ရှိတာမဟုတ်ဘူး။ ဒီအမေးတွေကူးသွားကြ၊ မသိတဲ့စာလုံးပါရင် အဘိဓာန်မှာလှန်ပေါ့ကွာ။ ပြီးတော့ အဖြေရှာပေါ့။ စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။အင်္ဂလိပ်စာလည်းတိုးတာပေါ့။”

ဆိုပြီး

Q: An c' w d ou s er oln r ar d 9 B.C t er yl g dl g W y?

(ရှေးဟောင်းသုတေသီတစ်ဦးက သူတွေ့ရှိထားတဲ့ ခရစ်မပေါ်မီ ၆၄၉ ခုနှစ် အမှတ်အသားပါတဲ့ ငွေပြားဟာ အတု။ ဒါမှမဟုတ် နောက်ပြောင်လိုသူတစ်ဦးရဲ့ ပြုလုပ်ထားမှုလို့ ပြောပါတယ်။ ဘာကြောင့်လဲ။)

Q: Ta' fr skin, or y, b ou will

(ငါ့အရေခွံကို ခွာလို့ကတော့ ငါငိုရလိမ့်မဟုတ်ဘူး။ မင်းပဲငိုရမှာ)

**Q: W' o g e e 'e'' s a ''e?**

(မုသားတစ်ခွန်းမှ မပြောဖူးတဲ့ လျှာကို သိသလား)

အဲဒါမျိုးတွေ ရေးပေးလေ့ရှိပါတယ်။ (မြန်မာလိုပြန်တာက ကံချွန်ရဲ့ မှန်းပြန်ပါ)။ ဖြေကြည့်စမ်းပါ။ စာဖတ်သူဖြေတဲ့အဖြေ အဖြေမှန် တူ၊ မတူတော့ နောက်မှတိုက်ကြည့်ပေါ့။ အဖြေမှန်ကို ဂျာနယ်ရဲ့ တစ်နေရာမှာ ဖော်ပြထားပါတယ်။

ဆက်ရအောင်။ကံချွန်တို့ လူငယ်အရွယ်မှာ ကံကောင်းထောက်မလို့ အဲသလို ဝန်းကျင်မျိုးလေးတွေ့ခဲ့ ရပါတယ်ခင်ဗျာ။ သတင်းစာဖတ်ဖို့ စိတ်ဝင်စားအောင် လေ့ကျင့်ပေးတာက ဦးရှန်ဆိုတဲ့လူကြီးပါ။ ဝတ္ထုနဲ့ မဂ္ဂဇင်းလောက်ပဲဖတ်နေတဲ့ ကံချွန်တို့ကို ကြေးမုံသတင်းစာမှာ အခါအားလျော်စွာပါလေ့ရှိတဲ့ (ယုံချင်ယုံ မယုံချင်နေ) ဆိုတဲ့ ကဏ္ဍာလေးကိုဖတ်ဖတ်ပြတယ်။ ဒါနဲ့ပဲ ကြေးမုံသတင်းစာတွေ့တာနဲ့ ကောက်ကိုင်ဖြစ်ရော။ အဲဒီကမှ ပြည်တွင်းသတင်းတွေကို ဖတ်စမ်းကွာ မျက်စေ့ညောင်းလို့ဆိုပြီး ကံချွန်တို့ကို အဖတ်ခိုင်းတယ်။ လူကြီးတွေက နားထောင်ပြီးတာနဲ့ "ဒီသတင်းက ဘာဆက်ဖြစ်မလဲဆိုတာ နက်ဖြန်မှာ စောင့်ဖတ်ရမယ်။ အဲဒီလူဆိုးတွေ ဖမ်းမိမှာပါ" ဆိုတာမျိုးပြောကြရော။ ဒီတော့

နောက်ရက်သတင်းစာလာချိန်မှာ ကံချွန်တို့ပါ စောင့်ဖတ်တတ်လာတယ်။ ဖတ်ချင်လာတယ်။ အရာရာကို သိချင်တဲ့စိတ်ကို ပျိုးပေးခဲ့တာပဲ။ အဲဒီစိတ်နဲ့အတူ သိချင်ရင် စာဖတ်ရမယ်ဆိုတာကိုပါ လမ်းညွှန်ခဲ့တာပါ။

ရာသီအလိုက်ဖြစ်တတ်တဲ့ ရောဂါတွေအတွက် ကြိုတင်ကာကွယ်ဖို့ ကျန်းမာရေးပညာပေးဆောင်ပါးတွေပါလာရင် ဖတ်စရာခိုင်းပါတယ်။ ပြီးတော့ (မင်းတို့အမေက စာဖတ်အားတာမဟုတ်ဘူး။ ဒီအကြောင်း ပြောပြလိုက်) ဆိုတာမျိုးမှာသေးတာ။ စာကြည့်တိုက်ထဲမှာ ပန်းချီပုံတစ်ပုံရှိတယ်။ ပန်းပုဆရာ ရိုဒန့်ရဲ့ (တွေးခေါ်ရှင်) Thinkerပန်းပုပုံကို ရေးဆွဲ ကူးယူထားတဲ့ ပန်းချီကားပါ။ အဲဒါလည်း ကျောင်းဆရာကြီးက သူ့ကျောင်းက ပန်းချီဆရာကို ရေးစရာခိုင်းပြီး စာကြည့်တိုက်မှာ လာချိတ်ပေးထားတာ။ စဉ်းစားတဲ့လူဟာ တွေးခေါ်ပညာရှင်ကြီးမဖြစ်တောင် မစဉ်းစားတဲ့လူထက် အမှားနည်းတာပေါ့ကွာဆိုတဲ့ စကားလည်း ပြောတတ်ပါတယ်။

ကံချွန့်ကို စဉ်းစားတတ်ဖို့လေ့ကျင့်ပေးတဲ့အရာတွေထဲမှာ ဉာဏ်စမ်းပုစ္ဆာတွေ၊ ပဟေဠိတွေ၊ ဟာသတိုတွေလည်း ပါပါတယ်။ စဉ်းစားရတာ၊ တွေးရတာ အဖြေမှန်ရှာရတာ ဝါသနာပါလို့ အဲဒါမျိုးတွေ စိတ်ဝင်စားတာလား။အဲဒါမျိုးတွေ စိတ်ဝင်စားလို့ စဉ်းစားတဲ့အားသန်လာတာဆိုတာကိုတော့

ခုထိ ကျွန်တော်ခွဲခြားပြီး မကြည့်ဖူးပါဘူး။

ကြက်ဥက ကြက်မပေါက်တာလား။

ကြက်မက ကြက်ဥ ဥတာလား။

ဘယ်ဟာကအစလဲဆိုတဲ့ ပြဿနာကို ဒီနေ့လို ဖောက်စက်တွေ၊ ပုံတူမျိုးပွားတွေ ပေါ်လာချိန်မှာတော့ . . .

နောက်တစ်ပတ် ဆက်စဉ်းစားကြပါဦးစို့။

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် - ၂၁.၄.၂၀၀၁**

❖ ❖ ❖ ❖ ❖

# အဖြေများ

**A: [illegible] ch[illegible] t [illegible] om[illegible] gl[illegible] er.**

(ဘာလို့လဲဆိုတော့ ခရစ်တော်ဟာ လာမယ့် ၆၄၉နှစ်မှာ ပေါ်လာလိမ့်မယ်လို့ ဘယ်သူမှ မသိနိုင်လို့ပဲ)

**A: O[illegible]on.** (ကြက်သွန်နီ)

**A: Ar[illegible] ani[illegible] e.** (တိရိစ္ဆာန်တစ်ကောင်ရဲ့လျှာ)

# ဘာလို့ မစဉ်းစားတာလဲ (၃)

စဉ်းစားကြည့်ပါ။ အမှတ်(၂)ဆောင်းပါးရဲ့ နိဂုံးမှာ စဉ်းစားစရာတွေနဲ့ အဆုံးသတ်ခဲ့ပါတယ်။ ဉာဏ်စမ်း၊ ပဟေဠိ၊ ဟာသတို့ဆိုတာတွေဟာလည်း စဉ်းစားတွေးခေါ် အဖြေရှာဖို့ လေ့ကျင့်ပေးတဲ့အထဲမှာ စကားထာများလိုပဲ အရေးပါတယ်လို့ ကျွန်တော်ရေးခဲ့ပါတယ်။ အဲဒါတွေကို တော့ ကလေးတွေထက် လူငယ်များက ပိုပြီး စိတ်ဝင်စားကြ ပါတယ်။ ဒါတွေကျတော့ အာရုံစူးစိုက်မှုတွေ၊ ခံစားမှုတွေ ပါ ပါလာပြီကိုး။

စဉ်းစားရတာ အဖြေရှာရတာ ဝါသနာပါလို့ ဒါတွေကို စိတ်ဝင်စားတာလား။ ဒါတွေကို စိတ်ဝင်စားလို့ စဉ်းစားရတာ ဝါသနာပါတာလားဆိုတာကိုတော့ . . . ။

နတ်သမီးတံတွေးပြောက် ကြက်မကောက်နိုင်ကို အဖြေရှာ စဉ်းစားခဲ့တဲ့ ကံချွန်တို့ဟာ ကလေးအရွယ်လွန် လာတော့ . . .

လူတစ်ယောက်မှာ ဆိတ်တစ်ကောင်ရယ်၊ ခွေးတစ် ကောင်ရယ်၊ ကွမ်းတစ်ခြင်းရယ် ပါလာတယ်။ ခွေးနဲ့ဆိတ်က မတည့်သလို ဆိတ်ကလည်း ကွမ်းတွေကို စားမယ့်ဟန်ပြင် နေတယ်။ မြစ်ကို ဖြတ်ကူးခါနီးမှာ ရှိတဲ့လှေက သေးသေး လေး။ လူနဲ့အတူ တစ်မျိုးပဲသယ်လို့ရတယ်။ အားလုံးကို ဟို

ဘက်ကမ်းရောက်အောင် ဘယ်လို သယ်မလဲ။

ဆိုတာမျိုးကို လူကြီးတွေက မေးတယ်။ (ဝါသနာပါရင် ကိုယ့်ဟာကိုယ် သယ်ကြည့်ကြပါ) နောက်ပြီးတော့ -

လူသုံးယောက်တောအုပ်ကို ဖြတ်သွားတော့ ဘီလူး အကောင်တစ်ရာနဲ့တွေ့တယ်။ လူတွေက ခင်ဗျားတို့နဲ့ သဘောတူမှုတစ်ခုလုပ်မယ်။ အားလုံးဝိုင်းရပ်ပါ။ တစ် နှစ် သုံး လေး ရေတွက်ကြည့်။ တစ်ဆယ်ကျတဲ့သူကို ကျန်တဲ့ ဘီလူးတွေက ဝိုင်းစားရမယ်ဆိုပြီးတော့ အားလုံးဝိုင်းရပ် တယ်။ လူသုံးယောက်ကလည်း ဘီလူးတစ်ရာကြားမှာ ရပ် တယ်။ တစ်ဆယ်ထိအကြိမ်ကြိမ် ဆက်တိုက်ရေသွားလိုက် တာ ဘီးလူးတွေသာ တစ်ကောင်ပြီးတစ်ကောင် တစ်ဆယ် ကျလို့ အချင်းချင်း စားကြရတယ်။လူတွေက အစားမခံရဘူး။ နောက်ဆုံးမှာ လူသုံးယောက်နဲ့ ဘီလူးတစ်ကောင်ကျန်လို့ ရေတွက်တဲ့အခါမှာပါ ဘီးလူးမှာပဲ တစ်ဆယ်ကျလို့ လူသုံး ယောက်က ဝိုင်းရိုက်သတ်လိုက်သတဲ့။ လူတွေဟာ တစ် ယောက်နဲ့တစ်ယောက် ဘယ်နှစ်ယောက်ခြားပြီး ဝင်ရပ် သလဲ။

ဆိုတာမျိုး စက္ကူပေါ်မှာ အပြောက်တစ်ရာဝိုင်း။ မျဉ်း တိုသုံးကြောင်းကို အပြောက်တွေကြားမှာထည့်။ တစ်နှစ် သုံးလေးရေကြည့်။ တစ်ဆယ်ပြည့်တိုင်း ဖျက်ဖျက်သွားလိုက် တာ။ ရတယ်။ နောက်ဆုံး လူသုံးယောက်ပဲကျန်တယ်။ (စာ

ဖတ်သူ စိတ်ဝင်စားရင် စမ်းကြည့်ပေ့ါ။) ကံချွန် အလယ်တန်းကျောင်းသားဘဝမှာ အဲသလို ဉာဏ်စမ်းတွေနဲ့ လုံးလည်လိုက်ခဲ့ရပါတယ်။ စဉ်းစားတယ်။ တွေးတယ်။ အဖြေရှာတယ်။ ရမှုကို ကျေနပ်တာ။ ပြီးတော့ မေးတာရှိသေးတယ်။ ရှစ် ရှစ်လုံးပေါင်း။ တစ်ထောင်ရတယ်။ ကြိုက်သလိုထားပေါင်းကြည့်ဆိုပြီး ခိုင်းတတ်တယ်။ ဒီအဖြေကတော့ နေရာသိပ်မယူလို့ ရေးပြလိုက်ပါမယ်။

```
      ၈
      ၈
      ၈   +
     ၈၈
    ၈၈၈
  -------
   ၁၀၀၀
```

အဲသလိုမျိုးတွေပါ။ စဉ်းစားတာဟာလည်း အလေ့အကျင့်ပါပဲ။ စဉ်းစားတဲ့အလုပ်ကို စိတ်ဝင်စားပြီး အချိန်အတော်ကြာလုပ်ခဲ့တော့ စဉ်းစားတာ ကျင့်သားရနေသလိုဖြစ်သွားပြီး ဘာကိုပဲဖြစ်ဖြစ် အဖြေရှာမိ၊ စဉ်းစားမိတော့တာပေ့ါ။ အလေ့အကျင့်များခဲ့တော့ အချိန် သိပ်မပေးရဘဲ အဖြေထွက်လာပါတယ်။ ဉာဏ်စမ်းပုစ္ဆာတွေကို စဉ်းစားအဖြေရှာခဲ့တဲ့ အလေ့အကျင့်ဟာ ဘဝပြဿနာတွေအတွက်ပါ အသုံးတည့်ခဲ့ပါတယ်။

ဆက်စပ်နေတာကတော့ ဟာသတိုတွေကို ခံစားတာပါပဲ။ ပင်ကိုစွမ်းရည် စဉ်းစားဉာဏ်မသွက်လက်ရင် မဖြတ်လတ်ရင် ဟာသတိုကို ဖတ်ပြီး တော်တော်နဲ့ပြုံးစရာရှာမတွေ့ဖြစ်တတ်ပါတယ်။ ဟာသတိုတစ်ခုကို ဖတ်ပြီးတာနဲ့ တစ်ဆက်တည်း ပြုံးမိရင် ဆိုလိုရင်းကို ချက်ချင်းသိလို့ ဖျတ်ကနဲစဉ်းစားလိုက်တာနဲ့ အဖြေက ကပ်ပါလာလို့ပါပဲ။ ပင်ကိုယ်စွမ်းရည်ထက်မြက်လေ အဆင့်မြင့်တဲ့ဟာသတွေကို ခံစားနိုင်လေပါပဲ။

- မင်းနာမည်ဘယ်သူလဲ။

* တက်တူပါ။

- ရှိရှိသေသေ ဆရာထည့်ဖြေပါ။

* ဟုတ်ကဲ့ ဆရာတက်တူပါ။

\- - - - -

\- ဒါ ကျွန်တော်ရေးထားတဲ့ "ရုံးတက်ချိန်" ဆိုတဲ့ ပန်းချီကားပါ။

* ဘယ်မှာလဲ ဝန်ထမ်းတွေ။

\- ဒါက သရုပ်မှန်ရေးနည်းလို့ ခေါ်ပါတယ်။ စိတ်ကူးနဲ့ဖြည့်စွက်လို့မရပါဘူး . . . ဆိုတဲ့ ဟာသတိုလေးမျိုးကို ပြကြည့်ပါ။ ဖတ်ပြီးတာနဲ့ ပြုံးသူရှိပါတယ်။ စဉ်းစားပြီးမှ ပြုံးသူရှိပါမယ်။ လုံးဝမပြုံးဘဲ ဒါ ရယ်စရာလား မေးသူလည်း ရှိနိုင်ပါတယ်။ ခံစားမှုဆိုတာလည်း လူတစ်ယောက်ရဲ့ ထက်

မြှက်မှုကို တိုင်းတာ မှန်းဆလို့ရတဲ့ အရာပါ။

အဲဒီခံစားမှု ကူးစက်ခြင်းဆိုတာကလည်း တကယ်တော့ စဉ်းစားအဖြေရှာမှု မြန်ဆန်ခြင်း၊ မမြန်ဆန်ခြင်းနဲ့ ယှက်နွယ်နေတာပါပဲ။ ဒါကြောင့် ခံစားဖို့ အခြေအနေ ဖန်တီးပေးခြင်းဟာလည်း စဉ်းစားခြင်းကို လေ့ကျင့်ပေးတာလို့ပဲ ပြောရမှာပေါ့။ ကျွန်တော်တို့ ဆက်စဉ်းစားရအောင်။

ဟာသဆိုတာ ရသကိုးပါးထဲက တစ်ခုပါ။ တခြားခံစားမှုတွေရှိပါသေးတယ်။ အဲဒါတွေနဲ့ရော တိုင်းတာလို့မရဘူးလားလို့ မေးစရာရှိပါတယ်။ ရပါတယ်။ ဒါပေမယ့် တုံ့ပြန်မှုမြန်ဆန်တာကတော့ ဟာသက ပိုထိရောက်လို့ ဟာသနဲ့ အခြေခံပြီး ပြောရတာပါ။

ကဲ ဆက်ဆွေးနွေးရအောင်။

ကျွန်တော်တို့ လူငယ်တွေအတွက် အေးအေးဆေးဆေး နားချိန်၊ ခံစားချိန်ကို ဖန်တီးမပေးသင့်ဘူးလား။ သင်တန်းတစ်ခုပြီးတစ်ခု ဆက်တိုက် တက်စရာခိုင်းပြီး သင်ပေးနေတာနဲ့ ထူးချွန်ထက်မြက်ဖို့ ပြည့်စုံမယ်လို့ ယုံကြည်ယူဆမှာလား။ ပုံပြင်လေးတစ်ခု အမှတ်ရမိပါတယ်။

တစ်ပေအမြင့် ဆယ်ပေပတ်လည် ထင်းပုံနှစ်ပုံကို လူနှစ်ယောက် တစ်ပုံစီ ပြိုင်တူခုတ်ကြတယ်။ တစ်ယောက်ကတော့ အရင်ပြီးချင်ဇောနဲ့ မနားတမ်းဆက်တိုက်ခုတ်တယ်။ တစ်ယောက်ကတော့ ဆယ့်ငါးမိနစ်လောက်ခုတ်လိုက်။ ခဏနားလိုက်။ နားတုန်းမှာ ဓားသွေးလိုက်။ နောက်

တစ်ဆယ့်ငါးမိနစ်လောက်ခုတ်လိုက်နဲ့ နားနားပြီး ခုတ်သတဲ့။ အချိန်တစ်ခုအကြာမှာတော့ နားနားပြီး ခုတ်တဲ့လူက အရင်ပြီးသွားတယ်ဆိုပဲ။ မောလည်းမမော။ လက်ပန်းမကျလို့။ ဓားတုံးမသွားလို့ပေါ့။

ကျွန်တော်တို့ မိဘတွေ သတိထားသင့်ပါတယ်။ ကိုယ့်သားသမီး၊ ကိုယ့်တူ၊ ကိုယ့်မြေး တော်စေ့ချင်တာပဲပေါ့။ တော်စေ့ချင်လို့ အတင်းတွန်းမိကာမှ စေတနာက ဝေဒနာဖြစ်သွားနိုင်ပါတယ်။ ဒီလိုကော ကျွန်တော်တို့ စဉ်းစားမိရဲ့လား။

ဘာလို့ မစဉ်းစားကြတာလဲ။

ကျွန်တော်ကတော့ လူငယ်တွေကို ပေါ့ပေါ့ပါးပါး သက်သောင့်သက်သာ ပျော်ပျော်ရွှင်ရွှင်နဲ့ သူတို့ရဲ့ဘဝကို ထူးချွန်သူတွေဖြစ်အောင် တည်ဆောက်တာမျိုးပဲ လိုချင်ပါတယ်။ သူတို့ သက်သောင့်သက်သာနဲ့ အသိတိုးအောင် လုပ်ပေးဖို့ . . . . .

(ကံချွန်ဟာ တာဝန်ကို ဘော်လီဘောပုတ်တာဝါသနာပါလို့ ဒီကိစ္စ ဘယ်သူ့ဆီပုတ်ရမယ်ဆိုတာ စဉ်းစားလိုက်ပါဦးမယ်ခင်ဗျား။)

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၂၈.၄.၂၀၀၇**

❖ ❖ ❖ ❖ ❖

# မန္တလေးကချစ်သူ ၊ ချစ်သူက မန္တလေး

နေတာက မန္တလေး။ မြို့လယ်မဟုတ်တာတစ်ခုပဲ။ ဒါကြောင့် မြို့စွန်နေသူများရဲ့ ထုံးစံအတိုင်း . . .

"မြို့ထဲသွားမလို"

"မန္တလေးကိုလေ"

ဆိုတဲ့ စကားမျိုးပြောလေ့ရှိပါတယ်။ ကံချွန်တို့ ငယ်ငယ်ကပေါ့။လေးတန်းအောင်လို့ ငါးတန်းကျောင်းတက်ဖို့ အမှတ် (၃) အ. ထ. ကကို အိမ်က ကျောင်းအပ်ပေးတော့ "မြို့ကျောင်းသွားတက်မှာလေ" ဆိုပြီး ကြွားရတာ။ အဲသလိုနဲ့ မြို့ကျောင်းတက်ရင်း တက်ရင်း ဆယ်တန်းရောက်၊ နောက်တော့ အနုပညာကျောင်း၊ ပန်းချီသင်တန်းကျောင်းဆက်တက်။ အသက်က နှစ်ဆယ်ပြည့်ကာနီး။ ရည်းစားထားချင်စိတ်ကလေးက ရွစိရွစိဖြစ်နေတဲ့အချိန်။ ဒီတော့ မြို့ထဲက ကောင်မလေးတစ်ယောက် ကြိုက်မိရောဆိုပါတော့။ သူ့မြင်တာနဲ့ ရင်တွေကခုန်။ သူပြုံးပြရင် ထူပူရှိန်းဖိန်းပြီး ခလုတ်တိုက်မိတော့မလိုလို။ အရပ်ထဲ ပြန်ရောက်ရင်လည်း "မန္တလေးက ချစ်သူရဲ့အကြောင်း" ကို ပြောရတာအမောပေါ့ ခင်ဗျာ။ သွားလည်း သူ့စိတ်၊ စားလည်း သူ့စိတ်။ စိတ်ကူးထဲမှာ သူ့ဘဝတင့်တယ်ဖို့က အဓိကပေါ့ခင်ဗျာ။

အဲသလိုနဲ့ အသက်ကကြီးလာတော့ မန္တလေးက ချစ်သူ

လည်းမရှိတော့ပါဘူး။ ဒါပေမယ့် ကံချွန်ရင်ထဲမှာ မန္တလေးက ချစ်သူရဲ့နေရာမှာ ချစ်သူက မန္တလေးဖြစ်လာတယ်ခင်ဗျ။ ငယ်ငယ်က ကိုယ့်ချစ်သူကို တင့်တယ်စေချင်တဲ့ဆန္ဒတွေနဲ့ စိတ်ကူးယဉ်ပုံဖော်ခဲ့သလို ခုတော့ မန္တလေးကို တင့်တယ်စေချင်တဲ့ဆန္ဒနဲ့ စိတ်ကူးယဉ်မိတာ ခဏခဏပါပဲ။ မန္တလေးကို ချစ်နေမိတာကိုး။

မန္တလေးသားတစ်ယောက်အနေနဲ့ ကိုယ်ချစ်တဲ့ မန္တလေးကို စိတ်ကူးယဉ်ပုံဖော်မိပါတယ်။ ရန်ကုန်မြို့တော်ကြီးကို ဥယျာဉ်မြို့တော်ကြီးအဖြစ် ပြုစုပုံဖော်နေသလို . . . ပုဂံမြို့ကြီးကို ရှေးဟောင်းမြို့တော်ကြီးအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းပြုပြင်နေသလို . . . ကံချွန်ဟာ ကံချွန်ချစ်တဲ့ မန္တလေးကို ယဉ်ကျေးမှုအနုပညာ မြို့တော်ကြီးအဖြစ် စိတ်ကူးယဉ်ပုံဖော်ကြည့်မိပါတယ်ခင်ဗျာ။ ကံချွန်စိတ်ကူးယဉ်ပုံဖော်မိတဲ့ မန္တလေးပုံရိပ်ကို ပြောပြပါရစေ။ ချစ်လို့ စိတ်ကူးယဉ်မိတာပါ။

မန္တလေးမြို့ကြီးရဲ့ အနောက်တောင်ဘက်ဝင်ပေါက်က ဝင်လာမယ်ဆိုရင် မြို့အဝင်မှာ တွေ့ရမှာက မန္တလေးကန်တော်ကြီးပါ။ ကန်တော်ကြီးထဲကို လှမ်းကြည့်လိုက်မယ်ဆိုရင် ဧရာမဝေလငါးကြီးကို တွေ့ရမယ်။ ခေါင်းက ရေတွေ ပန်းထွက်လို့။ သေသေချာချာကြည့်လိုက်တော့ ဟနေတဲ့ ပါးစပ်ကြီးက ဝင်ပေါက်ပဲ။ တကယ်တော့ ရေလယ်က

စားသောက်ဆိုင်ကြီးပေ့ါ။ ပေငါးဆယ်လောက်မြင့်ပြီး ပေတစ်ရာကျော်ရှည်တဲ့ ငါးကြီးဟာ သုံးထပ်စားသောက်ဆိုင်ကြီးပါ။ အလယ်ထပ်မှာ ညှော့ခံပွဲအတွက် မင်္ဂလာခန်းမကျယ်ကြီး၊ အပေါ်ဆုံးထပ်မှာ ဆွေးနွေးပွဲ၊ စည်းဝေးပွဲ၊ ညှော့ခံပွဲတွေလုပ်ဖို့ သီးသန့်ခန်းတွေ။ ဝေလငါးကြီးရဲ့ဘေးမှာတော့ ရွှေ့မျောနေတဲ့ကမ္ဘာလိပ်ကြီးတွေ၊ လိပ်ကြီးတွေရဲ့ ကျောပေါ်မှာ စားရင်းသောက်ရင်း အပန်းဖြေနားနေဖို့ စားပွဲဝိုင်းလေးနဲ့။ ရေပေါ်မှာ ဗိုးကနဲ ဗှစ်ကနဲပြေးနေတဲ့ ဖျံကြီးတွေကို စီးဦးမလား။ ဖျံအသွင်နဲ့ စပိဘုတ်တွေလည်း ရှိသေးတယ်။

မန္တလေးကန်တော်ကြီးရဲ့အလယ်မှာ မျှော်လင့်ချက်ကျွန်း (Hope Island) ရှိတယ်။ အဲဒီကျွန်းပေါ်မှာ လက်မထောင်ထားတဲ့ ပန်းပုရုပ်ကြီး။ အနိုင်ရသူ အောင်နိုင်သူရဲ့လက်ကြီးပေ့ါ။ လူငယ်တွေကတော့ အဲဒီမျှော်လင့်ချက်ကျွန်းမှာသွားပြီး အနားယူကြတယ်။ လက်ကြီးရဲ့ ဘေးပတ်လည်မှာ နားနေဖို့ နေရာလေးတွေကလည်း အဆင်သင့်။ မြို့ရဲ့အနောက်တောင်ဘက်က မန္တလေးကန်တော်ကြီးကိုမြင်လိုက်တွေ့လိုက်သူတိုင်းဟာ ပါးစပ်ဟောင်းလောင်းဖွင့်ပြီး အံ့ဩမှုကြီးစွာနဲ့ ငေးသွားကြတယ်။ နိုင်ငံခြားသားကမ္ဘာလှည့်တွေဆိုတာ ကွင်းအပြည့်။ ကန်ဖြတ်လမ်းရဲ့ ဝဲယာမှာတော့ သဘာဝအလှနဲ့ အံ့ဝင်ခွင်ကျဖြစ်စေတဲ့ ဆိုင်ခန်းတွေရှိသေးတယ်။

လက်မှုပညာ၊ ပန်းချီ၊ ပန်းပု၊ ယွန်း၊ အမှတ်တရပစ္စည်း

ဆိုင်တွေ၊ ကန်ပတ်လမ်းမှာတော့ ဧရာဝတီအလှနဲ့ ကန်တော်ကြီးရဲ့ ပသာဒကို တစ်ပြိုင်တည်းခံစားနိုင်မယ့် ရွှေမန္တလေးဟိုတယ်ကြီး။ ဟိုတယ်ကြီးရဲ့ ဆယ့်ငါးထပ်အမိုးပေါ်မှာတော့ ရေကူးကန်က ပါသေးတယ်။ တတိယထပ်မှာတော့ ရွှေမန္တလေး ယဉ်ကျေးမှု အနုပညာပြတိုက် (Golden Mandalay Museum)။

မန္တလေးမြို့ရဲ့ တောင်ဘက်အဝင်လမ်းမှာတော့ ဆင်ဖြူကန်ကွင်းထဲက ကြိုဆိုနေမယ့် ခေတ်သစ်အတွေးနဲ့ ရိုးရာဟန်ပေါင်းစပ်ထားတဲ့ ပေးငါးဆယ်ကျော်ရှိတဲ့ ရတနာပုံခေတ် မြန်မာမိန်းမပျိုရဲ့ သွယ်နွဲ့တဲ့အလှပန်းပု။ ကွင်းကြီးထဲမှာတော့ မိသားစုနားနေအပန်းဖြေဖို့ ဥယျာဉ်ကြီးနဲ့ ဆိုင်ခန်းတွေ၊ ရေနီမြောင်းရဲ့တစ်ဖက်မှာတော့ မန္တလေးတက္ကသိုလ်ရဲ့ ခေတ်မီစာကြည့်တိုက်ကြီး။

ပြင်ဦးလွင်ဘက်က ဝင်လာမယ့်အရှေ့ဘက်ဝင်ပေါက်မှာတဲ့ ၃၅ လမ်း၊ နန်းရှေ့သွားတဲ့လမ်း၊ ပြင်ဦးလွင်ဘက်က အဝင်လမ်းဆုံတဲ့နေရာမှာ သုံးဘက်မြင်ပုံရိပ်သုံးမျိုးထင်ဟပ်နေတဲ့ ပန်းပုကြီး။ သံမဏိပြားတွေ၊ သံမဏိချောင်းတွေ၊ကွန်ကရစ်တွေ၊ ကျောက်တွေကိုသုံးပြီးလုပ်ထားတာ။ သုံးဘက်မြင် ပုံရိပ်သုံးမျိုးထင်ဟပ်နေတဲ့ ပန်းပုကြီး။ ပြင်ဦးလွင်ဘက်က ဝင်လာသူတွေကြည့်လိုက်ရင် ကြိုဆိုနေသလို ခံစားရပြီး မန္တလေးကအထွက် ၃၅ လမ်းပေါ်က လှမ်းကြည့်လိုက်ရင်

နှုတ်ဆက်နေတဲ့ခံစားမှုကို ပေးနေသလိုမျိုး။ နန်းရှေ့ဘက်သွားတဲ့လမ်းပေါ်က ကြည့်လိုက်ရင်တော့ အရှိန်အဟုန်ပြင်းပြင်းနဲ့ အားယူပျံသန်းတော့မယ့် ငှက်ကြီးတစ်ကောင်လို။ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေဟာ ခမ်းနားတဲ့ ခေတ်သစ်ပန်းပု ကြီးဘေးမှာ ဗီဒီယိုတွေရိုက်ကြ။ ဓာတ်ပုံတွေရိုက်ကြပေါ့။ ပေသုံးဆယ်ကျော်မြင့်တဲ့ ပန်းပုကြီးပါပဲ။

မိုးကုတ်ဘက်ကဝင်လာတဲ့ လမ်းမှာတော့ မန္တလေးတောင်ခြေမှာ ဧရာမဦးထုပ်ကြီးတစ်လုံးရှိမယ်။ ဂေါက်ရိုက်တဲ့အခါ ဆောင်းတဲ့ ဦးထုပ်မျိုး။ တကယ်တော့ ငါးထပ်တိုက်အဆောက်အအုံကြီးပါ။ ဦးထုပ်ရဲ့လျှာကြီးအောက်မှာ ကားအစီးငါးဆယ်ကျော်ရပ်နားနိုင်တယ်။ အဲဒီ အဆောက်အအုံကြီးထဲမှာတော့ အားကစားပစ္စည်းအရောင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေရှိတယ်။ အပေါ်လေးထပ်က တည်းခိုခန်းတွေ၊ ဓာတ်လှေကားက ဦးထုပ်ကြီးရဲ့ အလယ်ဗဟိုမှာ။ ဦးထုပ်ကြီးရဲ့ ဘုသီးပုံဖြစ်နေတဲ့ အမိုးပေါ်ထိ တက်လို့ရတယ်။ အဲဒီမှာတော့ မှန်တွေကာထားပြီး ရှုခင်းကြည့်ဖို့ စီစဉ်ထားမယ်လေ။

ဧရာဝတီမြစ်ကိုဖြတ်လို့ မင်းကွန်းဘက်က မော်တော်နဲ့ကူးလာမယ်ဆိုရင်တော့ မြစ်ကမ်းပါးကြီးဟာ ကမ္ဘာပေါ်မှာ အရှည်လျားဆုံး ကျောက်စီပန်းချီကားကြီးအဖြစ် မြင်တွေ့ရမယ်။ ကမ္ဘာလှည့်တွေဟာ ဧရာဝတီကမ်းပါးရဲ့ ပန်းချီကား

ကြီးကို ကြည့်ဖို့ မော်တော်တွေကို ရေစီးနဲ့မျောပါရင်းငေးကြတယ်။

မန္တလေးဟာ ခေတ်သစ်၊ ခေတ်လယ်၊ ခေတ်နှောင်း ပန်းချီ၊ ပန်းပု၊ ဗိသုကာလက်ရာတွေ စုဝေးရာမြို့တော်ကြီးမို့ ကမ္ဘာလှည့်တွေဟာ မြို့ထဲမှာပြည့်နေပါတယ်။ လမ်းဆုံ လမ်းခွ အချက်အချာကျတဲ့နေရာတွေမှာလည်း ဧရာမပန်းပုကြီးတွေဟာ မြို့ရဲ့ဂုဏ်ကိုဆောင်နေတယ်။ အများမြင်တွေ့နေရတဲ့ ပန်းပုရုပ်ကြီးတွေဟာ မြန်မာတို့ရဲ့ အတွေးအခေါ် ခံစားမှု၊ နည်းပညာ၊ အတတ်ပညာ ကျွမ်းကျင်မှုဆိုတာတွေကို ဖော်ပြနေတယ်။ ဘူတာကြီးရှေ့၊ ဈေးချိုကွက်လပ်ထဲ မန္တလေးတက္ကသိုလ်ရှေ့၊ ရတနာပုံတက္ကသိုလ်ရှေ့တွေလို နေရာတွေမှာလည်း နေရာဝန်းကျင်နဲ့ လိုက်ဖက်တဲ့ အနုပညာအတွေး၊လက်ရာ၊ ရသပြောင်မြောက်တဲ့ ပန်းပုကြီးတွေ၊ တက္ကသိုလ်ရှေ့မှာဆို နည်းပညာ၊အတတ်ပညာကို ဖော်ညွှန်းတဲ့ ပန်းပုကြီး၊ ဘူတာရှေ့မှာဆို ခရီးသွားခြင်းကို ကိုယ်စားပြုတဲ့ရုပ်ထုကြီး၊ ဈေးချိုတော်မှာတော့ ဈေးဝယ်ထွက်လာတဲ့ မိသားစုပုံ ပန်းပုကြီး။

မန္တလေးဟာ ရုပ်စုံကျောင်းကြီးတွေ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ မြန်မာတို့ရဲ့ ပန်းပုကို ချစ်မြတ်နိုးတဲ့ စိတ်ကိုပြန်လည်ဖော်ညွှန်းနေတဲ့ မြို့ကြီးအဖြစ် ကံချွန်စိတ်ကူးနဲ့ ပုံဖော်ကြည့်နေမိပါတယ်။ ကိုယ့်ချစ်သူကို အဝေးကနေကြည့်နေရ

ပေမယ့် တင့်တယ်လှပနေစေချင်တယ်လေ။

မန္တလေးမြို့ကြီးလှနေတာကို ဂုဏ်ယူချင်တာ၊ မန္တလေး မြို့ကြီး တင့်တယ်နေတာကို မြင်ချင်တာ၊ မြန်မာလူမျိုးတွေ ရဲ့ အတွေးအခေါ် အသိဉာဏ်ခံစားမှုစိတ်ကူးတွေကို ပန်းပု ရုပ်ကြီးတွေနဲ့ ပြောပြနေချင်တာ။ နိုင်ငံတကာမှာ မန္တလေး ဆိုတာ ဧရာမအနုပညာပြတိုက်ကြီးလိုပဲ တစ်မြို့လုံးငေး ကြည့်စရာတွေနဲ့ ပြည့်နေတယ်။ လမ်းတိုင်းမှာ အနုပညာပုံ ရိပ်တွေ ထင်ဟပ်နေတယ်ဆိုပြီး ဖြစ်ချင်တာ။ ကျွန်တော်က မန္တလေးကို ချစ်တာကိုး။

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် - ၅.၅.၂၀၀၃**

❖ ❖ ❖ ❖ ❖

# မြို့သစ်သွား တောလား

ကံချွန်နေတဲ့ မန္တလေးမြို့သစ်ကိုလာမယ်ဆိုရင် ယာဉ်အန္တရာယ်ကင်းဖို့အတွက် မိတ်ဆွေမှာ သည်းခံနိုင်စွမ်းရှိဖို့လိုအပ်ပါတယ်။ စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကားတစ်ခုခုနဲ့ လာမယ်ဆိုရင် မလွဲမသွေကြုံရမှာက မိတ်ဆွေစီးနင်းလာတဲ့ယာဉ်ကိုကျော်ပြီးမှ ရှေ့ကနေကပ်ပိတ်ရပ်တဲ့ လိုင်းကားပေါင်းစုံကိုမလွဲမသွေကြုံရပါလိမ့်မယ်။ အဲသလို အရှိန်နဲ့ မောင်းလာပြီးရှေ့ကို ကျော်တက်ကပ်ပိတ်ရပ်လို့ စိတ်ဆိုးမယ်၊ စိတ်တိုမယ်ဆိုတာနဲ့ သင့်ကို မြို့သစ်နဲ့အနေစိမ်းသူမှန်း အားလုံးကသိကြပါလိမ့်မယ်။ ကံချွန်တို့ မြို့သစ်သား၊ မြို့သစ်သူများဟာအဲသလို ဒေါသကြီးလေ့၊ စိတ်တိုလေ့ မရှိပါဘူးခင်ဗျ။ လိုင်းကားများက အဲသလို လေ့ကျင့်ပေးခဲ့တာ ဆယ်နှစ်ဆယ်မိုးရှိပြီမို့ သည်းခံနိုင်နေကြပါပြီ။

သင်စီးလာတဲ့ယာဉ်ငယ်ဟာ လမ်းဆုံ လမ်းထောင့်ရောက်ပြီဆိုရင် လမ်းထောင့်ကွေးမှာ ရပ်ထားတဲ့ လိုင်းကားများကို တွေ့ရပါဦးမယ်။ ညာဘက်ကို ကပ်ကွေ့မှာပဲဖြစ်ဖြစ်၊ ဘယ်ဘက်ကို ကွေ့မှာပဲဖြစ်ဖြစ် ရပ်ထားတဲ့ကား အကွယ်ကနေ အချိန်မရွေးဘွားကနဲပေါ်လာမယ့် ကလေး၊ မိန်းမကြီး၊ လူကြီးများရှိနေမယ်ဆိုတာ ကြိုတွေးထားပါ။ ဘရိတ်ကိုဆွဲဖို့အဆင်သင့်လုပ်ထားပါ။ ကားပေါ်က ခရီးသည်ဟာ ဆင်းလာပြီး တောက်လျှောက်လမ်းကို ဖြတ်ကူးလေ့ရှိပါတယ်။ ဝဲ၊ ယာကြည့်၊ လမ်းရှင်း၊ မရှင်း သတိထားဖို့တာဝန်က ယာဉ်

များရဲ့ တာဝန်လို့ သတ်မှတ်ထားကြပုံရပါတယ်။ ကားပေါ်ကို တက်မယ့် ခရီးသည်ကလည်း ယောက်ဖနဲ့ခယ်မတစ်ဒါဇင် ခေါ်ပြီး ကိုယ့်အိမ်မှာ တည်းဖို့လိုက်လာတဲ့ ယောက္ခမကိုတွေ့ လိုက်လို့ ပြေးလာသလိုမျိုး ဖြတ်ပြေးပါမယ်။ ကားပေါ်ရောက် သွားတော့လည်း အဲဒီကားက ထွက်တာမဟုတ်သေးပါဘူး။ အတွင်းမှာ မဆံ့လို့ ခြေတက်ခုံပေါ်ရပ်တဲ့လူ ဆယ့်ငါး ယောက်လောက်ရှိမှ ရှေ့ဘီးမြောက်ကြွ မြောက်ကြွနဲ့ ထွက် တော်မူတာခင်ဗျ။

အဲသလို လမ်းဆုံများကို အန္တရာယ်ကင်းစွာကျော်လွှန် နိုင်ပြီဆိုရင် လက်မထောင်ပြီး ငါကွလို့ နှစ်ခါအော်လို့ရပါပြီ။ မန္တလေးမြို့သစ်မှာ ၆၄လမ်း၊ မနော်ဟာရီလမ်းဆုံနဲ့ ၆၂ လမ်း - မနော်ဟာရီလမ်းဆုံနှစ်နေရာဟာ အဓိကနေရာများပေ့ါခင် ဗျာ။ အဲသလို လမ်းဆုံထောင့်မှာ လိုင်းကားများအလု အယက်ရပ်ခြင်းဟာ နိုင်ငံတကာမှာ ရှိဟန်မတူပါဘူး။ကံချွန် တို့မြို့သစ်မှာပဲ ရှိတာပါ။ ဒီအတွက်လည်း ကံချွန် ဂုဏ်ယူပါ တယ်။

အသင်ဟာ လမ်းဆုံနှစ်ခုကို အောင်မြင်စွာ ဖြတ်ကျော် ပြီးလို့ သွားလိုတဲ့ လမ်းသွယ်တစ်ခုခုထဲဝင်ရတော့မယ်ဆိုရင် ရမ်းမကွေ့လိုက်ပါနဲ့။ အဲဒီ လမ်းသွယ်ရဲ့ ထိပ်တည့်တည့်မှာ ပိတ်ရပ်ပြီး လူစောင့်နေတဲ့လိုင်းကားတစ်စီးစီးနဲ့ ဆုံနိုင် ကြုံနိုင် ပါသေးတယ်။ အဲသလိုဆုံနေရင် စိတ်ရှည်ပါ။ သူရှေ့ကဖြစ် ဖြစ်၊ နောက်ကဖြစ်ဖြစ် လွတ်အောင် ရှောင်ဝင်ပါ။ အထွက် မှာဆုံနေရင်လည်း လွတ်အောင်ရှောင်ထွက်ပါ။ အဲသလို

ရှောင်သွားရင်း ယာဉ်မောင်းကိုဖြစ်ဖြစ်၊ ယာဉ်နောက်လိုက်ကိုဖြစ်ဖြစ် မကျေနပ်တဲ့အကြည့်နဲ့ကြည့်မိရင် သင့်ကို ထူးဆန်းသောဂြိုဟ်သားကို တွေ့ရသလို ပြန်ကြည့်ကြပါလိမ့်မယ်။ အချို့ကားဆရာများကတော့ မြို့သစ်ရဲ့ထုံးစံကို မသိရှာပါလားဆိုတဲ့မျက်စိနဲ့ သနားကြည့် ကြည့်ပါလိမ့်မယ်။ ရှောင်တိမ်းဖို့ အခက်အခဲဖြစ်နေရင်တော့ လမ်းတစ်ဖက်ကနေ ကားဆရာနဲ့အပြိုင် “မင်းထက်ငါက ပိုစောင့်နိုင်တယ်” ဆိုတဲ့ မျက်နှာနဲ့ ရပ်စောင့်ဖို့ အကြံပြုပါရစေ။ ဒီအဆင့်ကို ကျော်လွန်မှ နောက်ထပ်တစ်ခါ ငါကွဆိုပြီး လက်မထောင်လို့ ရပါမယ်။

ဒါပေမယ့် သင့်မှာ အခက်အခဲတစ်ခုခုရှိနေတယ်။ အမြန်ရောက်ချင်နေတယ်ဆိုရင်တော့ ကားဆရာရဲ့ မျက်စောင်းထိုးခံရင်း လမ်းတောင်းပါလေ။ သင့်ဟွန်းသံကြားတာနဲ့ ကားဆရာရဲ့ မျက်စောင်းက သင့်ထံရောက်လာပါလိမ့်မယ်။ မပူပါနဲ့။ ကံ့ချွန် စုံစမ်းလို့ရသလောက် အငှားယာဉ်မောင်းလိုင်စင်ရတဲ့ နဂါးတစ်ကောင်မှ မရှိတဲ့အတွက် သင် ပြာမကျနိုင်ပါ။ ဒါကြောင့် စိတ်ဖြောင့်လက်ဖြောင့် မျက်စောင်းထိုးခံရင်း မပေးချင် ပေးချင် ဆောင့်ကြီး အောင့်ကြီး မသထာရေစာပေးသောလမ်းမှ ဝင်ခွင့်ရတဲ့အတွက် ကျေးဇူးတင်တဲ့အကြည့်နဲ့ ကြည့်ရင်း ပြုံးပြဖို့ မမေ့လေနဲ့။

အထူးသတိပြုရမယ့် အချိန်နှစ်ချိန်ရှိပါသေးတယ်။ အဲဒါကတော့ မနက်ပိုင်းနဲ့ ညနေပိုင်းပါ။ အလုပ်သွားအလုပ်ပြန်၊ ဈေးသွား ဈေးပြန်ခရီးသည်များချိန်မှာ ခရီးသည်လုတင်

ဖို့ ကားအပြိုင်မောင်းတာကို သင်တွေ့နိုင်ပါတယ်။ ဂြိုဟ်တု စလောင်းကလာတဲ့ စတားစပို့(တ်)ကို ကြည့်နေကျဆိုရင် တော့ စိုးရိမ်သောကကင်းစွာ နေနိုင်ပါလိမ့်ခင်ဗျာ။ နိုင်ငံ တကာ ကားပြိုင်ပွဲများနဲ့ အကြည့်အလှမ်းဝေးသူဆိုရင်တော့ ရင်ခုန်မြန်နိုင်ပါတယ်။ မနက်ပိုင်း၊ ညနေပိုင်းများမှာ ကိုယ့် နောက်က လိုင်းကားတစ်စီးလိုက်လာပြီဆိုရင် မုန်ယိုနေတဲ့ ဆင်ရိုင်းတစ်ကောင်ရှေ့က လွတ်အောင်ပြေးရသလိုခံစား ရပါတယ်။ လမ်းဘယ်လောက်ကျဉ်းကျဉ်းရှုပ်ရှုပ် ဘာကိုမျှ မတိုက်မိစေဘဲ အမြန်ဆုံးမောင်းနိုင်တဲ့ ယာဉ်မောင်းများရဲ့ ကျွမ်းကျင်မှုကို မှတ်တမ်းမတင်ချင်လို့ မရပါဘူး။ မြို့သစ် လိုင်းကားများနဲ့ အမြင်မနီးသူများကတော့

"တိုက်ကုန်တော့မှာပဲ"

ဆိုပြီး စိုးရိမ်ကြပါတယ်။ အဲသလို စိုးရိမ်မှုဟာ ကျွန်တော်တို့ရဲ့ယာဉ်မောင်းများကို အထင်သေးခြင်းပါပဲခင် ဗျာ။ မြို့သစ်လိုင်းကားများ ယာဉ်မောင်းကြမ်းတာလောက် တော့ မြို့သစ်သားများကလည်း "ရိုတာပေါ့" ပါပဲ။အကြောင်း သိနေတော့လည်း ဝေးဝေးကရှောင်ကြတာကိုး။

လူ့ဘဝဆိုတာ ကြည်နူးပျော်ရွှင်နေရမှ နေပျော်တာပါ။ ဒေါသတွေ၊ မကျေနပ်မှုတွေနဲ့ ရှင်သန်နေရရင် မနေပျော်ပါ ဘူး။ ကိုယ့်ကိုယ်ကို စိတ်ရှည်တတ်အောင်၊ ခွင့်လွှတ်တတ် အောင်၊ သည်းခံတတ်အောင် လေ့ကျင့်ပြီး ပျော်အောင်နေ တတ်ဖို့လိုပါတယ်။ မြို့သစ်သားအတော်များများမှာကတော့ လိုင်းကားများရဲ့ကျေးဇူးကြောင့် သည်းခံတတ်တဲ့၊ စိတ်ရှည် တတ်တဲ့၊ ခွင့်လွှတ်တတ်တဲ့ အကျင့်များရနေပါပြီ။ ဒါဟာ

မြို့သစ်မှာနေရတဲ့ အကျိုးကျေးဇူးတွေပေ့ါခင်ဗျာ။

ကြိုတွေးပြီး ဝမ်းသာနေတာကတော့ အကယ်၍များ မြို့သစ်မှာ ပြေးဆွဲနေတဲ့ လိုင်းကားတွေ

- ကျော်တက်ကပ်ပိတ်ရပ်
- အပြိုင်မောင်း
- လမ်းဆုံထောင့်နေရာလု၊ အတင်းကွေ့၊ ထောင့်မှာရပ်
- လမ်းသွယ်ထိပ် ပိတ်ရပ်

ဆိုတာမျိုးတွေမလုပ်တော့ပဲ ယာဉ်ငယ်တွေအပေါ် ငဲ့ညှာပြီး ဆင်ရိုင်းမုန်ယိုလို့ ပြေးဝင်လာနည်းမျိုး၊ ဂီယာကုန်၊ လီဗာကုန် မမောင်းကြတော့ဘူးဆိုရင် . . .

မြို့သစ်မှာ သွားရ လာရတာ ပိုပြီးပျော်စရာကောင်းမှာ ပေ့ါခင်ဗျာ။

*ကံချွန်*

**ရွှေမန္တလေးဂျာနယ် – ၁၂.၅.၂၀၀၃**

❖ ❖ ❖ ❖ ❖

**မှတ်ချက်**

လိုင်းကားအားလုံး စည်းကမ်းမဲ့သည်ဟု မဆိုလိုပါ။ မဟာကံထူးရှင်များကမူ စည်းကမ်းရှိသော လိုင်းကားများနှင့် ဆုံဖူး ကြုံဖူးကြောင်း ပြောပြသည်ကို ကြားဖူးသည်နှင့် တဆင့်မှတ်သားသူက ပြန်လည်ဖောက်သည်ချ၍ ကြားဖူး ကြောင်း၊ ရှိတော့ရှိတယ်။ ရှားတယ်။

# ဒီလိုပဲကူးနေလို့သာ ပြီးမှာလား မောင်ရေ့

ကမ္ဘာ့အနောက်ဖျားကသတင်း၊အရှေ့ဖျားက ချက်ချင်း သိနေ မြင်နေ ကြားနေရတဲ့ သတင်းခေတ်။ တစ်၊ နှစ်၊ သုံး၊ လေးတွေပြောင်းနှိပ်ပြီး နိုင်ငံတကာယဉ်ကျေးမှု၊ အနုပညာ ဖန်တီးခြင်း၊ အတတ်ပညာတွေကို ကံချွန်တို့ မျက်စိရှေ့က ရုပ်မြင်သံကြားဖန်းသားပြင်ပေါ် ခေါ်ယူနိုင်တဲ့အချိန်။ စလောင်းမတပ်နိုင်လို့လည်း အားငယ်စရာမလို။ စစ်သတင်း၊ အားကစားသတင်း၊ ယဉ်ကျေးမှုအနုပညာ နိုင်ငံတကာမှာ ဖြစ်ပျက်နေတာတွေထဲက သိသင့်သိထိုက်တာမှန်သမျှ မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီရုပ်/သံက လိုအပ်လိုသလို လွှင့်ထုတ်ပေးနေတော့ . . .

ဒီနေ့ ကံချွန်တို့မြို့သစ်က ကလေးတွေကအစ . .

အွန်စော

ဂျွန်စော

ဟန်ထယ်စောက်

ဘန်ဆူးကင်

ယွန်းဟွန်စော

လီယောင်ဟွန်း

ဟန်ကျွမ်း

ဆိုတာတွေကို အကုန်သိနေတာပါ။ ဇာတ်လမ်းတွဲတွေ

က မင်းသား၊ မင်းသမီးတွေရဲ့ နာမည်ရင်းကိုသာမသိရင် ရှိရပါမယ်။ သတင်းတွေကိုနားထောင်၊ ဂျာနယ်တွေကိုဖတ် နေတဲ့ဆိုက်ကားဆရာ ကိုသံချောင်း၊ မြေတူးတဲ့ ကိုတက်တူ တို့ကအစ

တိုနီဘလဲ

ဆဒမ်ဟူစိန်

ကူဖီအာနန်

မန်ချက်စတာယူနိုက်တက်

ဒေးဗစ်ဘက်ဟမ်း

ရော်နယ်ဒို

ဆိုတာတွေကို သိနေတာပါ။ စစ်ရေး၊ နိုင်ငံရေး၊ အားကစား၊အနုပညာ နိုင်ငံတကာအခြေအနေကို ရုပ်မြင်သံကြား ရှေ့ငုတ်တုတ်ထိုင် နေကြာစေ့ဝါးရင်း လေ့လာနိုင်ကြပြီလေ။ နိုင်ငံတကာကို မျက်ခြေမပြတ်သလို ကံချွန်တို့ဟာ ပြည်တွင်း အနုပညာများနဲ့လည်း မျက်ခြေမပြတ်ကြပါဘူးခင်ဗျာ။ မြန်မာရုပ်ရှင်၊ မြန်မာဗွီဒီယိုတွေကိုလည်း အလှည့်ကျထုတ် လွှင့်ပြသနေတာကိုး။ ရေးကား အဖြူအမည်းကနေ ဒီနေ့ ဇာတ်ကားများကိုပါ အလှည့်ကျကြည့်နေရတယ်လေ။

ဒီတော့ . . .

မြန်မာရုပ်ရှင် ဇာတ်ကားများနဲ့ နိုင်ငံခြား ရုပ်ရှင် ဇာတ်ကားများကို မရည်ရွယ်ဘဲ နှိုင်းယှဉ်ကြည့်မိလျက်သား

ဖြစ်လာပါတယ်။ နိုင်ငံခြားဇာတ်ကားအတော်များများနဲ့ မြန်မာဇာတ်ကားအတော်များများကို ကြည့်ပြီးတဲ့အချိန်မှာ တော့ -

"ဇာတ်သိမ်းခါနီး အဲသလို အမြန်မောင်းထွက်ရင် တိုက်တော့မှာကွ။ မယုံကြည့်"

"ဒိုင်း"

"ဟောတိုက်ပြီ၊ ငါမပြောဘူးလား"

ယာဉ်တိုက်မှုတွေ ကျဆင်းအောင်လုပ်နေတဲ့အချိန်မှာ ရုပ်ရှင်ထဲမှာတော့ ယာဉ်တိုက်မှုတွေ မကျဆင်းဘဲဖြစ်နေတယ်ခင်ဗျ။ သုံးပွင့်ဆိုင်မှာ တစ်ယောက်ကို ရှင်းချင်ရင် ကားတိုက်ပေးတာဟာ အလွယ်ဆုံးနည်းပဲဆိုပြီးများ လုပ်နေကြလေသလား။ ရုပ်ရှင်ထဲမှာပါ ယာဉ်မတိုက်ရဆိုပြီး သတ်မှတ်လိုက်ရင်တော့ မြန်မာရုပ်ရှင်ဇာတ်လမ်းများရဲ့ မဲပြာပုဆိုးဇာတ်လမ်းများပေါ်မှာ ချုပ်ရိုးသစ်တွေ့ရမယ်ထင်ပါတယ်။

နောက်တစ်ချက် သတိထားမိတာကတော့ နိုင်ငံခြားဇာတ်လမ်းတွဲတွေမှာ (သိုင်းကားမှအပ) သရုပ်ဆောင်တွေဟာ အလုပ်ကိုယ်စီရှိကြပါတယ်။ လုပ်ငန်းခွင်မှာ ထိတွေ့ဆက်ဆံရတာအပေါ် အခြေခံပြီးပေါ်လာတဲ့ ဇာတ်လမ်းတွေပါ။ ကျွန်တော်တို့ဆီက ဇာတ်လမ်းအတော်များများမှာ မင်းသား၊ မင်းသမီးသရုပ်ဆောင်တွေဟာ ဘာလုပ်စားမှန်း မသိရတဲ့ ဇာတ်တွေလည်းရှိပါတယ်။ အလုပ်ရှိကြောင်းပြရင်

လည်း အလုပ်ရုံးခန်းနဲ့ အလုပ်ဆိုင်းဘုတ်ကို ပြတာလောက်ပဲ များပါတယ်။ ဇာတ်လမ်းက အဲဒီအလုပ်အပေါ်မှာ အခြေခံတာမျိုး မဟုတ်တာများပါတယ်။ ဒီတော့ မင်းသား၊ မင်းသမီး ဆုံဖို့ တွေ့ဖို့ဇာတ်ကွက်တွေဟာ ကွဲပြားမှုမရှိတော့ဘူးပေါ့။ အလုပ်ကို အခြေခံပြီးတွေ့ကြမယ်ဆိုရင်တော့ အဲဒီအလုပ်ရဲ့ သဘောကို အကြောင်းပြုပြီး ဇာတ်ကွက်တွေဟာ ထွက်လာမှာပါ။

အအေးဆိုင်၊ စားသောက်ဆိုင် တစ်ခုခုမှာထိုင်၊
ပန်းခြံထဲမှာထိုင်၊ လျှောက်၊
ဧည့်ခန်းထဲမှာ ထိုင်

ဆိုတဲ့ အခန်းတွေချည်းမြင်နေရတော့ အားမလို အားမရဖြစ်မိတာအမှန်ပါ။ ဒါကတော့ ဇာတ်ကားအများစုရဲ့ အခြေအနေပါ။ ပြီးတော့ မြန်မာသရုပ်ဆောင်များဟာ ဆံပင်ပုံစံ၊ စကားပြောတဲ့ဟန်က မပြောင်းတော့ ဇာတ်ကောင်ရဲ့ အမူအကျင့်စရိုက်ဟာ မင်းသား၊ မင်းသမီးကဲ့သို့ ဖြစ်သွားပါတယ်။ မင်းသား၊ မင်းသမီးက ဇာတ်ကောင်ကဲ့သို့ မဖြစ်တော့ပါဘူး။ ပြီးတော့ အမြဲတမ်း သန့်ရှင်းသပ်ယပ်တောက်ပြောင်နေတာဟာလည်း တော်တော် ကသိကအောင့်နိုင်တဲ့ကိစ္စပါ။ (အားလုံးကို မဆိုလိုပါ။)

ပိုပြီး ကသိကအောင့်နိုင်တာကတော့ နိုင်ငံခြားဇာတ်လမ်းများကို ကူးကြတဲ့ကိစ္စပေါ့ခင်ဗျာ။ အချို့ကပြောကြပါ

တယ်။စာရေးဆရာများလည်း နိုင်ငံခြားဝတ္ထုတွေကို ဘာသာပြန်နေကြတာပါပဲဆိုပြီး။ စဉ်းစားကြည့်စေလိုပါတယ်။ နိုင်ငံခြားဝတ္ထုဆိုတာက အဲဒီဘာသာစာပေမတတ်ရင် လုံးဝခံစားလို့ရတာမှမဟုတ်တာ။ ရုပ်ရှင်ဆိုတာက ဇာတ်ကောင်တွေရဲ့ အမူအယာ သရုပ်ဆောင်လှုပ်ရှားပြတာကိုကြည့်ပြီး ခံစားလို့ရတယ်လေ။

ဩော် . . . ဒါကတော့ ဝမ်းနည်းနေတာပဲ။သူကတော့ ဒေါသဖြစ်နေပြီ။ အဲဒီလူထွက်လာရင် ရယ်ရတော့မယ်ဆိုပြီး ခံစားကြတာ။ အဓိပ္ပာယ်ပြည့်ပြည့်ဝဝ မသိပေမယ့် ခံစားလို့ရပါတယ်။ တစ်ခန်းချင်း တစ်ကွက်ချင်း အဓိပ္ပာယ်သာမသိရင်ရှိမယ်။ တစ်ကားလုံးကြည့်ပြီးရင်တော့ ဘာကိုဆိုလိုတာပဲ။ ဘယ်လိုဖြစ်သွားတာပဲဆိုတာ သိကြပါတယ်။ ရုပ်မြင်သံကြားကပြတဲ့ ဇာတ်လမ်းတွဲမျိုးမှာတော့ မြန်မာစာတမ်းထိုးပေးထားတဲ့အတွက် အထွေအထူး ပြောဖို့မလိုတော့ဘူးပေါ့ခင်ဗျာ။

အဲသလို နားလည်ခံစားထားတဲ့ ဇာတ်ကားများကို (ပရိသတ်ကြည့်ဖူးသည်ဖြစ်စေ၊ မကြည့်ဖူးသည်ဖြစ်စေ) ပြန်ရိုက်နေကြတာလည်း ဆင်ခြင်ဖို့သင့်ပါပြီခင်ဗျာ။ (ရှက်တတ်ရင်ပေါ့။) ကိုယ်ပိုင်ဖန်တီးနိုင်ဖို့ပဲ ကြိုးစားကြစေချင်ပါတယ်။ အဲဒါမှ တိုးတက်မှာပါ။

သူများကောင်းတာကို
လိုက်ကူးဖို့ပဲ စိတ်ကူးနေကြမယ်ဆိုရင် . . .
ခြေသွက်လက်သွက် လက်ဦးမှုယူပြီး ကူးနိုင်တာကို ကြွားစရာလို့ ထင်နေကြမယ်ဆိုရင် . . . နိုင်ငံတကာကို ခြေလှမ်းဖို့အသာထား . . . မြန်မာရုပ်ရှင်လောကထဲက သိက္ခာရှိရှိ၊ ကိုယ့်မူကိုယ့်ဟန်နဲ့ ကိုယ်ပိုင်ဖန်တီးရိုက်ကူးနေတဲ့ ပညာရှင်များရှေ့ကိုပဲ ခြေလှမ်းမှန်မှန်နဲ့ လျှောက်ရဲပါ့မလား ခင်ဗျာ။

***ဂျူချွန်***

**ရွှေမန္တလေးဂျာနယ် - ၁၉.၅.၂၀၀၇**

❖ ❖ ❖ ❖ ❖

# အန္တရာယ်ကို တုတ်နဲ့ထိုးမယ်

ခင်လည်း ခင်တယ်။ အားလည်း နာတယ်။ မပြောဘူးလို့နေတာပါပဲ။ မင်းက လက်ရှောင်နေတာလားဆိုပြီး မေးကြလွန်းလို့ပါ။ အမှန်ကပြောဖို့ မလိုလို့ မပြောတာပါခင်ဗျာ။ ကံချွန်တို့မြို့သစ်မှာ ခတ်တိုင်ဆိုသဟာက ဒီဇိုင်းစုံရှိပါတယ်။ လိမ်လိမ်ထဲမှာ ဖြောင့်ဖြောင့်ရှာ၊ ကောက်ကောက်လေးဟာ ဖြောင့်ဖြောင့်ပါပဲဆိုပြီး စာဖွဲ့ရမယ့် ခတ်တိုင်မျိုး၊ ခတ်တိုင်ဆိုသဟာက ခတ်ကြိုးကို ထမ်းရမယ့် တာဝန်ကိုယူရမှာပါ။ ဒါပေမယ့် ဆေးပင်စင်ယူပြီး အောက်ခြေမခိုင်တော့လို့ ခတ်ကြိုးကို ခိုစီးနေရတဲ့ခတ်တိုင်များဟာလည်း ကြည့်လို့တစ်မျိုးလှပါတယ်။ အဲသလို ခတ်တိုင်များကိုတော့ ရပ်ကွက်က စေတနာနဲ့ တောင်ဝှေး ကူပေးထားရတာပေါ့ခင်ဗျာ။ ကံချွန်စိတ်သက်သာရာရတာကတော့ မြို့သစ်မှာ လှတောသူ၊ လှတောသားများလာလေ့မရှိတာပါပဲ။ စကားအလက်ာကြွယ်တဲ့ လှတောသူ၊ လှတောသားများ လာလေ့ရှိလို့ကတော့ . . .

"ဟား . . . လမ်းတစ်လျှောက် သွားကြားထိုးတံတွေ ဘာလို့စိုက်ထားပါလိမ့်လို့ ကြည့်နေတာ၊ နောက်မှ ခတ်တိုင်မှန်းသိရတော့တယ်" ဆို အပြောခံရမယ့် "ခတ်တိုင်မော်ဒယ်" လေးများလည်း ရှိပါတယ်။ လမ်းမကျယ်ကြီးများ

က ဖွဲ့ဆင်းပြီး လမ်းသွယ်လမ်းကြား ရပ်ကွက်များအတွင်းကို ဝင်လာမယ်ဆိုတာနဲ့ လူကြီးမင်းဟာ ခေတ်တိုင်များကိုကြည့်ပြီး Installation Art တပ်ဆင်ခြင်း အနုပညာဆိုတာဒါပါလားလို့ အနုပညာပြပွဲတစ်ခုလို သဘောထားနိုင်မယ်ဆိုရင်တော့ စိတ်ကြည်နူးမှုအပြည့်ရှာရမှာပါ။

ခေတ်တိုင်ဒီဇိုင်းများကို ခံစားပြီးပြီဆိုရင်တော့ "တပ်ဆင်ခြင်းအနုပညာ" ကို ခံစားဖို့ အကြံပြုရမှာပါ။ ခေတ်တိုင်မှာ တပ်ဆင်ထားတဲ့ ခေတ်ကြိုးများကို ကြည့်ပြီး ခေတ်တိုင်မိခင်ကြီးဟာ သားသမီးပေါင်းများစွာကို သာတူညီမျှပေးကျွေးနေပါလားလို့ စိတ်ကူးယဉ်လို့လည်းရပါတယ်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခိုနားနိုင်တယ်ဆိုတဲ့ စကားထက် ခေတ်တိုင်တစ်တိုင်ကောင်း ဝါယာတစ်သောင်းချိတ်ဆွဲနိုင်တယ်ဆိုတဲ့စကားကို အစားထိုးသုံးစွဲရင် ပိုမိုထိရောက်တဲ့ ဥပမာသစ်အဖြစ်လည်း ခံစားနိုင်ပါတယ်။

ဝါယာကြိုးများရဲ့ ခံစားမှုဆိုပြီး စာဖွဲ့မယ်ဆိုရင်လည်း ဖွဲ့လို့ရပါတယ်။ ဝါယာကြိုးတွေမှာလည်း မနာလိုတာ။ ဝန်တိုတာ။ မရှုစိမ့်နိုင်တာ ရှိတာပါပဲ။ ဒါကြောင့် တစ်ခါ တစ်ခါ ဝါယာကြိုးများရန်ဖြစ်ပြီဆိုရင် မီးကိုပွင့်ရောပဲ။ မြန်မာလက်ဝှေ့ကောင်းကောင်းကို ကြည့်ရသလို ရင်တဖိုဖိုပေါ့ခင်ဗျာ။ လူများကလည်း ခက်ပါတယ်။ ဝါယာကြိုးများရဲ့ ပြဿနာထဲမှာလည်း ဝင်ပါလိုက်တာပါပဲ။ "ဘယ်ကောင်လဲ၊

ငါ့ဝါယာစော်ကားတာ” ဆိုပြီး တုတ်နဲ့ ထိုးတော့တာ။ အချို့လူများကတော့ တုတ်နဲ့ထိုးလို့ အားမရရင် အပြုတ်တော့မခံဘူး။ မလျှော့နဲ့။ တောင့်ထားဆိုပြီး အုတ်ခဲဆွဲတော့တာ။ အဲဒါကို ခမ်းနားအောင် စာဖွဲ့ချင်ရင်တော့ ဝါယာကြိုးများသည် ရပ်ကွက်အကြောင်းကို ပြောနေကြသည်ဆိုပြီး အကျယ်ချဲ့လို့လည်း ရပါတယ်။

ဘယ်ဝါယာကြိုးပိုင်ရှင်ကတော့ စိတ်တိုတတ်တယ်။

ဟို ဝါယာကြိုးပိုင်ရှင်ကတော့ လောဘကြီးတယ်။ ဒီဝါယာကြိုးပိုင်ရှင်ကတော့ ခပ်အေးအေးပဲ။ သူမလာလာ . . လာလာ . . . ကိုယ်ကစောင့်ရမှာဆိုပြီးနေတာ။ ကြားထဲက ဝါယာကြိုးပိုင်ရှင်ကတော့ အပြောင်းအလဲများတယ်။ ဝါယာကြိုးလေးသာသီချင်းဆိုတတ်မယ်ဆိုရင် “ဒီကြိုးမရရင် နောက်တစ်ကြိုး၊ နောက်တစ်ကြိုးမရရင် ဟိုကြိုး . . . ကြိုးပေါင်းတစ်ထောင်ကုန်အောင်ပြောင်းမယ့် တုတ်ထိုးသမားပါခင်ဗျာ. . . ” လို့ အော်မယ်ထင်ပါတယ်။ အနုပညာခာတ်ခံရှိသူတွေအဖို့ကတော့ မြို့သစ်ခာတ်တိုင်တွေဟာ ဝတ္ထုတွေ၊ ကဗျာတွေ၊ ပန်းချီတွေ၊ ပန်းပုတွေပါပဲ။ မြို့သစ်သားများဟာ မြို့သစ်က ခာတ်တိုင်များအတွက်လည်း ဂုဏ်ယူမိတာအမှန်ပါ။ တုတ်နဲ့ထိုးနေရလို့လည်း စိတ်မညစ်ပါဘူး။ လျှပ်စစ်မီးရှိသူတို့ တတ်အပ်တဲ့ အတတ်ထဲမှာ ဝါယာကို တုတ်နဲ့ထိုး

ခြင်း ပါပါတယ်။ အလုပ်ပိုလို့မထင်ပါဘူး။ လုပ်ရိုးလုပ်စဉ်လို ဖြစ်နေလို့ ထိုးဖို့ရာ တုတ်ကို တစ်ခါတည်း ခတ်ကြိုးမျှ ချိတ်ထားလိုက်တော့တာ။ ထိုးကာနီးမှာ အိမ်ကယူသွားဖို့ မလိုတော့ဘူးပေါ့။ အဲသလို နေသားကျနေတော့ ရေး လောက်စရာမဟုတ်ပါဘူး။ မထူးဆန်းဘူးလို့ဘဲ ခံစားရပါ တယ်။

ခိုင်းသူများကတော့ ခိုင်းတာပေါ့ခင်ဗျာ။ ကြံ့ခိုင်မှုရှိတဲ့ ခတ်တိုင်တွေအစားထိုးသင့်ကြောင်း၊ အဲဒီခတ်တိုင် အတွက် ကုန်ကျစရိတ်ကို အဲဒီတိုင်ကနေ မီးယူထားသူများ က အချိုးကျပါဝင်လိုက်ရင် ဖြစ်ကြောင်း၊ ကြားခံတိုင်များကို လည်း စစ်ဆေးပြီး ကြားခံတိုင်မှာ အားပြုတဲ့ မီးသွယ်သူ ဦးရေအလိုက် အချိုးကျ ခံသင့်ကြောင်းပြောကြပါတယ်။ ပြီးတော့ . . .

“မီတာခ ကောက်ခံတာလည်း ဟိုး အရင်ကလိုပဲ ဖြစ် သင့်ပါတယ်ဗျာ။ မီတာလာဖတ်တဲ့ဝန်ထမ်းက ကောက်သွား လိုက်တာ အဆင်ပြေနေတာပဲ။ ကားနဲ့လာမယ်ဆိုပြီး ကားက လာရင်လာတဲ့အတွက် တစ်ရာပေးရတယ်။ နောက်တစ်ခါ ကားလာရရင် နှစ်ရာဗျ။ ပထမအကြိမ်တုန်းက မီတာလာ မဖတ်သေးလို့ပါဆို ပြောလည်းမရဘူး။ ကားခက နှစ်ရာ၊ မီတာခဆောင်ရမှာက ငါးဆယ်မပြည့်ဘူး။ ရုံးသွားဆောင်

တော့မယ်ဆိုရင်လည်း နေ့တစ်ဝက်လောက် တန်းစီရတာ။ ဝန်ထမ်းတွေလည်း အလုပ်ပိုရှုပ်၊ သုံးစွဲသူတွေလည်း အလုပ်ပိုရှုပ်ဖြစ်နေတဲ့ကိစ္စကိုလည်း ရေးသင့်တယ်ဗျာ။ စည်ပင်သာယာက အိမ်ခွန်ဆောင်ရတာဆို ဘယ်လောက် အဆင်ပြေလဲ။ နို့တစ်စာနဲ့အတူ ပြေစာပါ ပါလာတာ။ တစ်ခါတည်း အခွန်ဆောင်လိုက်ရုံပဲ။ စိတ်ချမ်းသာရတာပေါ့။ ပြီးတော့ တုတ်နဲ့ထိုးတဲ့ကိစ္စ။ ကိုယ့်အိမ်လာအောင်လို့ လိုင်းပြောင်းချိတ်ဖို့ တုတ်နဲ့ထိုးရော။ ကိုယ့်အိမ်တော့ လင်းသွားပါရဲ့။ ဘေးအိမ်က ဝါယာချော်ထိုးမိလို့ ဘေးအိမ်က မှောင်သွားရော။ ဒီတော့ . . .”

“ဟိုး - ဟိုး အဲဒါလေးတော့ သည်းခံပါဗျာ”

“ဘာလို့လဲ”

“တုတ်နဲ့ထိုးတဲ့အထဲ ကံချွန်လည်း ပါပါတယ်။ သူများလိုင်း ချော်ထိုးမိလို့ မှောင်တယ်ဆိုတာ မကျွမ်းကျင်သူများထိုးလို့ပါ။ ထိုးသားကျသွားရင် မဖြစ်တော့ပါဘူး။ အဲဒါကိုတော့ ထည့်မရေးပါရစေနဲ့။ ခလုပ်နှိပ်လိုက်လို့ “ဖျောက်” ကနဲလင်းသွားရင် ဘယ်သူမှ ဒုက္ခခံပြီးထွက်မထိုးပါဘူးဗျာ။ ဒါလေးတော့ သနားတော်မူပါ။ သူများလင်းရင် ကိုယ်လည်း လင်းချင်တာကိုး။”

ကံချွန်ဟာ ပယ်ပယ်နယ်နယ် မျက်စောင်း ထိုးခြင်းခံရ

ပါတယ်။ ရက်ရက်စက်စက် မှတ်ချက်ချပါတယ်။ တစ်ကိုယ်ကောင်းသမားတဲ့။

“ရေးသင့်တာ ရေးရမှာပေ့ါကွ။ ရေး . . . အန္တရာယ်ကို တုတ်နဲ့ထိုးနေတဲ့ ကိစ္စ”

“မရေးပါရစေနဲ့ဗျာ။ မှောင်နေရင် မနေတတ်လို့ပါ။ ခေတ်တိုင်ကိစ္စလောက်”

“မရဘူး”

“မီးခွက်လေးအဆစ်ထည့်ရေးမယ်ဗျာ”

“မရဘူး”

“ကဲ . . . မရလည်း အန္တရာယ်ကို တုတ်နဲ့ထိုးမယ်ဗျာ”

***ဂျာချ်***

**ရွှေမန္တလေးဂျာနယ် – ၂၆.၅.၂၀၀၇**

❖ ❖ ❖ ❖ ❖

# အနုပညာသမားအိုတော့

အနုပညာသမားများ အသက်ကြီးလာလေ အလုပ်လုပ်ချင်လေပါပဲ။ အနုပညာသမား အိုလာပြီဆိုရင် သူတို့သိတာတွေ၊ သူတို့တတ်တာတွေ လက်ဆင့်ကမ်းပေးခဲ့ချင်တာကိုး။ တကယ်သိတဲ့ တတ်တဲ့ အနုပညာရှင်ကြီးများ အလုပ်မလုပ်ဖြစ်ဘူးဆိုရင် နစ်နာဆုံးရှုံးရတာက ကျွန်တော်တို့ အနုပညာသမိုင်းရဲ့ စာမျက်နှာပါပဲ။ အဲဒီအနုပညာရှင်ရဲ့ လုပ်ရပ်ကို ရေးမှတ်ခွင့်မရရင် မာတိကာမှာ အရေအတွက် တစ်ခုလျော့သွားမှာပါပဲ။ ရေးမှတ်ခွင့်ရဖို့အတွက် လုပ်ပြခွင့်သာဦးမှ၊ ကြုံဦးမှကိုး။

စီးပွားရေးရှုထောင့်ကကြည့်ရင် တွက်ခြေမကိုက်ပေမယ့် အနုပညာရှုထောင့်က ကြည့်ရင် တန်ဖိုးမဖြတ်နိုင်တဲ့ အလုပ်မျိုးတွေမှာ ပညာရှင်အတွက် လုပ်ပြခွင့်မသာတော့တာတွေ၊ မကြုံတော့တာတွေရှိပါတယ်။ အနုပညာအလုပ်တွေမှာကလည်း ငွေအရင်းအနှီးက လိုတယ်လေ။ အလျော်အစားမှာ တွက်ခြေမကိုက်တော့ရင် အဲသလိုအလုပ်မျိုးကို ဘယ်စီးပွားရေးသမားက လုပ်တော့မှာလဲ။ ရုပ်ရှင်တစ်ကားရိုက်လို့ သိန်းငါးရာကုန်ရင် သိန်းရှစ်ရာရဖို့ အိပ်မက်မက်နိုင်ပေမယ့် ပြဇာတ်တစ်ထုပ်ကဖို့ သိန်းငါးဆယ်ရင်းရမယ်ဆိုရင် လက်တွန့်ကြမှာပါ။အလျော်အစားမှာ မသေချာဘူးလေ။

ကံချွန်ဟာ မန္တလေးသားမဟုတ်ရင်
ဒါမှမဟုတ်

မြို့တော် မောင်ယဉ်အောင်ဟာ မန္တလေးသား မဟုတ်ရင်လည်း ဒီအကြောင်းအရာကို ရေးမှာဖြစ်လို့ သူရော ကျွန်တော်ရော မန္တလေးသားဖြစ်နေပေမယ့် စိတ်သန့်စွာ ရေးလိုက်ပါပြီ။

"ကျွန်တော်က ပြဇာတ်တစ်ထုပ် က,ရတာ မလွယ်ဘူးလို့ ပြောမိလို့ ရုပ်ရှင်လောကသားတစ်ဦးက ရုပ်ရှင်ရိုက်ရတာကတော့ လွယ်လို့လားလို့ အမေးခံရဖူးပါတယ်။ စင်တင်ရတာက ကားလိပ်ဖွင့်လိုက်တာနဲ့ မီးထိုး၊ အသံ၊ ဂီတ၊ ကားဆွဲ၊ မှန်ထိုး၊ သရုပ်ဆောင် ဘယ်သူမှ မှားလို့ မရတော့ဘူး။ ရုပ်ရှင်မှာက တစ်ခုခုမှားသွားရင် ကယ်လို့ရတယ်။ အရုပ်မကောင်းရင်ဖြတ်ထုတ်လို့ရတယ်။ အသံမကောင်းရင် ပြန်ထည့်လို့ရတယ်။ တစ်နာရီပြဖို့ တစ်လမက အချိန်ယူလို့ရတယ်။ ပြင်ဆင်လို့ရတယ်။ ရိုက်ကူးလို့ရတယ်။ တည်းဖြတ်လို့ရတယ်။ စင်တင်တာက တစ်နာရီအပြအတွက် စီစဉ်တင်ဆက်ချိန်ဟာ အဲဒီတစ်နာရီပဲ။ ပြဇာတ်အသစ်တစ်ထုပ်တင်မယ်ဆိုရင် အနည်းဆုံး သုံးလလောက်ဇာတ်တိုက်ရတယ်။ ဒါကိုပဲ ကပြီဆိုတော့ ဟိုဟာလို ဒီဟာလို ဖြစ်သေးတာ။အဲဒီပြဇာတ်ဟာ ကရင်း ကရင်း ကျေသွားမှ ကောင်းလာတာ။"

ကျွန်တော် ကိုယဉ်အောင်နဲ့ပြောဖူးတာတွေ သတိရ

လာတယ်။ တစ်ခါကလည်း ပေါ်ပြူလာအတွက် စကားဝိုင်းဖွဲ့တဲ့ဆီမှာ ကိုယဉ်အောင်ရဲ့ အော်ပရာတွေ၊ ပြဇာတ်တွေကို ဗွီဒီယို-ရုပ်ရှင်ရိုက်ပြီး ပရိသတ်ဆီပို့ရရင် . . . ဆိုတဲ့ အတွေးစကို ဖော်ပေးတော့ . . .

"မတူဘူးဗျ။ ပရိသတ်စင်ရှေ့က ထိုင်ကြည့်ရတဲ့အရသာနဲ့ တီဗီရှေ့ကဖြစ်ဖြစ်၊ ရုပ်ရှင်ပိတ်ကားရှေ့ကဖြစ်ဖြစ် ထိုင်ကြည့်ရတဲ့အရသာဟာ ကွာမှာပဲ။တော်တော့်ကို ကွာမှာ။ လွယ်လွယ်ပြောရရင် ကိုယ့်ရည်းစားကို လူကိုယ်တိုင်တွေ့ရတာနဲ့ ဓာတ်ပုံကြည့်ရတာ ကွာနည်းမျိုးပေ့ါ။

ကိုယဉ်အောင်ဟာ စင်တင်အတတ်ပညာနဲ့ ပတ်သက်လို့ နည်းပညာ၊ အသိပညာ၊ အနုပညာထောင့်စုံက မဟာရအောင် ပြင်ဆင်လေ့လားထားသူဆိုတာ သူ့ပြဇာတ်တွေက သက်သေခံ နေပါတယ်။ တစ်ခါက နာမည်ကြီးသရုပ်ဆောင်တွေနဲ့ ပြဇာတ်ကဖို့ သူ့ကို တိုင်ပင်ဖူးပါတယ်။ အဲဒီတုန်းက

"မလွယ်ဘူး။ သူတို့က ဇာတ်တိုက်ဖို့ရက် ဘယ်လောက်ပေးနိုင်မှာလဲ။ အနုပညာရှင်တွေ တင်ဆက်မယ့် ပြဇာတ်" ဆိုတာကို ဘယ်လောက်အလေးထားမှာလဲ။ ခပ်ပေ့ါပေ့ါလုပ်လို့ မရဘူး။ သူတို့ကို အထင်သေးလို့ ပြောတာမဟုတ်ပါဘူး။ အနုပညာကို အကောင်အထည်ဖော်ရတဲ့ ပုံစံချင်းက တစ်မျိုးစီမို့။ ပြီးတော့ တကယ်ပြဇာတ်ကောင်းကောင်းကမယ်ဆိုရင် ဇာတ်ခုံရှေ့မှာ သဘင်ကိုချစ်တဲ့ ပရိသတ်နဲ့ ကချင်တယ်။

ကျွန်တော်ကိုက ဇာတ်ခုံချစ်သူမို့ ထင်ပါတယ်။ လူကို ကြည့်ချင်လို့လာတဲ့ ပရိသတ်မျိုးကို အနုပညာအလေးထား လုပ်ပြရမှာအတွက် သဲထဲရေသွန်သလိုမျိုး ဖြစ်သွားမှာကို တော့ စိုးရိမ်တာပါပဲ။”

သူရဲ့ စင်တင်အနုပညာတွေကို မှတ်တမ်းအဖြစ် ကျန် စေ့ချင်လို့ သူ့ပြဇာတ်တွေကို ဇာတ်ခုံပေါ်မှာပဲ ကပြီး ဗွီဒီယိုရိုက်ဖို့ အကြံပြုခဲ့ဖူးတယ်။ ရိုက်မယ့် သူကလည်း ရိုက်ချင်တယ်။ ကိုယဉ်အောင်က အင်း မလုပ် အဲမလုပ်။ နောက်တော့မှ . . .

“ကိုကံ စေတနာကို ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် မဖြစ်နိုင်ဘူး။ ကျွန်တော့်ပြဇာတ်တွေ ကခဲ့တဲ့ အနု ပညာရှင်တွေက အတော်အိုကုန်ပြီ။ အသစ်တွေနဲ့ ရောပြီး လုပ်မယ်ထားဦးတော့ အစအဆုံးပြန်လုပ်ရမှာ။ ဇာတ်တိုက် ရမှာ။ သရုပ်ဆောင်တွေတင် တိုက်လို့ရမှာမဟုတ်ဘူး။ မီး ရော၊ အတီးရော။ ပြဇာတ်ဆယ်ပုဒ်ပဲရိုက်မယ်ထား။ တီးလုံး တိုက်ဖို့ ဇာတ်တိုက်ဖို့အချိန် ခြောက်လထက်မနည်းပေးရ မယ်။ အဲဒီကာလမှာ ပေးထားရမယ်။ ကျွေးထားရမယ်။ အဲ သလိုပေးပါမယ်။ ကျွေးပါမယ်ဆိုဦးတော့ ဒီရုပ်ရှင်ကားရိုက် ပြီးရင် ပြီးမှာဆိုတော့ ပညာရှင်တွေကို ဘယ်လိုစုမလဲ”

အဲသလိုနဲ့ ကျွန်တော့်စိတ်ကူးယဉ်အိပ်မက်ဟာလည်း အကောင်အထည်မပေါ်ခဲ့ပါဘူး။ ကျွန်တော်စင်တင်ပြဇာတ်

သဘင် အနုပညာကို ချစ်ပါတယ်။ ကိုယဉ်အောင်ပြောခဲ့တာတွေ ပြန်တွေးမိတာက (၁၇. ၅. ၂၀၀၃) ရက်နေ့က သူ့ဆီ ရောက်သွားလို့ပါပဲ။

အနုပညာသမားဆိုတာ အသက်ကြီးလာလေ အလုပ်လုပ်လို့ ကောင်းလေပါ။ လုပ်ချင်တာတွေ လုပ်ခွင့်ရနေမယ်ဆိုရင်ပေါ့။ အနုပညာကို အလေးပေးတဲ့ရှုထောင့်ကကြည့်ပြီး ငွေကို ရေလိုသုံးမယ့်သူမျိုးကို မတွေ့နိုင်မှန်းသိပေမယ့် မျှော်မိတာတော့ အမှန်ပါ။ (၁၇) ရက်နေ့မှာ ပြောခဲ့တဲ့စကားတွေကိုတော့ ပြန်မရေးတော့ပါဘူး။ ကျွန်တော်ပြောမိတဲ့ စကားတစ်ခွန်းတော့ ရေးပါရစေ။

"အေးဗျာ ငွေဘာလုပ်ဖို့လဲဆိုပြီး ငွေနောက် မလိုက်ခဲ့မိတာ နောင်တရတယ်။ ကျွန်တော်တို့ လုပ်ချင်တဲ့ အနုပညာဆိုတာတွေက ငွေမရှိဘဲ လုပ်လို့မရလို့ပေါ့။"

***ဂျူး***

**ရွှေဗန္ဓုလေးဂျာနယ် – ၂.၆.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ကျောင်းဖွင့်ချိန် (၁)

"ကျောင်းဖွင့်ချိန်" ဆိုတာ ငယ်နုပျိုစဉ်ကာလကို လွမ်းဆွတ်အမှတ်ရစေတဲ့ ကာလပေါ့ဗျာ။ စိန်ပန်းတွေ မြေမှာကြဲပြန့်လို့ ကံ့ကော်တွေပွင့်တဲ့အချိန် ဆယ်တန်းမှ မအောင်ပေမယ့် . . .

ကံ့ကော်ပန်းတွေနဲ့အတူ သူနဲ့တွေ့ရာမြေတက္ကသိုလ်သို့မဟုတ် မြကျွန်းသာ အင်လျားကန်သာမြေ

ဆိုလား . . . ဟစ်အော်ရင်း ခုန်ကျော်ရင်ရလောက်တဲ့ ရေနီမြောင်းဘေး ကုက္ကိုပင်ရိပ်မှာ လွမ်းဖူးတာပေါ့ခင်ဗျာ။ တက္ကသိုလ်မရောက်ဖူးပေမယ့် တက္ကသိုလ်ရောက်နေတဲ့ သူငယ်ချင်းများဆီကိုသွားရင်း အချိန်ကုန်ခဲ့ရတာတွေ အမှတ်ရမိပါရဲ့။

"ဒီမှာ ကံချွန် . . . တက္ကသိုလ်ဆိုတာ မိန်းမလှလေးတွေပေါတဲ့နေရာပါကွာ။ သမင်ပျိုဖမ်းချင်တဲ့ မုဆိုးအတွက် လေးနဲ့မြားယူလာဖို့ မလိုပါဘူး။ ဝါးလုံးနဲ့ရိုက်တောင် မိပါတယ်။"

ဆိုတဲ့စကားကို ပြောခဲ့တာ ဝင်းအောင်ပေါ့။ (ခုတော့ ဦးဝင်းအောင်ဖြစ်နေရောပေါ့။) အာလကပ္ပကပါ။ ဒါလောက် လွယ်လျက်နဲ့ ခင်ဗျားမှာ ဘာလို့ ရည်းစားမရှိရတာလဲလို့ မေးတော့။

“ကျုပ်မှာက ဝါးလုံးတောင်မရှိဘူးလေဗျာ”

တဲ့ လေတိုက်လို့ လွင့်ပါလာတဲ့ဖုန်လုံးကို ရှောင်မရတဲ့ အဆုံး နှာခေါင်းနဲ့ ပါးစပ်ကိုလက်ဝါးနဲ့အုပ်ရင်း ပြည်တွင်းဖြစ်တွေ တယ်သောင်းကျန်းပါလားဆိုတဲ့ ဟာသမျိုးတွေနဲ့ လက်ဖက်ရည်ဆိုင် လမ်းလျှောက်ထွက်ခဲ့ကြတာ။ မျက်မှန်တပ်ပြီး တိုက်ပုံလေး ပုခုံးပေါ်တင်ကာ ခေတ်စားခဲ့တဲ့ ကိုသိန်းဖေ (ကောလိပ်ဂျင်-နေဝင်း)ပုံစမ်းဖမ်းတဲ့ သူငယ်ချင်းကို မြို့တော်သိန်းအောင်လို့ခေါ်တာနဲ့ စိတ်ဆိုးခံရတာ။ ခပ်ဝဝ အမျိုးသမီးဆိုရင် ကောလိပ်ဂျင်ဇာတ်ကားထဲက (မြင့်မြင့်ခင်) မင်းသမီးရဲ့ နာမည် မအေးစိန်ကို လို့ခေါ်တာ။ လှည့်မကြည့်ရင် ရေခဲစိန်လို့ခေါ်ကြတာ။ ကြည်နူးစရာကောင်းတဲ့ တက္ကသိုလ်ကျောင်းသားဘဝကို ေးမောရင်း တက္ကသိုလ်ရောက်နေတဲ့သူငယ်ချင်းတွေကို သွားတွေ့ရင်း ဆယ်တန်းအောင်စာရင်းကိုမျှော်ခဲ့ကြ။ မဖြေနိုင်လို့ ကျမယ်မှန်းသိပေမယ့် အောင်စာရင်းကိုတော့ သွားကြည့်ခဲ့သေးတာပါပဲ။ အဲသလိုနဲ့ ကျောင်းဖွင့်ချိန်မှာတော့ အတန်းဟောင်းကျောင်းဟောင်းမှာ သူငယ်ချင်းပေါင်းများစွာ ပြန်ဆုံကြရပြန်ရော။ ကျောင်းကထွက်ပြီး အတော်ကြာကြာထိ ကျောင်းသားစိတ်က မကုန်ပါဘူး။ ကိုယ်ကသာ ကျောင်းနဲ့ဝေးပေမယ့် သူငယ်ချင်းတွေက ကျောင်းမှာရှိနေတာကိုး။ ကံချွန်စာရေး၊ ကာတွန်းရေးတော့ သူငယ်ချင်းများက ဘွဲ့ရပြီးလို့ ကျောင်း

ဆရာတွေပြန်ဖြစ်နေပြီ။ အဲဒီအချိန်ထိ ကျောင်းသားစိတ်က မကုန်လို့ သူငယ်ချင်းဆရာများရှိတဲ့ကျောင်း၊ ပြတဲ့အတန်းမှာ သွားထိုင်ရင်း စာသင်ခိုံအလွမ်းကို ဖြေဖူးပါတယ်။

အဲသလိုနဲ့ ကျောင်းသားမိဘဖြစ်လာရော။ ကိုယ်ကျောင်းနေခဲ့စဉ်က ကျောင်းဖွင့်ချိန်ရင်ခုန်သံနဲ့ ကျောင်းသားမိဘဖြစ်နေတဲ့အချိန် ကျောင်းဖွင့်ချိန်ရင်ခုန်သံကတော့ မတူတော့ပါဘူးခင်ဗျာ။ကျောင်းဖွင့်ချိန် စိန်ပန်းတွေ မြေမှာကြဲပြန့်စပြုတာနဲ့ မိဘများ ဘယ်လောက်စိတ်မောခဲ့ကြရမယ်ဆိုတာကို နှစ် နှစ်ဆယ်ကွာအပြီးမှာ စာနာမိလာတယ်။

"ရှစ်တန်းအောင်တွေလက်ခံမှာလား"

"အဟောင်းတွေပဲလား"

"ကျောင်းပြောင်းအသစ်တွေရော"

ယောင်ချာချာနဲ့ မေးရ မြန်းရ စုံစမ်းရ။ အပ်လို့ရပြီဆိုတော့ ဘယ်အတန်းကျမှာလဲ။ အေခန်းလား၊ ဘီခန်းလား၊ စီခန်းလား။

"အတန်းပိုင်ဆရာကို ပြောပြလိုက်။ သမီးရဲ့ဖေဖေက ဦးကံချွန်ပါဆိုပြီး"

သမီးအားမငယ်အောင် မှာရသေးတာ။ ညနေကျောင်းဆင်းချိန် သွားကြိုတော့

"အဆင်ပြေရဲ့လား"

သမီးက အပြုံးနွမ်းနွမ်းနဲ့ ခေါင်းငြိမ့်ပြတယ်။

"ဦးကံချွန် သမီးလို့ ပြောလိုက်သေးလား"

သမီးက သွားပေါ်အောင်ထိ ပြုံးရင်း ခေါင်းငြိမ့်တယ်။

"ဘာပြောလဲ" လို့ ဆက်မေးတော့

"ဦးကံချွန်သမီးဆိုရင် ခြင်းခတ်တတ်သလားတဲ့"

ဩော် . . . ကံချွန် . . . ကံချွန်။ စာရေးဆရာ၊ ကာတွန်းဆရာဆိုပြီး ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးနေတာ။ လက်တွေ့မှာတော့ ဆပ်ကပ်ဆရာဦးကံချွန် လောက်တောင် လူသိမများသေးပါလား အမြင်မှန်ရမိပါတယ်။ ကျောင်းသားမိဘ ဘဝရောက်စ စာရေးဆရာ ပေါက်စဆိုတော့ အတော်အတန်တော့ ဗဟုသုတ ရှိတာပေါ့ခင်ဗျာ။ ဒါကြောင့် ကျူရှင်များရဲ့ [illegible] စာရင်းမှာ ကံချွန်ရဲ့သမီးဟာ [illegible] ဖြစ်ခဲ့ရတာပါ။

"ဆရာကံရဲ့ သမီးပဲဗျာ ဝင်ကြေးမယူပါဘူး"

"လခရောဆရာ"

"မယူပါဘူးဗျာ"

"စာရွက်စာတမ်းကြေး"

"ဘာမှမယူပါဘူးဗျာ"

၁၉၈၀ ကျော် ကာလများဆီပေါ့ခင်ဗျာ။ အားလုံးများတိုင်ပင်ထားသလား မဆိုတတ်ပါဘူး။ တစ်သံတည်း ထွက်လာတာ။ ဆရာများနဲ့ လက်ဖက်ရည်ဆိုင်မှာဆုံရင် သူတို့က

လက်ဖက်ရည်တိုက်ပါသေးတယ်။

အဲသလိုနဲ့ နောက်ထပ်နှစ် နှစ်ဆယ်ကြာပြီးချိန်မှာတော့ "ကျောင်းသားအဘိုး" ဖြစ်လာရပြန်ပါပြီ။ ကျောင်းသား မိဘ မဟုတ်တော့ဘူး။ သမီးက ကျောင်းထွက်။ အိမ်ထောင်ကျ၊ မြေးရ ဖြစ်နေပြီကိုး။

ကျောင်းတွေဖွင့်တော့မယ်။

မြေးတွေဖို့ လွယ်အိတ်ဝယ်ပေး၊ အဖြူအစိမ်းဝယ်ပေး။ အဘိုးအရွယ်ဖြစ်ထိ ကျောင်းနဲ့ မကင်းသေးပါလား။ မြေးတွေကို လက်ဆွဲပြီး ကျောင်းထဲကိုဝင်ရတဲ့ ပထမခြေလှမ်းမိတာနဲ့ ...။

ရင်ခုန်ပြန်ပြီ။

အကြီးဆုံးမြေးကို ကျောင်းစထားတော့ ၁၉၉၉။

အလတ်ကောင်က ၂၀၀၁။

အငယ်ဆုံးက ၂၀၀၂။

ပထမဆုံးကျောင်းစထားမယ့် မြေကြီးအတွက် တွေးခဲ့၊ စဉ်းစားခဲ့၊ ဆုံးဖြတ်ခဲ့၊ ကြုံခဲ့ရတာတွေကို ကျောင်းဖွင့်ချိန် ရောက်တိုင်း သတိရမိပါတယ်။

ဘယ်လိုကျောင်းမှာထားမလဲ။

မန္တလေးမြို့ထဲက ကျောင်းမှာထားမလား။

မန္တလေးမြို့သစ်က ကျောင်းမှာပဲထားမလား။ အဲဒီတုန်း

က မြို့သစ်ရဲ့မူလတန်းကျောင်းလေးက ဆရာမလေးတစ်ဦး ပြောခဲ့တဲ့စကားကို အမှတ်ရမိတယ်။

"ဦးကံချွန်ရယ် မြို့ထဲကျောင်းက ဆရာမတွေလည်း သင်တန်းတက်တုန်းက ကျွန်မတို့နဲ့ အတူတူပါပဲ။

ဒီစကားကို ကျောင်းဖွင့်ချိန်ရောက်တိုင်း ကြားယောင်မိမှာပါ။ ကံချွန်မေ့မှာမဟုတ်တော့ပါဘူး။

*ကံချွန်*

**ရွှေဗန္ဓုလေးဂျာနယ် – ၉.၆.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ဗွီဒီယိုရုပ်ရှင်ထဲကအမေ

မြန်မာဗွီဒီယို ရုပ်ရှင်တွေကို ရုပ်မြင်သံကြားက လာနေတော့ ကြည့်ဖြစ်နေပါတယ်။ ကံချွန် ဘဝင်မကျဖြစ်ရတာကတော့ "အမေ"ကို အသိဉာဏ်နည်းနည်း၊ ဘာအကြောင်းပြချက်မှမရှိဘဲ ချွေးမကို နှိပ်စက်ပြ၊ အနိုင်ကျင့်ပြ၊ မာနကြီးပြ၊ ဆုံးဖြတ်ချက်မှားပြလုပ်နေတာဟာ တော်တော်စိတ်ပျက်စရာကောင်းပါတယ်ခင်ဗျာ။

အပြင်လောကမှာ အဲသလိုအမေမျိုးဟာ တစ်ထောင်မှာ တစ်ယောက်၊ တသောင်းမှာ တစ်ယောက် ရှိကောင်းရှိပါမယ်။ အလွန့်အလွန်ရာနှုန်းနည်းတဲ့ "အမေမျိုးရဲ့ပုံရိပ်" ကိုတော့ ဇာတ်ကောင်အဖြစ်မထည့်သင့်ပါဘူး။ ကြည့်နေတဲ့ပရိသတ်က "အမေ"ကို တော်တော်စိတ်ပျက်ပြီး မုန်းလာအောင်ရိုက်ပြသလိုဖြစ်နေပါတယ်ခင်ဗျ။ ဝတ္ထုက ဘယ်သူ၊ ဒါရိုက်တာက ဘယ်ဝါ၊ ရုပ်ရှင်ကားနာမည်က ဘာဆိုပြီး မဖော်ပြလိုပါဘူး။ အဲဒီရုပ်ရှင်ကား၊ ဗွီဒီယိုကားကို အပြစ်ပြောချင်တာမဟုတ်လို့ပါ။ ဇာတ်ကောင်ဖန်တီးပုံကို ဘဝင်မကျတာပါ။ ပြောဖြစ်ရင်လည်း အကြောင်းအရာကိုသာသိစေလိုလို့ပြောမှာပါ။ "အမေ"ကို အသိဉာဏ်နည်းတဲ့ ဇာတ်ကောင်အဖြစ်၊ အတ္တကြီးတဲ့ဇာတ်ကောင်အဖြစ်၊ အနိုင်ကျင့်တဲ့ဇာတ်ကောင်အဖြစ်နေရာထားပြီး ရိုက်ထားတဲ့ ဇာတ်ကား

တွေ မကြာခဏကြည့်နေရပါတယ်။ အဲသလို ဇာတ်လမ်းများကို ဖန်တီးသူများမှာလည်း အမျိုးသမီးစာရေးဆရာမများ ပိုများပါတယ်ခင်ဗျ။ကံချွန်ကြည့်မိတဲ့ဗွီဒီယိုရုပ်ရှင်များအပေါ် ကောက်နှုတ်ချက်ချ သတိထားမိတာပါ။ ကံချွန်တွေးလို့ရတာကတော့ ဇာတ်အိမ်တည်ဆောက်ဖို့စိတ်ကူးစဉ်က မင်းသမီးကိုသနားအောင်ပို့ပေးဖို့ ဗီလိန်ဇာတ်ရုပ်ကို "ယောက္ခမ" အပေါ်မှာ ချပေးလိုက်ပုံရပါတယ်။ တကယ်တော့ ယောက္ခမဆိုတာ သီးခြားရပ်တည် ဖြစ်ပေါ်လာတာမှမဟုတ်ဘဲ။ မင်းသားရဲ့ "အမေ"ပဲ။ "ယောက္ခမ" ဆိုတာကို အသိဉာဏ်နည်းနည်း၊ စရိုက်ဆိုးဆိုး နေရာမှာထားလိုက်တာနဲ့ "အမေ" ကိုကြည့်သူ ပရိသတ်ရွံမုန်းစိတ်ပျက်အောင် လုပ်ပေးလိုက်တာ ဖြစ်သွားရော။

၁. ၆. ၀၃ ရက်နေ့ညက ထင်ပါရဲ့။ ရုပ်မြင်သံကြားက ကြည့်လိုက်ရတဲ့ ဇာတ်လမ်းမှာ မင်းသမီး ယောက္ခမအိမ်ရောက်လာတော့ အလကားနေရင်း ပညာမတတ်လို့ မြို့သူမဟုတ်လို့ဆိုပြီး အမျိုးမျိုး နှိမ်ပြနေတာ။ ကလေးတွေပြောနည်းပြောရရင်တော့ "ဗလိုင်း" ကြီးပါပဲ။ အမေတစ်ယောက်တည်းက နှိမ်တာ၊ အကျင့်ယုတ်ပြတာမဟုတ်ဘူးခင်ဗျ။ နှမတွေကပါ မင်းသမီးကို အမျိုးမျိုးကောက်ကျစ်ပြတာ။ မင်းသမီးကလည်း တစ်အိမ်လုံးရှိသမျှ အလုပ် သိမ်းကျုံးလုပ်ပြထားသေးတယ်။ ဒီအထဲ အဒေါ်ဆိုသဟာကလည်း အခွင့်

သင့်တိုင်း ဝင်နိုမ်သေးတာ။

ဇာတ်သိမ်းတော့လည်း အဲဒီလိုဇာတ်ကောင်တွေကို အမှားမြင်ပြတာမျိုးလည်း မပါပါဘူး။ ဒီအရင်ဇာတ်ကားတုန်းကလည်း ချမ်းသာတုန်းက မာနကြီးတဲ့အမေ။ ဘယ်သူ့မှ မတူမတန်သလို ဆက်ဆံတဲ့အမေ၊ ဆင်းရဲတော့လည်း မာနကြီးတာပဲ။ သင်္ချိုင်းကုန်းမှာ နေတဲ့လူဆိုပြီး ရွံရှာပြ၊ မပတ်သက်ပြ လုပ်သေးတယ်။ အမေက ချိုပြုံး၊ သားဖြစ်သူက မင်းမော်ကွန်း၊ မင်းသမီးက ခိုင်သင်းကြည်၊ ဘယ်သူ့ဝတ္ထုမှန်းတော့ မသိပါဘူး။ ဒါရိုက်တာလည်း မှတ်မထားမိဘူး။

အဲသလို "အမေ" ကို နေရာဆိုးဆိုး၊ စရိုက်ဆိုးဆိုး၊ ရိုက်ပြနေတာတွေကိုကြည့်ရတာ စိတ်ပျက်စရာဖြစ်လာပါပြီ။ အဲသလိုကားတွေ အများကြီးရှိပါတယ်။ ဝတ္ထုရေးသူရဲ့ မူရင်းနဲ့ ဇာတ်ညွှန်းအသွင်ပြောင်းလဲမှုရယ်၊ ဒါရိုက်တာက ဇာတ်ကားအဖြစ်ရိုက်ကူးမှုရယ်ကြားအဆင့်ဆင့်မှာ အာဘော်တွေ၊ သဘောထားတွေ ပြောင်းလဲနိုင်တာကိုလည်း စဉ်းစားမိပါတယ်။ ဒါကြောင့် ဘယ်သူ့မှာ အပြစ်ရှိတယ်လို့ ပုံသေမပြောလိုပါဘူး။ "အမေ" ဆိုတဲ့နေရာမှာ သရုပ်ဆောင်ရသူကို ဇာတ်ရုပ်ချတဲ့နေရာမှာတော့ စဉ်းစားသင့်ပါပြီခင်ဗျာ။

သားကို ချစ်လွန်းတဲ့ အမေနေရာက သရုပ်ဆောင်ပြရင်း သားကိုချစ်ကြောင်း ပေါ်လွင်စေချင်လို့ ဘေးပတ်ဝန်းကျင်အပေါ် မကောင်းနိုင်တော့တာ။ အတ္တကြီးတဲ့အဆင့်

ရောက်ရတာမျိုးထက် သားကိုချစ်လွန်းလို့ သားအလိုကိုလိုက် သားကို အစွမ်းကုန်ပြုစုသွန်သင်ပြတဲ့ အမေမျိုးဆိုရင် မကောင်းပေဘူးလားလို့ စဉ်းစားကြည့်မိတာပါ။

ကံချွန်အကြိုက်ဆုံးကတော့ ကြည်နူးစရာကောင်းတဲ့ တက်ကြွစရာကောင်းတဲ့၊ ပျော်ရွှင်စရာကောင်းတဲ့ စတဲ့ စတဲ့ ရသတွေကို ဗီလိန်မပါဘဲ ရိုက်ပြထားတဲ့ ဇာတ်ကားမျိုးပါပဲ။ အတ္တကြီးလို့ အသိဉာဏ်နည်းလို့ ဒုက္ခရောက်ရတာမျိုးကို ရိုက်ပြမယ်ဆိုရင်လည်း အဲဒီအတ္တကြီးတဲ့၊ အသိဉာဏ်နည်း တဲ့ဇာတ်ကောင်ဟာ မိဘတော့ မဖြစ်စေချင်ဘူး။

အနုပညာကို ခံစားသူတွေ ဘာပေးမှာလဲ။ ပညာပေးရ မယ်လို့ ကြီးကြီးကျယ်ကျယ်မပြောလိုပါဘူး။ သုတတွေ ပေးရ မယ်လို့ မဆိုလိုပါဘူး။ အနုပညာရှင်တစ်ဦး၊ ဒါမှမဟုတ် စုပေါင်းဖန်တီးလိုက်တဲ့ အနုပညာကို ခံစားသူများအတွက် ကြည်နူးမှုလေး တစ်ခုခု ရသွားရင် ခံစားပြီးလိုက်တဲ့နောက် မှာ စိတ်ညစ်ညူးမှု ဝေဒနာကပ်ပါမလာရင်ကိုဘဲ ကျေနပ်ပါ တယ်။ အဲဒါပါပဲ။ ခံစားသူကို ကြည်နူးမှုလေး ပေးစွမ်းရင်ကို ပဲ ကျေနပ်ပါတယ်ခင်ဗျ။

ခုတော့ ကြည့်ပြီးတာနဲ့ စိတ်ညစ်ညူးရပြန်တွေးမိတိုင်း ဘဝင်မကျရ ဖြစ်တာမျိုးတွေ တွေ့နေရလို့ပါ။ ဇာတ်ရှိန် တက် ဖို့အတွက် ဗီလိန်လူဆိုး ဇာတ်ရုပ်ကို မိဘ မောင်နှမများ အဖြစ် သရုပ်ဆောင်ရမယ့် ဇာတ်ကောင်တွေပေါ်မှာ ချပေး

တာမျိုးကို စဉ်းစားသင့်ပါပြီ။

အနုပညာတစ်ခုခုကို ခံစားပြီးတိုင်း ကြည်ကြည်နူးနူး လေး ပြန်တွေးချင်လို့ပါ။ ပြန်တွေးမိတိုင်း စိတ်ပျက်စရာ၊ နောက်ကျိစရာတွေ မပါစေချင်ဘူးလေ။ဒါက ခံစားသူနေရာ က တင်ပြလိုက်တာပါ။

အသိဉာဏ်နည်းတဲ့အမေ
ကောက်ကျစ်တဲ့အမေ
အတ္တကြီးတဲ့အမေ
ဆိုတာတွေ တွေ့တွေ့ နေရလို့ပါ။

***ဂျာချွန်***

**ရွှေမန္တလေးဂျာနယ် – ၁၆.၆.၂၀၀၇**

❖ ❖ ❖ ❖ ❖

# ကျောင်းဖွင့်ချိန် (၂)

ကံချွန်ကျောင်းသားအဘိုးစဖြစ်တာ ၁၉၉၉-၂၀၀၀ စာသင်နှစ်မှာပေါ့ခင်ဗျာ။ ဩော် . . . ဘယ်ကျောင်းက ဆရာ၊ ဆရာမပဲဖြစ်ဖြစ် သင်တန်းတက်စဉ်က အတူတူတက်ခဲ့ကြတာပဲဆိုတဲ့ အသိကိုရပြီးတော့ ကံချွန်ရဲ့ ချွန်မျိုးဆက် ဂျူနီယာ့ ဂျူနီယာ ကံချွန်ကို အရပ်ထဲက ကျောင်းမှာပဲ အပ်လိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ် ဦးကံချွန်၊ တတ်နိုင်တဲ့သူတွေနဲ့ အဆက်အသွယ်ရှိတဲ့သူတွေက မြို့ထဲကျောင်းသွားသွားအပ်ကြတော့ ကျွန်မကျောင်းမျာက မပြည့်မစုံမိဘတွေနဲ့ ချို့ချို့တဲ့တဲ့ သားသမီးတွေချည်းစုမိသလိုဖြစ်နေတာ။ ဒီတော့ ကျောင်းမှာကလည်း လိုအပ်ချက်တွေများနေတာပေါ့။ ဦးကံချွန်နဲ့ဆက်စပ်မိသွားတာ ဝမ်းသာပါတယ်။ ကျောင်းလိုအပ်ချက်တွေကို ဝိုင်းဝန်းဖြည့်ဆည်းပေးပါဦး"

ဆိုတဲ့စကားနဲ့ ဆီးကြိုပါတယ်ခင်ဗျ။ ကံချွန်ကလည်း အားကိုးပါတယ်ဆိုရင် အလွန်အစွမ်းပြချင်တာ။ အဲဒီနှစ်မှာပဲ စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင်ဆီက ကပ်မိုးထရံကာကျောင်းဆောင်၊သမာဓိဦးခင်မောင်လေး ၈၄ လမ်း၊ ၃၇လမ်းက ကျောင်းဆောင်တစ်ဆောင်၊ နန်းရှေ့က အစ်ကိုကြီး ဦးကျော်ဝင်း-အစ်မကြီး ဒေါ်စုစုခင်တို့ဆီ သွားအပူကပ်

တော့ အစ်မကြီး ဒေါ်စုစုခင်က သူ့အစ်မကြီးဆီကပါ ထပ် အလှူခံပေးလို့ ခြောက်ခန်းတွဲအုပ်ကာ သွပ်မိုးကျောင်း ဆောင်နှစ်ဆောင်။ အဲဒီတုန်းက ကံချွန်အလှူခံထွက်နေတဲ့ သတင်းကို နံနက်ခင်းဂျာနယ်မှာထည့်ပေးတာက ဆရာ သိုက်ထွန်းသက်ပေ့ါခင်ဗျာ။ သူ့သတင်းကြောင့် ကျောင်း ဆောင်အလှူရှင် ဦးခင်မောင်လေးဟာ ပေါ်လာတာပါ။

၂၀၀၃-ကျောင်းဖွင့်ချိန် . . .

တော်တော်လှပတင့်တယ်ချမ်းသာတဲ့ ကျောင်းလေးပါ ပဲ။ ကလေးတွေရဲ့ ချို့တဲ့မှုတောင် ပျောက်သွားသလိုလို ကျောင်းရဲ့ သန့်ရှင်းသပ်ရပ်မှုကြောင့် ကလေးမိဘတွေနဲ့ ကလေးတွေရဲ့ စိတ်ထဲမှာ မသိမသာရှိနေခဲ့တဲ့ သိမ်ငယ်မှု တွေ ပျောက်သွားတာတော့ သေချာပါတယ်။ ကိုယ်သပ်သပ် ယပ်ယပ်မနေနိုင်ဦးတော့ ကိုယ့်သားသမီးတွေ သန့်သန့်ရှင်း ရှင်း သပ်သပ်ယပ်ယပ်စာသင်ရတာကို မကျေနပ်တဲ့မိဘရယ် လို့ ဘယ်ရှိမှာလဲ . . . နော့ . . . .။

၁၉၉၉/၂၀၀၀ မှာ သူငယ်တန်းအပ်ခဲ့တဲ့ မြေးကြီးဟာ ဒီနှစ် စတုတ္ထတန်းတက်ရတော့မယ်။ ကျောင်းသားမိဘချင်း ကျောင်းသားအဘိုးချင်း ကျောင်းပေါက်က သက်သတ်လွတ် ခေါက်ဆွဲစားရင်းဆုံကြတော့ . . .။

“ဆရာကြီးမြေးလည်း နောင်နှစ်ဆိုရင် ငါးတန်းတက်ရ မှာနော်”။

"ဟုတ်ကဲ့ . . . ခင်ဗျားမြေးနဲ့ အတူတူပဲလေ"

"ကျွန်တော်တို့ ရပ်ကွက်ကျောင်းလေး အလယ်တန်း ကျောင်းဖြစ်သွားရင်တော့ နီးနားဝန်းကျင်ကလေးတွေ အလယ်တန်းပညာဆက်သင်ဖြစ်ကြမှာ သေချာတယ်။ သက်ဆိုင်ရာကများ ကျွန်တော်တို့မြို့သစ်မှာ မူလတန်းကျောင်းကို အလယ်တန်းအဆင့်တိုးချဲ့သတ်မှတ်ပေးဖို့ အစီအစဉ်များရှိလို့ ကျွန်တော်တို့ အရပ်ကျောင်းလေး အလယ်တန်းဖြစ်သွားရင် ကျွန်တော့်မြေးလေးလည်း လေးတန်းအောင်ရင် ငါးတန်းဆက်တက်ဖြစ်မှာဗျာ။"

ဒါကတော့ ကျောင်းသားအဘိုးချင်း စကားလက်ဆုံကျခဲ့တာလေးပါ။ကံချွန်ရဲ့ ၂၀၀၃ ကျောင်းဖွင့်ချိန် ရင်ခုန်သံဟာ ကိုယ့်မြေးအတွက်သာကိုယ် ရင်ခုန်ရတာမဟုတ်တော့ပါဘူး။ ရင်ခုန်သံ ကန့်ထရိုက်ယူပြီး မိဘများကိုယ်စား အဘိုးအဘွားများ ကိုယ်စားပါ ခံစားမိပါတယ်။ ကံချွန်နေတဲ့အရပ်ဟာ လက်လုပ်လက်စားများပါတယ်။ လေးတန်းအောင်ပြီးတာနဲ့ မိဘက ပန်းရံဆိုလည်း ပန်းရံထဲခေါ်၊ လက်သမားဆိုလည်း လက်သမားလုပ်တဲ့ဆီခေါ်၊ အမေက စျေးရောင်းတော့လည်း သမီးက တစ်ဘန်းရွက်ပြီး ချီတက်ကြတော့တာပါ။ တကယ်လို့သာ ကိုယ့်အရပ်ထဲက ကျောင်းကသာ အလယ်တန်းကျောင်းဖြစ်နေမယ်ဆိုရင် ကလေးအတော်များများ လေးတန်းကနေ ရပ်မသွားဘဲ အလယ်တန်းပညာဆက်သင်

ဖြစ်မှာ သေချာပါတယ်ခင်ဗျ။ ကိုယ့်ဘက်က ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ လုပ်သင့်လုပ်ထိုက်တာတော့ ကြိုးစားလုပ်ရမှာပေါ့ခင်ဗျာ။ ကိုယ့်ဘက်က စာသင်ခန်း၊ စာသင်ခုံဆိုတာမျိုးတွေ ပြည့်စုံနေရင်တော့ အလယ်တန်းကျောင်းဆိုတာကို အိပ်မက်မက်လို့ရတာပေါ့။

ဆရာသိုက်ထွန်းသက်ဆီ အကူအညီတောင်း၊ ဆရာညိုထွန်းလူရဲ့ မိတ်ဆွေဆီ အလှူရှင်ရှာ၊ အဆောက်အဦးလုပ်ပေးမယ့် ကုသိုလ်ရှင်ပေါ်လာ။ စာသင်ခုံတွေပါရ။ သက်ဆိုင်ရာကလည်း အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးလိုက်။ ကျောင်းဆိုင်းဘုတ်ကလည်း အမှတ်(၁၇)အ. မ. က ဆိုတာကနေ အ. လ. ကဖြစ်သွားရင် လက်လုပ်လက်စားမိဘပေါင်းများစွာရဲ့ ကြည်နူးနေမယ့် အပြုံးတွေ၊ လွယ်အိတ်ထဲမှာ ပဉ္စမတန်း ဖတ်စာဆိုတာကို ပြောင်းထည့်ပြီး စာသင်ခန်းထဲ ပြန်ဝင်လာကြမယ့် ကြည်နူးနေတဲ့ ကလေးတွေကို ကြိုမြင်ယောင်ပြီး ရင်ခုန်ရတာလည်း အရသာရှိတာပါပဲ။စိတ်ကူးယဉ်မိတာပါ။

နောက်တစ်နေ့ နံနက်မှာလည်း မုန့်စားရင်း ကျောင်းသားအဘိုး သုံးယောက်ဆုံမိပြန်ပါတယ်။

"ဆရာကြီး ဒီနေ့ စောသားပဲ"

"ဟုတ်ကဲ့ ဒီကျောင်းအလယ်တန်းဖြစ်သွားရင် ခင်ဗျားမြေးဆက်ထားမှာလား"

"ထားမှာပေ့ါ ဖြစ်မှာလား"

ကံချွန် ခေါင်းငြိမ့်ပြလိုက်ပါတယ်။ ကိုယ်တတ်နိုင်တဲ့နည်းနဲ့ ကြည်နူးမှု ပျော်ရွှင်မှုလေးပေးချင်လို့ပါ။ ကျိုးကြောင်းတိုက်ဆိုင်လို့ ဖြစ်လာမယ်ဆိုရင်လည်း . . . ။

၂၀၀၄ အတွက် ၂၀၀၃မှာကတည်းက ကြိုပြီး ရင်ခုန်မိပါရဲ့။ ကြည်နူးစရာတွေးပြီး ရင်ခုန်သံ ကန်ထရိုက်ယူရတာမျိုးတော့ ဝါသနာပါတယ်လေ။ မဖြစ်ဘူး ဖြစ်ခဲ့သော်ဆိုပြီး ပျော်စရာကို တွေးရတာ အရသာရှိပ့ါ . . . . ။

***ကံချွန်***

**ရွှေဗန္ဒုလေးဂျာနယ် - ၂၃.၆.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ရေပတ်လည်ဝိုင်းရံလျက်ရှိသော

ဒေါ်အိအိဇင်က မန္တလေးမြို့ရဲ့ အနီးတစ်ဝိုက်မှာ မိုးကွက်ကြားရွာပါမယ်ဆိုရင် . . . ကံချွန်ရဲ့အိမ်ဟာ မိုးရွာမယ့် ကွက်ကြားစာရင်းထဲ ပါတယ်ခင်ဗျ။ မုတ်သုံလေက ကံချွန်အိမ်ပေါ် ချည်းဖြတ်တိုက်နေသလားမသိဘူး။ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေဟာ အားအသင့်အတင့်မှ အားကောင်းလာလျက်ရှိနေပါတယ်ဆိုရင် အဲဒီလေဟာ နောက်ဆယ်နာရီလောက်အကြာမှာ မန္တလေးမြို့သစ်ပေါ် ရောက်လာတော့တာပါပဲ။ ဘာပြောကောင်းမလဲ ဒီရက်ပိုင်းမှာ ရွာလိုက်တဲ့အရွာ။ မန္တလေးသား မိုးကြောက်တယ်လို့ အပြောခံရဖူးပါတယ်။ မန္တလေးသားထဲမှာ မန္တလေးမြို့သစ်သားက ပိုကြောက်တယ်ဆိုတာတော့ အသိနည်းပါတယ်။

ကြောက်လည်း ရှောင်လို့မှမရဘဲခင်ဗျာ။ မိုးနဲ့မြို့သစ်ဟာ မဆုံချင်ပေမယ့် ကြုံနေရတာပါ။ မကြည့်ချင်မြင်လျက်သားပါပဲ။ ဒီတော့ မိုးကို မချစ်ပေမယ့် အောင့်ကာနမ်း၊ မနမ်းချင်ပေမယ့် ပင့်သက်ရှူဆိုသလို ဆက်ဆံနေကြရတာခင်ဗျ။ ဘာလို့လည်းဆိုတော့ မိုးရေများဟာ မြို့သစ်ကို အချစ်ကြီးလိုက်ပုံက မြို့သစ်မြေထိမိတာနဲ့ ဘယ်မှ ပြန်မခွာတော့တာပဲ။ မြို့သစ်မှာ သုံးပေအကျယ် သုံးအနက် အိမ်တိုင်းစေ့ ကိုယ့်

အိမ်ရှေ့ ကိုယ်တူးထားတဲ့ မြောင်းတွေရှိပါတယ်။ မြောင်းချင်း မြောင်းဆက်ပြီး ဘယ်ကို စီးအောင်လုပ်ထားမှန်းမသိတော့ ရေတွေက ခွေထိုးပြီး ရေသံသရာလည်ပုံကို ကိုယ့်အိမ်ရှေ့ ကိုယ်ကြည့်ပြီး လေ့လာလို့ရပါတယ်။

အနိမ့်ပိုင်းမှာ နေရသူများဟာ မိုးကြီးကြီးတစ်မိုးရွာရင် လေးငါးလ ရေထဲနေရတော့တာ။ မြို့သစ်မှာ ရေမဝပ်အောင် ဖြေရှင်းနည်းကတော့ ရေမဝပ်စေချင်တဲ့နေရာမှာ မြေဖို့လိုက်တာပါပဲ။ တတ်နိုင်သူများက အဲသလိုနည်းနဲ့ဖြေရှင်းလိုက်တော့ ရေဝပ်ဧရိယာဟာ မတတ်နိုင်သူများဘက်ကို ရွှေ့သွားတော့တာပေါ့။ အဲဒီ မတတ်နိုင်သူများဘက်ဆိုတဲ့စာရင်းထဲမှာ ကံချွန်တို့ဘက်လည်းပါတာပေါ့ခင်ဗျာ။

ရေဟာ ထွက်ပေါက်မရှိဘဲ မြို့သစ်မှာနေရတာ ငြီးငွေ့လာတဲ့အခါမှာတော့ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းမယ်ဆိုတဲ့ ထုံးစံကို ဖောက်ဖျက်ပြီး သူလာရာအရပ် ပြန်တက်နိုင်ဖို့ကြိုးစားရတာ။ ရက်တော့ ရွေးတာပေါ့။ နေပြင်းပြင်းပူတဲ့ရက်မှ တက်လို့ရတာ။ လာရာလမ်းကို ပြန်ကြတယ်ပေါ့ခင်ဗျာ။ ဒါကိုပဲ သံယောဇဉ်ကြီးတဲ့ရေများက မြို့သစ်မြေကို အတင်းတွယ်ကပ်နေလို့ ဗွက်ပေါက်နေတာက တော်တော်နဲ့ မခြောက်တော့ပါဘူး။ မြို့သစ်မြောင်းများကို အာရုံဝင်စားပြီး မလေ့လာဖူးရင်တော့ ခြင်ပေါ်မှာပဲလို့ ထင်စရာပါ။ ဒါပေမယ့်

ရှိသင့်ရှိထိုက်တာထက် ဒီမြောင်းတွေကြောင့် မပိုပါဘူး။ သဘာဝတရားဟာ မြို့သစ်ဘက် မျက်နှာလိုက်တယ်ဆိုရမှာပေါ့ခင်ဗျာ။ ခြင်ဥများ-ပိုးလောက်လန်းများကို စားသုံးတဲ့ ဒေါင်းမြီးကွက်ငါးလေးများဟာ မြို့သစ်မြောင်းထဲမှာ "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်ပါသည်" ဆိုတဲ့ ကျန်းမာရေးဌာနက သတိပေးစကားကို အကောင်အထည်ဖော်နေကြပါတယ်ခင်ဗျ။

မြို့သစ်က ရေရဲ့ထူးခြားမှုကတော့ အရောင်၊ အဆင်း၊ အနံ့အရသာရှိနေနိုင်တယ်ဆိုတာပဲ။ အရောင်၊ အဆင်း၊ အနံ့ရှိနေတာကတော့ သေချာပါတယ်။ အရသာကိုတော့ ကံချွန်မြည်းမကြည့်ဖူးပါဘူး။ မြို့သစ်မှာ ရေဝပ်လေ့ရှိတဲ့ ရပ်ကွက်များဟာ နေရာဒေသနဲ့ လိုက်ဖက်တဲ့ စီးပွားရေးကို ရွေးချယ်နိုင်ကြတာလည်း ချီးကျူးဖို့ ကောင်းပါတယ်။ ဘဲမွေးတယ်။ မန်ဒါလီမွေးတယ်။ ငန်းမွေးတယ်။ ကံချွန်ရဲ့ ခြံထဲမှာလည်း ရေငါးဆယ်ရာနှုန်း၊ ကုန်းငါးဆယ်ရာ နှုန်းပါပဲ။ မိုးရွာပြီဆိုရင် ပန်းချီဆွဲတဲ့ စတူဒီယိုအောက်မှာ ရေအဖွေးသားပေါ့။ ရေဝပ်လေ့ရှိတဲ့အပိုင်းမှာတော့ အရင်က ငါးမွေးဖူးသေးတယ်။ ငါးတွေ အတော်လေးကြီးမှ မိုးရာသီ တစ်ကျော့ပြန်ရောက်လာပြီး ဆော်ပလော်တီးလိုက်တာ မွေးထားတဲ့ငါးတွေ အရပ်ဝေလိုက်ရသလိုပါပဲ။ ကန်ဘောင်ကပါ ရေ

အောက် ရောက်သွားတာကိုး။

ဒီရေတွေဟာ တစ်နေရာရာက စီးဝင်လာတာဆိုရင်တော့ မလိုအပ်ရင် စီးဝင်လာတဲ့အပေါက်ကို ပိတ်လိုက်ရုံပါပဲ။ ခုတော့ မုတ်သုံလေက ယူဆောင်လာတာဖြစ်တဲ့အကြောင်း ဒေါ်အိအိဇင်တို့ ဒေါ်ငြိမ်းငြိမ်းနိုင်တို့က ရုပ်မြင်သံကြားကနေ ကြိုပြောထားလေတော့ လက်မခံချင်လို့ မရဘူးဖြစ်နေတယ်။

အနိမ့်ပိုင်းတွေမှာ ရေဝပ်အိုင်ထွန်းနေရတဲ့ကိစ္စမှာ ရေထွက်လမ်းတွေ ပိတ်ကုန်တာလည်း ပါတယ်ခင်ဗျ။ ဘယ်နေရာတွေမှာ ပိတ်သလဲဆိုတဲ့ အဖြေကတော့ ရှင်းရှင်းလေးပါ။ ပထမဆုံး ဖြေရှင်းသင့်တာကတော့ အောက်ကရေဖြတ်စီးခွင့်မရတဲ့ တံတားများပါပဲ။ ရေထွက်မယ့်ဘက်မှာ ရှိသူများက ကိုယ့်ဘက်ရေမလာအောင် လုပ်လိုက်တဲ့အတွက် ရေထွက်ပေါက်ပိတ်နေတဲ့ တံတားတွေရှိပါတယ်။ဖြစ်သင့်တာက ထွက်လာတဲ့ရေကို စနစ်တကျသွားသင့်တဲ့နေရာ ပို့ပေးဖို့ပါ။ အဲဒီ သွားသင့်တဲ့နေရာဆိုတာက ကံချွန်တို့ မြို့သစ်သားများ မသိနိုင်ပါဘူး။ ကျွမ်းကျင်သူ မြို့ပြအင်ဂျင်နီယာများမှသာ သိနိုင်မှာပါ။

သိသာမြင်သာလွယ်တဲ့နေရာကတော့ မြို့သစ်ကုတင် ၃၀၀ ဆံ့သင်ကြားရေးဆေးရုံနဲ့ သူနာပြုတက္ကသိုလ်ရှိတဲ့ ၆၂ လမ်းဝဲယာမှာကိုပဲ ထွက်ပေါက်ပိတ်နေတဲ့ရေတွေ တွေ့နိုင်

ပါတယ်။ မြို့သစ်ရဲ့ အတွင်းပိုင်းတွေ အစွန်အဖျားပိုင်းတွေ ဆိုတာမှာတော့ အထူးပြောဖို့ မလိုတော့ပါဘူး။ ကျန်းမာရေး အတွက် သန့်ရှင်းရေးကိစ္စဟာ အားလုံးယှက်နွယ်ပတ်သက် နေတဲ့ကိစ္စဖြစ်လို့ “ရပ်ကွက်”ဆိုတာထက် “မြို့သစ်”ရဲ့ကိစ္စ ဆို ကြည့်ရမှာပေ့ါခင်ဗျာ။ “မြို့သစ်” ရဲ့ ကိစ္စဆိုသဟာက လည်း တကယ်တော့ “မန္တလေး” ရဲ့ကိစ္စပါပဲ။ ခန္ဓာကိုယ်တစ် ခုမှာ ဘယ်အစိတ်အပိုင်းရဲ့ကိစ္စမဆို တစ်ကိုယ်လုံးခံစားရ သလိုပေ့ါ။ ခလုပ်တိုက်လို့ ခြေမနာတော့လည်း ပါးစပ်က “အမယ်လေး” အော်ရတာပါပဲ။

ကံချွန်မြို့သစ်ရောက်တာ ဆယ်နှစ်ကျော်ပါပြီ။ ဒီဆယ် နှစ်ကျော်ကာလမှာ ကံချွန်ကံကောင်းနေတာ တစ်ချက်ရှိပါ တယ်။ အဲဒါကတော့ “မင်းတို့မြို့သစ်က ရေဆိုးထွက်ပေါက် ဟာ ဘယ်မှာလဲ” လို့ ဘယ်သူကမှ လာပြီးမမေးတာပါပဲ။ ကံချွန်က ဘာမဆို သိသယောင်ယောင် တတ်သယောင် ယောင်နေထားတာခင်ဗျ။ တစ်ယောက်ယောက်က တစ်ခုခု မေးလိုက်လို့ မသိဘူးဖြေရမှာကို အလွန်ရှက်တာ။ မြို့သစ်ရဲ့ ရေဆိုးထွက်ပေါက်ကိုလည်း မိုးရာသီရောက်တိုင်း လေ့လာ ချင်စိတ်ပေါ်ပါတယ်။ ရှိတော့ ရှိမှာပေ့ါ။ ကံချွန်မသိသေးတာ ပဲဖြစ်နိုင်တယ်။

သတ်မှတ်ထားတဲ့ ရေဆိုးထွက်ပေါက်ဆီရောက်အောင် ရေတွေက မစီးဆင်းတာဆိုရင်လည်း ဘာလို့မစီးရတယ်ဆိုတဲ့အကြောင်းကို လေ့လာချင်ပါတယ်။ ဒီလေ့လာချင်စိတ်ဟာ နောက်သုံးလေးလနဲ့တော့ ပျောက်မယ်မထင်ပါဘူး။ ကံချွန်ရဲ့ အိမ်ဘေးမှာ ရေအိုင်ကြီးရှိနေတာကိုး။ ဒီတော့ ရေအိုင်အလယ်မှာ နေရသူတွေအတွက် ပိုပြီးစာနာမိပါတယ်။

မုတ်သုံလေ အားကောင်းလေ
ကံချွန် ကြက်သီးထလေပါပဲခင်ဗျာ . . .။

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၃၀.၆.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ငွေစော်နံ ပြန်လိုက်ဦး

ဆယ်ကျော်သက်ကာလ ငယ်ဘဝကို အမှတ်ရမိပါတယ်။ မုတ်သုံလေအားအသင့်အတင့်ရှိလို့ မိုးလေးတဖွဲဖွဲကျတော့ သတိမရခံနိုင်ရိုးလားဗျာ။ မိုးရွာပြီဆိုတာနဲ့ စာတစ်မျက်နှာကို တစ်နေကုန်ဖတ်တော့တာ။ မောင် . . . ဒီစာကို မေမေတို့မသိအောင် ခိုးရေးလိုက်တာ . . . ဆိုပြီး ဖတ်ရတာနဲ့ သူ့အစား ရင်တွေဖို။ ဩော် . . . ချွန်ချွန်ကို တယ်ချစ်ရှာပါလားဆိုပြီး ဂရုဏာတွေပို။ စာအုပ်ကြားမှာ ညှပ်ပြီး မိဘတွေမသိအောင် ဖတ်ရတာကလည်း စွန့်စားခန်းကြီး။ ရေးသူရော ဖတ်သူရော သည်းထိပ်ရင်ဖိုပါပဲ။ ထိပ်ဆုံးကစဖတ်။ အောက်ဆုံးရောက်ရင် တစ်ခါ ထိပ်ဆုံးပြန်ဖတ်။ ဒီလိုနဲ့ တစ်နေကုန်တာ။

အဲဒီစာယူလာပို့ပေးတဲ့ စာပို့ဝန်ထမ်းဆိုတာ ကံချွန်အတွက်တော့ မျက်နှာမြင်ချစ်ခင်ပါစေ ဆုတောင်းနဲ့ပြည့်နေတဲ့ ပုဂ္ဂိုလ်ပါပဲ။ တွေ့တိုင်း လက်ဖက်ရည်ခေါ်တိုက်ရတာ။ ကြာတော့ ကံချွန် လက်ဖက်ရည်တိုက်မှာကြောက်လို့ ရှောင်နေရရှာတယ်။ နောက်တော့

“ငါ့ညီရာ . . . အစ်ကို့မှာ လေရောဂါရှိလို့ လက်ဖက်ရည် ဖြတ်လိုက်ပါပြီကွာ”

ဆိုပြီး တောင်းပန်ယူရတယ်။ ဒါကိုပဲ ခပေါင်းစီးကရက်

ဝယ်ဝယ်ပြီး အိပ်ထဲထည့်ပေးလို့

"ကိုယ့်မှာ နောက်ဆက်တွဲ အာဂန္တုရောဂါရှိသေးတယ်ကွာ။ အဲဒါက ချောင်းဆိုးရောဂါပဲ"

ဆိုပြီး နှစ်ဖြတ်လုပ်ထားကြောင်းပြောယူရတဲ့အထိပါပဲ။ လက်ဖက်ရည်ဖြတ်။ ဆေးလိပ်ဖြတ်။

ခေါင်းပေါ်မှာ ဆန်ကြာဇံတွေရောက်လာပြီး အသက် ၆၀ နားကပ်လာချိန်မှာ ငယ်ဘဝကို သတိရတာက တိုက်ဆိုင်မှုနှစ်ခုကြောင့်ပါ။ ပထမ တိုက်ဆိုင်မှုက မုတ်သုံလေပဲ။ အားအသင့်အတင့်ဟာ မြို့သစ်ပေါ်ဖြတ်လာတော့ မိုးလေး တဖွဲဖွဲကျရောဆိုပါတော့။ မိုးရွာတော့ ဘယ်မှမထွက်ဖြစ်။ မထွက်ဖြစ်တော့ နေတဲ့အိမ်နဲ့ ပေးသုံးဆယ်လောက်အကွာမှာရှိတဲ့ တဲလေးပေါ်သွားပြီး ပန်းချီရေးဖြစ်ရော၊ မရေးဖြစ်ခင် ရေးဖြစ်ဖို့ ပြင်ဆင်ရတာကြာပေမယ့် ရေးဖြစ်ပြီဆိုရင် ထမင်းစားဖို့ပါမေ့တာပါ။ ကံချွန်ရေးနေရင် ထမင်းစားဖို့ခေါ်ရင်ကို မကြိုက်တာ။ရေးပြီးမှ အိမ်ဘက်ပြန်ကူးတာ။ ၁၇. ၆. ၂၀၀၃ ရက်နေ့ကလည်း ကံချွန် ပန်းချီရေးနေလို့ စာပို့တဲ့သူနဲ့ မတွေ့လိုက်ရတာပါ။ ကံချွန်အိမ်ဖက်ပြန်ကူးလာတော့

"စက်ာပူက စာတစ်စောင်လာတယ်။ နိုင်ငံခြားကပို့တဲ့စာလာပေးရလို့ဆိုပြီး ငွေနှစ်ရာ တောင်းသွားတယ်။"

ကံချွန် စာအိတ်ယူကြည့်တော့ စာအိတ်ပေါ်မှာလည်း တံဆိပ်ခေါင်းကပ်ထားတာတွေ့ရတယ်။ စာက ထွေထွေ

ထူးထူးမဟုတ်ပါဘူး။ ကံချွန်ရေးတဲ့ (ဆောင်းပါးပေါင်းချုပ်) စာအုပ်ဖတ်ရတဲ့အကြောင်း၊ နှစ်သက်တဲ့အကြောင်း ရေးထားတာပါ။ အရင်ကလည်း ဒီလိုစာမျိုးတွေ လာဖူးပါတယ်။ အဲဒီစာတွေတုန်းကတော့ ခုလို မပေးရပါဘူး။ဘာပဲပြောပြော ပေါ့လေ . . . မိုးလေးတဖွဲဖွဲရယ်၊ စာပို့လုလင်ရယ်ပေါင်း မိလိုက်တော့ ကံချွန်ဟာ ဆယ်ကျော်သက်ကို ပြန်ရောက်သွားသလို သတိရစရာတွေ ဖြစ်ကုန်တာပေါ့။

မိုးက နှစ်ရက်သုံးရက် အုံ့ပျက်ပျက်နဲ့ ဖြစ်နေတော့ " အင်း . . . ငါတောင်ဗိုက်ပူ၊ ထိပ်ဖြူဖြစ်နေပြီး သူလည်း စည်ပိုင်းကို လက်တိုတို၊ ခြေတိုတို တပ်ပေးထားတဲ့ပုံနဲ့ မန်ဒါလီသွားသွားနေရလောက်ပြီ" ဆိုပြီး တွေးမိတာ ခဏခဏပါပဲ။ တွေးမိတိုင်းလည်း ပြုံးမိပါရဲ့။ မနေ့က တစ်ခါ . . .

"မဂ္ဂဇင်းစာအုပ်လာပို့သွားတယ်။ စာတိုက်က"

"ဟုတ်လား"

"အဲဒီကောင်လေးက ပြောသွားတယ်"

"ဘာတဲ့လဲ"

"ဒီနယ်မြေမှာ တာဝန်ကျတာသူတဲ့။ နိုင်ငံခြားက စာလာပေးပြီး ပိုက်ဆံတောင်းတဲ့အလုပ်လုပ်နေတဲ့သူရှိလို့ သတိထားပါတဲ့။ ဆရာ့ဆီ အဲသလို လာတောင်းရင် နာမည်မေး၊ ဝန်ထမ်းကဒ်ပြခိုင်းပြီး မှတ်ထားလိုက်ပါတဲ့"

ကံချွန် တော်တော်စိတ်ပိန်သွားပါတယ်။ ဘယ့်နှယ်ဗျာ - တာဝန်ကျဝန်ထမ်းခမျာ နာမည်ပျက်ရတယ်။ နိုင်ငံခြားစာဆိုတာနဲ့ ဘာမှန်းညမှန်းမသိ နှစ်ရာနဲ့ တစ်ထောင်ကြား စာလက်ခံမယ့် အိမ်အခြေအနေကြည့်ပြီး တောင်းယူနေတယ်ဆိုတော့ . . .

မိသားစုထဲက နိုင်ငံခြားသွား အလုပ်လုပ်နေသူရှိတဲ့ မိသားစုမျိုးဆို ဘယ်လိုလုပ်မလဲ။ သဒ္ဒါသလောက်ပေးလို့ယူတာမျိုး မဟုတ်ဘူး။ ကြေးတန်းပစ်တောင်းတာဆိုတော့ မပေးပြန်ရင်လည်း ကိုယ်ကပဲ ရိုင်းရာကျဦးမယ်။ အကယ်၍များ စာလာပို့သူက ရွှေစိတ်တော်ညိုလို့ လာမပို့ရင် . . .။ အဲသလို အတွေးတွေခေါင်ပြီး တောင်းသလောက် ပေးနေရတယ်လို့ ကြားရပါတယ်။ သေချာတာကတော့ ကံချွန်အိမ်က နှစ်ရာတောင်းသွားတာပါပဲခင်ဗျ။ ကံချွန်အတွက် ငွေနှစ်ရာဟာ ပြဿနာမဟုတ်ပေမယ့် ဒီနယ်မြေနဲ့ တာဝန်ကျဝန်ထမ်းအတွက်ကတော့ ပြဿနာပါ။ မကျူးလွန်တဲ့ ပြစ်မှုအတွက် တရားခံဖြစ်ရတော့မှာပါ။ သူ့မှာအတိုင်းအတာတစ်ခုထိ ဂယက်ရိုက်ခတ်မှုခံနေရပုံပေါ်ပါတယ်။ ဒါကြောင့်လည်း ကံချွန်အိမ်မှာ ရှင်းပြသွားတာပေ့ါ။

စာမျှော်နေသူအတွက်ပဲ ဖြစ်ဖြစ်
မမျှော်ဘဲ စာရောက်လာရင်ပဲဖြစ်ဖြစ်

အကြွေးတောင်းတဲ့စာမဟုတ်ရင်တော့ ပျော်ကြရတာပါပဲ။ ဒါကြောင့်လည်း ကိုယ့်ကို "ပီတိ" လာပေးတဲ့အတွက်

အမောပြေရေသောက်သွားပါဦးဆိုတာမျိုး။ ငါ့တူရယ် လက်ဖက်ရည်ဝယ်သောက်သွားဖို့ လက်ဖက်ရည်ဖိုးလေးယူသွားပါဦးဆိုတာမျိုး ပေးတတ်ကြပါတယ်။ ကိုယ့်အိမ်က ချောင်ကျလေ စာတိုက်နဲ့ဝေးလေအလိုက်သိလေပါပဲ။ သူ့အလုပ် သူလုပ်တာပဲဆိုပြီးတော့ကို မနေတတ်တဲ့လူမျိုးပါ။ ခုတော့ . . . အဲဒီ စေတနာကို ကြားလူက ဝင်ပြီးဖြတ်ခုတ်လုယူနေတာမျိုးဖြစ်နေပါပြီ။

ရိုးသားတဲ့ ဝန်ထမ်းများအပေါ် အမြင်စောင်းမှာစိုးလို့ တာဝန်ကျဝန်ထမ်းနဲ့ နယ်မြေခံ ပြည်သူလူထုကြားမှာ "နိုင်ငံခြားစာ" ဆိုသဟာကို ထောင်ပြပြီး ငွေတောင်းနေသူရှိကြောင်း . . .

ကံချွန်ကတော့

"နိုင်ငံခြားစာ" ဆိုတဲ့အသံ နောက်တစ်ခါကြားရင်

"ငွေစော်နံ ပြန်လိုက်ဦး'

ပြောတော့မယ်လို့ ဆုံးဖြတ်ထားပါတယ်။

**ရိုးသားသော ဝန်ထမ်းများ**

**သိက္ခာရှိရှိ နေနိုင်ကြပါစေ။ ။**

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၇.၇.၂၀၀၇**

❖ ❖ ❖ ❖ ❖

# ပုံပြင်လေးတစ်ပုဒ် ကြားဖူးတယ်

[illegible]မောင်မောင်အဆိုတော်မဖြစ်ခင် ၁၉၈၀ ဝန်းကျင် ကာလများဆီက ဘော်ဒါဆောင်ရှေ့သီချင်းဆိုပွဲတွေမှာ ကံချွန်လည်း [illegible]မောင်မောင်နဲ့အတူ ပါဝင်ဆင်နွှဲဖူးတာပေါ့ ခင်ဗျာ။ ဘော်ဒါဆောင်များရှိတဲ့ မန္တလေးတက္ကသိုလ်ရဲ့ မြောက်ဘက် ဗောဓိကုန်း၊ တမာကုန်းစတဲ့ အရပ်တွေထဲက အဆောင်ရှေ့လမ်းဘေးမှာ ဆောင်းညနှင်းမှုန်တွေအောက် သီချင်းဆိုရင်း ရောက်ခဲ့စဉ်က . . .

ဆိုတာကတော့ [illegible]မောင်မောင်ပါ။ ကံချွန်က

"ဟော မီးလင်းလာပြီ"

"ဘာမှန်းမသိဘူး။ ပစ်ပေးတယ်"

"ချိုချဉ်ထင်တယ်"

"နေကြာစေ့ အခွံတွေ ဖြစ်နေဦးမယ်နော်"

"ဥမ္မာဒန္တီလို ဥပမိရုပ်နဲ့ မြူနီစပယ်အလုပ်တော့ မလုပ်လောက်ပါဘူး"

"ငါ သွားကောက်ကြည့်မယ်"

အဲသလို ဝန်ဆောင်မှုတွေလုပ်တဲ့ အဖွဲ့ထဲမှာ ကံချွန်ပါတာပါ။ အဲဒီတုန်းက [illegible]မောင်မောင် မကြာခဏဆိုတာက သူ့သူငယ်ချင်း သွအောင်ရေးတဲ့ အဆောင်သရဲသီချင်းပါ။ အဲဒီထဲက စာသားတစ်စွန်းတစ်စကို ပြောပြချင်ပါတယ်။ "ဒီ

အဆောင်နဲ့ပတ်သက်လို့ . . . ပုံပြင်လေးတစ်ပုဒ်ကြားဖူး တယ်ဆိုတဲ့စာသားပါ။ခု စာရေးမယ်ဆိုတော့ ,၂၂မောင်မောင် ရဲ့အသံကို ကြားယောင်လာတယ်။

"ပုံပြင်လေးတစ်ပုဒ်ကြားဖူးတယ် . . ."

ဆိုပြီး ဟစ်လိုက်တဲ့အသံ။ ခု ကံချွန်ကြားဖူးတဲ့ ပုံပြင် လေးတစ်ပုဒ်ကို ပြောချင်ပါတယ်ခင်ဗျ။ ရွာတစ်ရွာမှာ ကိုသံချောင်းဆိုတာရှိတယ်။ စာမတတ်ရှာဘူး။ ဒီတော့ သူက ရွာဦးကျောင်းက ဆရာတော်ထံသွားပြီး မြန်မာစာလုံးတွေထဲ က အခက်ဆုံးတစ်လုံးကို သူ့ကိုသင်ပေးဖို့ လျှောက်သတဲ့။ ဒီတော့ ဆရာတော်က ဥရင်ကောက်တစ်လုံးသင်ပေးလိုက် တယ်။ ကိုသံချောင်းကလည်း ဥရင်ကောက်ဟာ မြန်မာစာထဲ မှာတော့ အခက်ခဲဆုံးစာလုံးပဲဆိုပြီး သေသေချာချာမှတ်ထား လိုက်တယ်။

ဒီလိုနဲ့ ကိုသံချောင်းဟာ သူ့သားကို ကျောင်းထားရ တော့မယ်ဆိုတော့ နွေရာသီမှာ ကကြီး ခခွေး ကြိုပြပေးချင် တယ်။ကျောင်းရောက်တဲ့အခါ အခက်အခဲမရှိအောင်လို့ပေါ့။ ခက်တာက သူကလည်း မတတ်။ ဒီတော့ မြို့ကျောင်းထိ နေဖူးတဲ့ ဖိုးသာအောင်ကိုခေါ်ပြီး စာပြခိုင်းရသတဲ့။ ဖိုးသာအောင်ကလည်း ကူညီပါတယ်။ ကိုသံချောင်းကလည်း သူ့သားကို စာသင်ပေးနေတာ ဘေးကနေ အရိပ်တကြည့်ကြည့် ကြည့်နဲ့။ တစ်ရက်မှာတော့ ဖိုးသာအောင်က ကလေးကို ဥ

ရင်ကောက်ရေးတာကို သင်ပေးတဲ့ဆီမှာ အလှည့်မှားပြီး ဋ္ဌသံလျှင်းချိတ် ဖြစ်နေတယ်။ အဲသလို မှားနေတာကို ကိုသံချောင်းက မြင်သွားတော့

"ဖိုးသာအောင် မင်း ငါ့ကလေးကို စာလာမသင်နဲ့တော့"

"ဗျာ - ဘာလို့"

"မင်းသင်ပေးတာ ဥရင်ကောက်က မှားနေတယ်။ ငါကမှ ဒီတစ်လုံးသိတာ။ ငါသိတဲ့ တစ်လုံးကို မင်းကမှားနေတော့ ငါလုံးဝမသိတာတွေထဲမှာ ဘယ်လောက်မှားနေတာတွေရှိဦးမလဲ မသိဘူးကွာ။ ငါ မင်းကို စိတ်မချတော့ဘူး။ မင်း မလာပါနဲ့တော့ကွာ"

လို့ ပြောလိုက်သတဲ့။ ကံချွန် သတိရနေတာ အဲဒီပုံပြင်ကိုပါခင်ဗျ။ ကံချွန်ကလည်း အနုပညာအလုပ်တွေလုပ်နေပေမယ့် အနုပညာနဲ့ပတ်သက်လို့ သိပ်သိတာမဟုတ်ပါဘူး။ ဥရင်ကောက်ကလေးတစ်လုံးပဲသိတာပါ။ ကိုသံချောင်းနဲ့ သိပ်မထူးပါဘူး။ နီးစပ်ရာဆရာကြီးများထံမှာ အနုပညာသမားဖြစ်ဖို့ စာရေးပြီး၊ ကာတွန်းရေးပြီး၊ ပန်းချီရေးပြီး ဘဝကို ရပ်တည်ချင်တဲ့ ကံချွန်ဟာ အနီးကပ်တက်၊ စပေ့ါရိုက်ပြီး အရေးကြီးတာကို လေ့လာဖူးတာပါ။

"အများကြီးမသိချင်ဘူးဆရာ။ မသိမဖြစ်လိုအပ်တဲ့ အဓိကအချက်တစ်ချက်လောက်ပဲပြောပြပါ။ အာဏာကုန်

နှစ်ချက်ပေါ့ဆရာ။ အဲဒီထက်များရင် ကျွန်တော်မှတ်မိမှာ လည်း မဟုတ်ဘူး။ကျွန်တော့်အရည်အချင်းကို ဖွင့်ပြောထား တာပါဆရာ”

ဆိုတော့ ဆရာကြီးအတော်များများက နှစ်ချက် လောက်တော့ လိုက်နာဖို့ ချော့မော့ပြောကြပါတယ်။

(၁) လေ့လာပါ

(၂) စေတနာထားပါ

ဆိုတဲ့အချက်ပါ။ ဒါအကုန်ပါပဲ။ ကံချွန်ဆက်လည်း မလေ့လာဖြစ်ပါဘူး။ ဒီနှစ်ချက်နဲ့ပဲ ရပ်တည်နေတာပါ။ အလွန်ရှုပ်ထွေးများပြားတဲ့ စာပေအယူအဆ၊အတွေးအခေါ် မူဝါဒ၊ ရပ်တည်ချက်၊ ဖန်တီးမှု၊ ခံစားမှု၊ တစ်သားတည်းကျမှု၊ ခေတ်ပြိုင်၊ ခေတ်သစ်၊ ခေတ်လွန်ဆိုတာတွေကို တိတိပပ ခွဲခြမ်းစိတ်ဖြာပြီး မသိရိုးအမှန်ပါ။ ဒီလိုနဲ့ လုပ်စားရင်း အသက်ကြီးလာတော့ “ဆရာ” အခေါ်ခံရတဲ့ တန်းထဲရောက် လာပါတယ်။ရိုးရိုးသားသားဝန်ခံရရင်“ဆရာ” အသံကြားတာ နဲ့ ပီတိဖြစ်သလို လန့်မိတာလည်း တကယ်ပါ။

အချို့လူငယ်များကတော့ သေသေချာချာလေ့လာပြီး စနစ်တကျ လုပ်နေတာတွေရှိသလို ချက်ချင်းနာမည်ကြီးချင် လို့ ဘာမှ မလေ့လာဘဲ ဖြတ်လမ်းကလိုက်တာတွေလည်း ရှိပါတယ်။ အဲသလို ဖြတ်လမ်းက လိုက်ပြီး အချိန်တိုအတွင်း မှာ ထိပ်ဆုံးရောက်ချင်တဲ့အချို့ကတော့ ဈေးကွက်ဝင် အနု

ပညာကို ဖန်တီးဖို့ ကြိုးစားတော့တာပဲ။ ရောင်းအကောင်းဆုံး ဆိုတဲ့ဝတ္ထုတွေကိုဖတ်။ အဲသလိုမျိုး ဝတ္ထုမျိုးတွေကို ရေးဖို့ပေ့ါ။ လုံးချင်းစာအုပ် သုံးလေးအုပ်ထွက်ဖူးပြီးသား စာရေးဆရာမတစ်ယောက်နဲ့ကြုံဖူးပါတယ်။

"ညည်းက စာရေးဖို့အတွက် ဘယ်လိုတွေများ လေ့လာခဲ့သလဲပြောပါဦး"

"ကိုယ်ကြိုက်တဲ့စာတွေ ဖတ်ကြည့်ပြီးတော့ ရေးတာပါပဲ"

"ကောင်းတယ်။ ဒီလိုပဲ အတုယူကြရတာပဲ။ အတုယူတဲ့ အချက်အလက်ကလေးတွေ ပြောပြပါဦး"

"ပထမဦးဆုံး ဇာတ်ကောင်နာမည်ပေ့ါ။ အဲဒါဟာ ဆန်းရမယ်။ သစ်ရမယ်။ ဖတ်တဲ့သူအရင်က မကြားဖူးတာမျိုးဖြစ်ရမယ်။ အဲသလို နာမည်ရအောင် စကားလုံးတွေချရေးပြီး လျှောက်တွဲကြည့်လိုက်တာပဲ။"

"တွဲပြပါဦး"

"နေဝင်၊ မိုးချုပ်၊ ဆည်းဆာ၊ နေ၊ လ၊ မိုး၊ ဆောင်း၊ နွေ၊ လေ၊ မှုန်းတိုင်း၊ မိုးသက်လေဆိုတာမျိုးတွေရေးပြီး နေချုပ်တို့ ဆည်းဆာလေတို့ မှုန်းတိုင်းလေတို့ပေ့ါ။ ပြီးတော့ နာမည်ထားလေ့မရှိတဲ့စကားလုံးတွေကို နာမည်လုပ်တတ်ရတယ်။ ကြံစည်အောင်တို့ ထပ်ကျော့တို့ မယ်နော်တို့ဆိုတာမျိုးတွေပေ့ါ။

"ငါ့တူမနဲ့တွေ့ရတာ ဦးလေးအတွက် အများကြီး ပညာတိုးပါတယ်။ ဇာတ်လမ်းကိုတော့ ဘယ်လိုရှာသလဲ"

"နိုင်ငံခြားဗွီဒီယိုခွေတွေ ဗွီစီဒီတွေများများကြည့်ရမယ်။ ကြည့်ပြီးရင် အပိုတွေဖြုတ်၊ လိုတာပဲယူ လုပ်တတ်ရမယ်။ ကိုရီးယားဇာတ်လမ်းတွဲတွေဆို အလုပ်ခန်းတွေများနေတယ်။ ဒီတော့ မင်းသား၊ မင်းသမီး ချစ်ဖို့၊ ကြည်နူးဖို့၊ လွမ်းဖို့ဆိုတာတွေ နည်းကုန်တယ်။ ကိုယ်က ပြန်ရေးမယ်ဆိုရင် မင်းသား၊ မင်းသမီးအလုပ်လုပ်တဲ့အခန်းတွေ ဖြုတ်တတ်ရမယ်။ သူတို့ဘာလုပ်တယ်။ သူ့မိဘ ဘာလုပ်တယ်ဆိုတာ အဓိက မကျဘူးလေ"

"ကိုယ့်စာဖတ်သူအပေါ်ထားတဲ့ စေတနာလေးပြောပါဦး"

"ဟင်း ဟင်း ဦးကလည်း အင်တာဗျူးတွေ ဖတ်ကြည့်ပါဦး။ ပရိသတ်ကို ဘာပြောချင်သလဲဆိုရင် ကျွန်မကို အားပေးကြပါ။ စေတနာထားကြပါ။ မေတ္တာထားကြပါဆိုတာတွေပဲ တောင်းဆိုကြတာလေ"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ ကိုယ်ရေးမယ့်ဝတ္ထုအတွက် လက်တွေ့ဘဝထဲမှာ လေ့လာဖို့လိုတယ်ရော မထင်မိဘူးလား"

"အချစ်ဝတ္ထုရေးတာ လေ့လာဖို့ လိုလို့လား ဦးရဲ့"

"ဒီလိုလေ ဆရာဝန်နဲ့ ဆရာဝန်မ ချစ်သူဖြစ်ဖို့ စကား

ပြောတာ။ ဆိုက်ကားနင်းတဲ့ ကောင်လေးနဲ့ လမ်းဘေးဈေးသည်လေး ချစ်သူဖြစ်ဖို့ ကုမ္ပဏီပိုင်ရှင်သူဌေးလေးနဲ့ သူ့မန်နေဂျာကောင်မလေးချစ်သူဖြစ်ဖို့၊ ကားပွဲစားနဲ့ မြေပွဲစားရည်းစားဖြစ်ဖို့ ချစ်ရေးဆိုပုံချင်းတူပါ့မလား။ ဆရာဝန်ကြီးက မျက်စိတစ်ဖက်မှိတ်ပြတာနဲ့ ဆရာဝန်မကြီးက နှာခေါင်းလေးရှုံ့ပြပြီး လက်သန်းလေးထောင်ပြလိုက်တာနဲ့ ချစ်သူတွေဖြစ်သွားတယ်ဆို ဖွဲ့လိုက်ရပါ့မလား”

“အဲသလို ရေးရင် ခက်မှာပေါ့။ ဒါကြောင့် အချစ်ဝတ္ထုရေးတဲ့ဆီမှာ မင်းသား၊ မင်းသမီးရဲ့အလုပ်တွေ ဘဝတွေကို တတ်နိုင်သလောက်ဖုံးကွယ်ရေးရတာပေါ့။ ဒါမှ ဖွဲ့နွဲ့လို့ ချစ်လို့လွယ်မှာလေ”

“ဟုတ်ပြီ၊ ဟုတ်ပြီ။ သဘောပေါက်သွားပြီ။ ဦးလေးက ဒုရင်ကောက်တစ်လုံးတည်းသိတဲ့ သံချောင်းလို ဖြစ်နေတာကွယ့်။ ငါ့တူမကြီး တိုးတက်ပါစေဗျား”

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၁၄.၇.၂၀၀၃**

❖ ❖ ❖ ❖ ❖

# မင်းကွန်း သွားဖူးသလား

လူကြီးမင်းဟာ စွန့်စားမှုကို ဝါသနာပါပါသလား။ ပါရင် အကြံပြုပါရစေ။ စရိတ်ကျဉ်းကျဉ်းနဲ့ စွန့်စားမှုကိုပြုဖို့ အသင့်လျော်ဆုံးကတော့ မန္တလေးကနေ မင်းကွန်းကို မော်တော်စီးပြီး ဖြတ်ကူးဖို့ပဲ ဖြစ်ပါတယ်ခင်ဗျာ။ စွန့်စားလို့ ရင်ဖိုရတဲ့ အရသာကို ခံစားဖို့အတွက် ခါကာဘိုရာဇီထိသွားရမယ်ဆို ငွေရော အချိန်ရော အတော်ကုန်ပါတယ်။

လူကြီးမင်းဟာ မန္တလေးကနေ မင်းကွန်းကို မော်တော်စီးပြီး ဧရာဝတီမြစ်ဖြတ်ကူးလိုက်တာနဲ့ စွန့်စားမှုကို ဝါသနာပါသူမှန်း၊ စွန့်စားရဲသူဖြစ်မှန်း အများက အသိအမှတ်ပြုကြတော့မှာပါ။ မင်းကွန်းကို သွားမယ်ဆိုတာနဲ့ ပထမဆုံးစွန့်စားရမှာက စီးနင်းသင့်တဲ့ ခရီးသည်ရဲ့ နှစ်ဆတင်ထားတဲ့ မော်တော်ပေါ်ကို တက်ရဲဖို့ပါပဲ။ အဲသလိုတင်ထားတဲ့အတွက် ပြွတ်သွပ်ကျပ်ညှပ်နေလိမ့်မယ်မထင်ပါနဲ့။ ကမ်းက ခွာပြီးတာနဲ့ အမျိုးသားများအပေါ်ထပ်တက်လိုက တက်နိုင်ပြီ ဖြစ်ကြောင်းကို သဘောပေါက်နေတဲ့ သွားနေကျခရီးသည်များက တက်သွားကြမှာဖြစ်တဲ့အတွက် အသက်ရှူချောင်မှာသေချာပါတယ်။ ဆိပ်ကမ်းမှာ မထွက်ခင်က ဝမ်းဗိုက်ထဲမှာ သာစီးလို့ရတဲ့ မော်တော်ဟာ ဆိပ်ကမ်းကခွာပြီး ဝါးနှစ်ပြန်လောက်အရောက်မှာတော့ နှစ်ထပ်မော်တော်အဖြစ် ၁၁၀

ပြောင်း သွားတာပါပဲ။

ဒီမော်တော်များဟာ မော်တော်ကားများလို ပြေးဆွဲရန် သင့်မသင့်ဆိုပြီး နှစ်စဉ် အင်ဂျင်၏ကောင်းခြင်း၊ ဘော်ဒီ၏ ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းနှစ်ဖျာကို အစစ်ဆေးခံထားခြင်းမရှိတဲ့အတွက် ထိုကောင်းခြင်းနှစ်ဖြာဟာလူကြီးမင်းနဲ့ သက်ဆိုင်ချင်မှ သက်ဆိုင်ပါမယ်။ မြစ်လယ်မှာ စက်ပျက်တာကို ကံချွန်မကြာခဏကြုံဖူးပါတယ်။ဟိုအရင်က မင်းကွန်းပန်းချီပြခန်းများမှာ ပန်းချီကားတင်စဉ်က တစ်လမှာလေးငါးကြိမ်ကူးနေခဲ့ရဖူးလို့ပါ။ မြစ်လယ်မှာ မော်တော်စက်ပျက်ပြီဆိုရင် e-mail လိုင်းလို အရောက်မြန်ဆန်တဲ့ e-whistle (လေချွန်သံ) ကို ပေးလိုက်တာပါပဲ။ ဒါဆို ခရီးသည်များနားလည်ပါတယ်ခင်ဗျ။ လေချွန်သံလေးကြားလိုက်ရရင် . . . မောင်းခဲ့လိမ့်မယ် . . . သူလာမယ် . . . ပါပဲ။ ပါးစပ်ဆင့်ကမ်းပြီး စက်ပျက်နေတဲ့ သတင်းဟာ ဂိတ်ကို(ဆိပ်ကမ်း) ချက်ချင်း ရောက်သွားပါမယ်။ အဲသလို ရောက်တာနဲ့ မော်တော်တစ်စင်း ချက်ချင်းလွှတ်ပေးလိုက်မယ်လေ။ မော်တော်တစ်စင်းဟာ မြစ်ကြောင်းမှာ ခုတ်မောင်းရန် သင့်မသင့်ကို မော်တော်ဆရာက သူ့ဟာသူပြင်မရတဲ့အခါနဲ့ ဗိုက်ထဲကို ရေဝင်များတဲ့အခါ ပွဲ့လျက်လောက်နဲ့ အားကိုးလို့ မရတဲ့အခါမှ "မသင့်"လို့ ဆုံးဖြတ်ပြီး ပြင်တာပါ။ ကားများလိုလိုင်စင်မှ မပြရဘဲကိုး။

ဒါကြောင့် စက်ဆရာနဲ့ ပဲ့ကိုင်ဟာလည်း မင်းကွန်း မော်တော်အတွက်တော့ လိုင်စင်မလိုပါဘူး။ ဘတ်စ်ကားများ အတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်လုပ်ကိုင်ခွင့်ကို သူတို့ရဲ့ကျွမ်းကျင်မှု အသက်အရွယ်သတ်မှတ်ချက်ပြည့်စုံမှ ပေးပါတယ်။ လူပေါင်းများစွာရဲ့အသက်ကို သူ့လက်အပ် လိုက်ရမှာကိုး။ ခရီးသည်ပေါင်းများစွာရဲ့ အသက် အပ်ရတာ ချင်းတူပေမယ့် မော်တော်မောင်းဖို့အတွက်ကတော့ မြန်၊ ဖြေး (ဖြည်း)၊ ရပ် (Speed, Slow, Stop) အက်(စ)သုံးလုံး ပိုင်ရင် မောင်းလို့ရပါတယ်။ ပဲ့ကိုင် (မာလိန်မှူး)ဆိုတာ ကတော့ ကမ္ဘာ့အငယ်ဆုံးမာလိန်မှူးကို ရှာချင်တယ်ဆိုရင် မင်းကွန်းမော်တော်များမှာ လာရှာလိုက်ရင်တွေ့နိုင်ပါတယ်။ ဒါကတော့ ဂုဏ်ယူဖွယ်ပေါ့ခင်ဗျာ။ ဆယ်တစ်နှစ်၊ ဆယ်နှစ် ဝန်းကျင်ကလေးဟာ ပဲ့ကိုခြေထောက်နဲ့ ထိန်းနိုင်စွမ်းရှိပါ တယ်။ မော်တော်နောက်မြီးကနေ ရှေ့မှာ ဘာရှိသလဲဆိုတာ ခြေဖျားထောက်ကြည့်ရင်း ခြေတစ်ဖက်က ပဲ့ကို လိုသလို ကွေ့စေဖို့ ထိန်းထားတဲ့တန်းကို ခြေနဲ့ရွှေ့ပေးနေတာပါ။ စက်ကိုင်နဲ့ ပဲ့ကိုင်အတွက် လိုင်စင်လိုအပ်ပုံမရလို့နေမှာပေါ့ ခင်ဗျာ။ ရေထဲသွားနေတာဆိုတော့ ဆပ်ပရိုက်ချက်လိုက်လုပ် ဖို့လည်း ခက်ပါတယ်။

ကံချွန် မကြာခဏကူးနေရတုန်းက မော်တော်ခကိုပိုယူ ပြီး သတ်မှတ်တဲ့ လူဦးရေပဲတင်၊ အမြင်အရ ကျွမ်းကျင်သူ ဖြစ်ပေမယ့် အရွယ်၊ အတွေ့အကြုံရှိမယ့်အရွယ်တွေကပဲ

စက်ကိုင်တို့ ပဲ့ကိုင်တို့လုပ်တဲ့ မော်တော်မျိုးတွေ ပြေးစေချင်တဲ့ ဆန္ဒ ခဏခဏဖြစ်ပါတယ်။ လက်ထဲမှာ ငွေယားလေးများရှိလို့ကတော့ မော်တော်ကို စီးလုံးငှားပြီး ကူးဖူးပါတယ်။ တစ်ခါ တစ်လေတော့ လူချောင်ချောင် စီးချင်လို့ ဘယ်နှစ်ယောက်ရမှ ထွက်မှာလဲ မေးပြီး သုံးဆယ့်ငါးယောက်လို့ ပြောရင် မော်တော်ပေါ်ရောက်နှင့်တဲ့ ခရီးသည် ဆယ့်ငါးယောက် လောက်ရှိလို့ကတော့လိုတဲ့ နှစ်ဆယ်ယောက်တွက်ပေးမယ် ဗျာ ထွက်တော့ဆိုပြီး ကံချွန်တို့ တောင်းဆိုဖူးပါတယ်။ အဲသလို အခါမှာတော့ မော်တော်ဆရာက ကံချွန်တို့ဆီက ပိုက်ဆံယူ ပြီး ကွမ်းယာသွားဝယ်လိုက်ဦးမယ်နော်ဆိုပြီး ကမ်းပေါ်တက်သွားရော။ တော်တော်နဲ့ မပေါ်လာတော့ဘူး။ ဒါနဲ့ပဲ မော်တော်ပေါ်တက်လာတဲ့ ခရီးသည်က များများလိုက်လာတာ။ မော်တော်ပေါ် လူလေးဆယ် လောက်ရောက်မှ ပြန်လာ တော့တာ . . . ။

"ဘယ်သွားပြီး ကွမ်းယာဝယ်ရတာလဲ"

"ကမ်းပေါ်ပါ ရန်ကုန်ရထားဆိုက်တာ နောက်ကျလို့ ကြာသွားတာ"

"ဗျာ"

"ကွမ်းရွက်က ကုန်နေလို့ ပွဲရုံမှာ သွား ကွမ်းယူတဲ့လူက ရန်ကုန်ကွမ်းစောင့်ယူနေရတော့. . ."

"ဟုတ်ပြီ သဘောပေါက်ပြီ မော်တော်ထွက်ချိန်ဟာ မီးရထားဆိုက်ချိန်နဲ့ ဆက်စပ်နေကြောင်း ကျွန်တော် ဗဟုသုတ ရသွားပြီ"

အဲသလိုလည်း တွေ့ကြုံဖူးပါတယ်။ ဒါကြောင့် လိုနေတဲ့လူအတွက်ပိုပေးပြီး မော်တော်စီးမယ်ဆိုရင်ရန်ကုန်ရထားဆိုက်ပြီး မပြီး ပထမစုံစမ်းဖို့ မမေ့ပါနဲ့။

ဒါတွေကတော့ ကံချွန်ကြုံဖူးတဲ့ မန္တလေး-မင်းကွန်းခရီး အတွေ့အကြုံရဲ့ အချို့အဝက်ပါ။ အချိန်မီမှ ရောက်ပါ့မလား။ ရေလယ်မှာများ စက်ပျက်နေမှာလား။ မော်တော်နှုတ်ခမ်းက ရေအထက် လက်နှစ်လုံးပဲရှိတော့ပါလားဆိုတဲ့ ခံစားမှုတွေနဲ့အတူ ဖြတ်ကူးလိုက်တာ တစ်ဖက်ကမ်းရောက်မှ သက်ပြင်းချနိုင်ပါတယ်။ ကံချွန့်အတွက်တော့ မန္တလေး-မင်းကွန်းမော်တော်စီးရတာဟာ ဧရာမ စွန့်စားခန်းပါ။

လူကြီးမင်းအနေနဲ့ စွန့်စားရတာကို ဝါသနာပါတယ်။ စွန့်စားချင်တယ်ဆိုရင် . . .

"မင်းကွန်းသွားဖူးသလား . . .
မော်တော်စီးဖူးရဲ့လား . . .
အမိုးပေါ်ကိုတက်တက်
ဝမ်းထဲကို ဆင်းဆင်း
စက်ပျက်ရင် တာဝန်မယူဘူး
ရေစီးမှာ မျှောကာလိုက်မယ်
မင်းကွန်းသွားဖူးသလား . . .။

***ကံချွန်***

**ရွှေမန္တလေးဂျာနယ်** – ၂၁.၇.၂၀၀၇

❖ ❖ ❖ ❖ ❖

# မန္တလေးအငြိမ့် ဘယ်လဲ

မန္တလေးမှာ အငြိမ့်အဖွဲ့ပေါင်း သုံးဆယ်ကျော်ရှိခဲ့ရာက ဒီနေ့ ခြောက်ဖွဲ့လောက်ပဲရှိတော့တာ ဘာလို့လဲ။

ဒီနေ့ မန္တလေးအငြိမ့်များဟာ သရီးအင်ဝမ်းဖြစ်နေတာကို သတိထားမိပါတယ်။

ဇာတ် + စတိတ်ရှိုး + ကပွဲ အငြိမ့်ပါ။

တကယ်ဖြစ်တဲ့ ဖြစ်ရပ်တစ်ခု ပြောပြချင်တယ်။ ပြက်လုံးပြက်၊ မင်းသမီး,က။အော်ပရာပြဇာတ် စတိတ်ရှိုး မင်းသားမပါတဲ့ ဟိုးအရင်က အငြိမ့်မျိုးကြည့်ချင်တယ်။ ဘယ်လောက်ပေးရ ပေးရဆိုပြီး ပရိသတ်တစ်ဦးက တောင်းဆိုလို့ လူရွှင်တော် ဦးချစ်စရာ စီစဉ်ပေးလိုက်ရပါတယ်။ ရွှေမန္တလေးသတင်းဂျာနယ်ရဲ့ တာဝန်ခံ အယ်ဒီတာ ဆရာညိုထွန်းလူရဲ့အိမ်နဲ့ (တိုက်လို့ ပြောရင်လည်း ရပါတယ်။ အိမ်နဲ့ တိုက်စပ်ကြားပါ) မနီးမဝေးမှာပါ။

စိန်ကျော်ကွေ့က အလှူတစ်ခုမှာလည်း မင်းသမီး,က လူပြက်ပြက် အငြိမ်းမျိုးပဲကြည့်ချင်လို့ ဆိုတာနဲ့ ဦးချစ်စရာ ဦးဒီပါတို့ ကပေးခဲ့ရပါတယ်။ ဒီဖြစ်ရပ်မှန်နှစ်ခုကို အခြေခံပြီး ဆက်စဉ်းစားမိတာက . . .

ဒီနေ့ မန္တလေးအငြိမ့်ကို ကြည့်ချင်တဲ့ ပရိသတ်ဟာ ဆပ်ပြာလိုချင်တာနဲ့ ပရုပ်လုံးပါတွဲယူနေရသလို ဖြစ်နေပါ

တယ်။ စတိတ်ရှိုးတွေ ပြဇာတ်တွေ၊ မင်းသားကတွေပါ ကြည့်နေရတော့ ကိုယ်တကယ်ကြည့်ချင်တဲ့အငြိမ့် (အက+ဟာသ) ဟာ ပေးရတဲ့အချိန်ရဲ့ လေးပုံတစ်ပုံစာပဲကြည့်ရပါတော့တယ်။

ခုလို ဖြစ်ရတာဟာ အငြိမ့်စစ်စစ်အရသာပေါ်အောင် ကပြနိုင်တဲ့ပညာရှင်မရှိတော့လို့လား။ စတိတ်ရှိုးတွေထည့်လာတာဟာ အငြိမ့်ကို ကျားကန်ချင်လို့လား။

ဒီနေ့ အငြိမ့်တစ်ငြိမ့်ဖွဲ့စည်းတည်ထောင်မယ်ဆိုရင် လူ ၃၅ ယောက်အနည်းဆုံးရှိရမယ်လို့ သတ်မှတ်ထားပါသတဲ့။ လူ ၃၅ ယောက်မပြည့်ရင် အငြိမ့်ထောင်လို့မရဘူးလို့ ဆိုပါတယ်။တကယ်တော့ အငြိမ့်ဆိုတာ ၁၁ ယောက်နဲ့ စခဲ့တာပါ။ ပရိသတ်ကို အငြိမ့်အရသာအပြည့်အဝပေးနိုင်ဖို့ အဓိကပါ။ လူ ၂၀ နဲ့ပဲ ထူထောင် ထူထောင် လူ ၂၅ ယောက်နဲ့ပဲ ဖွဲ့ဖွဲ့ အော်ပရာနဲ့ စတိတ်ရှိုးမပါတဲ့ အငြိမ့်ကိုထောင်မယ်ဆိုရင် ဘာလို့ ခွင့်မပြုနိုင်ရမှာလဲ။ သဘင်အစည်းအရုံးအနေနဲ့ ဒီအချက်ကို စဉ်းစားသင့်ပါတယ်ခင်ဗျာ။ အနုပညာလုပ်ငန်းတွေမှာ စည်းကမ်းကို လူမှုပြဿနာ၊ စီးပွားရေးပြဿနာမျိုးတွေအတွက်သာ သတ်မှတ်ထားလို့ရပါမယ်။ အနုပညာဖန်တီးဖို့ကိစ္စမှာ သတ်မှတ်ဖို့ကျတော့ မရနိုင်ပါဘူး။ အငြိမ့်ဆိုရင် လူ ၃၅ ယောက်၊ ဆိုင်းဆိုရင် ၉ ယောက်၊ ကန္နားဆိုင်းဆိုရင် ၇ ယောက်ပြည့်မှ မှတ်ပုံတင်လို့ရမယ်လို့ ဆိုပါတယ်။

အဲဒီအချက်ဟာ စဉ်းစားစရာပါ။

လူ ၄၀ နဲ့ အငြိမ့်ဖွဲ့ထားပြီး ပညာရည်မပြည့်ဝရင် ပရိသတ်က လက်မခံပါဘူး။ လူ ၂၀ နဲ့ဖွဲ့ထားပေမယ့် သဘင်ပညာရည်ပြည့်ဝရင် ပရိသတ်က လက်ခံမှာပါ။ ကိုယ့်ဘက်မှာ အားနည်းချက်ရှိလို့ ကဏ္ဍစုံထည့်ပြီး ကချင်သူများ၊ ကကြပေါ့။ လူ့ရွှင်တော်နဲ့ မင်းသမီးရဲ့ ပညာကို ယုံကြည်လို့ ဆယ့်ငါးယောက်လောက်နဲ့ပဲ ထူထောင်ချင်သလား။ ထူထောင်ခွင့်ပေးသင့်ပါတယ်။

ဂီတအစည်းအရုံးက လုပ်နေတာကိုတော့ ကံချွန်သဘောကျပါတယ်။ လူ ၂၀၀ နဲ့ ဖွဲ့ဖွဲ့၊ လူနှစ်ယောက်တည်းနဲ့ပဲ ဖွဲ့ဖွဲ့၊ ပရိသတ်ရှေ့ဖြေဖျော်မယ်ဆိုရင် မှတ်ပုံတင်ပါ အစည်းအရုံးဝင်ပါဆိုတဲ့မူပဲ။ ပညာရှင်တွေအတွက်လည်း စိတ်အနှောင့်အယှက်မဖြစ်တော့ဘူး။ သဘင်အစည်းအရုံး အနေနဲ့လည်း အဲသလိုပဲ ဖြစ်သင့်ပါတယ်။

လူ ၃၅ ယောက်ပြည့်မှဆိုပြီး သတ်မှတ်လိုက်တဲ့အတွက် ပွဲငှားခ ဈေးကြီးသွားပါတယ်။ ဒါကြောင့် ငှားနိုင်သူနည်းသွားပါတယ်။ လက်လုပ်လက်စားရပ်ကွက်ရဲ့ ဘုရားပွဲတွေမှာ အငြိမ့်ကို မငှားနိုင်တော့ပါဘူး။ မင်္ဂလာဆောင်အောင်ပွဲ၊ အလှူအောင်ပွဲဆိုတာတွေမှာလည်း အငြိမ့်ကို မတွေ့ရတော့ပါဘူး။ ဥပမာတစ်ခု ထပ်တင်ပြပါဦးမယ်။

အလေးအနက်ပြောချင်တာက ရှိနေတဲ့ အခွင့်အရေး

ကို ပိတ်ပင်စေချင်လို့ မဟုတ်ပါဘူး။ နောက်ထပ်အခွင့်အရေးတွေ တိုးချဲ့ပြီးပေးစေ့ချင်လို့ပါ။

ဒီနေ့ ဂီတအဖွဲ့များနဲ့တွဲဖက်ပြီး လူရွှင်တော်နဲ့ မင်းသမီးများ ပူးတွဲဖြေဖျော်နေတာတွေရှိပါတယ်။ မင်္ဂလာပွဲတွေမှာ အများဆုံးတွေ့ရပါတယ်။ အငြိမ့်ခန်း အလှည့်ကျပြီမို့ဆိုပြီး ကြေညာတာပါပဲ။ ဒါဟာ စဉ်းစားစရာပါ။ အဆို အကဟာသ ပေါင်းရင် အငြိမ့်ပါပဲ။ လူ ၃၅ ယောက်မပြည့်လို့ အငြိမ့်မဟုတ်ဘူးလို့ ပြောမှာလား။ တီးဝိုင်း + လူပြက် + မင်းသမီး = အငြိမ့်ပါ။

မန္တလေးအငြိမ့်တွေ ဖွံ့ဖြိုးစေချင်ရင် လျော့နည်းသွားရတဲ့အကြောင်းရင်းတွေကို စဉ်းစားစေချင်ပါတယ်။လျော့နည်းရတဲ့ အကြောင်းရင်းများစွာထဲမှာ သဘင်အစည်းအရုံးနဲ့ ပညာရှင်များဘက်က ပြုပြင်ဖြေရှင်းသင့်တာတွေ ပြုပြင်မယ်၊ ဖြေရှင်းမယ်ဆိုရင် မန္တလေးအငြိမ့်ဟာ ပြန်လည် စည်ပင်လာမှာပါ။ အငြိမ့်ငှားရတဲ့ ဈေးနှုန်းသက်သာမယ်ဆိုရင် အငြိမ့်ငှားသူ များလာမှာပါပဲ။ အဲသလိုများလာဖို့အတွက်၊ ဈေးနှုန်းသက်သာဖို့အတွက် ကွင်းဆက်ကတော့ အငြိမ့်ဖွဲ့စည်း တည်ထောင်ရတဲ့ အရင်းအနှီးတွေလျှော့ချရမှာပါ။ အငြိမ့်ဆိုပြီး ဇာတ်ကြီးတစ်ဖွဲ့နီးပါးလူအင်အား၊ ပစ္စည်းအင်အားသုံးနေရတော့ အငြိမ့်ငှားခဟာ ဇာတ်ငှားခနဲ့အပြိုင်ဖြစ်နေတော့တာပေါ့။

ဟိုးအရင်အသက်ကြီး အငြိမ့်ဆိုတာမျိုး ဒီနေ့ဖွဲ့သင့်ပါတယ်။ အငြိမ့်အရေအတွက်နည်းသွားလို့ စင်အောက်ရောက်နေတဲ့ ပညာရှင်တွေအများကြီးရှိပါတယ်။ အဖွဲ့သားလျှော့ပြီး ရှေးပုံစံကမယ့် အငြိမ့်မျိုးကို တမ်းတနေတဲ့ ပရိသတ်အများကြီးရှိပါတယ်။ ခုလိုပြောလို့ အဖွဲ့သား ၃၅ ယောက်အငြိမ့်တွေ ဖျက်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ မဖျက်ပါနဲ့။ ပရိသတ်နှစ်သက်ရာ ရွေးချယ်အားပေးကြပါလိမ့်မယ်။ အငြိမ့်ဆိုတာ အဖွဲ့သား ၃၅ ယောက်ရှိရမယ်လို့ သတ်မှတ်တာကြီးက တွေးကြည့်ရင် တော်တော်ကြောင်စီစီနိုင်ပါတယ်။

ရုပ်ရှင်တစ်ကားရိုက်ရင် အနည်းဆုံးသရုပ်ဆောင် အယောက် ၂၀ ပါရမယ်။ ဒါမှမဟုတ် အယောက် ၃၀ပါရမယ်လို့ သတ်မှတ်ရင် ဖြစ်ပါ့မလား။ လူ ၂၀၀-၃၀၀ပါချင်ပါမယ်။ ၂၀၀၀ - ၃၀၀၀ ဖြစ်ချင်ဖြစ်မယ်။ နှစ်ယောက်သုံးယောက်ပဲ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ဂီတဝိုင်းတွေမှာလည်း အဲသလိုပါပဲ။ နှစ်ယောက်သုံးယောက် ဖြစ်ချင်ဖြစ်မယ်။ နှစ်ရာသုံးရာဖြစ်ချင်ဖြစ်မယ်။ သဘင်အနုပညာကျမှ ဇာတ်ဆိုလူဘယ်လောက်၊ ဆိုင်းဆို ဘယ်လောက် သက်မှတ်တာဟာ စဉ်းစားလို့မရပါဘူး။ လွတ်လပ်ခွင့်ရှိသင့်ပါတယ်။ ဒီနေ့ရိုးရာကို ထိန်းသိမ်းလိုတဲ့ ပညာရှင်များအငြိမ့်အရသာစစ်စစ်ပေးလိုတဲ့ ပညာရှင်များရှိသလို ရိုးရာပုံစံအငြိမ့်နဲ့ အရသာခံစားချင်သူများလည်း ရှိပါတယ်ခင်ဗျ။

မန္တလေးအငြိမ့်ဆိုတာ နာမည်ပဲရှိပါတော့တယ်။ အငြိမ့်အဖွဲ့သုံးဆယ်ကျော်ကနေ ခြောက်ဖွဲ့လောက်သာရှိတော့တဲ့အကြောင်းအရင်းကို အဖြေရှာကြပါဦး။ ထောင့်စုံက ရှာရမှာပါ။ အကြောင်းရင်းတွေ အများကြီးရှိတဲ့အထဲမှာ ပညာရှင်ပိုင်း၊ ဖွဲ့စည်းပုံဖော်တဲ့အပိုင်းကနေ ဖြေရှင်းလို့ရတဲ့ အားနည်းချက်တွေကို ပထမပြုပြင်လိုက်ကြမယ်ဆိုရင် . . .

အဖွဲ့အစည်းအရေအတွက် တိုးလာပါလိမ့်မယ်။ စင်အောက်ရောက်နေတဲ့ ပညာရှင်များအလုပ်ဖြစ်လာပါမယ်။ အငြိမ့်ငှားခ ဈေးတွေ ကျလာနိုင်ပါမယ်။ စဉ်းစားကြည့်ပါဦးမယ်။

***ဂဲချွန်***

**ရွှေမန္တလေးဂျာနယ် – ၂၈.၇.၂၀၀၇**

❖ ❖ ❖ ❖ ❖

# ဖိုက် ဖိုး သရီး တူး ဝမ်း ဂိုး

ကံချွန်ရဲ့မျက်လုံးအစုံ ပြူးကနဲ ပြဲကနဲ ဖြစ်သွားတယ် ခင်ဗျ။ ကိုရီးယားဇာတ်ညွှန်းကို မြန်မာသရုပ်ဆောင်တွေနဲ့ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ဖို့ I &G - I TER O AL o., d.က စီစဉ်နေတယ်ဆိုတဲ့သတင်း ဖတ်လိုက်ရလို့ပါ။ ၂၀၀၃ ခုနှစ်၊ ဇူလိုင် (၁၁) ရက်ထုတ် ကုမုဒြာဂျာနယ် စာမျက်နှာ ၃ မှာပေ့ါခင်ဗျာ။ ဇာတ်ညွှန်းရေးပြီး ယူခဲ့ဖို့ ကိုရီးယားကို မှာထားပြီးဖြစ်တဲ့အတွက် မကြာခင်မှာ စတင်ရိုက်ကူးဖြစ်မယ်လို့ သတင်းက ဆိုပါတယ်။

ဇာတ်ညွှန်းရောက်လာရင်တော့ လေ့လာခွင့်ရရင် လေ့လာချင်ပါသေးတယ်။ ကံချွန်တို့ဆီက ဇာတ်ညွှန်းများလို ပါးပါးလေးလုပ်တာလား။ ပါးပါးလေးတွေ ထပ်လိုက်တော့ ထူသွားမှာလား။မထူဘဲ ပါးလွန်းအားကြီးပြီး အပေါက်အပြဲတွေ ဖြစ်နေမှာလား။ အဲဒီဇာတ်ညွှန်းဆိုသဟာကို ရိုက်ညွှန်းဆိုပြီး ပြန်ရေးကြရဦးမှာလား။ အဲဒီထဲက စကားပြောခန်းတွေအတွက် ထပ်အပ်ရဦးမှာလား။ ဇာတ်ကွက် အားပြုသလား။ ဇာတ်လမ်းအားပြုသလား။ အပြောအားပြုသလား။ အပြအားပြုသလား။ အရိုးဆုံးသည် အဆန်းဆုံးဖြစ်၏ဆိုတဲ့ ဇာတ်ညွှန်းမျိုးလား။ ဆန်းအောင်လို့လုပ်ရင်း မဆန်းလာဘဲ "အီ"နေတဲ့ ဇာတ်ညွှန်းမျိုးလား။ ကွဲကွဲပြားပြားသိရအောင်

ခွဲခြားပြီး လေ့လာပါဦးမယ်ခင်ဗျ။

ရိုက်ကူးတဲ့ဆီမှာတော့ ကိုရီးယားဒါရိုက်တာနဲ့ မြန်မာဒါရိုက်တာ ပူးတွဲရိုက်ကူးမယ်ဆိုပဲ။ ဒီအချက်ဟာလည်း စိတ်ဝင်စားစရာကောင်းပါတယ်။

သရုပ်ဆောင်များကို သင်ပြပြီး စီစဉ်ညွှန်ကြားမှာလား။ ဆွေးနွေးညှိနှိုင်းပြီး

"ဒီလိုလေးရိုက်လိုက်ရရင် ဘယ်နှယ့်လဲ"

"ဟိုလိုလေးရိုက်ပါလား"

"အဲသလိုက ပိုကောင်းမယ်" ဆိုတဲ့ မြန်မာမင်းသား၊ မင်းသမီးများရဲ့ သဘောထားကို တောင်းခံတဲ့နည်းနဲ့ ရိုက်ကူးမှာလားဆိုတာ ကံချွန်တို့ လေ့လာအကဲခတ်ခွင့်ရတော့မှာဖြစ်ပါတယ်။ ကိုရီးယားရဲ့ ရုပ်ရှင်အနုပညာကိုတော့ အင်လာဂျာ (Enlarger) အောက်သွင်းပြီး ပုံကြီးချဲ့ပြဖို့ မလိုတော့ဘူးထင်ပါရဲ့။ သူတို့ရဲ့ အနုပညာဩဇာကြီးမားကျယ်ပြန့်လာပုံကို လေ့လာချင်ရင် ဒီနေ့ (Top Ten) စာရင်းဝင် ယိုစုံထုပ်တွေကို မျက်စောင်းထိုးကြည့်လိုက်ရုံပါပဲ။ ဇီး (ဆီး) ယိုချင်းအတူတူ ဂျင်ဆန်းမီလေး ပြုံးနေတဲ့ပုံနဲ့ ဆန်းမီယိုစုံက ထိပ်ဆုံးမှာပါ။ ကံချွန်တို့ အိမ်နံရံပေါ်မှာလည်း ဟွန်ချူးတို့ ဟန်ထယ်စောက်တို့က နေရာယူသွားပါပြီ။ သူတို့နဲ့ယှဉ်ပြီး ဧည့်ခန်းနံရံမှာ နေရာယူထားနိုင်တာဆိုလို့ ရာဇာနေဝင်းပဲရှိပါသေးတယ်။

ကိုရီးယားမင်းသား၊ မင်းသမီးလေးများကို နိုင်ငံတကာ

ပရိသတ်လက်ခံလာအောင်ထိ ရိုက်ကူးတင်ဆက်နိုင်တဲ့ ဒါရိုက်တာများရဲ့ပညာကိုလည်း ကံချွန်တို့ မကြာခင်လေ့လာ ခွင့်ရပါတော့မယ်။ ဝမ်းသာစရာပေါ့ခင်ဗျာ။ ကိုရီးယားဒါရိုက်တာနဲ့ တွဲဖက်ရိုက်ကူးမယ့် မြန်မာဒါရိုက်တာရဲ့အမည်ကိုတော့ ဖော်ပြခြင်းမရှိသေးပါဘူး။

သရုပ်ဆောင်တွေကိုလည်း ဖြစ်နိုင်ရင်တက်သစ်စတွေ အသစ်တွေနဲ့ပဲ ရိုက်ချင်တယ်လို့ ဆိုပါတယ်။ ကြားရတာနဲ့ တင် ကြည်နူးလိုက်တာ ခင်ဗျာ။ အသစ်တို့ တက်သစ်စတို့ ဆိုတာကို မရှိသုံး၊ အဖြည့်ခံသုံး အရေးမပါတဲ့ နေရာမှာပဲ စမ်းသုံးဖို့လို့ အချို့က ထင်နေကြချိန်မှာ I &G ကုမ္ပဏီက မျက်စိကျတာက တက်သစ်စတွေနဲ့ အသစ်တွေဆိုတဲ့ စကား ကြားရတော့ ပီတိဖြစ်မိတာအမှန်ပါ။ သရုပ်ဆောင်အသစ် ကလေးတွေဆီမှာက ရိုးသားမှုနဲ့ အိုဗာတွေလွှန်လွှန်ကဲကဲ တွေ မပါတာတော့ ကံချွန်လည်း သတိထားမိပါတယ်။ ပညာရှင် မျက်စိနဲ့ မဟုတ်ပါဘူးခင်ဗျ။ ခံစားသူ မျက်စိနဲ့ပါ။ အဲဒီ သတင်းဟာ ဖတ်လေ စိတ်ဝင်စားဖို့ကောင်းလေပါပဲ။ ဆက်ဖတ်ကြည့်တော့ ဒီက နာမည်ကြီး မင်းသား၊ မင်းသမီးတွေကလည်း လာမယ့်နှစ်နှစ်လောက်အထိ ရိုက်ရက်တွေ ပြည့်နေတယ်လို့ ဆိုပါတယ်။ ဒီအတွက်လည်း မုဒိတာပွားမိပါတယ်။ မြန်မာ့နာမည်ကြီးများဟာ ကတိကို လေးစားသူများ ဖြစ်မယ်လို့ ယုံပါတယ်။ မအားဘူးဆိုရင် မအားဘူးဘဲ။ ဂုဏ်

ယူပါတယ်။ မလျှော့လိုက်ကြပါနဲ့။

အဲသလို စူပါများ ရိုက်ရက်ကျပ်နေတဲ့အတွက် အသစ်ကလေးများ၊ တက်သစ်စလေးများနဲ့ ရိုက်ကူးရမယ့် ခံစားမှုကိုလည်း သတင်းထဲမှာ တွေ့ရတယ်ခင်ဗျ။ အဲဒါကတော့ . . . ။

ဒါရိုက်တာရဲ့ အရည်အချင်းပေါ် လွှင်အောင်ပြချင်တာကြောင့်လည်း အသစ်တွေကို ဦးစားပေးသုံးချင်တာ . . .

လို့ ဆိုပါတယ်။ တက်သစ်စ မြန်မာသရုပ်ဆောင်လေးများ မျက်နှာသစ်သရုပ်ဆောင်များကို အသုံးပြုပြီး ရိုက်ကူးမယ်ဆိုတာ မျက်နှာသစ်ကလေးများရဲ့ အရည်အသွေးကို ဖော်ထုတ်နိုင်မယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်ထားတဲ့ သဘောပါပဲ။ ကြိုတင်လေးစားဖို့ကောင်းတဲ့ အချက်ပါပဲခင်ဗျာ။

မြန်မာ့ရုပ်ရှင်လောကမှာ ရှိနေတဲ့အစွဲကို ချွတ်ပေးနိုင်စွမ်းရှိမယ်လို့ ထင်ပါတယ်။ "သရုပ်ဆောင် အသစ်သုံးမယ်ဆိုတာ ပိုက်ဆံအရင်းအနှီးကြောင့် မဟုတ်ပါဘူး။ နာမည်ကြီးတွေမှဆိုတဲ့ အစွဲမရှိစေချင်ဘူး။ ဒါရိုက်တာရဲ့အရည်အချင်းလည်း ပေါ်အောင်လို့ပါ"

ဆိုပြီး အလေးအနက်ပြောထားပါတယ်။ ဒီကိစ္စဟာလည်း မြန်မာဒါရိုက်တာကြီးအချို့ မြန်မာထုတ်လုပ်သူအချို့ ပြောနေကျစကားပါ။ အနုပညာတစ်ရပ်ဖန်တီးဖို့ထက် ဈေးခေါ် လက်ဖွဲ့စူပါတွေက ငွေအရင်းအနှီးများများနဲ့ လုပ်ရတဲ့

လုပ်ငန်းမှာ ဩဇာကြီးထွားလာတာကြောပါပြီ ခင်ဗျ။ ထုတ်လုပ်သူ အတော်များများကလည်း ငွေရှာဖို့အတွက် စူပါများဩဇာကို မလွန်ဆန်နိုင်ခဲ့ကြပါဘူး။ ဒီလို အခြေအနေကို စိတ်ပျက်နေတဲ့ မြန်မာဒါရိုက်တာကြီးများ မြန်မာထုတ်လုပ်သူများ ရှိပါတယ်။

ဘာပဲပြောပြောပေါ့။ ခု ၊ &G ကုမ္ပဏီက လုပ်မယ့်ပုံစံဟာ ကံချွန်တို့ လက်ခုပ်တီးကြိုဆိုရမယ့်ပုံစံပါ။

တက်သစ်စသရုပ်ဆောင် မျက်နှာသစ်များနဲ့ရိုက်မယ်၊ ဒါရိုက်တာရဲ့ အရည်အချင်းပေါ် လွင်စေ့ချင်လို့ ဇာတ်ညွှန်းနဲ့ ဒါရိုက်တာရဲ့အရေးပါမှုကို မီးမောင်းထိုးပြတဲ့ လုပ်ရပ်ဖြစ်လို့ . . . ။

"ရယ်ဒီ . . . ဖိုက် ဖိုး သရီး တူး ဝမ်း ဂိုး . . . "

*ကံချွန်*

**ရွှေဗန္ဓုလေးဂျာနယ် – ၄.၈.၂၀၀၇**

❖ ❖ ❖ ❖ ❖

# အသက် (၅၀) ကျော်တောင်
# IT နဲ့ဖြင့် ဝေးမယ်မထင်ပေါင်

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့ထုတ်၊ ရွှေမန္တလေး ဂျာနယ်ထဲက၊ စာမျက်နှာ ၁၁ မှာပါတဲ့ IT ခေတ်ကြီးထဲကို ဝင်လိုသူများအတွက်ဆိုတဲ့ သတင်းကိုဖတ်ပြီး ကံချွန်ရဲ့ အတွေးတွေ ဘရိတ်အုပ်လို့ မရဘူးဖြစ်သွားတယ်။ အဲဒီ သတင်းထဲက ကံချွန်ရဲ့အတွေးကို ကိုင်လှုပ်လိုက်တဲ့စာ ကြောင်းကတော့ . . .

IT နည်းပညာကို လူငယ်များအား ပိုမိုထိရောက်စွာ ဖြန့်ဝေနိုင်ရေး၊ လုပ်ငန်းရှင်များအနေနှင့် IT ၏ အကျိုး ကျေးဇူးကို ပိုမိုသိမြင်ခံစားလာစေရေး . . ဆိုတဲ့ စာကြောင်း ပါခင်ဗျ။ ခုလိုပြောလိုက်တော့ . . .

"ဟဲ့ ကံချွန် နင်က လူငယ်လူရွယ်လား။ ဆံပင်နက်နေ တာက ဆိုးဆေးကူထားလို့ဟဲ့။ ဇန်မြင့်နဲ့ ကိုထွန်း လမ်း (၈၀) တို့က အစ်ကိုကြီးခေါ်တာ အဟုတ်မှတ်မနေနဲ့။ ဟိုက ဦးလေး ခေါ်ရမှာ အားနာလို့။ ပြီးတော့ ဗိုက်တီးပြီး မြှောက်ပေး ရင် လူသိမှာစိုးလို့ အစ်ကိုကြီး ခေါ်ပြီး မြှောက်ပေးနေတာ။ နင်သိရဲ့လား။"

ဆိုပြီး မေးဖို့ စိတ်မကူးပါနဲ့ခင်ဗျာ။ ကံချွန်သိပါတယ်။ အသက် (၅၀) ကျော်တာ ကြာပါပြီ။ မေ့မေ့ပျောက်ပျောက်

နေထားတာပါ။ အခွင့်အရေးရမယ်ဆိုရင်တော့ အသက်ကို စာရင်းမှန်ပြပါတယ်။ အလျှုမင်္ဂလာတွေမှာ လက်ဖက်ပွဲရှေ့ ထိုင်ရမယ့်အခါမျိုးပေါ့ခင်ဗျာ။ ကံချွန်က အသက်ငါးဆယ် ကျော်ပေမယ့် သက်ကြီးရွယ်အိုအဆင့်ကို တော်တော်နဲ့ ရောက်မှာမဟုတ်ပါဘူး။ သက်ကြီးရွယ်ပျိုအဆင့်မှာတင် နှစ် သုံးဆယ်ထက်မနည်းနေရဦးမှာပါ။အသက်က သူ့ဟာသူကြီး နေတာပဲ။ စိတ်က မအိုပါဘူး။ အသက်ကြီးလာလို့ အတွေ့ အကြုံများလာတယ်။ အတွေ့အကြုံတွေထဲက အသိတွေယူ တတ်မယ်ဆိုရင် ကိုယ်သိသလောက် အလုပ်တွေများများ လုပ်နိုင်ဖို့ လူကြီးတွေအတွက် ပိုလိုတာပေါ့။ လုပ်သင့်လုပ် ထိုက်တဲ့ စီးပွားရေး၊ လူမှုရေး၊ အနုပညာရေး အလုပ်တွေကို လူငယ်တစ်ယောက်လို ဖျတ်လတ်သွက်လက်မှုမျိုးနဲ့ ထိထိ ရောက်ရောက်၊ တွင်တွင်ကျယ်ကျယ် အချိန်တိုအတွင်းမှာ အများကြီးလုပ်ချင်လာတယ်။

ဒါကတော့ ငါးဆယ်ကျော်တစ်ယောက်ရဲ့ ဆန္ဒပေါ့။

အဲဒီဆန္ဒကြောင့် 'T' ခေတ်ကြီးထဲကို ဝင်လိုသူများ အတွက်ဆိုတဲ့ သတင်းကိုဖတ်ပြီး ကံချွန်ရဲ့အတွေးအာရုံတွေ လှုပ်ခါသွားရတာပါ။ ဒါနဲ့ . . . ဖါတ်ပုံ ညောင်ဦးသန်းဌေးဆီ ကို ဖုန်းဆက်တယ်။

“ကိုသန်းဌေး”

“ပြော အစ်ကို။ ဘာကိစ္စရှိလို့ ညကြီးမိုးချုပ်ဖုန်းဆက်ရ

တာလဲ။ လွှမ်းလို့တော့ မဖြစ်နိုင်ဘူး။ ယောကျ်ားချင်း လွှမ်းမယ့် ဟာကြီး မဟုတ်ဘူး”

“ဒီမှာ စကားလုံးတိုင်း တန်ဖိုးရှိတယ်။ တစ်မိနစ်မှာ နှစ်ဆယ်ငါးကျပ်ပေးပြောနေရတာ။ အိုင်တီရဲ့ အနက်ကို သိချင်လို့။သာမန် အရပ်သားနားလည်အောင် ရှင်းပြပေးစမ်းပါ။”

“အရေးကြီးသလား”

“ကြီးတယ်။ ဆောင်းပါးရေးမလို့”

“နေဦး။ ကျွန်တော့်သား ရှိတယ်”

ဖုန်းလက်ဆင့်ကမ်းပြီး ဇင်မင်းလက်ရောက်သွားပါတယ်။ ဇင်မင်းက Myanmar Times မှာ လုပ်တယ်။ သူ့သားကြီး -

“ဦး- ပြော။ ဘာကိစ္စလဲ”

“အိုင်တီရဲ့ အဓိပ္ပာယ်ကို အရပ်သားနားလည်အောင် ပြောပြစမ်းပါ”

“အင်ဖော်မေးရှင်း တက္ကနော်လော်ဂျီ။ အဆင့်မြင့် နည်းပညာပေါ့။ အရင်ကရှိတဲ့ ဆက်သွယ်ရေးတွေက ဖုန်းဆိုရင် အသံနဲ့ဆက်သွယ်တာ။ ကြေးနန်းဆိုရင် စာနဲ့ဆက်သွယ်တာ။ တီဗီကျတော့ အရုပ်ရော၊ အသံရောပါလာပြီ။ အိုင်တီမှာကတော့ အဲဒီ အရည်အသွေးတွေအားလုံးပေါင်းထားတဲ့ ဆက်သွယ်ရေး အဆင့်မြင့်နည်းပညာပေါ့။ လူတစ်ယောက်

ကြုံဆုံနိုင်တဲ့ ကိစ္စ၊သိချင်တဲ့အချက်အလက်အားလုံး ချက်ချင်းသိအောင် လုပ်ပေးနိုင်တယ်။ အခြားလူတွေသိအောင်ဖြန့်ချင်လည်း ရတယ်။ အကြမ်းသဘောဆိုရင်တော့ အဲသလိုပြောရမှာပဲ”

“ရပြီ အဲသလောက်ဆိုရင် ဆော့ဖ်ဝဲလ် ဆိုတာဘာလဲ။ တိုက်ရိုက်ဘာပြန်မလိုချင်ဘူး။ ပညာရှင်တွေ သိထားတာမျိုးမဟုတ်ဘူး။ သာမန်လူတွေသိအောင် ရှင်းပြရမယ်ဆိုရင်”

“ဆော့ဖ်ဝဲလ် ဆိုတာ အပျော့ထည်ပေါ့။ ဒီလို ဦးကံ။ ကွန်ပျူတာမှာ နှစ်ပိုင်းရှိတယ်။ ထိကိုင်လို့ရတဲ့ အရာတွေအားလုံးက ဟတ်(ဒ)ဝဲလ်။ ထိကိုင်လို့မရတဲ့အရာတွေက ဆော့ဖ်ဝဲ။ကွန်ပြူတာကဖန်တီးပေးမယ့် အရည်အချင်းတွေ။ စွမ်းရည်တွေပေါ့။ တကယ်တော့ အဲဒီစွမ်းရည်တွေကို လူက သင်ပေးလိုက်ရတာ။ ထည့်ပေးလိုက်ရတာ။ လုပ်ငန်းလိုက်လို့ အံဝင်မယ့် ဆော့ဖ်ဝဲလ်တွေကို လုပ်ပေးလိုက်ရင် သူ့လုပ်ငန်းဟာ အကောင်အထည်ဖော်ရတာ လုပ်ရတာ ထိရောက်မယ်။ မြန်မယ်။ တိကျမယ်ပေါ့။ ကျွန်တော်က ဖေဖေ့အတွက် ခါတ်ပုံနဲ့ပတ်သက်တဲ့ ဆော့ဖ်ဝဲလ် လုပ်ပေးမယ်ဆိုရင် ရှုခင်းတွေက ဖလင်နံပါတ်ဘယ်လောက်ထဲမှာရှိတယ်။ ပုဂံဆို ဖိုင်နံပါတ်ဘယ်လောက်။ အင်းလေးပုံဆို ဖိုင်ဘယ်နံပါဘယ်

နံပါတ်ထဲမှာ ဆိုတာမျိုး ချက်ချင်းရှာပေးလို့ရမယ်။ အဲသလိုပဲ လုပ်ငန်းတိုင်းမှာ ကိုယ့်လုပ်ငန်းနဲ့ အံဝင်အောင် ဆော့ဖ်ဝဲလ်တွေရေးပြီး အသုံးပြုရင် လုပ်ငန်းတွေ ပိုပြီး မြန်ဆန်တွင်ကျယ်တာပေါ့။ အချိန်ကို ထိုက်ထိုက်တန်တန်ပြည့်ပြည့်ဝဝ သုံးနိုင်တာပေါ့။ ဦးဆိုရင် ကာတွန်းရုပ်ရှင်နဲ့ပတ်သက်တာ ဦးဖြစ်ချင်တဲ့ ဆော့ဖ်ဝဲလ်လုပ်လို့ရတယ်"

"ဆော့ဖ်ဝဲလ် လုပ်ပေးနေတဲ့ တို့ဆီက ပညာရှင်တွေ ဘယ်အရွယ်များသလဲ"

"၃၀ အောက်များပါတယ်။ ဒီနေ့ မြန်မာဗီဒီယိုရုပ်ရှင် စာတန်းထိုးတွေဟာ ဒီကလုပ်တဲ့ ဆော့ဖ်ဝဲလ်တွေ အသုံးပြုနေကြတာပဲ။ ဆော့ဖ်ဝဲလ်ဟာ တီထွင်မှု မဆုံးသောပညာပဲ။ စိတ်ကူးဉာဏ်ရှိရင် ရှိသလောက်တီထွင်လို့ရတယ်။ သူရဲ့ ဝါသနာအာရုံစူးစိုက်မှုက အဓိကပဲ။ လုပ်ငန်းရှင်တွေသာ ကိုယ့်လုပ်ငန်းအတွက် ဆော့ဖ်ဝဲလ်တွေကို စနစ်တကျသုံးတတ်ရင် သုံးလာကြရင် လုပ်ငန်းတိုးတက်မှု မြန်မှာတော့ သေချာတာပေါ့"

"သာမန်လူတွေကို အသိပေးသင့်တဲ့ သုတ တစ်ခုခု ပြောပြစမ်းပါဦး။ ကွန်ပျူတာနဲ့ပတ်သက်လို့ပေါ့"

"ကျွန်တော်တို့ဒီမှာက ကွန်ပျူတာကို စာစီ စာရိုက်အ

တွက်လောက်ပဲ အသုံးများကြတာပါ။ တကယ်တော့ သူ့မှာရှိတဲ့ လုပ်ပေးနိုင်တဲ့ စွမ်းရည်တွေကို ထိုက်ထိုက်တန်တန် အသုံးချသူ သိပ်နည်းနေသေးတယ်။ ကွန်ပျူတာဆိုတာ ခိုင်းလို့ အလွန်ကောင်းတဲ့ပစ္စည်းပါ။ ဘာတွေခိုင်းလို့ရတယ်။ ဘယ်လိုခိုင်းရမယ်ဆိုတာ လေ့လာကြည့်ဖို့ကောင်းတယ်"

"ကဲ ကဲ တစ်ခုမေးပါဦးမယ်"

"တစ်ပုဒ်စာ မပြည့်သေးဘူးလား ဦး"

"ကုသိုလ်ရပါတယ် ငါ့တူရယ်။ ဒီတစ်ခုတော့ဖြေပါဦး။ ကွန်ပျူတာနဲ့ ပတ်သက်တာတွေ လေ့လာသင်ကြားချင်တယ်ဆိုရင် ကျောင်းသင်စာ အခြေခံဘယ်အတန်းလောက်ထိ တတ်ဖို့လိုသလဲ"

"သီးခြားစီ ဦး။ ကွန်ပျူတာကို စိတ်ဝင်စားရင် အလယ်တန်းဆင့်လောက် သင်ဖူးတယ်ဆို လေ့လာသင်ကြားလို့ရတာပါပဲ။ ကွန်ပျူတာအပေါ်မှာ သူစိတ်ဝင်စားမှုရှိရင် ရှိသလောက် တတ်သွားမှာပဲ။ ကျွမ်းဝင်သွားမှာပဲ"

"ကျေးဇူးပဲ"

အလယ်တန်း၊ အထက်တန်းဆင့်ကနေ ကျောင်းထွက်ပြီး စီးပွားရေးလောက ဝင်သွားတဲ့ ရောက်နေတဲ့ လူငယ်လူလတ်၊ လူကြီးတွေအတွက် ဝမ်းသာစရာသတင်းစကားပါ။

ကွန်ပျူတာဆိုတာ လူတွေအတွက် “အသုံးချ” ပစ္စည်းပါ။
လုပ်ငန်းတိုးတက်ဖို့အတွက် “အထောက်အကူပြု” ပစ္စည်းပါ။
စိတ်ဝင်စားမယ်ဆိုရင် . . . ခဏ လေ့လာရမှာပါ။ အလုပ်
တွေ များများလုပ်လို့ရမယ်လေ။

အသက် ၅၀ ကျော်တောင်
T နဲ့ဖြင့် ဝေးမယ်မထင်ပေါင်။

***ဂျာဂျန်***

**ရွှေမန္တလေးဂျာနယ် – ၁၁.၈.၂၀၀၃**

❖ ❖ ❖ ❖ ❖

# အသက်ကလေးရယ်တဲ့ ရှည်စေလို

ရယ်သောသူ အသက်ရှည်၏။

ပျော်ပျော်နေ သေခဲ။

ဆိုတဲ့စကားတွေ လူတိုင်းနီးပါး ကြားဖူးပြီးသားပါခင်ဗျာ။ တစ်ခါတလေမှာ ကံချွန်တို့ဟာ ရှေးစကားများကို အလေးမထားဘဲ ခပ်ပေ့ါပေ့ါနေမိကြတယ်။ ကံချွန်တို့ရဲ့ ဘိုး၊ ဘွားအစဉ်အဆက်ပိုင်ဆိုင်ထားတဲ့ အသိတွေ၊ စကားလက်ဆင့်ကမ်းခဲ့တာတွေရဲ့ တန်ဖိုးကို အလေးမထားမိဘဲဖြစ်နေတတ်တယ်ခင်ဗျ။ ရင်နာတယ်။

၂၀၀၃ ခုနှစ် ဩဂုတ်လထုတ် အပျိုစင်မဂ္ဂဇင်းစာမျက်နှာ ၉၈ ・・・ မှာ

ဟာသကားကြည့်ပေးပါ။

ရယ်မောခြင်းက ကိုယ်ခံအားစနစ်ကို ပိုကောင်းစေပြီး ကိုယ်ခံအားချို့တဲ့စေတဲ့ ကော်တီဆိုးကို လျှော့ချနိုင်ကြောင်း လေ့လာမှုတချို့က ဖော်ပြထားပြီးဖြစ်ပါတယ်။ အခုလည်း The University of California သုတေသီ Mr. Margaret Stuver က ရယ်မောခြင်းဟာ ကိုယ်ခံခွတ်အားကို အားအင်တောင့်တင်းစေနိုင်သလားဆိုတာကို လေ့လာဖို့ Rx laughter ခေါ်တဲ့ ငါးနှစ်ကြာ လေ့လာစူးစမ်းမှုတစ်ရပ် ချမှတ်ဆောင်ရွက်နေပါတယ်။

ဆိုတဲ့ စာပိုဒ်ကို ဖတ်မိလို့ပါ။ တစ်ခါကလည်း HIV / AIDS ပညာပေးစကားဝိုင်းဖွဲ့တုန်းက ဆရာကြီး ဦးခင်မောင်သန်း (စိတ်ပညာ)မန္တလေးတက္ကသိုလ်၊ စိတ်ပညာ ဂုဏ်ထူးဆောင်ပါမောက္ခက နိုင်ငံခြားမှာ "ဟာသ"ကို ကုထုံးအဖြစ် စနစ်တကျစမ်းသပ်အသုံးပြုနေပြီ။ လှိုက်လှိုက်လှဲလှဲ သဘောကျပြီး ရယ်လိုက်တဲ့အချိန်မှာ ခုခံအားကို တိုးပွားလာစေတယ်လို့ဆိုတယ်။ ကျွန်တော်လည်း လေ့လာနေတုန်းပဲ။

ဆိုတဲ့စကားပြောဖူးပါတယ်ခင်ဗျ။

စိတ်ပျို ကိုယ်နု။

စိတ်ထောင်း ကိုယ်ကြေ။

စိတ်ကျတော့ လူအို။

ဆိုတဲ့စကားတွေကိုလည်း ကံချွန်အမှတ်ရမိသွားပါတယ်။ ပျော်တာဟာ စိတ်ညစ်တာနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ဟာသဟာ ဒေါသနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ဒါကြောင့်လည်း ပျော်တတ်တဲ့သူမှာ သနားကြင်နာတာနဲ့ ဆက်စပ်နေပါတယ်။ ပျော်တတ်တဲ့ စရိုက်ရှိသူဟာ ဘယ်သူ့ကိုမှ စိတ်ညစ်အောင် မလုပ်ပါဘူး။

ကံချွန်မှာလည်း အဲဒီ ကြင်နာသနားတတ်မှုလေးရှိပါတယ်ခင်ဗျာ။ ကံချွန်နေတဲ့အိမ်က တစ်ဖက်ပိတ်လမ်းရဲ့ အပိတ်ဘက် အစွန်အဖျားမှာပါ။ ဒါကြောင့် စွန့်ပစ်ပစ္စည်း

အတော်စုံစုံ ကံချွန်ရဲ့အိမ်ဘေးရောက်လာတတ်ပါတယ်။ အဲသလို ရောက်လာတဲ့အထဲမှာ ခွေးလည်း ပါ ပါတယ်။ ဘယ်ကလာ ပစ်သွားတယ်မသိဘူး။ တကိန်ကိန်အော်နေတော့ ထမင်းရည်ထွက်တိုက်၊ ထမင်းကျန် ဟင်းကျန်ကျွေးလုပ်မိရော။ ခုတော့ ခွေးများကလည်း ပွားချင်တိုင်းပွားပြီး တပုံကြီးဖြစ်နေပြီ။

အိမ်ဘေးမှာ မိုးရေဝပ်တဲ့ အိုင်ရှိလို့ ရေကြက်ကလေးတွေလည်း ရှိပါတယ်။ တကွတ် - ကွတ်နဲ့ အော်တတ်တယ်။ အဲဒါကိုတော့ ခြံပြင်ကလာပြီး ပိုက်ထောင်ဖမ်းကြတယ်။ တစ်ရက်ကလည်း မီးဖိုချောင်ထဲက ပန်းကန်စင်ပေါ် ဂလုံးဂလွမ်နဲ့ အသံတွေမြည်လာလို့ ကြည့်မိတော့ အချင်းဆယ်လက်မလောက်ရှိတဲ့ လိပ်တစ်ကောင်ဖြစ်နေတယ်။ ဒါနဲ့ ဖမ်းပြီး အိမ်ဘေးက ရေစပ်စပ်နေရာ ပို့ပေးရသေးတယ်။ ခွေးစာခွက်ကို လာနှိုက်တဲ့ ငှက်မျိုးစုံလည်း ရှိပါတယ်။ ကြောင်ကတော့ဆယ်ကောင်လောက်ရှိရာကနေ ခု သားကြီးဆိုတဲ့ ကြောင်ကြီးတစ်ကောင်ပဲ ကျန်တော့တယ်။

အဲဒီကြောင်နဲ့ ပတ်သက်ပြီး လာတဲ့မိတ်ဆွေအတော်များများက အံ့သြကြတယ်။ အထူးအဆန်းလုပ်ပြီး ကြည့်ကြတယ်။ ဒီကောင်က ခွေးတွေကို အယားဖျောက်ခိုင်းတယ်။ ခွေးတွေက သူ့ကို တစ်ကိုယ်လုံး ခပ်ဖွဖွကိုက်ပေးရတယ်။ တစ်ခါတလေမှာ ခွေးက အယားဖျောက်မပေးချင်ရင် ရှောင်ပြေးတယ်။ ကြောင်က ခွေးနောက်လှည့်ပတ်လိုက်တာပဲ။

ကြောင်ရဲ့အော်သံကြားရင် ခွေးပေါက်စတွေကလည်းလာပြီး အယားဖျောက်ပေးကြတာပဲ။ အိပ်တော့လည်း ခွေးတွေကြား အိပ်တာ။ ခွေးပေါက်စတွေကလည်း တစ်ခါတစ်ခါ ကြောင် လို လက်သည်းသွေးနည်းမျိုးလုပ်ချင်တယ်။

ကြောင်နဲ့ခွေးတည့်နည်းမျိုး ကြောင်နဲ့ကြွက်ကလည်း တည့်နေတယ်။ ကြောင်ပန်းကန်ကို လာလာနှိုက်တဲ့၊ စားတဲ့ ကြွက်တွေရှိသေးတယ်။ ဒီကောင်က ညော့်သည် ညော့်ခံတာ ကျနေတာပဲ။ ပန်းကန်နောက်တစ်တောင်လောက်ဆုတ်သွား ပြီး သူ့အစာကြွက်စားနေတာကို ကြည့်နေတော့တာ။ ကံချွန် နေရတဲ့ ဝန်းကျင်မှာ မြင်တွေ့နေရတာတွေဟာ တကယ့်ကို စိတ်ချမ်းသာစရာတွေပါခင်ဗျ။ ဒေါသမရှိဘူး။ ရန်လိုမှုမရှိ ဘူး။

ပျော်ရွှင်ခြင်း

ရယ်မောခြင်း

ဆိုတာ အကောင်းဆုံး အသက်ရှည်ဆေး။ နုပျိုးဆေးပါ ပဲ။ ကံချွန်တို့ရဲ့ ဘိုးဘွားများဟာ သူတို့ရဲ့အတွေ့အကြုံနဲ့ ရင်းနှီးပြီး နှောင်းလူတွေအတွက် ဆိုရိုးစကားတွေ ထားခဲ့ တာပါ။ ပျင်းပျင်းရှိတာနဲ့ ရေနွေးကြမ်းသောက်ရင်း ပေါက် တတ်ကရတွေ ပြောခဲ့တာမဟုတ်ပါဘူးခင်ဗျ။ကံချွန်တိုင်းရင်း ဆေးမှာ ဟောပြောဖူးပါတယ်။ အဲဒီမှာ မေးကြည့်ဖူးတယ်။ မြန်မာဆေးဆရာများ ပြောဆိုနေကြတဲ့ စကားထဲမှာ ရောဂါ ဖြစ်ရတာဟာ ကံ စိတ် ဥတု အဟာရ လို့ ကြားဖူးပါတယ်။

စိတ်နဲ့ပတ်သက်တဲ့ ကဏ္ဍကို သီးသန့်သင်ရိုးတစ်ခု လုပ်ထားပါသလား။ သူတေသနလုပ်ထားတာရော ရှိပါသလား ဆိုပြီး မေးဖူးပါတယ်။

စိတ်ထောင်းကိုယ်ကြေဆိုတဲ့စကား

စိတ်ပျို ကိုယ်နုဆိုတဲ့စကားတွေဟာ ရုပ်အပေါ် စိတ်ရဲ့ အကျိုးသက်ရောက်မှုကို ဖော်ပြနေတဲ့ ရှေးစကားတွေပါ။ ကုထုံးထဲမှာ "စိတ်" နဲ့ ပတ်သက်တာကို ဘယ်အတိုင်းအတာထိ သီးသီးသန့်သန့်နေရာပေး ထည့်ထားပါသလဲ။ စိတ်မနှံ့သူအတွက်သာ စိတ်နဲ့ပတ်သက်တဲ့ ကုထုံးရှိသင့်တာ မဟုတ်ပါဘူး။ ရောဂါပေါင်းစုံအတွက်၊ ကျန်းမာရေးအတွက် စိတ်ပိုင်းဆိုင်ရာရဲ့ အကျိုးသက်ရောက်မှု၊ ထိရောက်အရေပါးမှုကို ကျွန်တော်တို့ သုံးဖို့မေ့နေမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဘိုးဘွားများပေးထားတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့အမွေတွေကို တန်ဖိုးမသိတတ်ရာရောက်မှာ စိုးရိမ်ရပါတယ် ခင်ဗျာ။

ရယ်မောခြင်းကို စနစ်တကျ အသုံးချပြီး "ကုထုံး" အဖြစ် အံဝင်ခွင်ကျသုံးနိုင်ဖို့ လေ့လာနေတဲ့သတင်းတွေကို ဖတ်မိလို့ . . .

အသက်ရှည်ရှည်နေနိုင်ဖို့အတွက် ရယ်မောခြင်းဟာ ငွေကုန်ကြေးကျ အသက်သာဆုံးဆေးပါခင်ဗျ။

***ကံချွန်***

**ရွှေဗန္ဓုလေးဂျာနယ် – ၁၈.၈.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ပျော်တတ်ဖို့ လိုတယ်

လူ့ဘဝနေရတဲ့ သက်တမ်းတိုတိုလေးအတွင်းမှာ သောကတွေ၊ ဒေါသတွေနဲ့ အချိန်ကို ကုန်လွန်စေမလား။ ပျော်ရွှင်မှု ကြည်နူးမှု၊ ကျေနပ်မှုတွေနဲ့ အချိန်ကို ကုန်လွန်စေမလား။

ဒါ ကံချွန့် ကိုယ့်ကိုယ်ကို မေးခဲ့တဲ့ မေးခွန်းပါခင်ဗျား။ လွန်ခဲ့တဲ့ လေးနှစ်ကျော်ကပေါ့။ ကံချွန်ရဲ့ ကျန်းမာရေးက နေကောင်းသလားဆိုရင် သိပ်မကောင်းချင်ဘူး။ အတော်ဆိုးသလားဆို အဲသလောက်လည်း မဟုတ်ပါဘူးဆိုပြီး မရေမရာဖြေရမယ့် အနေအထားမျိုးဖြစ်နေတယ်။ ဒါနဲ့ အထွေထွေ ကျန်းမာရေးစစ်ကြည့်။ စစ်ပေးတဲ့ သမားတော်ကြီးများက စမ်းသပ်ခ မယူကြပါဘူး။ အဖြေတွေညှိလိုက်တော့ စိတ်ဖိစီးမှုပါ။

စိတ်ပင်ပန်းလောက်အောင် မတွေးပါနဲ့။ အသက်ရှည် ကျန်းမာချင်ရင် ပျော်ပျော်နေပါတဲ့။ မတွေးလို့ကတော့ မရဘူးလေ။ ကံချွန့်အလုပ်ကိုက တွေးတဲ့အလုပ်ပါ။ ဒါကြောင့် ဆွေးနွေးရပါတယ်။

"ကျွန်တော်က မတွေးလို့တော့ မဖြစ်ဘူး။ ကျွန်တော် ရွေးချယ်ထားတဲ့ အလုပ်တွေကိုက တွေးရတာချည်းပဲဆရာ"

"ဘာလို့များ တွေးရတဲ့အလုပ်တွေချည်း ရွေးရတာလဲ"

"အရင်းအနှီးမလိုလို့ပါ ဆရာ။ ဒါဟာ အချိန်ပဲလိုတယ်။ အရင်းအနှီးက အချိန်ပဲ။ အရင်းအနှီးကို ဆုံးရှုံးမှုမခံနိုင်လို့ အချိန်ပြည့်တွေးနေရတာပါ"

"ဒါဆို ပျော်စရာတွေပဲ တွေးဗျာ။ ပျော်စရာ ကြည်နူးစရာတွေကိုပဲ ခံစားဗျာ"

"တွေးတာကတော့ ရတယ်ဆရာ။ ပျော်စရာ ကြည်နူးစရာတွေပဲ ခံစားဖို့ဆိုတာကတော့ မလွယ်ဘူးထင်တယ်။ စိတ်အနှောက်အယှက်ဖြစ်စရာ ကြုံလာတာမျိုးကို ကြည်ကြည်နူးနူး ခံစားဖို့ ဆိုတာက . . . "

"ရပါတယ်ဗျာ။ ဦးကံချွန်တို့လို ဟာသဓာတ်ခံရှိတဲ့သူ အတွက်က ပိုပြီးတောင် အဆင်ပြေပါသေးတယ်။ ရိုးရိုးလူတွေတောင် လေ့ကျင့်လို့ရသေးတာပဲ"

"ပြောပြစမ်းပါဦးဆရာ"

"တစ်ယောက်ရဲ့ အတွေ့အကြုံ အခြေအနေ ပတ်ဝန်းကျင်ဆိုတာ နောက်တစ်ယောက်ရဲ့ အတွေ့အကြုံ အခြေအနေ ပတ်ဝန်းကျင်နဲ့ မတူနိုင်ဘူး။ ဒီတော့ ကြုံရတဲ့ ပြဿနာချင်း ကွဲလွဲနိုင်တယ်။ စိတ်မချမ်းမသာ ဖြစ်ရတယ်ဆိုတဲ့ အကျိုးသက်ရောက်မှုချင်းကတော့ တူမယ်ပေါ့။ ဒါက ကြိုပြီး ရှင်းပြထားချင်တာပါ။ ကျွန်တော်ပြောမှာက ကျွန်တော့် အခြေအနေ၊ ပတ်ဝန်းကျင်မှာ ကျွန်တော်ကြုံတွေ့ရတာကို ပြောမှာပါ။ ကျွန်တော်က ဆရာဝန်ဆိုတော့ ကျွန်တော် တွေ့

ကြုံရတဲ့ စိတ်မချမ်းသာစရာတွေလည်း လူနာတွေကို အကြောင်းပြုတာပေါ့ဗျာ။ ကျွန်တော်ထိုင်တဲ့ဆေးခန်းမှာ ရောက်လာတဲ့ လူနာတစ်ယောက်ဆိုရင် ခွဲစိတ်ရမှာ။ သူ့မှာ ခွဲစိတ်ဖို့အတွက် မတတ်နိုင်ဘူး။ အကုန်အကျမခံနိုင်ဘူး။ ဒါနဲ့ ကျွန်တော်တို့ ဆရာဝန်တွေစုပြီး ဆေးနှစ်သောင်းကျော်ဖိုး ဝယ်ပေးလိုက်တယ်။ ပျောက်အောင်လုပ်ပေးလို့ မရတော့ သက်သာအောင် လုပ်ပေးလိုက်ရတာပေါ့ဗျာ။ သူ့ဝေဒနာရော ကျွန်တော်တို့ ခံစားမှုရော ခွဲစိတ်ဖို့ မတတ်နိုင်လို့ဆိုပြီး ဒီအတိုင်းကြီး ဆင်းသွားရင် ကျွန်တော်တို့လည်း စိတ်သက်သာမှာ မဟုတ်ဘူး။ ငါတို့ တတ်နိုင်သလောက်လုပ်ပေးလိုက်ရတယ်ဆိုတဲ့ ဖြေသိမ့်စရာလေးရလိုက်တော့ စိတ်သက်သာတာပေါ့။”

“ကျေးဇူးပဲဆရာ၊ စိတ်မချမ်းသာစရာတွေ တွေ့ကြုံရတိုင်း ပြန်တွေးပြီး စိတ်ချမ်းသာစရာ ခံစားမှုတစ်ခုခုရအောင် ကြိုးစားကြည့်ပါမယ်”

အဲဒီကတည်းက ကံချွန် ပျော်ပျော်နေတတ်ဖို့အတွက် နေနိုင်ဖို့အတွက် စိတ်မချမ်းသာစရာ ပြဿနာတွေကို တတ်နိုင်သလောက် ကူညီဖြေရှင်းပေးခဲ့ဖူးတာတွေထဲမှာ ကံချွန် မမေ့နိုင်တဲ့ ဖြစ်ရပ်ကလေးရှိပါတယ်ခင်ဗျာ။ ပြန်တွေးမိတိုင်း ပြုံးမိပါရဲ့။ ဒီလိုပါ ကံချွန်အပျိုစင်မဂ္ဂဇင်းမှာ မိန်းကလေးတွေနဲ့ ပတ်သက်တာ (ဆောင်ရန်-ရှောင်ရန်) တွေ ရေးလေ့ရှိပါ

တယ်။ဒါကြောင့် အမျိုးသမီးများက သူတို့ကြုံတဲ့ ပြဿနာများ ကို ကံချွန်ဆီ စာရေးမေးတာမျိုး ရှိပါတယ်။ တစ်ရက်မှာ စာတစ်စောင်ရောက်လာတယ်။ သူ့အမျိုးသားက သူ့ကို မချစ်တော့ဘူးထင်တဲ့အကြောင်း။ အိမ်ထောင်ကျတာ ၃ နှစ် ရှိပြီဖြစ်ကြောင်း။ အခြားကောင်မလေးတစ်ယောက်နဲ့တွဲနေ တယ်လို့ ကြားရကြောင်း၊စုံစမ်းကြည့်တော့ ဟုတ်နေကြောင်း အဲဒါ ဘယ်လိုလုပ်ရမလဲပေါ့။ သမီးကို အကြံပေးပါဦးဆို တော့ . . .

"သမီး . . .

သမီးရဲ့ ခင်ပွန်းက ဖောက်ပြန်နေတယ်ဆိုတာ ထက် စိတ်ကစားတာလို့ပဲ သတ်မှတ်လိုက်ပေါ့။ ရန်လုပ်ရင် ပိုဆိုးသွားတတ်တယ်။ ကောင်းတာကတော့ သမီးဘက်က အရင်ကထက်ပိုပြီး ဂရုစိုက်ပါ။ အလိုက်သိပါ။ ပြုစုပါ။ ဒါပေ မယ့် ကိုယ်ကတော့ ဘာမှ မပြောပါနဲ့။ သူပြောတာပဲ နား ထောင်။ မေးလာမှ ပြောရင် မကြိုက်တာပါမှာစိုးလို့ ဆိုပြီး ပြော . . .။"

အဲသလို အစချီပြီး စာရှည်ကြီးရေး၊ အကြံပေးလိုက် တာပေါ့။ ငါ ကုသိုလ်တစ်ခုလုပ်လိုက်တာပဲ။ ဟိုငတိလည်း ဂရုမစိုက်တာခံရတဲ့ဒဏ် စာနာတတ်ပြီး သူ့ဇနီးသူ ဂရုစိုက် လိမ့်မယ်ဆိုတဲ့အတွေးနဲ့ပါ။ အဲသလိုနဲ့ ဆယ်ရက်လောက်ကြာ တော့ ကံချွန် လက်ဘက်ရည်ဆိုင်ထိုင်နေတုန်း ကံချွန်ရှေ့မှာ

လူတစ်ယောက်လာရပ်ပြီး . . .

"ဆရာ ဦးကံချွန်နော်"

"ဟုတ်ပါတယ်"

"ဒီစာ ဆရာရေးတာမဟုတ်လား"

(အဲဒီလူပြတာက ကံချွန်ရဲ့ အကြံပေးစာပေ့ါခင်ဗျာ)

"ကျွန်တော်လည်း ဆရာ့စာတွေဖတ်နေတဲ့ ဆရာ့ပရိသတ်မို့ သည်းခံလိုက်တာဆရာ။ နောက် အဲသလို သူများလင်မယားကြား ဝင်မရှုပ်ပါနဲ့။ ကျွန်တော့်မိန်းမက "ဆရာဦးကံချွန်ကတောင် မောင့်ကို စကားမပြောဘဲ ပစ်ထားဖို့ပြောတာ၊ ဒီမှာကြည့် ဆိုပြီး စာထုတ်ပြတာ . . ."

နောက်ထပ်ဆက်ပြောနေတာတွေ ကံချွန် မကြားတော့ပါဘူး။ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်၊ လန့်လည်းလန့်ပါပဲ။ ကံချွန်ဖြစ်နေပုံကို ကြည့်ပြီး

"ဆရာက ဆရာ့စာလိုပဲ တော်တော်ရယ်ဖို့ ကောင်းတယ်။ တခြားလူသာ ဒီလိုစာမျိုးရေးရင် ကျွန်တော် ဆွဲထိုးမိမှာ . . . ဆရာမို့"

ဆိုပြီး ပြုံးပါတယ်။

"ကျေးဇူးပါပဲ ငါ့တူရယ်။ ဦးလေး နောက်ဆင်ခြင်ရတာပေါ့"

လို့ ပြောပြီး လက်ဆွဲနှုတ်ဆက်မိပါတယ်ခင်ဗျာ။

ဟို စွက်စွက် ဒီစွက်စွက် အကျင့်ကတော့ ပျောက်

မသွားပါဘူး။ ခုထိ ကံချွန့်မှာ ရှိတုန်းပါခင်ဗျာ။ စိတ်မချမ်းသာစရာတွေ့လာရင် အဲဒီကိစ္စကို အကြောင်းပြုပြီး ပြန်တွေးပြီး ကြည်နူးလို့ရအောင် လုပ်တဲ့အကျင့်ပါပဲ။ ဒါမှ ကံချွန်တို့က ဘဝကို ပျော်ပျော်နေလို့ရမှာပါ။ ပျော်ပျော်နေတတ်ဖို့အတွက် ကိုယ့်ဝန်းကျင်မှာ တွေ့ကြုံရလေ့ရှိတဲ့ စိတ်မချမ်းသာစရာတွေကို တတ်နိုင်သလောက် ကူညီပေးခြင်းဟာ အခြေခံအချက်တွေထဲက တစ်ချက်ပါပဲခင်ဗျာ။

*ကံချွန်*

**ရွှေဗန္ဒလေးကျေးနယ် – ၂၅.၈.၂၀၀၇**

❖ ❖ ❖ ❖ ❖

# သတိထားမိတဲ့ ကိုရီးယား ဇာတ်လမ်းတွဲများရဲ့ တူညီမှု ၊ ကွဲလွဲမှု

ဘာသာပြန် စုံထောက်ဝတ္ထုတွေ၊ သည်းထိပ်ရင်ဖို ဝတ္ထုတွေ၊ စွန့်စားခန်းဝတ္ထုတွေကို စွဲစွဲလမ်းလမ်းဖတ်ခဲ့ဖူးပါတယ် ကြိုက်တာကိုး။ ဖတ်ရင်း ဖတ်ရင်းနဲ့ စာဖတ်သူကြိုက်အောင်၊ ဆွဲဆောင်နိုင်အောင် သူတို့ရေးသားတဲ့ နည်းစနစ်ကိုပါ လေ့လာဖြစ်သွားပါတယ်။

ပထမဖတ်စဉ်က ခံစားဖို့ ဖတ်တာပါ။

ဒုတိယ ဖတ်တဲ့နည်းက ခံစားဖို့မဟုတ်တော့ပါဘူး။ ခံစားရအောင် ဘယ်လိုလုပ်သလဲဆိုတဲ့ နည်းပညာကို ရှာဖွေဖို့ ဖတ်တာပါ။ အဲသလို ရှာဖွေချင်တော့ အဆုံးသတ် အခန်းက စ ဖတ်တယ်။ Ending ပေါ့။ ပြီးတော့ Pre Ending အကြိုဇာတ်သိမ်း၊ အဲသလို ရှေ့ကို တစ်ခန်းချင်းတိုး ဖတ်သွားတာ။ ဇာတ်သိမ်းထိ ရောက်အောင် ဘယ်အချက်နဲ့ ဖမ်းစားခဲ့သလဲ။ အဲဒီအချက်ကို ရှေ့ကနေ ရိုးရိုးဖတ်စဉ်က ကိုယ်ဘာလို့ သတိမထားမိသလဲ။ အဲဒီဟာကွက်ကို ယုတ္တိရှိရှိ ချန်ထားနိုင်သလား။ ဇာတ်ကောင်ရဲ့ အနေအထားကရော အသိဉာဏ်၊လုပ်ရည်ကိုင်ရည်၊ တွေးခေါ်ပုံတွေဟာ တစ်ထပ်တည်းကျရဲ့လား။ စာရေးဆရာ အတင်းဖန်တီးတာ ခံရတဲ့

ဇာတ်ကောင်ဖြစ်နေသလား။ အပြင်သဘာဝမှာကိုက အဲဒီ ဇာတ်ကောင်ရဲ့ အနေအထားမျိုးဆိုရင် အဲသလိုပဲ ဖြစ်နိုင် သလား။

ဇာတ်လမ်းအဆုံးသတ်သွားပုံကစပြီး ဇာတ်လမ်းအစ ပျိုးပုံထိဖတ်ရင်း ပရိသတ်ကို ဖမ်းစားတဲ့အချက်၊ ဘယ်လိုသုံး တယ်ဆိုတာ စဉ်းစားလေ့လာတဲ့ အလုပ် လုပ်ဖူးပါတယ် ခင်ဗျာ။ အဲသလိုပါပဲ ဆွဲဆောင်အားကောင်းတဲ့ ဇာတ်လမ်း တွဲတွေကိုတော့ အခန်းစဉ်တွေကို လိုက်မှတ်ဖူးပါတယ်။ နာရီ ၂၀ နီးပါးဆွဲခေါ်သွားနိုင်တဲ့ ဇာတ်ညွှန်းခွဲပုံကို လေ့လာချင် လို့ပါ။ နောက်ပိုင်းမှာ ဒီလိုဖြစ်စေချင်လို့ ရှေ့ပိုင်းမှာ ဒီအပြကို ထည့်ခဲ့တာကိုး ဆိုတာကို ပိုင်းခြားကြည့်လို့ရသွားတယ်။ အ ခန်းစဉ်မှာကို ဆွဲဆောင်အားမရှိရင် တစ်ခန်းချင်းစီမှာ ပြထား တဲ့ ဇာတ်ကွက်တွေဟာ ရိုက်ချက်တွေဘယ်လောက်ကောင်း ကောင်း၊ သရုပ်ဆောင်တွေဘယ်လောက်ကောင်းကောင်း၊ ဆွဲဆောင်အားကောင်းတဲ့ အနုပညာရသမြောက်တဲ့ ကား တစ်ကားဖြစ်လာဖို့ဆိုတာ ရာနှုန်းအလွန်နည်းပါတယ်။ ဒါက ခံစားသူနေရာကကြည့်ပြီး ကျွန်တော့်အကြိုက်နဲ့ တိုင်းတာ ဆုံးဖြတ်ချက်ပါ။ အနုပညာစံတစ်ခုအဖြစ်၊ သတ်မှတ်တာ မဟုတ်ပါဘူး။ အကြိုက်ချင်းမတူရင် ကောက်ချက်ချမှုချင်း လည်း ကွဲလွဲနိုင်ပါတယ်။ အဲသလို လေ့လာရင်း ကျွန်တော်

နှစ်သက်ရတဲ့ အကြောင်းရင်းတွေကို ပြန်ရှာမိပါတယ်။ ဒီနေ့ မြန်မာပရိသတ် စိတ်ဝင်စားပြီး စောင့်ကြည့်နေကြတာဟာ မြဝတီနဲ့ မြန်မာ့ရုပ်သံကလာနေတဲ့ ကိုရီးယားဇာတ်လမ်းတွဲ တွေပါ။ လေးငါးကား ကြည့်မိတော့ တွေ့မယ်၊ ချစ်မယ်၊ အခက်အခဲတွေရှိမယ်၊ ကျော်လွှားနိုင်မယ်၊ အဆင်ပြေသွား မယ် ဆိုတဲ့ ပုံသေနည်းလေးထဲမှာပဲ ရိုက်ပြနေတာပါ။ အဲသလို သိနေပေမယ့် စိတ်ဝင်စားအောင် ဖမ်းစားထားတဲ့ အကြောင်းရင်းကတော့ ဇာတ်ကောင်တွေမှာ ခိုင်မာတဲ့ အခြေခံလုပ်ငန်းတွေ၊ မိဘတွေ၊ ပတ်ဝန်းကျင်တွေကို တိတိ ကျကျ ပြထားတာပါပဲ။ လုပ်ငန်းတွေကတော့ တစ်ကားနဲ့ တစ်ကား မတူပါဘူး။ လုံးဝ ကွဲလွဲနေတယ်။

ခေတ်ပုံလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်း၊ အသံလွှင့်လုပ်ငန်း၊ ဆေးရုံလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းဆိုပြီး ကွဲပြားခြားနားတဲ့ လုပ်ငန်းတွေပေါ်မှာ ဇာတ်အိမ်တည်ထားတာပါပဲ။ လုပ်ငန်း ထဲမှာ ပါဝင်နေတဲ့ ဇာတ်ကောင်တွေရဲ့ အချစ်ဇာတ်လမ်းတွေ ပါ။ ဒီတော့ အချစ်ဇာတ်လမ်းချင်းတူပေမယ့် နောက်ခံဇာတ် အိမ်ကြီးက ကွဲပြားနေတဲ့အတွက် တွေ့ဆုံဖို့ ဖန်တီးလာတဲ့ အကြောင်းရင်းတွေ၊ ကြုံဆုံရင်ဆိုင်ရတဲ့ ပြဿနာတွေက ကွဲ ပြားသွားပါတယ်။ ဒါကြောင့်လည်း -

တွေ့မယ်၊ ချစ်မယ်၊ အခက်အခဲတွေရှိမယ်၊ ကျော်

လွှားနိုင်မယ်၊ အဆင်ပြေသွားမယ်ဆိုတဲ့ ဇာတ်ကျောရိုးတူပေမယ့်၊ ကွဲပြားခြားနားတဲ့ ဇာတ်အိမ်တည်ဆောက်တဲ့ဝန်းကျင်၊ အလုပ်အကိုင်တွေကြောင့် မရိုးနိုင်ဘဲ ဆွဲဆောင်နိုင်စွမ်းရှိနေတာပါ။ ဇာတ်ကောင်တွေရဲ့ လုပ်ငန်းတွေ ကွဲပြားခြားနားတဲ့အတွက် အခက်အခဲတွေ့ပုံ၊ စ,ချစ်ပုံ၊ ဖြေရှင်းရပုံဆိုတာတွေကလည်း ကွဲပြားကုန်ရပါတယ်။

အချစ်ဇာတ်ကားဆိုမှတော့ တွေ့တာ၊ ချစ်တာ၊ ညားတာထက်ပိုပြီး အဆန်းထွင်လို့လည်း မရပါဘူး။ တစ်ကားနဲ့တစ်ကား မတူအောင် ဖန်တီးနိုင်တာက အချစ်ဇာတ်လမ်းအခြေခံမယ့် "အလုပ်" ပါပဲ။ "အလုပ်" ကိုတော့ တစ်ကားနဲ့တစ်ကား သိသာ ခြားနားကွဲပြားအောင် ရွေးချယ်ထားတယ်ဆိုတာ သတိထားမိပါတယ်။ အဲဒါကြောင့်လည်း ဇာတ်ရှိန်တက်ဖို့အတွက် ပို့ပေးတဲ့ ဇာတ်ကွက်တွေဟာ တစ်ကားနဲ့တစ်ကား မတူတော့ပါဘူး။ ဇာတ်ကွက်တွေ ကွဲပြားခြားနားသွားသလို သိသာကွဲလွဲတဲ့ အလုပ်အကိုင်ကို ပီပီပြင်ပြင် ပြထားတာမို့ ဇာတ်ကောင်တွေရဲ့စရိုက်ကလည်း ကွဲပြားကုန်ပါတယ်။ လှုပ်ရှားတာ၊ ဝတ်စားတာ၊ ပြောဆိုတာ၊ အမူအကျင့်အားလုံးကို လုပ်ငန်းသဘော ပို့ပေးလိုက်တာကိုး။ အဲသလိုတွေးရင်း မြန်မာကားတွေဆီ ဆက်တွေးမိရဲ့။ ဘာလုပ်စားမှန်းမသိဘဲ ဇာတ်ကောင်စရိုက်ကွဲပြားဖို့ဆိုတာကတော့

အံဖွယ်သုတပါပဲ။ ဆရာဝန်အဖြစ် သရုပ်ဆောင်ပြီး ဆေးရုံ၊ လူနာ၊ ခွဲစိတ်ခန်း၊ အရေးပေါ်ကုသမှုဆိုတာတွေ မပြနိုင်၊ နားကျပ်လည်ပင်းချိတ်ပေးပြီး စားပွဲတစ်လုံးမှာ အထိုင်ခိုင်းလို့ ဆရာဝန်ဆိုင်းဘုတ်ချိတ်ထားတာနဲ့တော့ သရုပ်ဆောင် ဘယ်လောက်တော်တော် ဘယ်လိုမှ စရိုက်ပီမှာ မဟုတ်ပါဘူး။ လုပ်ပြလို့မှ မရဘဲ။ လူနာဆိုတာကလည်း မင်းသမီးနဲ့ ဇာတ်ပို့ဇာတ်ရန်တွေဆိုတော့ . . .

စေ့စေ့တွေးမိတော့ မြန်မာသရုပ်ဆောင်များကို ပိုပြီး လေးစားသလိုလိုတောင် ဖြစ်သွားပါတယ်။ ထားပါတော့ မဆီမဆိုင် ကြားဖြတ်ဝင်လာတဲ့အတွေးကို ခေါင်းထဲက ပြန်ထုတ်ပြီး ဇာတ်လမ်းတွဲများဆီ ဆက်ရရင်တော့ . . .

ဒီနေ့ လူကြိုက်များနေတဲ့ ဇာတ်လမ်းတွဲများဟာ သိပ်တော့ မဆန်းပါဘူး။ ဆန်းအောင်လည်း လုပ်လို့မရပါဘူး။ တွေ့မယ်၊ ချစ်မယ်၊ အခက်အခဲတွေ ရင်ဆိုင်ရမယ်၊ ကျော်လွှားမယ်၊ ညားမယ် ဒါပါပဲ။ သိပ်ကို ဆိုးတဲ့ဇာတ်ကောင်လည်း ပါပါမယ်။ ဒါမှ စိတ်ရင်းကောင်းတဲ့ ဇာတ်ကောင်လည်း ပိုကြွသွားမှာကိုး။ မဆန်းပါဘူး။

အဲ . . . တစ်ကားနဲ့တစ်ကား ကွဲပြားတာကတော့ သူတို့ရဲ့ “အလုပ်” ပါပဲ။ “အလုပ်” ကိုလည်း ပီပီပြင်ပြင် ပြပါတယ်။ အဲသလို ပြနိုင်လို့လည်း ကြည့်ရတာ စွဲမက်နေတာ

ပါ။ အလုပ်တွေကို ပြတာ ပီပြင်လို့လည်း ဇာတ်ကောင်စရိုက် တွေပါ ပီပြင်ပြီး ကြွတက်လာတာပါ။ အလုပ်တွေ ကွဲပြားခြား နားလို့လည်း အချစ်ကားချင်းတူပေမယ့် ဇာတ်ကွက်တွေ အပြတွေ ကွဲပြားခြားနားသွားတာပါ။

ကျွန်တော်တို့ဆီက ဇာတ်ကားတွေမှာ အလုပ်နှင့် ဇာတ်ကောင်ကို တစ်သားတည်းကျအောင် ရောနိုင်ရင် . . . ။ ကွဲပြားခြားနားတဲ့ လုပ်ငန်းတွေကို ပီပီပြင်ပြင်ပြပြီး ဇာတ်ကောင်တွေကို လုပ်ငန်းထဲ ထည့်နိုင်ရင် . . . . ။

***ကံချွန်***

**ရွှေဗန္ဓုလေးဂျာနယ် – ၁.၉.၂၀၀၃**

❖ ❖ ❖ ❖ ❖

# နာမည်ကျော်တော့

အနုပညာလောကမှာ . . .၊ တေးသံရှင်၊ ပြဇာတ်မင်းသား၊ ရုပ်ရှင်မင်းသား၊ အချစ်ဝတ္ထုရေးဆရာစတဲ့စတဲ့ ပညာရှင်များ နာမည်ကျော်လာပြီဆိုရင် မိန်းကလေးများ ဝိုင်းနေတတ်ပါတယ်။ဒါကြောင့်လည်း နာမည်ကျော်ရင် မိန်းကလေးတွေဝိုင်းနေတတ်တယ်လို့ စာဖွဲ့ရလောက်အောင် ဖြစ်ခဲ့တာပါ။ ခု နောက်ပိုင်းမှာတော့ နာမည်ကျော်အချစ်ဝတ္ထုရေးဆရာအတော်များများဟာ အမျိုးသားများမဟုတ်ဘဲ အမျိုးသမီးများဖြစ်နေဘာကြောင့် ဝိုင်းကြတဲ့ မိန်းကလေးများအတွက်ရော၊ အဝိုင်းခံရတဲ့ ဆရာမတွေအတွက်ပါ စိုးရိမ်သောကကင်းကင်း ရင်းနှီးခင်မင်နိုင်ကြတာမို့ ကံချွန်မုဒိတာပွားမိပါတယ်ခင်ဗျ။

ဆက်ပြီး စဉ်းစားမိတာကတော့ နာမည်ကျော်စာရေးဆရာတိုင်းလည်း မိန်းကလေးတွေဝိုင်းတာမဟုတ်ပါဘူး။ ကံချွန်တို့ စာပေနယ်မှာဆိုရင် နာမည်ကျော်လို့ ပြဿနာတွေဝိုင်းနေတတ်တယ်ဆိုတဲ့ အမျိုးအစားလည်း ရှိပါတယ်။ အဲသလိုဆရာတွေကတော့ ဝေဖန်ရေး၊ သရော်စာ၊ ကလိစာ၊ ခနဲ့စာများကို ရေးလေ့ရှိတဲ့ စာနယ်ဇင်းဆရာများပါပဲ။ အထူးသဖြင့်တော့ အဲသလိုလူမျိုးတွေဟာ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ပင်တိုင်နေရာတွေယူထားတတ်ကြတယ်လေ။ တကယ်

တော့ နေရာယူတာမဟုတ်ပါဘူး။ အယ်ဒီတာများက နေရာပေးလေ့ရှိတာပါ။ ပေးထားကြတာပါ။ အမြင်မတော်၊အကြားမတော်သမျှ ဒိုင်ခံပြောဖို့ "စင်" ပေးထားကြတာပဲဆိုပါစို့။ အဲသလို ဆရာများမှာတော့ . . . "နာမည်ကျော်ရင် ပြဿနာတွေ ဝိုင်းနေတတ်တယ်" ပေါ့ခင်ဗျာ။ ဆရာမောနင်းကိုကို ဆိုရင် အတို့အဆိတ်ကောင်းလွန်းလို့ မစ္စစ်မောနင်းကိုကိုကတောင် သူ့နားမထိုင်ရဲရှာဘူး။ သူ့နားထိုင်မိတာနဲ့

"မင်း ဘာကြားသေးလဲ"

"တော်က ရေးမှာလား"

"ဒါဆိုတစ်ခုခုတော့ ကြားထားပြီပေါ့"

အဲသလို အစ်အောက်မေးတတ်လွန်းလို့ပါ။ အချို့သူငယ်ချင်းများက အပြောအဆိုအနေအထိုင်ဆင်ခြင်နော်။ မောနင်းကိုကိုနဲ့ တွေ့သွားမယ်ဆိုပြီး ဟာသအဖြစ် (ပြုံးပြီးပြောကြလို့) ပြောသံ ဆိုသံလည်း ကြားရဖူးပါတယ်။ ပြောမယ်ဆိုလည်း ပြောထိုက်ပါတယ်ခင်ဗျာ။ သူက အမြင်မတော်ရင် သတင်းထဲမှာ ထည့်ပြီး ပါးပါးလေးညှပ်ရေးလေ့ရှိတာကိုး။ မောနင်းကိုကိုရဲ့ စတိုင်လ်က လက်ညှိုးထိုးပြတာမဟုတ်ပါဘူး။ မေးငေါ့ပြတဲ့သဘောလေးပါ။ ရသလိုင်းကလာတာဆိုတော့ သိမ်မွေ့တာပေါ့ခင်ဗျာ။ ကံချွန်တို့လို သတင်းစာလိုင်းက လာသူများတော့ လိုတိုရှင်း ဒိုးဒိုးဒေါက်ဒေါက် ရေး

သွားကျနေပါပြီ။ ဒီတော့ မေးငေါ့ပြ၊ မျက်စပစ်ပြ မလုပ်တတ်ဘူး။ လက်ညှိုးထိုးပြရမှ။

တစ်ခါက ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ရဲ့လုပ်ရပ်ကို သရော်လိုက်မိပါတယ်။ ကံချွန်က လူကို အညှိုးအတေးမထားတတ်ပါဘူး။ ရေးစရာရှိရင် ရေးလိုက်တာပါပဲ။ အစိမ်းအမှည့်မရွေးတတ်ပါဘူး။ ကံချွန်ကတော့ ရေးသူဆိုတော့ ရေးပြီးရင် ပြီးတာပေါ့ခင်ဗျာ။ အရေးခံရသူကတော့ အတော်နေမထိ ထိုင်မသာဖြစ်သွားပုံရပါတယ်။ ကံချွန့်ကို စကားမပြောတော့ဘူး။

ဒီတော့ အသိတစ်ယောက်က

"မင်းမှားတာပေါ့"

"ဗျာ"

"ဟုတ်တိုင်းမရေးသင့်ဘူးကွ၊ ခုတော့ အနာပေါ်တုတ်ကျသလို အခံရခက်သွားတာပေါ့"

"ဒါကတော့ဗျာ အနာရှိလို့ အခံရခက်ရတာပါ။ ကျတဲ့တုတ်က မဖြစ်စလောက်ပါ။"

"ဘယ်နှယ့် မဖြစ်စလောက်ရမှာလဲ။ ငယ်ထိပ်ပေါ်ပိဿာလေးလွှတ်ချပြီး နာရကောင်းလားလို့ ပြောသလို ဖြစ်နေပြီ"

"လွှတ်ချတာတော့ တစ်ပိဿာပါပဲ။ ဒါပေမယ့် ပိဿာလေးမဟုတ်ပါဘူးဗျာ။ ဂွမ်းတစ်ပိဿာပါ"

အဲသလိုရေးခဲ့ပေါင်းများပါပြီခင်ဗျာ။ မိတ်ပျက်ပေါင်းလည်း များပါပြီ။ သရော်စာ၊ ကလိစာ၊ ခနဲ့စာ ရေးသူများက ကိုယ့်ကိုသရော်တာ၊ ကလိတာ၊ ခနဲ့တာ မခံရအောင်လည်း ကြိုးစားနေရပါတယ်။ အခွင့်အရေးသမားကို သရော်ထားရင်၊ ကိုယ်တိုင်ကလည်း အခွင့်အရေးသမားမဖြစ်ဖို့ ဆင်ခြင်ရပါတယ်။ အများကို စော်ကားလို့ ကလိထားရင် ကိုယ့်မှာ အဲဒီအမူအကျင့်မျိုးမရှိအောင် နေထိုင်ရပါတယ်။ လက်သံပြောင်ပြောင်နဲ့ရေးလေ အနေရအထိုင်ရ ဆင်ခြင်ရလေပါပဲ။

ကံချွန်ဟာ "မဝင်ရ" လမ်းကို သွားနေကျမဟုတ်လို့ မှားဝင်မိတဲ့အတွက် ဆိုင်ကယ်အဖမ်းခံရဖူးပါတယ်။ ကံချွန်က ငါ "စာရေးဆရာကံချွန်ပါကွာ"၊ ဆိုတော့ . . .

"သိရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော်တို့ဟာ ယာဉ်စည်းကမ်းရှိဖို့အတွက် တိတိကျကျကြိုးစားဆောင်ရွက်နေတဲ့အကြောင်းလည်း ရေးပေးပါခင်ဗျာ"

ဆိုပြီး ဖြတ်ပိုင်းလေးရခဲ့ပါတယ်။ တစ်ခါကလည်း (ကြာပါပြီ)။ တောင်ငူဘူတာမှာ မီးရထားလက်မှတ်ဝယ်တော့ ကုန်ပြီဆိုလို့ စိတ်ဓာတ်ကျနေတုန်း ဈေးသည်လေးက ငွေပိုပေးပါ။ ဝယ်ပေးမယ်ဆိုတာနဲ့ ခိုင်းမိပါတယ်။ ဈေးသည်လေးက ပြန်လာပြီး

"ဆရာက စာရေးဆရာဆို"

"အေး"

"မှတ်ပုံတင်ထဲမှာ ကုန်သည်လို့ရေးထားရတယ်ဆရာ"

လက်မှတ်မရဘဲ ဆုံးမစကားပဲရခဲ့ဖူးပါတယ်။ ဟိုး အရင်က ခါးပိုက်နှိုက်တာခံရဖူးပါတယ်။ ကံကောင်းချင်တော့ နှိုက်တဲ့ သူကို ချက်ချင်းဖမ်းမိတယ်။ ရဲက

"ဆရာ့လိုလူကိုမှ ဒုက္ခပေးတဲ့ကောင် မှတ်လောက်သား လောက်ဖြစ်အောင် လုပ်ပေးပါ့မယ်ဆရာ၊ ဥပဒေအတိုင်း ဆောင်ရွက်ပေးပါမယ်"

ဆိုပြီး အမှုကို ရုံးတင်လိုက်လို့ ရှိစုမဲ့စုငွေလေးခြောက် ထောင်ကိုယ်မသုံးရတော့ဘဲ သက်သေခံပစ္စည်းအဖြစ် လေး လလောက်ပေးထားလိုက်ရဖူးပါတယ်။

ကံချွန် ဘုရားကြီးကျောက်ဆစ်တန်းဘက်မှာနေတုန်း က ကံချွန်အိမ်ရှေ့မှာထားတဲ့ (အိမ်ထဲမှာထားစရာနေရာမရှိ လို့) ဆက်တီခုံ လက်တန်းပြုတ်၊ ခြေထောက်ယိုင်၊ နောက်မှီ ကွာဆိုတာမျိုးတစ်စုံရှိပါတယ်။ တစ်ရက်မှာတော့ မနက် အစောကြီး အဲဒီခုံအစုတ်ကို ခိုးယူတာခံရပါတယ်။ လမ်းမှာ ဈေးသွားမယ့်အရပ်ထဲက ဈေးသည်တွေနဲ့တွေ့တော့ . . .

"ဟဲ့ အဲဒီခုံတွေ ဘယ်ကယူလာတာလဲ"

ဆိုပြီး မေးတာပေါ့။ မသင်္ကာလို့၊ ကံချွန့်အိမ်ရှေ့ချထား တဲ့ ခုံတွေမှန်းသိနေလို့၊ ဒီတော့ယူသွားတဲ့လူက

"ကိုကံချွန့် အိမ်ရှေ့က ယူလာတာပါ"

ဆိုပြီး ဖြေရော၊ ဒီတော့ ပြင်ဖို့အပ်တာလို့ထင်ပြီး ကြည့်

နေလိုက်ကြတယ်ဆိုပဲ။

ဒါထက် ပိုပြီးကသိကအောင့်နိုင်တာကတော့

"ကိုကံချွန် . . . မဂ္ဂဇင်းထဲရေးထားတာ ကောင်းတယ်ဗျာ။ အဲသလို တွယ်မှ"

(ကံချွန်ရေးတာ မဟုတ်ဘဲ မှားပြီး "ဘရာဘို" တာပါ။)

"ဆရာကံချွန် . . . ဂျာနယ်ထဲမှာ အပြတ်နှိပ်ထားတာပဲ"

"ဦးကံချွန်ရေးတဲ့ . . . အကြောင်း ဆောင်းပါးကတော့ လက်သံပြောင်တယ်ဗျာ။"

(သူများထိုးရမယ့် မျက်စောင်း ကံချွန့်ဆီမှားရောက်လာတာပါ။) ဆိုပြီး ပြောတဲ့စကားတွေပါ။

"အဲဒီကောင်ကြည့်မရလို့ပါဗျာ။ ဂျာနယ်ထဲထည့်နှိပ်လိုက်စမ်းပါ"

(ဂျာနယ်ကိုရော အယ်ဒီတာကိုရော၊ စာရေးသူကိုရော စော်ကားတာပါ။)

ထို့ကြောင့် . . .

သရော်စာ၊ ကလိစာ၊ ခနဲ့စာ၊ ဝေဖန်စာရေးသူများ နာမည်ကျော်ရင် . . .

၁။ သရော်စာဆရာတစ်ဦးသည် သူ၏ လက်သီးအင်အားနှင့် ဦးတည်ချက်ကို အမြဲချိန်ဆရပါမည်။ သရော်စာကြောင့်

မလိုလားအပ်သော အဖြစ်အပျက်များ ဆက်လက်ဖြစ်လာနိုင်ခြင်း မရှိရန် ချိန်ဆရပါမည်။

၂။ သရော်စာ ဆောင်းပါးများကို စာရေးဆရာ၏ ကိုယ်ပိုင်ဘဝဌ် ခံစားရသော ခံစားချက်များမှ ထုတ်နှုတ်ရေးသားမှုမပြုသင့်ပါ။

**မင်န်ျူလ်ဆင်ယိုးနောပ် (ရုရှားသရော်စာရေးဆရာ)**

အဲဒီအခြေခံမူလေးကို အမြဲနှလုံးသွင်းပြီး ထားပါတယ်ခင်ဗျာ။ အများကိုယ်စားခံစားပြီး ကလိမိ၊ ရိမိ၊ ခနဲ့မိတာတွေကို မျက်စောင်းထိုးလည်း ကျေကျေနပ်နပ်ခံပါ့မယ်။

ဩော် . . .

သရော်စာရေးသူများ နာမည်ကျော်ရင် . . .

***ဂျူးချွန်***

**ရွှေမန္တလေးဂျာနယ် – ၈.၉.၂၀၀၇**

❖ ❖ ❖ ❖ ❖

# ရိုးရာကို ဘယ်လိုမွမ်းမံမလဲ

တစ်ရက်တစ်ရက် ကုန်နေပုံကတော့ ဟိုခြင်ဆေးခွေနဲ့ တွေ့တဲ့ခြင်တွေလိုပါပဲခင်ဗျာ။ ဖြုတ်၊ ဖြုတ်။ ရက်တစ်ပတ်ဆို တာ ခဏလေး။ စာမူခထုတ်။ စာမူပေး၊ စာမူခထုတ်။ စာမူ ပေး။ ပင်တိုင်စာရေးသူတစ်ယောက်ရဲ့ လည်ပတ်မှုမှာ စာမူ ပေးကဏ္ဍကို ခဏဖယ်ထားရရင် တော်တော်ကောင်းမှာ။ ဂျာနယ်တိုက်သွား စာမူခပဲထုတ်၊ နိပ်လေစွတကား။ ခုတော့ စာမူခထုတ်တာနဲ့

"စာမူနောက်မကျစေနဲ့နော်"

ဆိုတဲ့ အသံကို ကြားရတော့တာပါပဲ။ မနိပ်လိုက်တာ။ ဂျာနယ်တိုက်ကအပြန် လမ်းတစ်လျှောက်လုံး အာရုံက ဘာရေးရပါ့မလဲဆိုတာ ကပ်ငြိတော့တာ။ဘယ်မီးဖိုချောင်က ဒိန်ခဲသုတ်ရပါ့မလဲဆိုတဲ့ ကျီးလို မြင်မြင်သမျှ ပြူးပြဲကြည့်၊ ကြားရသမျှ နားစွင့်၊ အိမ်ရောက်တော့ စားပွဲမှာ ငုတ်ထုတ် ထိုင်။ ဘာရေးရမလဲ၊ ကိုယ့်ဟာကိုယ်မေးတဲ့မေးခွန်း ကိုယ် မဖြေနိုင်။ သည်အထဲ မြေးဆီက ပုံမှန်တောင်းခံနေကျ အသံ ကကြားရပြန်ရောခင်ဗျ။

"အရုပ်လိုချင်လို့"

"မင်းကွာ၊ အိမ်မှာ အရုပ်တွေကို တစ်ပုံကြီးပဲ။"

"အဲဒါတွေက အပျက်တွေ"

"အသစ်ဝယ်လည်း ပျက်မှာပဲကွာ"

"အသစ်က မပျက်ပါဘူး။ အိမ်ရောက်မှ ပျက်တာ။"

"ဟိုမှာ . . . အပါကြီး ပန်းချီရေးမလို့ဝယ်ထားတဲ့ အရုပ်တွေနဲ့ ကစားပါလားကွာ"

ဘုရားကြီးစောင်းတန်းထဲက ဝယ်ထားတဲ့ မြင်းရုပ်၊ ဆင်ရုပ်၊ ကျားရုပ်၊ ဖိုးဝရုပ်၊ ပစ်တိုင်းထောင် အရုပ်မျိုးစုံကိုချ ပေးတော့ . .

"ဒီဟာတွေက လမ်းမလျှောက်တတ်ဘူး။ ရိုဘိုကော့တို့ စူပါမင်းတို့ဆို လမ်းလျှောက်တတ်တယ်"

အဲဒီစကားတစ်ခွန်းဟာ ကံချွန်ရဲ့ အာရုံထဲမှာ ဝင်းကနဲ လင်းသွားပါတော့တယ်။ မြေးခေါ် ဒေဝ်စတိုးသွား၊အရုပ်ဝယ် ပေး။ ကဲ ဝေးဝေးမှာ သွားကစားပေတော့ ငါ့မြေး ဆိုပြီး ဒီ အရုပ်ကိစ္စကို ဆက်စဉ်းစားမိပါတော့တယ်။

ကစားစရာကဏ္ဍဆိုသဟာက နိုင်ငံတကာဈေးကွက် မှာ တစ်ခန်းတစ်ကဏ္ဍ၊ တစ်နေရာပေးထားရတဲ့ပစ္စည်းပါ။ ကလေးမရှိတဲ့ တိုင်းပြည်ရယ်လို့မှ မရှိဘဲ။ ဒီနေ့ကလေးတွေ အရုပ်နဲ့ကစားချင်သလို ကံချွန်တို့ ငယ်ငယ်ကလည်း အရုပ်နဲ့ ကစားခဲ့တာပါပဲ။ မြင်းရုပ်၊ ဆင်ရုပ်၊ ကျားရုပ်၊ ဖိုးဝရုပ် . . . ဒီနေရာမှာ ကံချွန်ရဲ့အတွေးကို ရပ်လိုက်မိပါတယ်။ ဆက် တွေးစရာမရှိလို့ပါ။ ဒီနေ့ ကံချွန်ရဲ့မြေးအတွက်လည်း မြင်းရုပ်၊ ဆင်ရုပ်၊ ကျားရုပ်၊ ဖိုးဝရုပ်၊ ပစ်တိုင်းထောင်ဆိုတာပဲ

ကစားစရာအတွက် မြန်မာအရုပ်တွေရှိပါတယ်။ ခက်တာက မြေးများဟာ အဘိုးတို့ငယ်ငယ်က ကစားခဲ့တဲ့အရုပ်မျိုးနဲ့ ကစားရမှာကို စိတ်မဝင်စားကြပါဘူး။

အမှန်ကတော့ ကံချွန်တို့ဟာ ကလေးတွေကို ချစ်ရုံပဲ ချစ်ပြီး သူတို့အတွက် ဝန်ဆောင်မှုတွေကို လုပ်ပေးရကောင်း မှန်း မသိတာပါပဲ။ မေ့နေကြတာပါပဲ။ အရာရာ ပြောင်းလဲ တိုးတက်လာတဲ့ခေတ်မှာ ကလေးကစားစရာတွေဟာလည်း တိုးတက်ပြောင်းလဲသင့်တာပေါ့။ ရှိနှင့်ပြီးခဲ့တဲ့ မြန်မာ့ကစား စရာအရုပ်တွေကို ခေတ်မီနည်းပညာတွေနဲ့ပေါင်းစပ်ပေးဖို့ မသင့်ပေဘူးလား။ လမ်းလျှောက်တဲ့ ဆင်၊ ခုန်အုပ်တဲ့ ကျား၊ ပြေးနေတဲ့ မြင်းတွေဖြစ်အောင် လုပ်မပေးသင့်ဘူးလား။ ဂါဝန်ရှည်နဲ့ ကောင်မလေးက သီချင်းဆိုပြီး စားပွဲပေါ်လှည့် ကပြတဲ့ အရုပ်ကလေးလို သူငယ်တော်တို့၊ ဦးရွှေရိုး၊ မင်းသား၊ မင်းသမီးနှစ်ပါးသွားအကတို့ကို ဓာတ်ခဲနှစ်လုံးလောက်သုံးပြီး အသက်သွင်းဖို့ မကြံစည်သင့်ဘူးလား။

ကလေးတွေရဲ့ စိတ်ကဖြူစင်ပါတယ်။ ဘာအစွဲမှမရှိပါ ဘူး။ ပြည်တွင်းဖြစ်တို့၊ နိုင်ငံခြားဖြစ်မို့ဆိုတာတွေ နတ္ထိပါ။ သူတို့ နှစ်သက်လောက်အောင် လုပ်ပေးရင် နှစ်သက်မှာပေါ့။ သူတို့အမြင်အာရုံမှာ ယှဉ်ကြည့်စရာ ကစားစရာတွေရှိနေ တာကိုတော့ ကံချွန်တို့သတိထားရပါမယ်။ ရိုဘိုကော့က လမ်းလျှောက်ပြီး ကိုယ်နှစ်ပတ်လည် သေနတ်နဲ့ပစ်ပြတာကို

ယှဉ်ဖို့စဉ်းစားပြီး လုပ်ရမှာပါ။ ဒီနေ့ နိုင်ငံပေါင်းစုံက ဝင်နေတဲ့ ကလေးကစားစရာတွေဟာ ကုန်တိုက်ကြီးများပေါ်၊စတိုးဆိုင်များထဲကအစ သီးသန့် “ဘေဘီစတိုး” ဆိုတာတွေမှာထိ ပုံအောတိုက်ပြီး ခင်းကျင်းထားတာရှိပါတယ်။ ကစားစရာအရုပ်ပေါင်း သောင်းနဲ့ချီပြီး ခင်းကျင်းထားတဲ့ ဆိုင်ကြီးတွေထဲမှာ မြန်မာဖြစ်အရုပ်များက (အတုများကို မဆိုလို) တစ်ခန်း၊ တစ်ကဏ္ဍ၊ တစ်နေရာ မယူနိုင်သေးပါဘူး။

ကံချွန်တို့ရဲ့ ပြည်တွင်းဖြစ် “ကလေးငယ်” များအတွက် “ပြည်ပသွင်းကုန်အစားထိုးကလေးကစားစရာ” ဆိုတာကို ရှိသင့်ပြီလို့ မြင်မိပါတယ်ခင်ဗျ။ စီးပွားရေးအရပဲ တွက်တွက်၊ တာဝန်ယူမှုနဲ့ပဲ တိုင်းတာ တိုင်းတာ၊ ကလေးကစားစရာဟာ ကလေးရှိတဲ့ မိသားစုတိုင်းရဲ့ ထွက်ငွေဇယားမှာ ဦးစားပေးအဆင့်ထဲပါ ပါတယ်။ ဒီနေ့ “ကစားစရာ” ရဲ့ နေရာယူမှုကိုလည်း ထည့်တွက်သင့်ပါပြီ။ လေးဘက်တွားကလေး ကစားဖို့ ပလုတ်တုတ်ကအစ အရွယ်အဆင့်အဆင့် ကစားဖို့ ထုတ်လုပ်လိုက်တာ လူကြီးများကစားဖို့ “ဂိမ်း” မျိုးစုံထိ တွေ့နေရပါပြီ။

ကလေးကစားစရာ အရုပ်များကနေ ဆင့်ပွား ဧည့်ခံဆောင်အလှထားတဲ့ အရုပ်များကိုလည်း ကံချွန်တို့ရဲ့ မြန်မာဧည့်ခန်းများမှာ အခန့်သား တွေ့နေရပါတယ်ခင်ဗျာ။ တီဗီပေါ်မှာ ကက်ဆက်ဘေးမှာ၊ စားပွဲပေါ်မှာ၊ ဗီရိုထဲမှာ။

အရုပ်ရဲ့နေရာဟာ ဒါနဲ့တင်မပြီးသေးဘူး ခင်ဗျ။ ကားမှန်ပေါ်၊ ဗီရိုပေါ်နေရာယူဖို့အတွက် ကပ်ခွာတွေအဖြစ် ရောက်လာကြသေးတာ။

ဟဲလို ကစ်တီ၊ မစ်ကီ၊ ဆီွတီ၊ စနိုးဝိုက် စသည်ဖြင့်ပေါ့ ခင်ဗျာ။ အရုပ်ရဲ့နေရာဟာ အတော့်ကို ကျယ်ပြန့်ပါတယ်။ အဲသလို ဧည့်ခန်းရဲ့နေရာအနှံ့မှာ အပိုင်းစီးပြီးတဲ့နောက်မှာ တော့ ကလေးများရဲ့ အိပ်ခန်းထဲထိ ဝက်ဝံ၊ ခွေး၊ ခြင်္သေ့၊ ကျားစတဲ့ အရုပ်ကြီးများဟာ ဖက်ခေါင်းအုံးအဖြစ် ကလေး များရဲ့ အိပ်ဖော်အဖြစ် ရောက်နေပါပြီ။

ကလေးကစားစရာအရုပ်တွေပဲဆိုပြီး ခပ်ပေါ့ပေါ့ သဘောထားလို့ မရပါဘူးခင်ဗျာ။ ကျွန်တော်တို့ရဲ့မြေးများ အတွက် တာဝန်ကို ကျွန်တော်တို့ ယူနိုင်ဖို့ မကြိုးစားတော့ ဘူးလား။ ဒါ စဉ်းစားစရာပါ။

မြန်မာကလေးတွေအတွက် မြန်မာ့အရုပ်ကစားစရာ လေးတွေကို ခေတ်မီနည်းပညာနဲ့ ပေါင်းစပ်ဖို့ဟာ . . . အတော့်ကို အရေးကြီးတယ်လို့ ကံချွန်အူယားဖားယား ရေး ချင်နေပါပြီ။ ပါဝါရိန်းဂျားတွေ၊ ဘက်မင်းတွေ၊ စပိုင်ဒါမင်း တွေတစ်ရုပ်ကို ၅၀၀ ကျပ်နဲ့ ၃၀၀၀ကျပ်အတွင်း ပေးပြီး ဝယ်ပေးနေရဦးမယ့်အရေးတွေးရင်း ရင်လေးလို့ပါ။ သောင်း ကျော်တန် ကစားစရာများကို လက်ညှိုးမထိုးသေးတဲ့အတွက် မြေးများကို အလေးပြုရပါဦးမယ်။ သင့်ခယူဘောဘီ။

ခလုတ်လေး နှိပ်လိုက်တာနဲ့ ချာလပတ်တွေလည်၊ ကျွမ်းတွေပစ်၊ အထက်အောက်တွေခုန်၊ ပြီးတော့မှ ခပ်ပြုံးပြုံးလေး ထောင်နေမယ့် ပစ်တိုင်းထောင်။

ရိုမုဒ်ကွန်ထရိုးနဲ့ ကိုယ်လိုရာ သစ်ဆွဲပို့စရာ ခိုင်းလို့ရမယ့်ဆင်၊ သံပတ်ပေးလိုက်တာနဲ့ အားမန်အပြည့်နဲ့ ခုန်အုပ်မယ့် ကျားစတဲ့ စတဲ့ ကလေးများစွဲမက်လောက်စရာ မြန်မာ့ကစားစရာများကို စတိုးဆိုင်ကြီးများမှာ ရောင်းချလာပြီဆိုရင်လည်း ကြိုဆိုပါတယ်။ အားပေးပါမယ်။

***ဂျာနယ်ကျော်မမလေး***

**ရွှေမန္တလေးဂျာနယ် – ၁၅.၉.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ပရိတ်သတ်က နားမကြား
# ပြောတာက ကံချွန်

၇. ၉. ၂၀၀၃ ရက်နေ့က မိန်းကလေးနှစ်ယောက် ရောက်လာပြီး

"ဆရာ"

"ဟေ"

"သူ့မှတ်မိလား"

"အင်း"

"နာမည်သိသလား"

"ဟင့်အင်း ရုပ်မှတ်မိတာ၊ အသိထဲကပဲလို့"

"မဂျာတောင် လေ၊ World Vision ကပဲ။ သမီးနဲ့ အတူတူ"

"ကဲ ပြော၊ ဘာကူညီရမလဲ"

ဦးဆောင်ပြီး စကားပြောတာက ခိုင်ခိုင်ထွန်းဆိုတဲ့ ကလေးမပါ။

"ဟောပြောပွဲဖိတ်ချင်လို့"

"ဖိတ်ရင် လိုက်မှာပေါ့"

"ပရိတ်သတ်က နားမကြားကျောင်းက ကလေးတွေ"

"ဟေ"

သူတို့ မျက်နှာကြည့်တော့ အတည်ပေါက်တွေ။ ဟာသ

လုပ်တာလည်း မဟုတ်ဘူး။

"ဘာကြည့်နေတာလဲဆရာ"

"ဝက်ခြံတွေပေါက်နေလို့ တီဗီမှာကြော်ငြာတဲ့ ဟိုသနပ်ခါးဝယ်လိမ်းလိုက်။ မိန်းကလေးဖြစ်ပြီး သနပ်ခါးမလိမ်းဘာမလိမ်နဲ့။ ဒါကြောင့် နင်တို့ ယောကျ်ားမရတာ။"

"နောက်မနေနဲ့"

"ရှေ့နေရမှာလား"

"သမီးတို့က အတည်ပေါက်လာဖိတ်တာ"

"တကယ်ပြောနေကြတာလား"

"တကယ်ပါ။ ကျောင်းက ဆရာမတစ်ယောက်က ဘာသာပြန်ပေးလိမ့်မယ်။ ဆရာက ဖြည်းဖြည်းတော့ပြောပေါ့။ ၁၀ ရက်နေ့မှာ နားမကြားလူငယ်တွေနဲ့အတူတူ မသန်မစွမ်းလူငယ်တွေလည်း ပါမယ်။ ပညာပေးဟောပြောပွဲလေး လုပ်ပေးချင်လို့"

"အဓိက ရည်ရွယ်ချက်က"

"သူတို့ကို အားငယ်စိတ်ပျောက်စေချင်တာ"

၁၀. ၉. ၂၀၀၃ (ဗုဒ္ဓဟူးနေ့)၊ World Vision ရုံး၊ ၈၆ လမ်း၊ သိပ္ပံလမ်းထောင့်မှာဟောပြောပွဲလုပ်ဖြစ်ပါတယ်။ မဂ္ဂါတောင်ကအခမ်းအနားမှူး၊မခိုင်ခိုင်ထွန်း မှတ်တမ်းတင်၊ ဒေါ်သီတာဆွေ (နာမကြားကျောင်းဆရာမ)က ဘာသာပြန်။ ဦးဝင်းဇော်ကလည်းကူပြီး ဘာသာပြန်ပေးပါတယ်။ ဟော

ပြောသူကတော့ ကံချွန်ပေါ့။

မင်္ဂလာပါ။ ခုလို တွေ့ဆုံပြောဆိုခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ပထမဆုံး ပုံပြင်လေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ (အဲသလို) နှစ်ခွန်း၊ သုံးခွန်း ပြောပြီးတိုင်း ဘာသာပြန်ဖို့ နာပေးရပါတယ်။ တစ်ခါက မျက်စိမမြင်တဲ့ လူတွေနဲ့ စိတ်မကောင်းတဲ့လူတွေဘောလုံးကန်ကြသတဲ့။ မကန်ခင်မှာ ဂိုးရှူးလေ့ကျင့်ပေးတယ်ပေါ့။ ဘောလုံးမှာ ခြူဆွဲထားတယ်။ ဂိုးတိုင်မှာ အသံချဲ့စက်နဲ့ သီချင်းဖွင့်ပေးထားတယ်။ မျက်စိမမြင်တဲ့ လူတွေကို သီချင်းဖွင့်သံကြားတဲ့ ဘက်ကန်ဖို့၊ ဘောလုံးကျတဲ့နေရာမှာ ခြူသံကြားရမှာပေါ့။ အဲသလိုပဲ စိတ်မကောင်းတဲ့သူတွေကိုလည်း ဂိုးတိုင်ထဲကန်ဖို့၊ အဲသလိုတွေ သင်ပေးပြီး တကယ်ကန်ကြတော့ ဘယ်သူနိုင်မယ်ထင်သလဲ။ (ဆရာမက လိုက်ပြောပြနေပါတယ်။ ပရိသတ်ကလည်း လက်ဟန်ခြေဟန်တွေနဲ့ ပြန်ဖြေပါတယ်။)

အဲဒီပွဲမှာ စိတ်မကောင်းတဲ့လူတွေ ရှုံးသွားပါတယ်။ မျက်စိမမြင်တဲ့သူတွေက နိုင်သွားပါတယ်။ ဘာလို့လဲဆိုတော့ စိတ်မကောင်းတဲ့သူတွေက ဂိုးရှူးလေ့ကျင့်ပေးထားတဲ့ သူတို့ဂိုး သူတို့ရှူးနေကြလို့ပေါ့။

ကျွန်တော် ဒီပုံပြင်လေးကို ပြောရတဲ့ ရည်ရွယ်ချက်ကတော့ ကိုယ်လက်အင်္ဂါတွေပြည့်စုံနေသော်ငြား၊ အမြင်အကြားအာရုံတွေရှိနေသော်ငြား၊ အသိဉာဏ်မရှိရင် လူ့

လောကအတွက် သူ့ပတ်ဝန်းကျင်အတွက် အသုံးမဝင်ပါဘူး။ ဝေဖန်ပိုင်းခြားစဉ်စားတတ်တဲ့ အသိဉာဏ်ရှိနေသူတိုင်းဟာ လူ့လောကအတွက် အရေးပါအရာရောက်သူ၊ အသုံးဝင်သူ ချည်းပါပဲ။

ဖြစ်ရပ်ကလေးတစ်ခုပြောပြချင်ပါတယ်။ ဆရာဝန်လင်မယား ကားမောင်းလာရင်း ရုတ်တရက်စက်ရပ်သွားတယ်။ကံကောင်းချင်တော့ စက်ရပ်သွားတာက ကားဝပ်ရှော့ ရှေ့မှာ၊ ဆရာဝန်က ဝပ်ရှော့က ကလေးတစ်ယောက်ကို လှမ်းခေါ်တယ်။

“ဟေ့ ကလေးလာပါဦး၊ မောင်းလာရင်း ရပ်သွားလို့ ကြည့်ပေးစမ်းပါ”

ပေါ့။ အင်ဂျင်ဟက်ဆေးနေတဲ့ ကလေးက

“မအားဘူး ဗျ”

ဆိုပြီး ပြန်ဖြေတယ်။ ဆရာဝန်မက ဆင်းသွာပြီး

“ငါ့မောင်ရယ် အစ်မတိုက ဆရာဝန်တွေပါ။အရေးကြီးတဲ့ လူနာသွားကြည့်ရမှာမို့ပါ”

ဆို ပြောတော့မှ

“ကျွန်တော်တို့လည်း မတွက်ကပ်တတ် ပါဘူးဗျာ။ ရပါတယ်” ဆိုပြီး ထလိုက်လာတယ်။ ပြင်ပေးတယ်။ ကောင်းသွားတယ်ဆိုပါတော့။ ဒီဖြစ်ရပ်ကို သတိထားကြည့်ပါ။ ကားပျက်တဲ့အချိန်မှာ ဝပ်ရှော့ဆရာက အရေးပါသူဖြစ်သွားပြီ။

ဒီလိုပါပဲ စာမေးပွဲဖြေမယ့်ကလေးရှိတဲ့အိမ်မှာ ကျောင်းဆရာက အရေးပါတယ်။ လူနာရှိတဲ့အိမ်မယ် ဆရာဝန်က အရေးပါတယ်။ ဒီတော့ လူတိုင်း၊ လူတိုင်း၊ လုပ်ငန်းတိုင်း လုပ်ငန်းတိုင်းဟာ သူ့နေရာနဲ့သူ အရေးပါတယ်ဆိုတာ သိထားစေချင်ပါတယ်။ ခု ဒီမှာထိုင်နေသူအားလုံးလည်း လူ့လောကအတွက် အရေးပါ အရာအရောက်သူတွေပါပဲ။

ဒါကို လက်ခံတယ်ဆိုရင် ကျွန်တော်တို့ဟာ ကိုယ်လုပ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ကြရပါမယ်။ အကောင်းဆုံးဆိုတာ သူများထက်ကောင်းအောင်ဆိုလိုတာ မဟုတ်ပါဘူး။ ကိုယ်လုပ်နိုင်သလောက် အကောင်းဆုံးလုပ်ဖို့ပါ။ ဘယ်တော့မှ "ဒါလောက်ဆို ရပါတယ်" "ဖြစ်သလို လုပ်လိုက်မယ်" ဆိုတဲ့ စိတ်မျိုး မမွေးပါနဲ့ မလုပ်ပါနဲ့။ ဖြစ်သလိုလုပ်တတ်သူနဲ့ ဒါလောက်ဆိုရပါတယ်ဆိုပြီး ကြိုးစားအားထုတ်မှုမပါဘဲ လုပ်တတ်သူတွေဟာ ဘယ်တော့မှ တိုးတက်အောင်မြင်တဲ့လူတွေမဖြစ်ပါဘူး။

ခင်ဗျားတို့မှာ ရည်ရွယ်ချက်ရှိစေချင်တယ်။ ရည်ရွယ်ချက်မရှိရင် ပန်းတိုင်ပျောက်နေသူလိုပါပဲ။ ကိုယ့်အိမ်ထဲကထွက်သာလာတယ် ဘယ်ကိုသွားမယ်ဆိုတာ သတ်မှတ်မထားရင် ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့ အချိန်ကုန်တာပဲ အဖတ်တင်ပါမယ်။ ဘဝအတွက် ကိုယ်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်မရှိရင် အသက်တွေသာ ကြီးလိုက်လာပြီး

ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူး။

ကိုယ်ဖြစ်ချင်တာ ဖြစ်ကိုဖြစ်တယ်ဆိုတာလည်း ယုံထားပါ။ တဲဆောက်ချင်ရင် တစ်ရက်နဲ့ပြီးမယ်။ နှစ်ထပ်တိုက်ဆောက်ရင် တစ်လအနည်းဆုံးကြမယ်။ ဆယ်ထပ်တိုက်ဆောက်ချင်ရင် နှစ်နဲ့ချီကြာနိုင်တယ်။ အဲသလိုပါပဲ။ ရည်ရွယ်တဲ့ ပန်းတိုင်၊ ကိုယ်ဖြစ်ချင်တဲ့ အနေအထားက ကြီးရင်ကြီးသလောက် အချိန်ပေးကြိုးစားရပါမယ်။ ကျွန်တော် ခု ကံချွန်ဆိုတဲ့ နာမည်လေးရဖို့ ကြိုးစားခဲ့တာ နှစ်သုံးဆယ်ကျော်ပါပြီ။

ကျွန်တော်တို့ ဖြစ်ချင်တာဟာ ကျွန်တော်တို့နေတဲ့ ပတ်ဝန်းကျင်၊ ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေနဲ့တော့ အံဝင်ရမယ်ပေါ့။ အင်းလေးမှာနေပြီး အပြေးချန်ပီယံဖြစ်ချင်လို့မရပါဘူး။ ကိုယ်နေတာက ရေလယ်မှာ။ ရေကူးချန်ပီယံပဲ ဖြစ်နိုင်တယ်။

လောကကြီးမှာ မကြိုးစားဘဲ အောင်မြင်သူ မရှိပါဘူး။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အနုပညာ ဘယ်လောကမှာပဲ ကြည့်ကြည့် အောင်မြင်သူတွေဟာ ကြိုးစားခဲ့လို့ပါ။

လူတွေဟာ ဆုံးရှုံးမှုတစ်ခုခုကို ကြုံဆုံရင်ဆိုင်ရရင် ပိုင်ဆိုင်ရရှိထားတဲ့ တစ်ခြားစွမ်းရည်တွေကို မေ့နေတတ်ပါတယ်။ အာရုံက ဆုံးရှုံးမှုထဲမှာပဲ ရောက်ပြီး အားငယ်နေတတ်ပါတယ်။ ပိုင်ဆိုင်ထားတာတွေရဲ့ တန်ဖိုးကို မေ့နေတတ်ပါ

တယ်။ ခြေထောက်ဆုံးရှုံးထားရသူမှာ အမြင်အကြားအာရုံ တွေ၊ လက်ရဲ့လှုပ်ရှားနိုင်မှုတွေ ရှိနေတာပဲ။ ရှိနေတဲ့ ပိုင်ဆိုင် နေတဲ့ လုပ်နိုင်စွမ်းရည်ကို တိုးတက်အောင် ထူးချွန်အောင် လေ့ကျင့်၊ အသုံးချ၊ ကြိုးစားရမှာပေါ့။ နားမကြားသူမှာ အမြင်အာရုံနဲ့ သွားလာလှုပ်ရှားနိုင်တဲ့ အခွင့်အရေးရှိနေတာ ကို မေ့လို့မရပါဘူး။ ဆုံးရှုံးမှုအတွက် အားငယ်နေမယ့်အစား ပိုင်ဆိုင်ထားတာတွေကို ထူးချွန်ထက်မြက်အောင် ကြိုးစား ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ရပါတယ်။

မသန်းစွမ်းနဲ့ နာမကြားသူ လူငယ်များကို ကျွန်တော် ပြောခဲ့တဲ့ စကားတွေပါ။ အားလုံးကောင်းနေတဲ့ လူငယ်တွေ အတွက်လည်း အံဝင်မယ်လို့ ယူဆလို့ . . . .

***ကံချွန်***

**ရွှေဗန္ဓုလေးဂျာနယ် – ၂၂.၉.၂၀၀၃**

❖ ❖ ❖ ❖ ❖

# မရဲတရဲ နှင့် ပြောပါရစေ

အဆင်မပြေဘူးလားဆိုရင် အဆင်ပြေပါတယ်။
ဘာပြဿနာရှိသလဲမေးရင် ခေါင်းခါပြရမှာပါ။

ဒါပေမယ့် ကံချွန်မှာ အကျင့်တစ်ခုရှိပါတယ်ခင်ဗျာ။ ကားတစ်စီးဟာ ရှေ့ဘီးနဲ့ နောက်ဘီးလမ်းလိုက်လွဲပြီး ခပ်စောင်းစောင်းကြီးပြေးနေတာမြင်ရင် မောင်းလို့ရနေသားပဲ ဆိုပေမယ့် အားကြီးပြင်စေ့ချင်တယ်။ ၃/၂၀၀၃ အတွက် ဖုန်းငှားရမ်းအသုံးပြုခ (၁၈. ၇. ၂၀၀၃) မှာပေးဖို့ ၄/၂၀၀၃ အတွက် ဖုန်းငှားရမ်းအသုံးပြုခ ၃၁. ၇. ၂၀၀၃ မှာ ပေးဖို့၊ ၅/၂၀၀၃ အတွက် ဖုန်းငှားရမ်းအသုံးပြုခ ၁၅. ၈. ၂၀၀၃ မှာပေးဖို့ မြန်မာ့ဆက်သွယ်ရေးက ငွေတောင်းခံလွှာ ၃ စောင်ကို ၁၃. ၉. ၂၀၀၃ ရက်နေ့မှာ လာပို့ပါတယ်။ ဒါဆို ၁၅. ၉. ၂၀၀၃ (တနင်္လာနေ့) မှာ သွားပြီး ပေးဆောင်လိုက်ရုံပါပဲ။ ဘာ အခက်အခဲမှ မရှိပါဘူး။ အဆင်ပြေပါတယ်။ ဘာပြဿနာမှလည်း မရှိပါဘူး။ ၂/၂၀၀၃အတွက် ငွေတောင်းခံတာကိုလည်း ၈/၂၀၀၃ လကုန်ပိုင်းမှ ရောက်လာလို့ ၂၈. ၈. ၂၀၀၃မှာ သွားဆောင်ခဲ့တာပါ။ အဲသလို ဆောင်ရင်း ၃/၂၀၀၃အတွက် တောင်းခံလွှာမထွက်သေးဘူးလားဆိုပြီး မေးကြည့်တော့ ၅/၂၀၀၃ထိ တောင်းခံလွှာကို စာတိုက်ပို့လိုက်ပြီလို့ ပြောပါတယ်။ ကံချွန်မေးကြည့်တဲ့ ရက်

ထက် ဘယ်လောက်စောပို့မှန်းတော့ မသိပါဘူး။ စုံးစမ်းမိတဲ့ ရက်နဲ့တွက်ရင်ကိုပဲ ရက်နှစ်ပတ်ကျော်ကြာပါတယ်။ Mandalay to Mandalay ပါ။

ကံချွန်ရဲ့ မိတ်ဆွေတစ်ယောက်က ဖုန်းလိုင်းအဖြတ်ခံရလို့ လိုက် စုံစမ်းတော့မှ ဖုန်းခွန်တွေ မဆောင်လို့ဆိုပြီး ပြောတော့ ဘယ်သူက တောင်းလို့လဲ။ ဘယ်တုန်းက တောင်းလို့လဲ၊တောင်းခံလွှာတွေကဘယ်နေရာမှာ သောင်တင်နေသလဲပေါ့လေ။ မေးဟယ်၊ မြန်းဟယ်၊ စုံစမ်းဟယ်နဲ့ အတော်များများ စုဆောင်လိုက်ရလို့ တော်တော်လေး အီသွားပါသတဲ့။ "ဖုန်းခွန်ဆိုတာ ပို့ပေးမှာလား၊ ဒါမှမဟုတ် ရုံးကိုသွားပြီး ဒုတိယပတ်အတွင်း ဆောင်ရမှာလား။ တစ်လအတွင်း ဆောင်ရမှာလား။ ပို့ပေးမှာဆိုရင် မှန်မှန်ပို့ပေါ့ဗျာ။ စုပြီးမှပို့တော့ အီတယ်။ တောင်းခံလွှာမရောက်လာတာကို ပေးဆောင်ရမယ့်သူကပဲ တာဝန်ပျက်သလိုလို၊ မလေးစားသလိုဖြစ်ရတော့ သိက္ခာကပိုနာတယ်ဗျ" ဆိုပြီး ဗျစ်တောက်ဗျစ်တောက်နဲ့ ရင်ဖွင့်သံ၊ တစ်-မျဉ်းစောင်း-သုည သုံးကို ကြားရပါတယ်။ ဘေးနားမှာ ထိုင်နေတဲ့ မိတ်ဆွေက ကျွန်တော်တို့လူမျိုးဟာ သိပ်ချစ်စရာကောင်းတာဆိုပြီး မဆီမဆိုင် ဝင်ပြောပါတယ်။

"ဘယ်လိုဆက်စပ်သွားတာလဲ"

"ငွေပေးဖို့ရာ ငွေတောင်းခံလွှာကို မျှော်နေတယ်ဗျာ။

ငွေတောင်းဆိုပြီဆိုရင်လည်း ပေးဖို့အတွက်ကို တန်းစီပြီး၊ တိုးဝှေ့ပြီးပေးကြတာ။ ရစရာမှ စိတ်ရှည်တာ ဝီရိယစိုက်တာ မဟုတ်ဘူး။ ပေးစရာကို ဘယ်လောက်ပေးချင်သလဲဆိုရင် မြန်မြန်ပေးပို့ရမယ်၊အချိန်စောစောပေးရမယ်ဆိုရင် ပိုပေးပြီး တော့ကို ပေးချင်ကြတာ။ မယုံရင် ဘယ်စာတိုက်မှာမဆို ပေးလို့ရတယ်။ တိုင်းရုံးလာပေးတာထက် နှစ်ရာတော့ပိုပေး ရမယ်။ သုံးရာတော့ပေးရမယ်ဆို သတ်မှတ်ကြည့်ပါလား။ နီးရာစာတိုက်မှာ လွယ်လွယ်ပေးပို့ရရင် ပိုပေးပြီးတော့ကို ငွေသွင်းကြမှာပါ။ ကဲ ကျွန်တော်တို့ လူမျိုး စရိုက် ဘယ် လောက်ချစ်စရာကောင်းသလဲ။ ငွေပေးဖို့ကိုပဲ ပိုပေးပြီး လွယ်လွယ်ကူကူပေးလို့ရမယ်ဆိုရင် ပေးကြဦးမှာပါ။ မြန်မြန် ပေးချင်တာ၊ စောစောပေးချင်တာ”

တစ်ယောက်က

“ငွေပေးဖို့တောင် ခုလိုခက်ခဲနေရင် ငွေရဖို့များဆို”

ကံချွန် ကပျာကယာ လက်ကာထားရတယ်ခင်ဗျ။

“ဆွေးနွေးတဲ့ ခေါင်းစဉ်မပြောင်းနဲ့လေ။ ပေးရတာ ဘယ်လိုအဆင်ပြေမလဲ၊ ပေးလို့လွယ်အောင် ဘယ်လိုစီစဉ် သင့်တယ်ဆိုတာပဲ ဆွေးနွေးကြဗျာ”

“ခု ကိစ္စမှာ ဆက်သွယ်မှုနှောင့်နှေးတာကို ချန်ထားလို့ မရဘူးဆိုတော့ . . . ။ မန္တလေး - ရန်ကုန် အမြန်ချောပို့တာ လည်း အရင်ကလို ဒီနေ့ပို့ နက်ဖြန်ရောက်မဟုတ်တော့ဘဲ

သုံးလေးရက်ကြာနေတယ်လို့ သတင်းထွက်လာတယ်ဗျ”

“အဲဒီကိစ္စကို သီးခြားထားဗျာ”

“ထားလို့မရဘူးလေ၊ စာပို့တာကြာတာ . . .”

“စာပို့လုလင် အခက်အခဲရှိနိုင်တယ်ဗျာ။ စာဝေရတဲ့ နယ်မြေက ကျယ်တယ်ဗျာ။ သူတို့စီးရတဲ့ စက်ဘီးတွေက တစ်နာရီ ငါးမိုင်နှုန်းထက် ပိုနင်းရင် အနီမှတ်ပြမယ်။ အချက်ပေးသံ “ကျွိ ကျွိ၊ ဂျောင်း ဂျောင်း” ဆိုတာတွေ ထွက်မယ်။ အဲသလို အချက်ပေးတာ ဂရုမစိုက်ဘဲ အရှိန်မလျှော့ရင် “ဝုန်း၊ ဒိုင်း” ဆိုပြီး ဆင်စွယ်ပြုတ်မလား၊ ဘောင်ကျိုးမလား၊ ခြေနင်းကွင်းပြုတ်မလား တစ်ခုခုဖြစ်မှာပဲ။ဒီတော့ ကျွန်တော်တို့က ခွင့်လွှတ်လို့ရတာတွေ ခွင့်လွှတ်ပြီး စဉ်းစားဗျာ”

“အဲသလိုဆို တယ်လီဖုန်း ငှားရမ်းသုံးစွဲခကို သုံးလခြားပြီး လစဉ်လာသွင်းနိုင်တယ်ဆိုရင်ကောဗျာ။ ၆ လပိုင်း အတွက် ၁၀ လပိုင်းမှာ သွင်းကြ။ ၈လပိုင်း သုံးစွဲခကို ၁၂လပိုင်းမှာ သွင်းကြ။ အဲသလို ပုံသေသတ်မှတ်ရင်ကော”

“စာတိုက်က ပို့ရင်လည်း အဲသလောက်ကြာတာပဲလေ”

“စာတိုက်ကိစ္စ ချန်ထားကြဦးစို့ဗျာ။ ခုဟာ ပေးရမယ့် လူတွေက အချိန်မီပေးနိုင်ဖို့ စိတ်ပူနေကြတာ။ ပြီးတော့ ပေးရတဲ့ဆီမှာ လွယ်လွယ်ကူကူမြန်မြန်ဆန်ဆန်ပေးလို့ရချင်တာ။ အဲဒီအတွက် သက်ဆိုင်ရာက ဘယ်လိုစီစဉ်မလဲဆိုပြီးစဉ်းစားဗျာ။ ငွေရဖို့အတွက် အချိန်ကုန်ခံရတာမဟုတ်ဘဲ ငွေပေးဖို့

အတွက် အချိန်ကုန်ခံရတာဆိုတော့ အတတ်နိုင်ဆုံး အချိန်ကုန်သက်သာချင်တယ်။ မီတာခ ဆောင်ရမှာလဲ . . .”

“ဆွေးနွေးတဲ့ခေါင်းစဉ်မပြောင်းနဲ့လေ”

“အဲသလို ခြုံငုံပြီး ဆက်ဆွေးနွေးရအောင်ဗျာ။ ဘယ်ဌာနရယ်မဟုတ်ပါဘူး။ ကျွန်တော်တို့ ငွေပေးသွင်းရမယ့်ကိစ္စတွေမှာ ကျွန်တော်တို့လာသွင်းတဲ့အချိန် အမြန်ဆုံးအဆင်ပြေအောင် ကြိုတင်စီစဉ်ထားလို့ မရဘူးလားဗျာ။ ပြီးတော့ ရုံးဖွင့်ချိန်ပေါ့။ ၉ နာရီလား၊ ၁၀ နာရီလား၊ ၁၁ နာရီလား။ တိတိကျကျ ဆိုင်းဘုတ်ချိတ်ထားသင့်တယ်ဗျာ။ ကိုယ့်ကိစ္စလုပ်စရာတွေကရှိလို့ စောစောသွားတော့ ရုံးတံခါးပဲဖွင့်ထားပြီး စားပွဲတွေ၊ကုလားထိုင်တွေ ပြုံးပြရတယ်ဗျာ။ ရောက်လာတော့လည်း စားပွဲဖုံသုတ်၊ စာရွက်ထုတ်၊ ဖိုင်ထုတ်၊ ဘောပင်ရှာ၊ ပြင်ဆင်နေတာက တော်တော်နဲ့မပြီးဘူး။ ဒါနဲ့ပဲ ငွေသွင်းမယ့်လူက နှစ်ယောက်က လေးယောက်ဖြစ်၊ လေးယောက်က ဆယ်ယောက်ဖြစ်။လူစုပေးသလိုဖြစ်ပြီး စိတ်မောရတော့တာ။ ကျွန်တော်ငွေထုတ်ချင်လို့ သွားတုန်းကလည်း အဲသလိုပဲ။ ရန်ကုန်က အဒေါ်က ပို့လိုက်တယ်ဆို ဖုန်းဆက်လို့ စာတိုက်ကြီးပြေးတာ။ ဟိုရောက်တော့ စောင့်ရတာအကြာကြီး။ ပေးကာနီးမေးတာက တစ်လျှောကြီး။ ဘယ်သူက ပို့တာလဲ။ ဘယ်လောက်လဲ။ ပို့တဲ့လူနာမည်ပြောပါနဲ့။ အဒေါ်က သူ့သားအပို့ခိုင်းတာ။ ကျွန်တော်က အဒေါ်နာမည်ပြော

တော့ မသက်ာသလို အကြည့်ခံရသေးတယ်ဗျာ”

“နေဦး နေဦး ပေးဖို့လွယ်ကူအောင် ပထမဆွေးနွေး ပါဗျာ။ ကျုပ်တို့က ရဖို့လွယ်ကူအောင် ဆွေးနွေးလိုက်ရင် ကျွန်တော်တို့ရဲ့ လုပ်ငန်းမြန်ဆန်စေချင်တဲ့ စေတနာဟာ အထင်လွဲစရာဖြစ်သွားလိမ့်မယ်။ ကဲ ဆက်ဆွေးနွေးပါ။ ကျွန်တော်တို့ မြန်မြန်ဆန်ဆန်လွယ်လွယ်ကူကူ ပေးလို့ရမယ့် နည်းလမ်းတွေကို ။”

***ကံချွန်***

**ရွှေဗန္ဓုလေးကျာနယ် – ၂၉.၉.၂၀၀၇**

❖ ❖ ❖ ❖ ❖

စကားချပ်။ ။

GSM ကောင်တာနှင့်မဆိုင်ပါ။ ၉ နာရီမှာ အခွန် ဆောင်၍ ရပါသည်။

# ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ကို အကြောင်းပြုလို့

အောက်တိုဘာလ (၁) ရက်နေ့ဟာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ပါ။ ကံချွန်တို့မြန်မာမှာတော့ နှစ်သစ်ကူး၊ ဝါဝင်၊ ဝါထွက်၊ မွေးနေ့၊ အလှူ မင်္ဂလာဆိုတာတွေမှာ မိဘ၊ ဘိုးဘွား၊ သက်ကြီး၊ ဝါကြီးများကို ကန်တော့ကြပါတယ်။ သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပြုစုထားတဲ့ ဘိုးဘွားရိပ်သာများမှာ ကြုံလို့ ကုသိုလ်ပြုကြသူများရော၊ မွေးနေ့မို့ ကုသိုလ်ပြုလှူကြသူများရော၊ ဘိုးဘွားများနဲ့ ပတ်သက်လို့ ကြားဖူးထားတာတွေ အမှတ်ရမိပါတယ်။ အချို့နိုင်ငံများမှာတော့ ဘိုးဘွားရိပ်သာများမှာ နေ့ကလေးထိန်းတွဲဖွင့်ထားတယ်လို့ဆိုပါတယ်။ ကလေးချစ်တတ်သူ ဘိုးဘိုး၊ ဘွားဘွားတို့အတွက် အပျင်းပြေကလေးများနဲ့ နေလို့ရတာပေါ့ခင်ဗျာ။ အာရုံငြိမ်းငွေ့မှု ပြေပျောက်စေတာပေါ့။

အချို့နိုင်ငံများမှာတော့ သက်ကြီးရွယ်အိုများကို သူတို့ဝါသနာပါတာလုပ်နိုင်ဖို့ ဖန်တီးပေးထားတာမျိုးလည်း ရှိတယ်လို့ ကြားဖူးပါတယ်။ မိသားစုအတွင်းမှာလည်း ကိုယ့်အဘိုး၊ အဘွားရွယ်အိုများကို ဝါသနာပါတာလုပ်နိုင်ဖို့ ဖန်တီးပေးထားခြင်းဟာ ပြုစုစောင့်ရှောက်ခြင်းတစ်မျိုးပါပဲ။ ကံချွန့်မိတ်ဆွေတစ်ယောက်အိမ်ရောက်သွားတော့ ကလေး

ပေါက်စစီး အဝတ်ဖိနပ်ကလေးတွေ တွေ့ရပါတယ်။ လက်ချုပ်နဲ့ချုပ်ထားတာတွေပါ။ ငါးရံ၊ ခြောက်ရံရှိမယ်။ ကံချွန်က စိတ်ဝင်စားပြီး ကြည့်မိတော့

"အဘွားလုပ်ထားတာတွေလေ။ မလုပ်ပါနဲ့လို့ တားဖူးတယ်။ ညောင်းမှာစိုးလို့၊ ေးငေါင်ပြီး ချူချာလာလို့၊ ခုလိုလုပ်နေတော့ ကျန်းမာနေရော"

ဒီအချက်ကို ကံချွန်သဘောကျသွားပါတယ်။ လူအိုတစ်ယောက်ဟာ အိုချိန်ကို သိက္ခာရှိရှိက္ကန္ဒြေရရကျော်ဖြတ်နိုင်ဖို့မှာ ဝါသနာပါတာလုပ်ခွင့်ရနေရေးလည်း လိုပါတယ်။ လူအိုဖြစ်လာပြီဆိုရင် လူပိုလည်း ဖြစ်လာတတ်ပါတယ်။ မှီခိုသူပေါ့ ခင်ဗျာ။ အဲသလို "လူပို" ဖြစ်လာတာနဲ့ စိတ်ကျတာကကပ်ပါလာတတ်ပါတယ်ခင်ဗျ။ ကံချွန်တို့ဟာ ကိုယ့်ဘိုးဘွားပဲဖြစ်ဖြစ်၊ ကိုယ့်ပတ်ဝန်းကျင်ကပဲဖြစ်ဖြစ် သက်ကြီးရွယ်အိုများကို "လူပို" လို မဆက်ဆံမိဖို့လိုပါတယ်။ အထီးကျန်ဖြစ်နေတဲ့ သက်ကြီးရွယ်အိုများအတွက် သူတို့ပြောစကားနားထောင်ပေးခြင်းဟာလည်း ပြုစုတာပါပဲ။ မြေးများ၊ မြစ်များရှိတဲ့ အဘိုးအဘွားများအတွက်တော့ ကလေးများဟာ သူတို့ရဲ့ အဖော်ပဲပေါ့။

အနုပညာသမားများအတွက်ကတော့ အနုပညာဟာ ဘဝတစ်သက်တာအဖော်ပါ။ အနုပညာသမားများဟာ အသက်ကြီးလာရင် အနုပညာဖန်တီးခွင့်ရအောင် ကူညီပေး

ခြင်းသာ အကောင်းဆုံးစိတ်ချမ်းသာအောင် စောင့်ရှောက်ခြင်းပါပဲ။ စားဝတ်နေရေးဖြေရှင်းပေးထားရုံနဲ့ သက်ကြီးရွယ်အိုများအတွက် တာဝန်ကျေပြီလို့ ထင်ရင် မပြည့်စုံဘူးလို့ ပြောရမှာပါ။ ကျန်းမာရေးအတွက် စောင့်ရှောက်ပေးထားရုံနဲ့ ကြည်နူးပျော်ရွှင်နေမယ်လို့ ရာနှုန်းပြည့်တွက်လို့မရပါဘူး။ စိတ်ပိုင်းဆိုင်ရာ ခံစားမှု၊ ကြည်နူးကျေနပ်စေမှုအတွက်လည်း ကျွန်တော်တို့ အလေးပေးစဉ်းစားရမှာပါ။

လူရွှင်တော်ကြီးတစ်ယောက်ကို ဘိုးဘွားရိပ်သာပို့ဖူးသတဲ့။ မပျော်လို့ဆိုပြီး ရက်ပိုင်းနဲ့ ပြန်ပြေးလာပါရောလား။ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စကားဝိုင်းဖွဲ့ကြတော့ . . . ။

"ရိပ်သာက ကောင်းပါတယ်ကွာ။ စည်းနဲ့ကမ်းနဲ့ နေတတ်ရင်ပေါ့။ ဘာမှမလိုပါဘူး။ ငါကတော့ မနေနိုင်ဘူးကွ။ လူမိုက်နတ်ပြည်ရောက်သွားသလိုပဲ။ ဟိုဟာတင်အေးတာ မဟုတ်ဘူးဟ တစ်ကိုယ်လုံးအေးတာ" လို့ ပြောပါသတဲ့။ လူအိုတစ်ယောက်အတွက် စိတ်ပိုင်းဆိုင်ရာ ကြည်နူးပျော်ရွှင်မှုရဖို့အတွက်ဆိုတာ နေရာဒေသ၊ အဆောင်အယောင်၊ ကျန်းမာရေးပြည့်စုံရုံနဲ့ မလုံလောက်ပါဘူး။ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ပါ ဖြည့်ဆည်းပေးနိုင်မှ ပျော်ရွှင်မှုရမှာပါ။စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်က သူရဲ့ဝါသနာပေါ် အခြေခံပါတယ်။

အနုပညာဝါသနာပါသူ၊ အားကစားဝါသနာပါသူ၊ အစားအသောက်ဝါသနာပါသူ၊ အချက်အပြုတ်ဝါသနာပါသူ

အဝတ်အစားဝါသနာပါသူ စသည်ဖြင့်ပေါ့ခင်ဗျာ။ ဘာရယ် လို့မဟုတ်ဘဲ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နေရတာကို ဝါသနာပါသူများလည်း ရှိပါတယ်။ အလုပ်ကို အလေးအနက် လုပ်နေပေမယ့် သက်သောင့်သက်သာနေတတ်တဲ့ ဝါသနာ ကို ဆိုလိုတာပါ။ ဒီစားရေးနေရင်း တိုက်တိုက်ဆိုင်ဆိုင် သတိ ရမိတာက [illegible] th [illegible] al အတွဲ-၁၊ အမှတ်(၃) စာမျက်နှာ(၈)မှာပါတဲ့ ဆရာကေတီအောင်သိန်းရဲ့သက်ရှည် ကျန်းမာခြင်း၏ လျှို့ဝှက်ချက် ဘာသာပြန်ထဲက စာပိုက်- ၂ပိုဒ်ကို ထုတ်နှုတ်ပြချင်ပါတယ်။ လူအိုများရဲ့ “ဝါသနာ”နဲ့ ပတ်သက်နေလို့ပါ။ စိတ်ပိုင်းဆိုင်ရာနဲ့ ယှက်နွယ်နေလို့ပါ။

-------------------------

## ဝတ်စားဆင်ယင်မှု

သုတေသီပညာရှင်တို့၏ အလိုအရဖြင့်မူ လူအိုသော် လည်း စိတ်မအိုစေနှင့်။ စိတ်မလျှော့နှင့်။ လူငယ် လူရွယ်နှင့် ပြိုင်တူ၊ နည်းတူ၊ အပြိုင်အဆိုင်ဝတ်ဆင်ကြရပါမည်။ တတ် နိုင်သလောက်တောက်တောက်ပြောင်ပြောင်၊ လှလှပပ၊ သစ် သစ်လွင်လွင်ဝတ်စားဆင်ယင်တတ်ကြရမည်။အဝတ်အသစ် မဝတ်နိုင်သူအဖို့ အဝတ်အစားအဟောင်းဖြစ်သော်ငြား လည်း အမြဲလျှော်ဖွပ်၊ သန့်ရှင်းသပ်သပ်ရပ်ရပ်ဖြစ်နေရမည်။ အဝတ်အစားအသစ်ဖြစ်မှ လူသစ်စိတ်သစ်ဖြစ်မည်။ အဝတ် အစားသန့်မှ လူရည်သန့်မည်။ စိတ်ကျန်းမာ ကိုယ်ကျန်းမာ လာပေမည်။ ရုပ်ပျို ကိုယ်နုမည်ဖြစ်၏။

-------------------------

# အင်္ဂလန်နိုင်ငံလက်တွေ့ စမ်းသပ်တွေ့ရှိချက်များ

အင်္ဂလန်နိုင်ငံ၌ ကျန်းမာရေးသုတေသီပညာရှင်တစ်ဦးက အဘိုးကြီး၊ အဘွားကြီး ၃၀၀၀ကျော်တို့ကို သုတေသနပြုချက်အရ သိရှိရသည်မှာ လူငယ်လူရွယ်ကဲ့သို့ အပြိုင်ဝတ်စားဆင်ယင်သူ၊ မွမ်းမံပြင်ဆင်သူ ကျားအို၊ မအို အများစုသည် နုပျိုလန်းဆန်းပြီး သက်ရှည်ကျန်းမာလျက်ရှိသည်ကို မြင်တွေ့ရသည်ဆိုသည်။ သို့ဖြစ်လေရာ ဖြစ်သလိုနေ၊ ဖြစ်သလိုဝတ်စားတတ်သော ကျားအို၊ မအိုများအဖို့မှာ ကိုယ်ခန္ဓာရောဂါဖိစီးမှု၊ စိတ်ရောဂါဖိစီးမှု ပိုမိုခံစားရသည်ဟု သိရပါသည်။

-------------------------

အဲဒါကိုဖတ်မိတော့ ကံချွန်တို့ဟာ သက်ကြီးရွယ်အိုများကို ရုပ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ဖို့ ပြည့်စုံအောင် ဖန်တီးဖို့ လိုအပ်သလို စိတ်ပိုင်းဆိုင်ရာအတွက်လည်း ပြည့်စုံအောင် ကြိုးစားဖန်တီးပေးရပါလိမ့်မယ်။သူတို့ရဲ့ ဝါသနာကို လေ့လာပြီး ဖြည့်ဆည်းပေးကြရပါမယ်။ သူတို့နေထိုင်နေရတဲ့ နေ့ရက်တိုင်းကို ကြည်နူးပျော်ရွှင်နေစေဖို့ ကူညီပေးရပါမယ်။

ဘုရားသွား၊ ကျောင်းတက်၊ ဓမ္မာရုံသွားဖို့အတွက် ဝတ်ဖြူစင်ကြယ်ရှိဖို့ လိုအပ်သလို နားနားနေနေ ဝတ်ဖို့ ပေါ့ပါးလွတ်လပ်တဲ့ ဝတ်စုံရှိသင့်ပါတယ်။ ညစာစားပွဲတက်ဖို့

အတွက် စိုပြည်ကြည်လင်တဲ့ အဝတ်ဒီဇိုင်းမျိုးလည်း ရှိရမှာပေါ့။ ဝတ်စားဆင်ယင်မှု အပြောင်းအလဲကြောင့် စိတ်လည်း ပြောင်းလဲပါတယ်။

ဒီအကြောင်းကို အိမ်မှာ သမီးရှေ့ပြောမိတော့ . . .

“ဂျာနယ်ထဲပါလာတဲ့ သုတေသနဆောင်းပါးက တကယ်လား”

“တကယ်ပေါ့”

“အင်း . . . တကယ် ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်။ အဲဒါ အကြောင်းပြပြီး ရာဇာနေဝင်းလို ဝတ်ဖို့တော့ စိတ်မကူးနဲ့ ကိုယ့်အဖေအကြောင်းသိလို့ သတိပေးတာ”

ဟုတ်ကဲ့ . . . .

ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ကို အကြောင်းပြုလို့ ကံချွန်ဟာ ရာဇာနေဝင်းလို့ မဝတ်ရရင်နေပါစေ၊ ဘိုးဘွား များအတွက် ရုပ်ပိုင်းဆရာ ပြည့်စုံအောင် ပြုစုစောင့်ရှောက် ပေးကြသလို စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ သူတို့ရဲ့ ဝါသနာ တွေကိုပါ ဖြည့်ဆည်းပေးကြပါစို့ . . .

နေ့ရက်တိုင်းဟာ ဘိုးဘွားများအတွက် ပျော်ရွှင်ကြည် နူးစရာနေ့ရက်များဖြစ်စေဖို့။

***ကံချွန်***

**ရွှေဗန္ဒာလေးဂျာနယ် – ၆.၁၀.၂၀၀၃**

❖ ❖ ❖ ❖ ❖

# တော်တော်တီး ... တော်တော်တီး ...
# တီးတော်

နီဂရိုးကြီးကို ထုံးရောင်းခိုင်းပြီး၊ တရုပ်ကြီးကို မီးသွေးရောင်းခိုင်းသလိုမျိုး။

အဲဒါကတော့ ကံချွန်နဲ့ တယ်လီဖုန်းပါပဲခင်ဗျား။ ဖုန်းရပြီးကတည်းက မကြာခဏအမေးခံရတာကတော့ . . .

"ဟဲလို"

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"ဖုန်းရောင်းမှာလား"

"မရောင်းပါဘူး"

"စာရေးဆရာ ဦးကံချွန်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဆရာက သိပ်အသုံးလိုမှာမှ မဟုတ်ဘဲ"

စိတ်ကို အတော်ချုပ်တည်းရပါတယ်။ ဘယ့်နှယ်ဗျာ။ ဖုန်းဆိုသဟာက ဆက်သွယ်ရေးပစ္စည်းတစ်ခုပဲ။ ဟဲလို ဆရာသိုက်ထွန်းသက်လား။ ကံချွန်ပါ။ မနက်က လက်ဖက်ရည်ဆိုင်ရောက်သေးလား။ ဟုတ်ပါတယ်။ . . . နေ့လယ်ရောက် မှာလား။ ဟိုလေ ကျွန်တော်တို့ ထိုင်နေကျစားပွဲမှာ သွားကြားထိုးတံ မေ့ထားခဲ့လို့။ ကြုံရင်ယူခဲ့စမ်းပါ။ ဟုတ်ကဲ့။ ကျွန်တော် အဲဒီရောက်တော့ ဝင်ယူပါမယ် . . ." ဆိုတာမျိုး

ပြောချင်ပြောမှာပေါ့။ တယ်လီဖုန်းဆိုသဟာမှာ ဘယ်လို စကားမျိုးသာ ပြောရမယ်လို့ အကြောင်းအရာသတ်မှတ် ထားတာမှ မဟုတ်ပဲ။

တစ်ခါတလေမှာ စာရေးနေရင်း သိချင်တာလေးရှိရင် လိုအပ်တဲ့အချက်အလက် ဟိုလှမ်းမေး၊ ဒီလှမ်းမေး လုပ်ရတဲ့ အခါလည်း ရှိပါတယ်။ ကျွန်ပျူတာနဲ့ ပတ်သက်တာရေးဖို့ ကြုံလာလို့ ကွန်ပျူတာအကြောင်း အရေးပေါ်စပ်စုရတာ လည်း ရှိပါတယ်။

"ဟဲလို"

"ဟုတ်ကဲ့ . . . ဦးကံချွန်ပါ"

"စာရေးဆရာ ဦးကံချွန်ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"ဟိုလေ လွင်မိုး ဖုန်းနံပါတ်သိချင်လို့"

"ရန်ကုန်လမ်းညွှန်ထဲ ရှာကြည့်ပါခင်ဗျာ"

စာရေးဖို့ တွေးတုန်းတောတုန်း အဲသလိုကြားဖြတ်အစီ အစဉ်နဲ့ အကြံပေးအလုပ်လည်း လုပ်ရပါတယ်။ စာရေးဖို့ ဆိုတာ ထိုင်တွေးနေလို့ ထွက်ချင်မှထွက်တာပါ။ တစ်ခါတ လေမှာ စကားလေးတစ်လုံးကို အကြောင်းပြုပြီး ရေးစရာ စာတစ်ပုဒ်စာလောက် ထွက်ချင်ထွက်လာတာပါ။ တစ်ခါက လည်း နောင်တဆိုတဲ့ စကားလုံးလေးတွေးမိလို့ နောင်တနဲ့ ပတ်သက်ပြီး ဆက်စဉ်းစားမိတယ်။ နောင်တဆိုတာ မလုပ်

သင့်တာလုပ်မိလို့ မှားလို့ရတာမျိုးပါ။ ဒီတော့ နှောင်တဆို တာ အကြောင်းအရာတစ်မျိုးအတွက် တစ်ကြိမ်ပဲ ရသင့် တယ်။ အကြောင်းအရာတစ်မျိုးအတွက် "နောင်တ" အကြိမ် ကြိမ်ရနေမယ်ဆိုရင် အမှားတစ်ခုကို အကြိမ်ကြိမ်ပြုမူနေတဲ့ သဘောဖြစ်တယ်။ လူတိုင်းဟာ အမှားအနည်းဆုံး၊ နောင်တ အနည်းဆုံးနဲ့ ရပ်တည်သင့်တယ်။ အဲသလိုတွေး တွေးမိသမျှ စာရွက်မှာချရေး။ အချက်အလက်စု။ ပြောရမယ့်ဦးတည် ချက်ရှာ။ ပြောရမယ့် ပုံစံရွေး။ ဆောင်းပါးတစ်ပုဒ်ဖြစ်ဖို့ ဆက် အားထုတ်နေတုန်း

"တော်တော်တီး . . . တော်တော်တီး . . . တီးတော်" ဖုန်းက မြည်လာရော။

"ဟဲလို . . ."

"ဟာ ကိုမြင့်ဆွေ ကျွန်တော်တို့ ဆုံနေကျ ဆိုင်က စောင့်မယ်လေ။ ခင်ဗျားပြောတဲ့ ဗင်လေး ရှိသေးလား။ မနေ့ က ကိုမော် . . . တို့လာသေးတယ်။ ခဏနေဆုံရအောင်"

"ကျွန်တော် ကိုမြင့်ဆွေ မဟုတ်ပါဘူး"

"ကိုမြင့်ဆွေက ဘယ်သွားလဲ"

"ဒီဖုန်းက ကိုမြင့်ဆွေဖုန်းမဟုတ်ပါဘူး"

"ဒါဖြင့် ခုပြောနေတာ ဘယ်သူလဲ"

"ကျွန်တော် စာရေးဆရာကံချွန်ပါခင်ဗျာ။ ဖုန်းမှာနေ ပြီ"

အဲသလို ဖြေပြီး ဖုန်းမပိတ်ခင်မှာဘဲ ကိုမြင့်ဆွေ သူ့ဖုန်း ဘာလို့ ရောင်းလိုက်တာပါလိမ့်ဆို မှတ်ချက်ချသွားသေးတယ်ခင်ဗျ။ အဲဒီ ကိုမြင့်ဆွေဆိုတာ ဘယ်ကမှန်း မသိပါဘူး။ ခဏ ခဏ ကံချွန်ဖြေရှင်းရပါတယ်။ ပိုဆိုးတာက ဟဲလို ဆိုတာနဲ့ သူတို့ပြောချင်တာတွေ တရစပ်ပြောတော့တာ . . ။

"တော်တော်တီး . . . တော်တော်တီး . . . တီးတော်"

"ကိုမြင့်ဆွေလား။ မနေ့က ကိစ္စကို ရှင်းပြမလို့ အဲဒါက . . ."

"ဖုန်းမှာနေပါတယ် ခင်ဗျာ။ ကျွန်တော် ကိုမြင့်ဆွေ မဟုတ်ပါဘူး။ ခင်ဗျားတို့မှားတာက အကြိမ်ကြိမ်အခါခါဗျာ။ လေးငါးလရှိပြီ။ တစ်ခါတလေမှားရင် တော်သေးတယ်။ ခင်ဗျားတို့ လုပ်တဲ့စီးပွားရေးမှာ အမှားကန်ထရိုက်များယူထားသေးသလား။ ဖုန်းနံပါတ်ကလေးတစ်ခုတောင် မှန်အောင်မှတ်မထားနိုင်တာရယ်။ အမှားတစ်ခုကို အကြိမ်ကြိမ် အခါခါ ကျူးလွန်နေတာရယ် . . . အဲဒါခင်ဗျားတို့ အရည်အချင်းလား"

"မှားသွားတာ ခွင့်လွှတ်ပါခင်ဗျ"

ဖုန်းချသွားရော။ အင်း မှားတာတော့ သူတို့မှားတာပေါ့လေ။ ဒါပေမယ့် ငါပြောတာ လွန်များသွားသလား။ အို မလွန်ပါဘူး။ တစ်ခါတလေမှားတာလည်း မဟုတ်ဘူး။ သူတို့ဟာက

ခဏခဏ။ခုလို ပြောလိုက်မှုကို မှတ်သွားမှာ။ အေးလေ ဒီလို ဖုန်းမှားလို့ အပြောခံရတာကို အကြောင်းပြုပြီး အမှားအယွင်း နည်းအောင် သတိထားတတ်မယ်ဆိုရင်။ အလုပ်တစ်ခု မလုပ်ခင်မှာ စေ့စေ့စပ်စပ် သေသေချာချာ စဉ်းစားပြီး လေ့လာပြီး အမှားမရှိအောင် လုပ်ကြမယ်ဆိုရင် သူတို့ အတွက်လည်း ကောင်းတာပေါ့လေ။

အဲသလိုနဲ့ ပထမတွေးလက်စ "နောင်တ" နဲ့ပတ်သက် တာရယ်၊ အမှားကင်းအောင်၊ အမှားနည်းအောင် လေ့ကျင့် နေထိုင်ဖို့ရယ်ကို ဆက်တွေးမိပါတယ်။ အကြောင်းအရာ အသေးအဖွဲ့ဆိုတာ မရှိပါဘူး။ ဘယ်လို အကြောင်းအရာပဲ ဖြစ်ဖြစ် ပတ်သက်ယှက်နွယ်သူအတွက်တော့ အရေးပါတာ ပါပဲ။ ဒီတော့ လူတိုင်းဟာ ကိုယ်ပြောမယ့်စကား၊ ကိုယ်လုပ် မယ့်အလုပ်၊ ကိုယ်ဆောင်ရွက်မယ့်အမှုမှန်သမျှကို ခပ်ပေါ့ ပေါ့ သဘောမထားသင့်ဘူး။ အလေးအနက် လုပ်သင့်တယ်။ လူတစ်ယောက်အတွက် ဆောင်ရွက်နေရတဲ့ ကိစ္စတွေမှာ အသေးအဖွဲ့ဆိုတာမရှိဘူး။ ကိစ္စတစ်ခုကို ဆောင်ရွက်ရပြီ ဆိုကတည်းက လိုအပ်သလို ဆောင်ရွက်တာပါ။ လုံးဝမလို အပ်ရင် လုပ်ဖို့ရာကို အကြောင်းမရှိဘူး။ အဲသလို လက်ခံ မယ်ဆိုရင် "အမှိုက်ကစ၊ ပြဿာဒ် မီးလောင်" ဆိုတဲ့ စကား ကို သတိရ ရပါလိမ့်မယ်။ အသေးအဖွဲ့ပါဆိုပြီး ခပ်ပေါ့ပေါ့ လုပ်လိုက်မိတဲ့အတွက် အဲဒီအသေးအဖွဲ့လေးဟာ မှားသွား

ရင် . . .

"ဒါလောက်ကလေးမှ စိတ်မချရရင်"

ဆိုပြီး ကြီးမားတဲ့တာဝန်တွေပေးဖို့ အရေးပါတဲ့အလုပ်တွေ ခိုင်းဖို့ ယုံရဲပါတော့မလား။ ဒါဟာ အမှိုက်ကစ၊ ပြဿဒ်မီးလောင်ဆိုတဲ့ သဘောပဲ။ ဒါကြောင့် လူတိုင်းဟာ ကိုယ်လုပ်မယ့်အလုပ်အသေးအဖွဲ့ပဲဖြစ်ဖြစ်၊ အရေးမပါဘူးပဲ ဆိုဆိုလုပ်ရပြီဆိုတာနဲ့ အမှားအယွင်းမရှိအောင် စေ့စေ့စပ်စပ် သေသေချာချာ လုပ်သင့်တာပေါ့။ အသေးအဖွဲ့လေးကစ ဂရုစိုက်တတ်ဖို့ မမှားဖို့ အလေးထားသင့်ကြောင်း ရေးဖို့ပါ ဆက်တွေးမိပါတယ်။ ဒါကြောင့်

"တော်တော်တီး . . . တော်တော်တီး "

"ဟဲလို"

"ကိုမြင့်ဆွေလား အစောက ဆက်သေးတယ်။ ခင်ဗျားနဲ့ မတွေ့လို့ အဲဒါ . . . . "

*ဂျူး*

**ရွှေဗန္ဓုလေးဂျာနယ် – ၁၃.၁.၂၀၀၃**

❖ ❖ ❖ ❖ ❖

# နွားတစ်ကောင် တစ်ကျပ်

ကံချွန်တို့ငယ်ငယ်က . . . .

ပြောလို့ဆိုလို့မရ လူကြီးစကားနားမထောင်တဲ့ကလေးကို လူကြီးမိဘများက သိပ်ကိုစိတ်ဆိုးပြီဆိုရင် "နွား" လို့ခေါ်လိုက်တာပဲ။ နည်းနည်းကြီးလာတော့ ကံချွန်က စပ်စုမိတယ်။ ဘာလို့ နွားလို့ခေါ်ရတာလဲပေါ့။ ဒီတော့

"ပြောစကားနားမထောင်လို့ သင်လို့မရလို့ပေါ့ကွာ။ မြင်းတို့၊ ခွေးတို့၊ ဆင်တို့၊ မျောက်တို့ဆို သင်ပေးလို့ရတယ်ကွ။မင်းကြည့်ဖူးတယ်မဟုတ်လား။ ဆပ်ကပ်ထဲမှာ ခွေးလိမ္မာတို့၊ မြင်းလိမ္မာတို့၊ ဆင်လိမ္မာတို့၊ မျောက်လိမ္မာတို့။ နွားလိမ္မာရယ်လို့ ဘယ်မှာ ရှိသလဲ။ နွားကို ပတပ်ရပ်သင်ပေးလို့ရသလား။ နွားကို ကျွမ်းထိုးခိုင်းလို့ရမလား၊ ဘာမှ သင်ပေးလို့မရဘူးကွ။ သူ့ဟာသူ အစာစားတာကလွဲရင် ဘာမှ မလုပ်တတ်ဘူး။ ဒါကြောင့် မင်းတို့ကို သင်ပေးလို့မရ၊ ကိုယ့်ဟာကိုယ် လုပ်ရကောင်းမှန်းမသိရင် နွားလို့ခေါ်တာ"

ဆိုပြီး မှတ်သားရဖူးပါတယ်ခင်ဗျ။ စိတ်တိုတဲ့အဆင့်ဂိတ်ဆုံးရောက်ပြီး အလွန့်အလွန့်ကို ဒေါသဖြစ်လာပြီဆိုရင် "ဈေးနွား" လို့ခေါ်တော့တာ။ ဟိုးအရင်က မြို့ထဲမှာလည်း နွားမွေးသူတွေရှိပါတယ်။ အဲဒီနွားများရဲ့ စားကျက်ကတော့ ဈေးတွေပဲပေါ့။ ဈေးအမှိုက်ပုံမှာ ပစ်ထားသမျှ ငှက်ပျောသီး

အမှည့်လွန်၊ ပန်းမုန်လာတစ်ခြမ်းပဲ့၊ မုန်လာထုပ်အရိ၊ ကန်စွန်းရွက်အနွမ်းအကုန်စားတာ။ အမှိုက်ပုံနဲ့ ဗိုက်မဝလို့ ကတော့ ဈေးထဲလျှောက် ဟိုဗန်းကိုနိုက်၊ ဟိုအပုံဆွဲနဲ့ ကုန်း စိမ်းတန်းကို စားကျက်လိုသဘောထားတော့တာခင်ဗျ။ ဈေးနွားဆိုတာနဲ့ ပိုင်ရှင်ရော နွားရော "စည်းမဲ့ ကမ်းမဲ့" ဆိုတာ အလိုလိုသိပြီးဖြစ်တယ်လေ။ ဒါကြောင့် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာလုပ်လာပြီဆိုရင် "ဈေးနွား"ဆိုပြီး အားရပါးရခေါ် လိုက်တော့တာ။ အဲသလို ခေါ်လိုက်ပြီဆိုရင် ခေါ်လိုက်ရတဲ့ သူမှာလည်း ဒေါသတစ်ဝက် သက်သာသွားသလို အခေါ်ခံရ သူမှာလည်း ကြိမ်နဲ့ရိုက်လိုက်တာထက် နာပါတယ်။ အခံရ ခက်ပါတယ်။

တချို့နွားများကတော့ ယာဉ်ထိန်းများကို ကူညီလုပ် အားပေးတဲ့အနေနဲ့ လမ်းလယ်မှာရပ်ပြီး ယာဉ်ကြောကို ဘယ်ညာခွဲပေးပါတယ်။ မြို့တွင်း မိုင်နှစ်ဆယ်နှုန်းထက် ပို မမောင်းရဆိုတဲ့ စည်းကမ်းကို လိုက်နာဖို့အတွက် နွားများက စောင့်ကြပ်ပေးပါတယ်။ ကိုချစ်စရာပြောပြတဲ့ နွားနဲ့ကားပုံပြင် ကိုလည်း သတိရမိပါတယ်။ တစ်ခါက အငြိမ့်ကားတစ်စီး ဟာ ပွဲငှားရှိတဲ့ရွာကို မောင်းပို့ရတော့ ရွာအဝင်လှည်းလမ်း မှာ နွားလှည်းနဲ့ဆုံသတဲ့။ နွားလှည်းကိုရှောင်လိုက်ရာမှာ နွား က လန့်ပြီး ကားဘက်ခုန်လိုက်တော့ ပွတ်တိုက်မိသွားတာနဲ့ ကားဆရာဟာ သုံးထောင်လျော်လိုက်ရသတဲ့။ အဲသလိုနဲ့

ဆက်မောင်းလာရင်း နောက်ထပ် လှည်းတစ်စီးကိုတွေ့တော့ လှည်းဆရာက ရပ်စောင့်ပြီး

"မောင်းဆရာ ကျွန်တော့်နွားက ကားကို လန့်တတ်လို့" ဆို ပြောသတဲ့။ ဒီတော့ ကားဆရာက မမောင်းဘဲ "ခင်ဗျား လှည်းသာမောင်းပါ။ ကျွန်တော့်ကားကလည်း နွားကိုလန့်တတ်လို့ပါ" လို့ပြန်ပြောလိုက်သတဲ့။ အဲဒါကတော့ တောရွာ က နွားမို့ပါ။ မြို့နွားများကတော့ မဟုတ်ပါဘူး။ မြို့နွားများ ကြောက်တာဆိုလို့ စည်ပင်သာယာပဲရှိပါတယ်။ အဲဒီတုန်းက စည်ပင်သာယာဝန်ထမ်းများဟာ ဆိုက်ကား၊ မြင်းလှည်း လိုင်စင်မဲ့များ ဖမ်းနည်းနဲ့ နွားဖမ်းတဲ့အလုပ်လည်း လုပ်ရပါ တယ်။ ဈေးထဲတွေ့သမျှ၊ လမ်းပေါ်ရှိသမျှ နွားများကို သိမ်း ကျုံးမောင်းပြီး ညွှန့်ပေါင်းဈေးနားက ရဲစခန်းထဲသွင်း၊ ဆိုင်း တန်းဘက်က စခန်းထဲသွင်း။ နွားတွေအချိန်တန်လို့ ပြန် မလာရင်၊ နွားဖမ်းတယ်ကြားရင် လိုက်ရွေးရပါတယ်။ တစ် ကောင် တစ်ကျပ်။လွန်ခဲ့တဲ့ နှစ်သုံးဆယ်ဝန်းကျင်က မန္တလေး ပုံရိပ်ပေါ့ခင်ဗျာ။ မန္တလေးမြို့လမ်းပေါ်မှာ ကားရယ်၊ နွားရယ် ပွတ်ရှောင်၊ ကပ်ရှောင်သွားလာခဲ့ကြရတဲ့ ကာလပေါ့။

လမ်းပေါ်တက် ဈေးရောင်းဖို့မပြောနဲ့ လမ်းဘေးမှာ ဈေးရောင်းရင်ကိုပဲ စည်ပင်က လိုအပ်သလို ချက်ချင်း ဆောင်ရွက်တာပါခင်ဗျ။ အများသူငါသွားဖို့ သတ်မှတ်ပေး ထားတဲ့ လမ်းပဲခင်ဗျာ။ ဈေးရောင်းရင် ဈေးထဲသွားပေါ့။

ဒါမှမဟုတ် ယာဉ်အန္တရာယ် မဖြစ်နိုင်ဘူးလို့ ယုံကြည်ရတဲ့ နေရာမှာခွင့်ပြုချက်ယူ ဖွင့်ခွင့်ရရင် လမ်းဘေးဆိုင်ဖွင့်လို့ရပါတယ်။ စီးပွားရေးလုပ်ရာမှာ စည်းနဲ့ ကမ်းနဲ့ လုပ်ရမှာပေါ့။ ကိုယ့်စီးပွားကိုယ်ရှာတာက အများကို အနှောင့်အယှက်ဖြစ်ရင် ဘယ်ဟုတ်ပါ့မလဲနော့။

ဆိုင်ဖွင့်တာကတော့ သိသာလို့ သက်ဆိုင်ရာက တားသင့်တား၊ စည်းကမ်းသတ်မှတ်သင့် သတ်မှတ်၊ နေရာပေးသင့်ပေး၊ ကျန်းမာရေးနဲ့ညီ မညီ စစ်ဆေးလို့ အများအတွက် အနှောင့်အယှက်မဖြစ်ရအောင် မထိခိုက်ရအောင် လုပ်ပေးပါတယ်။ အဲသလိုပဲ လမ်းပေါ်မှာ နွားမွေးမြူရေးလုပ်နေတာလည်း ရွှေ့လျားစီးပွားရေးလုပ်ငန်းပါပဲခင်ဗျ။ လမ်းဘေးမှာ နွားစာခွက်ချ၊ သစ်ပင်မှာ နွားချည်ထားတာဟာလည်း လမ်းဘေးဆိုင်ဖွင့်တာနဲ့ မထူးပါဘူး။ လွန်ခဲ့တဲ့နှစ်သုံးဆယ်ကျော်က မန္တလေးမြို့လို ဖြစ်စပြုလာတဲ့ မန္တလေးမြို့သစ်ရဲ့အခြေအနေကို ကြိုတင်ထိန်းသိမ်းသင့်ပါပြီခင်ဗျာ။ လမ်းသွယ်ထဲမှာ တွေ့နေရတဲ့ နွားများဟာ မကြာခင်မှာ လမ်းမများပေါ်တက်လာပါတော့မယ်။

စားသောက်ဆိုင်များကို ကျန်းမာရေးနဲ့ ညီမညီ စစ်ဆေးသလို မွေးမြူရေးကိုရော မစစ်ဆေးသင့်ဘူးလား။ စနစ်ကျတဲ့ ဝန်းကျင်အတွက် ကျန်းမာရေး ထိခိုက်မှုမရှိအောင် သန့်ရှင်းတဲ့ မွေးမြူရေးမျိုးဖြစ်အောင် ထိန်းပေးသင့်ပါတယ်

ခင်ဗျ။ မွေးမြူရေးဆိုတာ အလွန် “သန့်ရှင်းတဲ့ စီးပွားရေး လုပ်ငန်း” ပါ။ အများအတွက်လည်း လိုအပ်တဲ့ လုပ်ငန်းပါ။ အားပေးရမယ့် လုပ်ငန်းလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျန်း မာရေးအတွက်လိုအပ်လို့ ထုတ်လုပ်ထားတဲ့ ဆေးများတောင် မှ ဘေးထွက်ဆိုးကျိုးဆိုတာ ရှိပါတယ်။ ဒါကြောင့် အများ အတွက် လိုအပ်တဲ့ လုပ်ငန်းဖြစ်တဲ့ . . . . . ။

*ဂျာချွန်*

**ရွှေမန္တလေးဂျာနယ် – ၂၇.၁၀.၂၀၀၃**

❖ ❖ ❖ ❖ ❖

# အထူးကုဆေးခန်းကြီးများနှင့်

"ကိုကံ"

"ဗျာ"

"ခင်ဗျား ဆရာဝန်ကြီးတွေနဲ့ သိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်"

ဒေါက်တာအောင်မြင့် (မန္တလေးဆေး)၊ ဒေါက်တာ ဦးခင်မောင်ထွန်း၊ဒေါက်တာတင်ဦး၊ဒေါက်တာဦးခင်မောင်ဆွေ (ခင်မောင်ဆွေ-မူးယစ်) စာရေးဆရာ၊ ဆရာဝန်စတဲ့စတဲ့ ဆရာဝန်ကြီးများ ခုတင်သုံးရာဆံ့ သင်ကြားရေးဆေးရုံမှ သူနာပြုဆရာမများမှ ဆေးရုံအုပ်ကြီးအထိ ရင်းနှီးလေးစား စွာ ခင်မင်တာပေါ့ခင်ဗျာ။ လူမှုရေး အတူလုပ်မိလို့ ခင်တာ ရော၊ ကံချွန့်ကျန်းမာရေးကူညီပေးလို့ ခင်တာရော ခင်နည်း စုံပါတယ်။ ခုတင်သုံးရာဆံ့က နှလုံးအထူးကု ဒေါ်အေးအေး အောင် ဆိုရင် ရောဂါကုပေးတဲ့အပြင် တစ်သက်စာ စကား လက်ဆောင်ပါးပေးပြီး စိတ်ဓာတ်မြှင့်တင်ပေးခဲ့တဲ့ ဆရာဝန် ကြီးပါပဲ။

"နေပျော်တဲ့ဘဝဆိုတာ ဘယ်လိုဘဝမျိုးလဲ။ စဉ်းစားပြီး ဖြေကြည့်ပေါ့။ ကျွန်မသိတာကတော့ ပျော်နေတဲ့ဘဝကို ပိုင် ဆိုင်ထားသူတွေပဲ ပျော်ပျော်နေနိုင်ဖို့ ကြိုးစားပေါ့"

ဆိုတဲ့စကားပါပဲ။ ပျော်နေနိုင်ဖို့ဆိုတာကို တွေးကြည့်

တော့ လူမှုရေးအရဖြစ်ဖြစ်၊ ဥပဒေရေးအရဖြစ်ဖြစ် ပြစ်မှု တစ်စုံတစ်ရာကို ကျူးလွန်မထားမှ ပျော်ပျော်နေနိုင်တာပါ။ သူများကူညီဖို့ကြိုးစားရင်း စိတ်ချမ်းသာမှုရှာရတာဟာ ပျော် စရာကောင်းပါတယ်ခင်ဗျ။ ဒါကြောင့်ထင်ပါတယ်။ အသက် အရွယ်အရမလွဲမသွေကြုံဆုံ ရင်ဆိုင်လာရတဲ့ ကျန်းမာရေး ကိစ္စတွေမှာလည်း ကိုယ့်ကိုကူညီပေးသော သမားတော်ကြီး များ၊ ဆရာဝန်များ၊ ဆရာဝန်လေးများနဲ့ချည်း တွေ့ရပါတယ်။ ဆေးခန်းကြီးတစ်ခုသွားပြီး ကျန်းမာရေး စစ်ဆေးတုန်းက နှလုံးအထူးကု သမားတော်ကြီးက . . . ။

"ဆရာ ဦးကံချွန် စိုးရိမ်ရလောက်အောင် ဘာမှမဖြစ် ပါဘူး။ ဘယ်ဘက်ခြမ်းအောက်ပိုင်းက နည်းနည်းလေးကြီး နေတယ်။ဒါလည်း ပြဿနာဖြစ်လောက်အောင် အရေးမကြီး ပါဘူး။ သွေးတိုးရှိတယ်ဆိုရင် အစားအသောက်ဆင်ခြင်၊ စိတ်ချမ်းသာအောင်နေ"

ဆိုပြောပြီး ဆေးမှတ်တမ်းရေးတဲ့ဆီမှာ စမ်းသပ်ခ (Free) ဖရီးဆိုတာကို အကြီးကြီးရေးပေးပါတယ်။ စာတွေ များများရေးနိုင်အောင် ကျန်းမာရေးဂရုစိုက်ပါဆိုပြီး တံခါးဝ ထိ လိုက်ပို့ရင်း ပြောပါတယ်။ မသိမမြင်ဘူးတဲ့ ဆရာဝန်ကြီး များကတောင်မှပဲ ကံချွန့်အပေါ် စေတနာထားကြပါတယ်။

"ခင်ဗျား ဆရာဝန်ကြီးတွေကို လေးစားသလား"

"မေးရက်လိုက်တာဗျာ၊ လေးစားတာပေါ့"

"သူတို့အတွက် ရေးသင့်ရေးထိုက်တာဆို ရေးမှာလား"

"ရေးရမှာပေါ့၊ အလွန့်ကို တက်တက်ကြွကြွ ရေးမှာပါ"

"ရေး . . . အထူးကုဆေးခန်းတက်မယ်ဆိုရင် 'အခွင့်မရှိမဝင်ရ' ဆိုင်းဘုတ်ကို ယူသွားပါဆိုပြီး အပြင်မှာ ပြောနေကြပြီ။ တံခါးခေါက်တာနဲ့ ဒေါက်ဒေါက်ဘယ်သူလဲ။ ဆရာဝန်ကြီးပါ။ ဆရာဝန်ကြီးဆို ပြန်ပါဦးလို့ ပြောရမလိုဖြစ်နေပြီတဲ့။ ဆေးခန်းက စာရင်းထွက်လာပြီဆိုရင် သမားတော်ကြီး (၇)ဦး ကြည့်ရှုခ ငါးရက်၊ ဆယ်ကြိမ် တစ်သိန်းလေးသောင်းကျပါတယ်ဆိုပြောလို့တဲ့။ အဲ ဖြတ်ပိုင်းတော့ မပေးလိုက်ဘူး။ စာရင်းပဲ ပြတာတဲ့။

"တကယ်"

"ဟုတ်တယ်။ ကိုယ့်အသက်ကယ်ထားလို့ အဲဒီ 'နေကောင်းလား' မေးတာကို ငွေပေးရဦးတော့ စိတ်ထဲက ကြည်ဖြူပါတယ်တဲ့။ ဒါပေမယ့် ဆရာဝန်ကြီးများကို ဆေးကုခန်းကြီးက အသုံးချနေတာဖြစ်နေရင်တော့ ဆရာဝန်ကြီးများက နာမည်ပျက်ပြီး ငွေက တခြားရောက်နေလို့ . . ."

ကံချွန်ပါးစပ် ဟောင်းလောင်းပွင့်သွားပါတယ်ခင်ဗျာ။

"နှလုံးလှ ဆရာဝန် ဇာတ်လမ်းတွဲထဲကလို ဆရာဝန်မျိုးတွေ ဆေးခန်းကြီးတွေမှာလည်း ရှိပါတယ်ဗျာ။ လူနာက မတတ် နိုင်လို့ ဆေးခန်းသွင်းရမယ့်ငွေကို ဆရာဝန်တွေက

စုပြီး ပေးသွင်းလိုက်ရတာမျိုး၊ ကြော်ငြာပေးသလို ဖြစ်မှာကြောင့် ဘယ်ဆေးခန်းက ဘယ်ဆရာဝန်တွေဆိုတာတော့ မပြောချင်ပါဘူး။ ဒါပေမယ့် သမားတော်ကြီးများ နာမည်ကို "မော်ဒယ်" လို သဘောထားနေတာတွေလည်း ရှိပါတယ်"

"နာမည်က ပိန်လို့လား"

"ကြော်ငြာ - လို သဘောထားနေတယ်လို့ ပြောတာဗျ"

"သြော် သြော်"

"ဆက်ပြောမယ်၊ ခုထက် အော်ရစေ့မယ်။ မိတ်ဆွေတစ်ယောက်ရဲ့ အမေဟာ ဆေးကုခန်းကြီးမှာပဲ ပျက်စီးတယ်ဗျာ။အဲဒါ နာရေးကူညီမှုအသင်းက ဘယ်ကားခေါ်ခေါ် အလှူငွေ စေတနာရှိသလောက်ထည့်ပြီး သယ်လို့ရပေမယ့် ဆေးခန်းက ကားနဲ့ပဲပို့ပေးတယ်။ ပြီးတော့မှ ကားခဆိုပြီး သုံးသောင်းကျော်တောင်းသတဲ့။ အကွာအဝေးတွက်ကြည့်တော့ ပို့ရတဲ့ခရီးက တစ်မိုင်ထက်မပိုဘူး။"

"မင်းမသြော်ဘဲ အော်သင့်ပြီ"

"လူနာခန်းမှာ တပ်ထားတဲ့ ဖုန်းကလည်း ခဏခဏမြည်တယ်ဆိုပဲ"

"ဒါကတော့ လူနာမှာ မိတ်ဆွေများလို့ နေမှာပေါ့"

"ဘယ်ကလာ မိတ်ဆွေများရမှာလဲ၊ ဆေးခန်းရဲ့ ငွေစာရင်းက လှမ်းလှမ်းပြီး ဆေးဖိုးတောင်း၊ စမ်းသပ်ခတောင်း၊

အခန်းခတောင်း၊ အာရုံအနှောင့်အယှက်ဖြစ်လောက်အောင် ကို တောင်းနေတာတဲ့”

“အင်း . . .”

“ကျန်းမာရေးဝန်ဆောင်မှုဟာ လူနာကို စိတ်ချမ်းသာအောင် ဖန်တီးပေးရာကနေ လူနာက ဆေးခန်းကို စိတ်ချမ်းသာအောင် ဖန်တီးပေးရသလို ဖြစ်နေပြီတဲ့။ ခင်ဗျားကို အဓိက ဦးတည်ပြီး ရေးစေချင်တာက ဆေးခန်းကို မဟုတ်ပါဘူး။ သိန်းရာကျော်ပေးရတဲ့ အထောက်အကူပြုကျန်းမာရေးစစ်ဆေးဖို့ ခေတ်မီပစ္စည်းတွေ ရင်းနှီးထားရတော့ ပစ္စည်းသုံးစွဲခ ယူတာလည်း ယူပါ။ အဲဒါက ပြဿနာမဟုတ်ပါဘူး။ လေအေးစက်တပ်အခန်းတွေနဲ့ ရုပ်မြင်သံကြားတွေ၊ စလောင်းတွေတပ်ပေးပြီး ဝန်ဆောင်ခယူတာလည်းယူပါ။ ပေးရတာ ကျေနပ်ပါတယ်။ ကိုကံ အောက်တိုဘာလထုတ် ခနမဂ္ဂဇင်း စာမျက်နှာ ၄၂ က သတင်းကို ဖတ်ပြီးပြီလား”

“ဟင့်အင်း”

“သွားရောဂါကုရင်း ဇိမ်ခံကြမလားဆိုတဲ့ သတင်းလေ။ ဧည့်ကြိုလေးတွေက မော်ဒယ်လေးတွေ၊ လှပေ့ဆိုတဲ့ အပြင်အဆင်နဲ့ လက်ဖက်ရည်၊ ကော်ဖီ ကြိုက်ရာကိုသောက်၊ ကွတ်ကီးကိုစား အင်တာနက်ကြည့်မလား၊ ဗီစီဒီ၊ ဒီဗီဒီ ကြိုက်ရာကိုကြည့်လို့လည်းရတယ်။ အဲဒါတွေ ကြည့်နေတုန်းမှာပဲ သိပ်ကိုကျွမ်းကျင်တဲ့ အကြောပြင်ဆရာများက လက်ချောင်း၊

ခြေချောင်းလေးတွေကို နှိပ်ပေးနေဦးမယ်။ ရည်ရွယ်ချက်က တော့ သွားနုတ်နေတာ၊ ဒါမှမဟုတ် ဆေးထည့်တာစတဲ့ ကုသမှုလုပ်နေတာကို သတိမထားမိလောက်အောင် ဖန်တီး ပေးပြီး ကုသတဲ့ဆေးခန်းတွေ [illegible] တွေ ခေတ်စား နေတယ်ဆိုတဲ့ သတင်းပဲ။ ဒီမှာလည်း ဝန်ဆောင်မှုတစ်ကျပ် ဖိုးပေးပြီး ဝန်ဆောင်ခ ငါးကျပ်လောက်ယူရင်တော့ မဟုတ် သေးဘူးထင်တယ်။ လူနာရှင်ဆိုတာကတော့ လူနာစိတ်ချမ်း သာဖို့အဓိကလေ။ အာရုံက အဲဒီတစ်ခုတည်းမှာပဲရှိတယ်။ အဲဒီအာရုံကို အဝင်ဝမှာ တန်းစီပြီး ရေးချိတ်ထားတဲ့ သမား တော်ကြီးများ နာမည်နဲ့ ဖမ်းစားလိုက်တာပဲ။ လူနာဆိုတာ ပျောက်ချင်တယ်လေ။ ဒီတော့ အထူးကုဆေးခန်းက လူနာ အတွက်ပေးတာက သမားတော်ကြီးတွေရဲ့ "နာမည်" ဖြစ်နေ တယ်။ အဲဒါကို ပညာရှင်ကြီးများ သတိထားမိစေချင်တာပါ။ ကိုယ့်နာမည်ရေးချိတ်ပြီး လူနာအပေါ် ဘယ်လိုသဘောထား သလဲ။ ဘယ်လိုလုပ်နေသလဲဆိုတာတော့ နည်းနည်းအာရုံ စိုက်သင့်ပြီလေ။ ခင်ဗျားက ဆေးပညာရှင်ကြီးတွေကို လေးစားရိုသေနေသူမို့ ပြောပြတာပါ။ ခင်ဗျား ချစ်ခင် လေးစားနေရတဲ့ ဆရာဝန်ကြီးများ "ပညာရှိသတိဖြစ်ခဲ့" ဆိုတာလို ဖြစ်နေမှာ စိုးလို့ပါ။ ခင်ဗျားရေးဗျာ"

သူတို့ဆီမှာ "ကျန်းမာရေး အပန်းဖြေစခန်း" ဆိုတဲ့ နာမည်ပေးပြီး လူနာစိတ်ချမ်းသာဖို့အတွက် လုပ်နေကြတာ

ဟာ သဘာဝကျပါတယ်။ ဒီမှာက လူနာစိတ်ချမ်းသာဖို့ဆိုတဲ့ အချက်မပါလာရင် မေးမှိန်နေရင် . . . ကိုယ့်နာမည် ဆိုင်းဘုတ်ကို ချိတ်ဆွဲမယ့် အထူးကုဆေးခန်းကြီးရဲ့အခြေ အနေကို၊ အပြင်မှာပြန့်နေတဲ့သတင်းကို ပညာရှင်များ အာရုံ စိုက်သင့်ပါပြီ။ ကံချွန်လည်း ကြားတာပါခင်ဗျာ။ ဒါပေမယ့် ကံချွန်လေးစားရသော ပညာရှင်လောကကြီးနဲ့ယှက်နွယ်နေ လို့ ဆရာကြီးတို့ စဉ်းစားဖို့ . . . . ”

(ဆေးခန်းအားလုံးကို မဆိုလိုပါ)

မဝံ့မရဲဖြင့် . . . . . . .

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၃.၁၁.၂၀၀၃**

❖ ❖ ❖ ❖ ❖

# တီရှပ်ဆာပေး

ကိုးလပိုင်းထဲတုန်းက မန္တလေး ဆေးတက္ကသိုလ်က ဒေါက်တာအောင်မြင့် ရောက်လာပြီး မေးခွန်းစာရွက်တွေ ပေးပါတယ်။ HIV AIDS နဲ့ပတ်သက်လို့ အလွှာစုံမှာ ဘယ်လောက် ဗဟုသုတရှိသလဲဆိုတာသိဖို့ စစ်တမ်းကောက်နေတဲ့ အကြောင်းပြောပြတယ်။ မြို့သစ်က လူနှစ်ဆယ်ကို တွေ့မေးပြီး အဖြေခိုင်းပေးဖို့ပါ။

"ကျွန်တော်ကလည်း ကူရတာ။ ကျွန်တော့် ဆရာမကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခင်ရဲ့ အလုပ်ပါ။ ဦးကံချွန်လည်း ကျွန်တော့်ကို ထပ်ကူပါဦး"

အဲဒါနဲ့ အဲဒီမေးခွန်းစာရွက်တွေယူပြီး မြို့သစ်က လူနှစ်ဆယ်လိုက်မေးရတာပေါ့။ တချို့ကလည်း မဖြေချင်ဘူး။ တချို့ကတော့ လိုလိုလားလားဖြေပါတယ်။ အလုပ်မရှိအလုပ်ရှာ၊ အားနေလို့လာမေးနေတာပဲ။ ငါကလည်း ပျင်းနေတာနဲ့အတော်ပဲဆိုပြီး စိတ်လိုလက်ရဖြေတဲ့သူလည်း ရှိပါတယ်။ အချို့တော့ အလုပ်ရှုပ်ရန်ကောဆိုတဲ့ အကြည့်နဲ့ တုံ့ပြန်ပါတယ် ခင်ဗျ။ မေးခွန်းတွေက HIV AIDS ရောဂါအကြောင်းကို သိသလား။ ဘယ်လိုသိတာလဲ။ ဘာကြောင့်ဖြစ်တာလဲ။ ဘယ်လိုကူးစက်တာလဲ.. AIDS ရော ဖြစ်နေသူကို

သိလား။ ဘာကြောင့်ဖြစ်တာလဲ။ မဖြစ်အောင် ဘယ်လို ကာကွယ်ရမလဲ။ ကွန်ဒုံးကို သိသလား။

ဆိုတာမျိုးတွေပါပဲ။ အတော်များများက I V ပိုးကို ကြောက်ရမယ့်အစား AIDS လူနာကို ကြောက်နေကြတယ်။ ဘယ်လိုကူးတယ်ဆိုတာ မသိသူတွေလည်းရှိတယ်။ ပညာတတ်လူငယ်တွေကတော့ သွေးသွင်းရာက၊ ဆေးထိုးအပ်က၊ လိင်အပျော်အပါးဆက်ဆံရာကဆိုပြီး သိထားကြပေမယ့် အရပ်သားအတော်များများသိတာကတော့ "လိင်" အပျော်အပါးဆက်ဆံလိုက်စားသူတွေမှာ ဖြစ်တယ်ဆိုတာပါပဲ။ အရပ်ထဲမှာ သူတို့လက်တစ်ကမ်းမှာ ကြုံဖူး၊ မြင်ဖူး၊ တွေ့ဖူးနေတာတွေကလည်း "လိင်" ဆက်ဆံရာက ကူးတာတွေများပါတယ်။ လိင်ဆက်ဆံရာက ကူးစက်တယ်ဆိုတာကို သိတဲ့လူတွေထဲမှာကိုပဲ ဘယ်လိုကာကွယ်ရမှန်းမသိသူက များနေတယ်။ သိတဲ့လူတွေကို မေးကြည့်တော့ သိရတဲ့ အကြောင်းရင်းက မြဝတီရုပ်မြင်သံကြားကလွှင့်သွားတဲ့ လွင်မိုးနဲ့ အိန္ဒြာကျော်ဇင်တို့သရုပ်ဆောင်ထားတဲ့ ပညာပေးဇာတ်လမ်းကြည့်ဖူးလို့ဆိုပြီး ပြောကြတယ်။ လူနှစ်ဆယ်မေးကြည့်တဲ့ဆီမှာ စာဖတ်လို့ သိတယ်ဆိုတဲ့ လူငယ်တစ်ယောက်ပဲ တွေ့ရပါတယ်။ ဒါတွေကတော့ မေးခွန်းတွေမေးရင်းအဆစ်သဘော စပ်စုခဲ့တာပါ။

အဲသလို ကွင်းဆင်းလေ့လာရင်း ကျွန်တော်ရဲ့ “တီရှပ်ဆာပေး” ကိုပါ အမှတ်ရသွားပါတယ်။ ကျွန်တော်က HIV/AIDS ကာကွယ်ရေး၊ တားဆီးရေး၊ စောင့်ရှောက်ရေးစတဲ့ ပညာပေးလုပ်ငန်းဆွေးနွေးပွဲများကို ဖိတ်ကြားတဲ့အခါ အခါ အားလျော်စွာတက်ရပါတယ်။ တက်ခွင့်ကြုံပါတယ်။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူးခင်ဗျာ။ ဆရာသိုက်ထွန်းသက်၊ ဆရာနေဝင်းမြင့်၊ ဆရာမဝင်းဝင်းမြင့် (နန်းတော်ရှေ့) စတဲ့ဆရာ၊ ဆရာမများစွာပါ ပါတယ်။ ဆရာဝန်ကြီးများက ဦးဆောင်ဆွေးနွေးတာပါ။ ကျွန်တော်က အဲသလို အတွေ့အကြုံတွေကို ရတနာပုံသတင်းစာမှာလည်း ပြန်ရေးဖူးပါတယ်။အပျိုစင်မဂ္ဂဇင်းမှာရေးတာကို မြဝတီရုပ်သံမဂ္ဂဇင်းကထုတ်ကလည်း လွှင့်ဖူးပါတယ်။

HIV/AIDS ကာကွယ်ရေး၊ ပညာပေးရေးတွေလုပ်နေတဲ့ ရုပ်ရှင်သရုပ်ဆောင်ဒေါ်ဆွေဇင်ထိုက်တို့၊ စာရေးဆရာမ မြနှောင်းညိုတို့ဆိုရင် ဒီရောဂါဟာ အပြစ်ကင်းတဲ့အမျိုးသမီးများဆီ အိမ်ရှင်မများဆီကိုပါ ရောက်လာနိုင်တာမို့ ရုပ်ရှင်နဲ့ စာပေနဲ့ ပညာပေးတွေလုပ်နေတဲ့အကြောင်းလည်း ရေးဖြစ်ပါတယ်။အဲသလို ရေးတာကိုတွေ့တော့ ဆရာမ မြနှောင်းညိုက သူတို့လုပ်နေတဲ့ PSI က လက်ဆောင်ပေးတဲ့ တီရှပ်ကို အမှတ်တရဆိုထည့်ပေးလိုက်တယ်ခင်ဗျ။ သော့တွဲလည်းပါ

တယ်။ ကာတွန်း (ပညာပေး) စာအုပ်လည်းပါတယ်။ အဓိက သူတို့ ဦးတည်တာက လိင်ဆက်ဆံရာက ကူးစက်မှုကို ကာကွယ်ဖို့ ပညာပေးတယ်။ ကွန်ဒုံးလည်းဖြန့်တယ်။ ကံချွန့် ဆီ အမှတ်တရထည့်ပေးလိုက်တာက အဲဒီ "အဖော်" တံဆိပ် ကြီးနဲ့ တီရှပ်ပါ။ ကွန်ဒုံးကြော်ငြာဆိုပါတော့။

ထည့်ပေးတော့လည်း ဝတ်တယ်ပေါ့။ ကံချွန့်စိတ်ထဲမှာ တော့ ဒါလည်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းပဲ။ အခြားအခြားဆေးကုမ္ပဏီတွေက ဆေးကြော်ငြာတွေလိုပဲ သဘောထားတာကိုး။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီတီရှပ်ဝတ်တဲ့ နေ့က သွေးကျဆေးဝယ်ချင်တာနဲ့ ဆေးဆိုင်ရှေ့ရောက် သွားတော့ ဆေးသည်က ကံချွန့်ကို လှမ်းကြည့်ပြီး

"ရှိသေးတယ်" လို့ ဆီးပြောပါတယ်။ "အဖော်" လာဖြန့် တာမှတ်လို့။ ဒီအကြောင်းကို N O အဖွဲ့တစ်ခုမှာ လုပ်နေကြ တဲ့ ကောင်လေး၊ ကောင်မလေးတွေနဲ့ဆုံမိတော့ ကံချွန်က ပြောပြမိတယ်။ ဒီတော့ ကလေးမလေးတွေက ပြုံးပြီး

"ဦးက ငါ ရောင်းမလို့မဟုတ်ဘူး။ ဝယ်မလို့ဆို ဖြေလိုက် ပါလား" တဲ့။

သူတို့ဟာသကို သူတို့ဟာသူတို့ သဘောကျပြီး ရယ်ကြ သေးတယ်။ ကောင်လေးတွေက

"လုပ်မနေပါနဲ့ဦးရာ၊ ဝယ်အားကောင်းလို့ လက်ဆောင်

ရထားတဲ့ တီရှပ်မဟုတ်လား”

ဆိုပြီး ဆင့်ပြောလိုက်လို့ ရယ်အားက နှစ်ဆတိုးသွားကြရော။ သူတို့နဲ့ လမ်းခွဲပြီးတော့ ရွှေမန္တလေးဂျာနယ်တိုက်ကို ဆက်ထွက်လာဖြစ်ပါတယ်။အဲဒီမှာလည်း လမ်းတစ်လျှောက် တွေ့မြင်တဲ့သူတွေထဲက လူလတ်ပိုင်း လူငယ်ပိုင်းရဲ့ လေးပုံတစ်ပုံလောက်က ပြုံးစိစိဖြစ်သွားတယ်။ မိန်းကလေးတွေက ဆယ်ယောက်မှာတစ်ယောက်ပဲမြင်တာနဲ့ မျက်နှာလွှဲပစ်တယ်။ ကျန်တဲ့ ကိုးယောက်ကတော့ ဘာမှ မသိသလိုပဲ။ တကယ်မသိတာရော၊ မသိချင်ယောင်ဆောင်တာရော ရောနေမယ်ထင်ပါတယ်။ “အဖော်” နဲ့ ရင်းနှီးဟန်မတူပါဘူး။ ကံချွန်ကလည်း ကြောင်ကြောင်ကျားကျား အမြဲဝတ်နေကျဆိုတော့ “အဖော်” တီရှပ်ဝတ်ထားတဲ့နေ့ကလည်း သတိမထားမိတာလည်း ပါမှာပေါ့။

ပြီးခဲ့တဲ့နှစ်က ဆရာဒေါက်တာအောင်မြင့် လေ့လာတွေ့ရှိတာကတော့၊ ४ ပိုးဟာ မြို့လယ်ဧရိယာ၊ ကျောင်းသူ၊ ကျောင်းသား ပညာတတ်အလွှာမှာ ပြန့်ပွားမှုလျော့ကျပြီး မြို့စွန်ဧရိယာ လက်လုပ်လက်စား အများစုနေထိုင်ရာတွေမှာ ပြန့်ပွားတိုးလာတယ်လို့ဆိုပါတယ်။ ဒီနှစ်တော့ စာရင်းပြုစုနေကြတုန်းပေါ့လေ။ အဲသလို လေ့လာတွေ့ရှိချက်အပေါ် မူတည်ပြီး ကာကွယ်ရေး၊ ပညာပေးအစီအစဉ်ကို

ဘယ်မှာ ဦးတည်ရမလဲဆိုတာ ရွေးချယ်သတ်မှတ်လို့ရတာ ပေါ့။ ဘယ်လိုနည်းနဲ့ ကူးစက်တယ်ဆိုတာကိုသိရမှ အများဆုံးကူးစက်နေတဲ့လမ်းကြောင်းကို ဟန့်တားဖို့ ကြိုးစားနိုင်မှာပေါ့။ ဆရာတို့ရဲ့ "ဆာဗေး" အခြေအနေကိုတော့ ဘယ်လိုအဖြေထွက်လာမယ်ဆိုတာ မပြောတတ်သေးပါဘူး။ ကံချွန်ရဲ "တီရှပ်ဆာဗေး" အဖြေကတော့ H[illegible] AIDS နဲ့ပတ်သက်တဲ့ ပညာပေးအစီအစဉ်ကို မြို့နှုတ်ခမ်းသားဧရိယာများမှာ ဦးတည်သင့်ကြောင်း အကြံပေးလိုပါတယ်ခင်ဗျာ။ စာဖတ်ရာကတစ်ဆင့် H[illegible] AIDS ရောဂါအကြောင်း ဗဟုသုတရပါတယ်ဆိုတဲ့ အဖြေမျိုးပေးသူကလည်း သိပ်နည်းနေလို့ . . .

ဆရာမကြီးဒေါက်တာဒေါ်မြင့်မြင့်ခင်ရဲ့ မွေးနေ့အမှတ်တရကုသိုလ်ပြုဝေငှတဲ့ "လူတိုင်းအတွက်ထိုးတဲ့ခေါင်းလောင်း" ပညာပေးစာစောင်မျိုး၊ ဆရာမ မြနှောင်းညို ရေးတဲ့ (ကာတွန်းထက်မိုးသရုပ်ဖော်တဲ့) ထာဝရအလှလို၊ ဆရာကောက်နွယ် ကနောင်ရေးတဲ့ (ကာတွန်းထက်မိုး သရုပ်ဖော်တဲ့) အကြွင်းမဲ့လုံခြုံရာ၌လို ပညာပေးကာတွန်းစာအုပ်ကလေးတွေဟာ စာဖတ်သူ အများဆုံးစုဝေးဖတ်ရှုဖြစ်တဲ့ မြို့စွန်စာအုပ်အငှားဆိုင်လေးတွေမှာရှိမယ်ဆိုရင်၊ ရောက်နေမယ်ဆိုရင် H[illegible] AIDS နဲ့ ပတ်သက်တဲ့ ဗဟုသုတဟာ ပိုမိုပြန်နှံ့မှာ သေချာတယ်လို့လည်း တွေးမိပါတယ်။ အခမဲ့

ဝေငှတဲ့နေရာမှာ ထိရောက်တဲ့ဝေနည်းကတော့ စာပေဖြန့်ချိရေးတွေကို အကူအညီတောင်းပြီး စာအုပ်ဝယ်နေကျ အငှားဆိုင်တွေကို ထည့်ဝေပေးပါဆိုရင် လွယ်လွယ်ကူကူနဲ့ ထိထိရောက်ရောက် ပြန့်နှံ့ပြီး အကျိုးရှိနိုင်ပါတယ်ခင်ဗျ။ ဒါတွေကို တွေးမိတာကတော့ "အဖော်" တီရှပ်ဝတ်ပြီး ဆာဗေးလုပ်ရာကနေ ရခဲ့တဲ့ အမြင်တွေလို့ပဲ ဆိုကြပါစို့ ။ ။

ကာကွယ်လို့ရတဲ့ ရောဂါကို . . .
ဘယ်လို ကာကွယ်ရမှန်း မသိတာနဲ့ . . .
ကူးစက်ခံရမှာစိုးလို့ ရေးမိတာပါခင်ဗျား။

***ဂျာချွန်***

**ရွှေမန္တလေးဂျာနယ် – ၁၀.၁၁.၂၀၀၇**

❖ ❖ ❖ ❖ ❖

# တစ်ဆောင်းသစ်ပြန်ပြီ

နှင်းမှုန်လေးတွေ။

ဘယ်ကိုပဲကြည့်ကြည့် ဇာကန့်လန့်ကာချထားသလို။ ဆောင်းရိပ်ဆောင်းငွေ့က ဖျတ်ခနဲ သမ်းသွားတော့ တစ်ဆောင်းသစ်ပြန်ပြီ။ ကံချွန်က ဆောင်းကိုချစ်တယ်။ အအေးကိုကြိုက်တယ်။ နွေးနေအောင်ဝတ်ထားပြီး နှင်းမှုန်တွေကြားသွားရတာမျိုးကိုပေ့ါ။ ခြေအိတ်တွေ၊ ခြေနင်းတွေ၊ ခေါင်းစွပ်တွေ၊ လက်အိတ်တွေနဲ့ ဆိုင်ကယ်စီးရတာမျိုးပေ့ါ။ မနက်အစော မျက်စိနှစ်လုံးဖွင့်တာနဲ့ စာရေးဖို့၊ ဒါမှမဟုတ်ကာတွန်းရေးဖို့တွေးလေ့ရှိတဲ့ ကံချွန်ဟာ ဆောင်းမနက်စောစောမှာတော့ အတွေးကို အနားပေးပါတယ်။

အများအတွက် ထိခိုက်မှာ၊ နစ်နာတာမျိုးကို ရှာကြံပြီး မကျေနပ်စရာကို ရင်ထဲမှာ မွေးကြည့်။ ကြီးထွားလာပြီဆိုရင် ထရေး။ အဲဒီမကျေနပ်စရာက ရင်ထဲမှာ ကြီးထွားမလာဘဲ ကျေပျက်ပြီး ပျောက်သွားတယ်ဆိုရင် ဒါကတော့ ရေးလောက်စရာမဟုတ်ဘူးဆိုတွက်။နောက်ထပ် မကျေနပ်စရာကို မွေးကြည့်။ အဲသလို မကျေနပ်စရာတွေကို မွေးမြူရေးလုပ်ရတာ အစာမကုန်ပေမယ့် စိတ်ကုန်တဲ့အခါလည်း ရှိတာပေ့ါခင်ဗျာ။ ကျေနပ်စရာ ကြည်နူးစရာလေးတွေကို ရင်ထဲမှာမွေးပြီး အနုပညာလှုလှုလေးတွေ ဖန်တီးနေကြတဲ့

စာရေးဆရာများကို ကံချွန်အားကြီး သဘောကျပါတယ်။ သူတို့ဘဝက အကျိုးပေးကောင်းတယ်လို့ ဆိုရမှာပေ့ါ။ ကံချွန်က သူတို့နဲ့မတူဘူး။ ခုတော့ ကြည်နူးကျေနပ်မှုနဲ့ ကံချွန်ဆီရောက်လာသူ ရှားပါတယ်ခင်ဗျ။ မကျေမနပ် မကြည်မလင်နဲ့ ရောက်လာကြတာ များပါတယ်။

**မကြားဝံ့ရှေ့နေ၊ မမြင်ဝံ့ဆေးသမား** ဆိုတဲ့စကားမှာ နောက်ဆက်တွဲအဖြစ် မရေးဝံ့သရော်စာဆိုပြီး ထည့်ချင်နေပါတယ်။ ဆေးခန်းတစ်ခုကိုရေးပြီးတဲ့ နောက်ရက်မှာပဲ အဲဒီဆေးခန်းနဲ့ ပတ်သက်လို့ ပြောသံဆိုသံတွေကို ဆင့်ကြားရပြန်ရော။ ကဲ မရေးဝံ့တာမရှိရလေအောင် . . .။

"အဲဒီဆေးခန်းမှာ ပျက်စီးသွားတဲ့လူနာတိုင်းရဲ့ပြေစာတွေကိုကြည့်။ နောက်ဆုံးမရတော့ဘူးဆိုတာ သိနေချိန်မှာဆေးတစ်ချောင်းလာထိုးပေးပြီး ဂဏန်းငါးလုံးစာရင်းတိုးထားတာကို တွေ့ရလိမ့်မယ်။ လူနာရှင်ဆိုတာကတော့ သောကနဲ့ရင်ဆိုင်နေရချိန်ဗျာ။ ဘာပြောမှာလဲ။ ဒါပေမယ့် ဒါဟာ မရိုးသားမှုပဲ။ ငွေကိုရသလောက် နောင်ဆုံးအချိန်ထိ အတင်းနှိုက်ယူတာပဲ။ မလုပ်ကောင်းတဲ့ အလုပ်ဗျ"

အဲဒီစကားပြောသူဟာ ဆရာသင့်နေ၁်ပါ။ အဲဒီစကားပြောချိန်မှာ ဆရာဝန်ကြီးများလည်း စကားဝိုင်းထဲမှာ ရှိပါတယ်။

"ဖုန်းတစ်ခါမှ မဆက်ဘဲ ပြေစာထဲမှာ ဖုန်းခတွေ ထည့်

တောင်းထားတာမျိုးကတော့ ရှိုးနေပြီ”

ကျန်းမာရေးဝန်ဆောင်လုပ်ငန်းဆိုတာ ရှိုးသားရင် အလွန်မွန်မြတ်တဲ့ အလုပ်ပါခင်ဗျာ။ စီးပွားရေးနဲ့ စေတနာကို မျှတစွာ ပေါင်းစပ်ပေးဖို့တော့ လိုတာပေါ့။ စီးပွားရေးက တစ်ကျပ်သား၊ စေတနာက တစ်ပဲသားဖြစ်နေရင် အလွန်လှပတဲ့ လုပ်ငန်းဟာ အကျည်းတန်သွားပါလိမ့်မယ်။ ငွေအရင်းအနှီး သိန်းထောင်ချီပြီး မြှုပ်နှံထားရတာကို စာနာ နားလည်ပါတယ်။ အဲဒီအတွက် ထိုက်သင့်တဲ့ အမြတ်အစွန်းရဖို့တော့ လိုတာလည်း မှန်ပါတယ်။ ယူပါ။ လက်ခံပါတယ်။ လူနာကို ပေးထားတဲ့ ဝန်ဆောင်မှု အဲဒီဝန်ဆောင်မှုကို လူနာက သုံး မသုံးဆိုတာတော့ စိစစ်သင့်တာပေါ့။ ဝန်ဆောင်မှု ပြည့်ပြည့် စုံစုံထားပေးတဲ့ အခန်းက မပြည့်စုံတဲ့ အခန်းထက် ပိုယူထား ပြီးပြီပဲ။ ကျေနပ်တော့ပေါ့။ ထားပေးတဲ့ဖုန်းဆိုပါတော့။ သုံးလို့ထပ်ယူတာမျိုးပဲဖြစ်ရမှာပေါ့။ ဒီလုပ်ငန်းက သောကနဲ့ ရောက်လာသူတွေဆီက ငွေကိုယူရတာပါ။ ဝေဒနာခံစားနေ ရသူအတွက် ထိုက်ထိုက်တန်တန်ပြုစုပေးလို့၊ စိတ်သက် သောင့်သက်သာဖြစ်အောင် စီစဉ်ပေးလို့ လူနာရှင်က ကြည်ကြည်နူးနူးပေးရတဲ့ ငွေမျိုးသာ အေးမြပါမယ်။သောက နဲ့ ရောက်လာသူကို နားရင်းရိုက်ပြီး ယူလိုက်သလိုမျိုးဖြစ်နေ တဲ့ငွေကတော့ ပူလောင်မှာ သေချာပါတယ်။ ပူလောင်တဲ့ ငွေတွေ များများကိုင်လားရလေ လောင်ကျွမ်းမှုမြန်လေဖြစ်

မှာပါ။ ဒီလုပ်ငန်းဟာ ရိုးသားရင် အလွန်မွန်မြတ်သလို မရိုးသားရင် အလွန်ရွံမုန်းဖို့ကောင်းပါတယ်။

ဆရာဒေါက်တာအောင်မြင့် (မန္တလေးဆေးတက္ကသိုလ်)က “လူနာတွေရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေရှိတယ်။ လူနာတစ်ယောက်က ဆေးဝန်ထမ်းရဲ့အမှားကြောင့် ဒါမှမဟုတ် အဲဒီဆေးခန်းရဲ့အမှားကြောင့်၊ ပေါ့လျော့မှုကြောင့် မသေသင့်ဘဲ သေရင် အဲဒီဆေးခန်းကို တရားစွဲလို့ရတယ်။ ဆေးဝန်ထမ်းကို တရားစွဲလို့ရတယ်။ လူတိုင်းသိသင့်တဲ့ လူနာရပိုင်ခွင့်တွေရှိတယ်။ အဲဒါတွေကို ဆရာတို့ရေးသင့်တယ်။”

“ဆရာကိုယ်တိုင်ရေးရင် ပိုကောင်းတယ်ဆရာ”

ကံချွန် အဲသလို အကြံပြုခဲ့ပါသေးတယ်။ အဲသလို စကားဝိုင်းဖွဲ့ဖြစ်တာက '' th ┏ t ဂျာနယ်လုပ်တဲ့ တွေ့ဆုံပွဲလေးမှာပါ။ အထူးကုဆေးခန်းကြီးများဟာ အများအတွက် အလွန်လိုအပ်ပါတယ်။ ငွေအရင်းအနှီးတတ်နိုင်သူများဟာ အများရဲ့ ကျန်းမာရေးနဲ့ဆိုင်တဲ့ ကြိုတင်ကာကွယ်နိုင်ဖို့ ရောဂါရှာဖွေနိုင်ဖို့ ပစ္စည်းတွေ၊ နေရာတွေ ရင်းနှီးပြီး ပညာရှင်ကြီးတွေကိုပါ စုစည်းထားရတာ။ အလွန်ကျေးဇူးကြီးပါတယ်။ ကျေးဇူးတင်စရာပါ။ အဲသလို အလေးထားခံရတဲ့ နေရာကနေ လျှောကျသွားမှာကို ကံချွန်စိုးရိမ်တာပါ။ ဆေးခန်းထောင်သူများကို တိုက်ချင်တာ၊ မကောင်းပြောချင်

တာမဟုတ်ပါဘူး။ အတိုက်မခံရစေချင်တာ၊ အကောင်းပြော ခံရစေချင်တာ၊ဒုစရိုက်လုပ်သူ၊လူတောမတိုးတာက ပြဿနာ မဟုတ်ပါဘူး။ သုစရိုက် လုပ်ပြီး လူတောမတိုးမှာကို စိုးရိမ် တာပါ။ သုစရိုက်လုပ်ငန်းဖြစ်ပေမယ့် လောဘကို ရှေ့တန်း တင်လိုက်ရင် စေတနာကို တွန့်တိုလိုက်ရင် အဲဒီ ကောင်း သောအလုပ်ဟာ မကောင်းသောအလုပ်အသွင် ပြောင်းသွား မှာပါ။

ကျန်းမာရေးဝန်ဆောင်မှုဟာ ငွေရှိတိုင်း လုပ်မရသလို ငွေမရှိဘဲနဲ့လည်း လုပ်မရပါဘူး။ ပညာရှင်ကြီးတွေမပါဘဲ လုပ်မရသလို ပညာရှင်ကြီးတွေချည့်လည်း လုပ်လို့မရပါဘူး။ ပညာရှင်ကြီးများနဲ့ ငွေရှိသူတို့ ပူးပေါင်းလုပ်ဆောင်ရတဲ့ လုပ်ငန်းပါ။ ပညာရှင်ကြီးများဟာလည်း “စေတနာ” အပေါ် အခြေခံတဲ့ ပညာရပ်ကြီးကို ပိုင်ဆိုင်ခွင့်ရထားသူ မဟာ လူသားများပါ။ အသက်ကယ်တဲ့ပညာပါ။ အိုသော်လည်း မနာရအောင် ကြိုးစားပေးနေရသူများပါ။ ပညာရှင်ဆရာကြီး များအနေနဲ့ ကိုယ်နဲ့ လက်တွဲရမယ့်ငွေရှင်နဲ့ လုပ်ငန်းရည်ရွယ် ချက်ကို ပီပီပြင်ပြင်သဘောတူညီမှု ယူသင့်ပါတယ်။ လူနာ ရဲ့ ရပိုင်ခွင့်တွေကို နားလည်နှင့်သူက ပညာရှင်ကြီးများပါ။ ဒါကြောင့် လူနာဟာ ဆေးခန်းကြီးပေါ် ရောက်လာတာနဲ့ အဲဒီလူနာဘက်က ရပ်တည်ဖို့ ပညာရှင်ကြီးများရဲ့ တာဝန်ပါ။ ပညာရှင်ကြီးများရဲ့ ဂုဏ်သိက္ခာကို ခုတုံးလုပ်ပြီး လူနာကို လည်ပင်းညှစ်နေမယ်ဆိုရင် အလွန်မွန်မြတ်တဲ့ ကျန်းမာရေး

ဝန်ဆောင်မှုလုပ်ငန်းဆိုတာ အလွန်ရှုံမုန်းစရာလုပ်ငန်း အသွင် ပြောင်းသွားပါလိမ့်မယ်ခင်ဗျာ။

အားလုံးစိတ်ချမ်းသာစေချင်ပါတယ်။ ဆောင်းနှင်းမှုန် တွေကြားမှာ သောကကင်းကင်းနဲ့ အေးမြတဲ့အရသာကိုခံ ရင်း လမ်းလျှောက်ချင်ပါတယ်။ ကိုယ်လက်လှုပ်ရှားချင်ပါ တယ်။ ဆောင်းပါးတွေလည်း ပျော်စရာ၊ ကြည်နူးစရာလေး တွေပဲ ရေးချင်ပါတယ်။ အေးချမ်းလာမယ့် ဆောင်းနဲ့အတူ ဆေးခန်းကြီးများရဲ့ ကြည်နူးစရာကောင်းမယ့် သတင်းလေး များကိုလည်း ကြားချင်ပါတယ်။

ကုသနေသူ လူနာများထဲက ငွေကြေးအခက်အခဲဖြစ် လာသူ လူနာဘယ်လောက်ကိုဖြင့် အခမဲ့ ဆက်လက်ကုသ ပေးတယ်ဆိုတာမျိုးပေါ့ခင်ဗျာ။ ဒါမှမဟုတ် ပြည်သူ့ဆေးရုံ ကြီးကို၊ သီးခြားရောဂါကု ဆေးရုံတစ်ခုခုကို လိုအပ်နေတဲ့ ဆေးဝါးပစ္စည်းလှူတယ်ဆိုတာမျိုးပေါ့ခင်ဗျာ။ အဲသလို သတင်းတွေကို နှင်းများနဲ့အတူ ရောက်လာမယ်လို့ မျှော် လင့်ပါတယ်။ လမ်းလျှောက်ရင်း ကြည်ကြည်နူးနူးခံစားရမယ့် သတင်းမျိုးပေါ့။

တစ်ဆောင်းသစ်ပြန်ပြီ။

***ဂျဲချွန်***

**ရွှေမန္တလေးဂျာနယ် – ၁၅.၁၁.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ဆောင်းတွင်းကို ကျော်ဖြတ်ဖို့

မင်္ဂလာပါခင်ဗျာ။ ရာသီဥတုလေးက အေးလာတော့ ကံချွန့်ကို ကံချွန်ရဲ့ဘကြီးပြောခဲ့တာ အမှတ်ရမိပါတယ်။ ကံချွန်ဟာ အရင်က နေထန်းတစ်ဖျားရောက်မှ ထလေ့ရှိပါတယ်။ ညမှာတော့ တွေးရသလောက် စာရေးပါတယ်။ ရေးရသလောက်လည်း တွေးပါတယ်။ နေ့ညမှားတဲ့ ကလေးလိုဖြစ်နေလို့ ကံချွန့်ဘကြီးက မင်းက ကလေးဆိုရင်လည်း ခြေရင်းခေါင်းရင်းပြောင်းသိပ်လိုက်ရင် နေ့ညမှန်သွားနိုင်တယ်။ မင်းအိပ်ပုံမှားနေတယ်။ နေ့ညမှားတဲ့အပြင် အိပ်တာက ကန့်လန့်လို့ပြောပါတယ်။ ကံချွန်က အိပ်ရာခုတင်ပေါ်မှာပဲ ထိုင်စာရေးတာပါ။ စာရေးစားပွဲဟာ အိပ်ရာခုတင်ဘေးမှာပါ။ ခုထိလည်း အဲသလိုပါပဲ။ ရေးနေရင်းငိုက်လာရင် အလိုက်သင့် ပက်လက်လန်ချလိုက်တော့ လူက ခုတင်ပေါ်မှာ ကန့်လန့်ဖြစ်နေရော။

အဲ . . . ဥတုပြောင်းလို့ အအေးဓာတ်ကလေးဝင်လာပြီးတာနဲ့ အမြဲစောစောထလေ့ရှိတဲ့ ဘကြီးကို စောနိုးပေးဖို့ မှာရတော့တာ။

"မင်းက ဘာလုပ်ဖို့လဲ"

"လမ်းလျှောက်မလို့"

"လမ်းလျှောက်မယ့်အစား တံမြက်စည်းလှည်းပါလား

ကွာ။ ကိုယ့်အိမ်ရှေ့လှည်း၊ အများသွားမယ့်လမ်းလှည်း၊ လက်လည်းဘယ်ညာလွှဲပြီး ရမ်းပြီးဖြစ်မယ်ကွာ။ ခါးလည်း ယိမ်းပြီး ဖြစ်မယ်ကွာ။ဗိုက်လည်း မပူတော့ဘူး။လမ်းလျှောက် ပြီးလည်းဖြစ်မယ်။ ပြီးတော့ လမ်းကိုပြောင်ရှင်းနေအောင် လှည်းတဲ့သူဟာ အဲဒီလမ်းပေါ်ကို လူတွေဖြတ်သွားကြ လာကြတာမြင်ရရင် ဖြစ်ရတဲ့ ပီတိကို မင်းခံစားဖူးသွားမယ်။ ဒါကို မင်း အားကစားလို့ စိတ်ထဲမှာထားလိုက်။ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်နေတဲ့သဘောလို့ ယူဆလိုက်။ ကိုယ့်ဝန်း ကျင်အမှိုက်ရှင်းတော့ ကိုယ်ပဲရောဂါကင်းတာပေါ့ကွာ။ ငါး အိမ်မှာ တစ်ယောက်ယောက်ပဲ အဲသလိုစိတ်ထားကြည့်။ တစ်ရပ်ကွက်လုံးသန့်သွားမယ်ကွ။

ဘကြီးစကားကို နားမဝင်ခဲ့ပါဘူးခင်ဗျာ။ ဘောင်းဘီ ရှည်လေးဝတ်၊ ခြေနင်းဖြူလေးစီးပြီး အားရပါးရ အသက်ရှူ လိုက်၊ လက်ကိုဝှေ့ရမ်းလိုက်နဲ့ လမ်းပဲလျှောက်ခဲ့တာပါ။ နှင်း မှုန်မှုန်ကြားမှာ လမ်းလျှောက်သူချင်းတွေ့ရင် ကပျာကယာ ရင်ကော့ရသေးတာ။ ခြေလှမ်းကျဲကျဲ လှမ်းရသေးတာ။ မိန်းကလေးတွေ့လိုက်ရင်တော့ လက်ကို ရှေ့နောက်ရမ်း နေရာကနေ ဘေးကိုဝှေ့ရမ်းတာရော၊ အထက်မြှောက်တာ ရော၊ စုံရမ်းတာရော စုံသွားတော့တာ။ အဲသလို လျှောက် ကောင်းကောင်းနဲ့ လျှောက်လိုက်တာ ချွေးတွေစို့ပြီး မော၊ ဆာလာမှ ဟာ ငါလျှောက်တာ သုံးမိုင်လောက်ရောက်နေပါ

လားဆို သတိထားမိတယ်။ ဒါဆို အပြန်နဲ့ပေါင်းလိုက်ရင်တော့ ၆ မိုင်ဖြစ်ပြီ။ ဘာပြောကောင်းမလဲ။ အိမ်ပြန်ရောက်တော့ လူကို "အီစလံဝေ" သွားတာပဲ။ ခြေသလုံးတွေတောင့်ပြီး ထိုင်မကောင်း၊ ထမကောင်း ကံချွန်ရဲ့အဖြစ်ကို လမ်းလျှောက်နေကျမိတ်ဆွေတစ်ဦးက စလျှောက်ရင် ၄ မိုင်လောက်ပဲ လျှောက်။ ၂ မိုင်လောက်ရောက်တာနဲ့ ပြန်လှည့်ဆိုပြီးအကြံပေးပါတယ်။

အဲဒီတုန်းက လမ်းလျှောက်ရင်း မနက်စောစောမှာ ကိုယ့်အိမ်ရှေ့တံမြက်လှည်းနေတဲ့လူကြီးတွေကို ကြိုးကြားကြိုးကြားတွေ့ရပါတယ်။ ၆၀ ဝန်းကျင်တွေပါပဲ။ များသောအားဖြင့်တော့ အအေးပျောက်သွားတာနဲ့ ကိုယ်လက်လှုပ်ရှားလမ်းလျှောက်သမားများလည်း ပျောက်သွားတာများပါတယ်။ မပျောက်တာကတော့ ကံချွန်တို့ရဲ့ ဘကြီးအရွယ် အဘိုးများပါပဲ။ မိုးရွာတဲ့နေ့မှအပ တံမြက်စည်းတစ်ချောင်းနဲ့ အများသွားတဲ့လမ်း ကိုယ်အိမ်ရှေ့၊ ဘုရား၊ ပုထိုး၊ ကျောင်းဝန်းကျင်ဆိုသလိုတွေမှာ လှည်းနေကြတာပါပဲ။

ကံချွန်က ၁၉၄၆ ဧပြီလ ၄ ရက်မွေး။ ခုဆို ၅၇ ဆိုပါတော့။ လုပ်ရတဲ့အလုပ်က နေ့တကုပ်ကုပ် လှုပ်ရှားမှုမရှိ။ ကြုံလို့များ စတိုးဆိုင်ဝင်ငေးရင် ဘောင်းဘီရှည်ကောင်တာနားရပ်မိရင် အရောင်းစာရေးမလေးတွေက

"အန်ကယ်ကြီးတို့လို ဝတဲ့လူက အိုဗာဆိုဒ်ဝတ်မှ ရမှာ။

၃၅ အထက် ဘောင်းဘီတွေက ဟိုဘက်ကောင်တာမှာရှိတယ်” ဆိုတဲ့စကားကြားရတာ ခဏခဏပါ။ မိတ်ဆွေများက မင်းဝလာတယ်ကွ။ ကိုယ်လက်လှုပ်ရှားမှုလေး လုပ်ဦးဆိုပြောတာလည်း ခဏခဏပါ။ လူဝရင် ဘော်ဒီဝိတ်ကို ဒူးတို့ခြေမျက်စိတို့က မထမ်းနိုင်တော့ဘူး။ ထိုင်တာ၊ ထတာ၊ တက်တာ၊ ဆင်းတာ သတိထားဗျဆို သတိပေးသူလည်း ရှိပါတယ်။ ကိုယ့်ဟာကိုယ်လည်း သိတာပေါ့။ ကိုယ့်ကျန်းမာရေးအတွက် နာရီဝက်၊ တစ်နာရီလောက်တော့ အချိန်ပေးသင့်တယ်ဆိုတာ ဒီတော့မှ ဘကြီးစကားသတိရလာတယ်။ တံမြက်စည်းလှည်းပါလားကွဆိုတဲ့ စကားကို။ ရာသီဥတုကလည်း ပြောင်းလာပြီ။ အအေးနိဒါန်း အပူနိဂုံး မနက်စောစော တံမြက်စည်းလှည်းလို့ အကောင်းဆုံးပေါ့။ ရာသီဥတုကိုက ကိုယ်လက်လှုပ်ရှားဖို့ တောင်းဆိုလာတဲ့အချိန်ပဲ။ ဒါနဲ့ မနက်စောစောထ။ ဘောင်းဘီဝတ်။ လက်အိတ်စွပ်။ သမီးက

“ဘယ်သွား မလို့လဲ”

“မသွားပါဘူး။ တံမြက်စည်းလှည်းမလို့”

ဖြေပြီးတာနဲ့ အရိုးရှည် တံမြက်စည်းကိုင် အားမာန်အပြည့်နဲ့ လှည်းတော့တာ။ ၁၀ မိနစ်လောက်နေတော့ အအေးဓာတ်ပျောက်သွားတယ်။မိနစ် ၂၀ လောက်နေတော့ ချွေးစို့ချင်လာတယ်။ လွင့်တက်လာတဲ့ သစ်ရွက်ကြွေကို ကြက်တောင်လိုသဘောထားလွှဲရိုက်ပစ်။ ညာဘက် ၁၀ခါ

လှည်းပြီးရင် လက်ပြောင်း၊ ဘယ်ဘက်ကို ၁၀ခါလှည်း။ ရှေ့ခြေနှစ်လှမ်းတိုး၊ ဘယ်ဘက်တစ်လှမ်းရွှေ့ မူလနေရာပြန်ယူ။ ညာဘက် တစ်လှမ်းရွှေ့၊ ရှေ့တစ်လှမ်းတိုး။ ကိုယ်တစ်ဝက်လှည့်။ လက်ကို မှန်မှန်လှုပ်။ ([illegible]) ကခုန်ခြင်းနဲ့ ကစားနေတာလို့ သဘောထား။ အဲသလိုသဘောထားတော့ ပြခန်းရှေ့လျှောက်ပြီး ဘေးတွေနောက်တွေပါ လှည်းချင်လာတယ်။ နောက်တော့ နေတဲ့အိမ်ဘက်ပါ ရှေ့နောက်ဝဲယာ ဆက်လှည်း။ တစ်ဝိုင်းလုံးသန့်သွားတော့မှ တံမြက်စည်းကိုင်ရင်း ဂျိမ်းစဘွန်းလိုရပ်ပြီး ငါကွဆို ပီတိတွေဖြစ်။ ကိုယ့်ရဲ့ လှည်းချက်အောက်မှာ ကျဆုံးသွားတဲ့၊ အရှုံးပေးလိုက်ရတဲ့ အမှိုက်ပုံကြီးကို ဘာတတ်နိုင်သေးသလဲဆိုပြီး အောင်မြင်သူလိုကြည့်။ တံမြက်စည်းလှည်းခြင်း အလုပ်ကို လက်စသတ်လိုက်တယ်။

ဒါဟာ တစ်ချိန်တည်းမှာ အလုပ်နှစ်ခုပြီးတာပါပဲ။ သန့်ရှင်းရေးလုပ်ပြီးဖြစ်သွားတယ်။ ကိုယ်လက်လှုပ်ရှားပြီးဖြစ်သွားတယ်။ဒါဟာ ရပ်ကွက်ထဲ၊ လမ်းသွယ်ထဲ နေတဲ့ လူတိုင်းလုပ်သင့်တဲ့ သွေးပူလေ့ကျင့်ခန်းပါ။ ဘကြီးပြောခဲ့တဲ့စကားကိုလည်း အမှတ်ရမိပါတယ်။ တို့ရွာက မြူနီစပယ်ဆိုတာကို မသိကြဘူး။ မြူနီစပယ်ကလည်း တို့ရွာကိုသိမှာမဟုတ်ဘူး။ ကိုယ့်အိမ်၊ ကိုယ့်ခြံ၊ ကိုယ့်ဝိုင်း၊ ကိုယ့်ဟာကိုယ်တံမြက်စည်းလှည်းထားကြတာ တစ်ရွာလုံးကို ပြောင်လို့။ မင်းတို့မြို့

ကားလမ်းတွေကမှ ချိုင့်တွေ၊ အပေါက်တွေ၊ ဗွက်တွေရှိနေသေးတယ်ဆိုတဲ့စကားပါ။ ဘကြီးသာ ခုနေရှိရင်လည်း ဒီလိုပြောမှာပါပဲခင်ဗျာ။

ကံချွန်ကတော့ ဒီနှစ်ဆောင်းမှာ သန့်ရှင်းရေးလုပ်ရင်းဆောင်းတွင်းကျော်ဖြတ်ဖို့ အအေးကို အံတုဖို့ ဆုံးဖြတ်လိုက်ပါပြီ။ လမ်းလျှောက်ရတာ ဝါသနာပါပေမယ့် ခြေလျင်နဲ့တောင်တက်အသင်းမဝင်ဖူးတော့ လမ်းလယ်က ချိုင့်ထဲကျရင် ပြန်တက်ဖို့ မလွယ်ဘူးခင်ဗျ။ သိတယ်မဟုတ်လား။ ကံချွန်နေတာက မြို့သစ်မှာ။

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၂၄.၁၁.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ကံချွန်ချစ်တဲ့ မန္တလေး

နှင်းမှုန်တွေကြားက မန္တလေးမြို့ကြီးကို လှည့်လည်ကြည့်ဖူးပါသလား။ ပိုးမျှင်အိမ်ဖွဲ့ယှက်နွယ်လိမ်ပတ်ထားတဲ့ မန္တလေးမြို့ကြီးရဲ့ အရုဏ်ဦးအလှကို မန္တလေးတောင်ပေါ်က ကြည့်ဖူးပါသလား။ နွေ မန္တလေး၊ မိုး မန္တလေးထက်လှတာက ဆောင်း မန္တလေးပါ။ နွေလည်းပီတယ်။ မိုးလည်းပီတယ်။ ဆောင်းလည်းပီတယ်။ ပူရမလား။ စိုရမလား။ အေးရမလား။ ဘယ်တော့မှ လျော့တိလျော့ရဲ မဟုတ်တဲ့ မန္တလေးပါ။

မြို့ကွက်ရိုက်ထားတာက စနစ်တကျ။ အတိုင်းအတာတွေက တိတိကျကျ။ ခန့်လိုက်တဲ့ မန္တလေး။ မန္တလေးရဲ့ စျေးချိုသူဆိုရင် ဆရာကြီး မဟာဆွေတို့ ခေတ်ကတည်းက စာတစ်တန် ပေတစ်ဖွဲ့ မှတ်တမ်းတင်ခဲ့ရတာ။ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာမဟုတ်ပါဘူးခင်ဗျ။ မင်းသားကြီး ဦးမြတ်လေးတို့လည်း ရန်ကုန်သားနဲ့ မန္တလေးသူဆိုပြီးရုပ်ရှင်ရိုက်သွားသေးတာပါပဲ။ မန္တလေအကြောင်းတွေးရင်း အလိုလိုပီတိ ဖြစ်ရပါတယ်။ ကိုယ်မွေးတဲ့မြို့ (တကယ်မွေးတာပါ။ ဖွားလက်မှတ်ရှိပါတယ်) ကိုယ်ကြီးတဲ့မြို့။ တစ်ဖဝါးမှ မခွာဖူးတာပါ။ ပုံစံတစ်ဆယ်မယူဖူးပါဘူး။ (အိမ်ထောင်စုဇယားရှိပါတယ်) ချစ်လို့မှ မဝခင် . . . .

"မင်းတို့မြို့က စည်းကမ်းမဲ့တယ်ကွာ"

အတွေးအာရုံထဲမှာ "မိုနာလီဇာ" (ပါတိတ်မဟုတ်ပါ) နဲ့ အပြိုင်လှနေတဲ့ "မန္တလာလီဇာ" မန္တလေးအလှလေးကို ကွမ်းသွေးနဲ့ ပက်တာခံလိုက်ရသလိုပါပဲ။ ကံချွန် ထုချေလွှာ တင်ဖို့ ဟန်ပြင်နေတုန်းမှာပဲ တစ်ဖက်က မီးပွိုင့်ဝါတာနဲ့ စောထွက်တဲ့ စက်ဘီးနဲ့ မီးနီလွတ်အောင် မီးဝါမှာဖြတ်တဲ့ ဆိုင်ကယ် လမ်းလယ်မှာ နှစ်ပါးသွားလိုက်တာ အုန်းခနဲနေတာပဲ။

"ကဲ ငါမပြောဘူးလား။ စည်းကမ်းမရှိကြဘူးကွာ"

"အဲဒါတော့ ဟုတ်တယ်ဗျာ။ ဆပ်ပလိုင်းချက်ရှိမှ"

"ဘာဆပ်ပလိုင်းချက်လဲ။ Sup၊ 'y ဆပ်ပလိုင်း ပေးကမ်းသည်ကွ။ C' ck ချက်က စစ်ဆေးတာ"

"ဟာ . . . ဟာ အဲလိုမဟုတ်ပါဘူး။ ဟို ရုတ်တရက် ရှောင်တခင်၊ လျှပ်တစ်ပြက် စစ်ဆေးတာကို ပြောတာ"

S ' ' e ဆပ်ပရိုက်လို့ ပြောကွာ။ မင်းတို့ အသံထွက် မမှန်တာ ဟိုတစ်ဖက်မှာ သိပ်နာတယ်ကွ"

"ဟုတ် . . . ဟုတ် . . . ဟုတ်ကဲ့ပါ"

"ယဉ်ကျေးတဲ့သူတိုင်း စည်းကမ်းရှိတယ်ကွ။ မင်းတို့ ယဉ်ကျေးမှုမြို့တော်ဆိုပြီး တင်စားထားတဲ့ မန္တလေးမြို့က . . . ."

“နေ နေ ပါဦး။ မန္တလေးကို ခဏလာနေတဲ့သူတွေ စည်းကမ်းမရှိတာနေမှာပါဗျာ”

“ငါ့တူ ငရုတ်သီးခြောက်နဲ့ ပေါင်းမှတော့ ကြက်သွန်လည်း အထောင်းခံရမှာပဲ။ အိမ်ရှင်က ကိုယ့်အိမ်ထဲကို ဖိနပ်ချွတ်ဝင်ရင် ဧည့်သည်က ဘယ်မှာ စီးဝင်ပါ့မလဲ။ ငါကြည့်နေတာကြာပြီ။ တစ်လမ်းမောင်းမှာ ပြောင်းပြန်ဝင်ကြတယ်။ ယဉ်ကြောမမှန်ဘဲ ကွေ့ကြတယ်။ ကူးကြတယ်။ မင်းတို့ဆီမှာ ထူးခြားတာက ယာဉ်ငယ်က ‘မတိုက်ရဲပါဘူးကွာ’ ဆိုပြီး စည်းကမ်းမဲ့တာပိုများသကွ။ ဘယ်သူမှားမှား တိုက်ပြီဟော့ ဆိုတာနဲ့ ယာဉ်ကြီးကခံဘက်ဖြစ်နေတော့ . . . အင်း ဒါလည်း စဉ်းစားစရာပဲ”

“ကျွန်တော်တို့ တခြားအကြောင်းလေးတွေပြောရအောင်လား။ အထူးလျှော့ဈေးနဲ့ ရောင်းကြတဲ့အကြောင်း။ အနွေးထည်တွေ ရောင်းကောင်းတဲ့အကြောင်း”

“ပြောလေ။ ရပါတယ်။ ဈေးနားရောက်တာနဲ့ တစ်လမ်းလုံးပိတ်ရပ်ပြီး ခရီးသည်လုတင်ဖို့ စောင့်နေတဲ့ လိုင်းကားတွေ မမြင်ချင်မှအဆုံး”

“ဒါဖြင့်လည်း ကျန်းမာရေးအကြောင်းပြောရအောင်ဗျာ။ စောစောထပြီး လမ်းလျှောက်ကြည့်စမ်းပါ။ မန္တလေးသူ၊ မန္တလေးသားများ ကျန်းမာရေးအသိ ဘယ်လောက်ရှိတယ်

ဆိုတာ။ ကိုယ်မလျှောက်နဲ့ဦး။ ထိုင်ကြည့်နေရတာကိုက ကြည်နူးစရာ”

“ကောင်မလေးတွေကိုလား”

“ဟာဗျာ”

“အင်း . . . မင်းစကားနဲ့ပြန်ပြောရရင် ကျန်းမာရေး အသိရှိတာလည်း ခဏလာနေတဲ့သူတွေများတာပါကွာ။ ပြီး တော့ မနက်စောစောတော့ လမ်းလျှောက်ပါရဲ့ ကျန်းမာရေး နဲ့ညီညွတ်အောင် မနေရင် ဘာလုပ်မှာလဲ။ ကိုယ့်အိမ်က ထွက်တဲ့အမှိုက် ကြွပ်ကြွပ်အိတ်နဲ့ ထုတ်ပြီး လမ်းပေါ်ပစ် လိုက်ရော။ အမှိုက်ထုတ်ကို ခွေးကဆွဲ။ ဒီလမ်းထိပ်က အမှိုက် ဟိုလမ်းထိပ်ရောက်။ ဟိုလမ်းထိပ်ကအမှိုက် ဒီလမ်းထိပ် ရောက်။ အိတ်ပေါက်ပြီး လမ်းတစ်လျှောက်လုံး ပြန့်ကျဲ။ ဒီ အထဲမှာ အနံ့ဆိုးတဲ့အမှိုက်ပါလာပါပြီတဲ့ . . .။”

“ပြောစမ်း။ မင်း ကြုံဖူးတယ်မဟုတ်လား”

“ဟုတ်ကဲ့”

“ဘယ်လို လုပ်သလဲ”

“ကြည့်လို့လို့ဦး ကြော်ငြာတဲ့ ရေမွှေးဆွတ်လိုက်တာပဲ။ အားယို အားရေ”

“အဲဒါ နည်းမှန် လမ်းမှန်ဖြေရှင်းနည်းမဟုတ်ဘူးကွ”

“ကျွန်တော်တို့ မန္တလေးရဲ့ အလှလေးတွေကိုပဲ ပြောပြီး

ကြည်နူးမှုရှာရအောင်လားဗျာ”

“မင်းက မန္တလေးကို တော်တော်ချစ်တယ်ပေါ့”

“ချစ်တာပေါ့။ ဂွန်စော၊ အွန်စောတို့ ဒါရိုက်တာရင်နဲ့ ဂျင်ဆန်းမီတို့ ချစ်တာထက် ဘယ်လျော့မလဲ”

“ဒါဆို ကိုယ်ချစ်တဲ့ မန္တလေးကို အမှိုက်ပုံးလို သဘော မထားနဲ့လေကွာ။ အမှိုက်ကို တွေ့ကရာနေရာ စွန့်ပစ်နေကြ တာဟာ ဆိုးသကွာ။ တစ်ခါ တစ်ခါ စည်ပင်ကားပေါ် ရောက်ပြီးသားအမှိုက်ဟာ မြို့လုံးပတ်လည်ပြန့်ကျဲလို ပြန့်ကျဲ။ ဖွဲပြာတင်ကားတို့၊ လွှစာမှုန့်တင်တဲ့ကားကို သဲကားတို့နဲ့ဆုံ ရင် ကိုယ်သွားမယ့်ခရီးစဉ်ကို အရေးပေါ် ရပ်၊ မျက်စိအထူးကု ဆရာဝန်ဆီ သွားပြရမလားလို့ စဉ်းစားမိတာ ခဏခဏပဲ။ လမ်းဘေး ဝဲယာသွားလာနေသမျှ လူတွေရဲ့မျက်စိထဲ ဆုပ် ပက်သွားသလိုပဲ”

“လိုရင်းပဲပြောပါတော့ဗျာ”

“ကိုယ့်မြို့ကို တကယ်ချစ်ရင် လူတိုင်းထိတွေ့နေရ တဲ့ ဝန်းကျင်မှာရှိတဲ့ စည်းကမ်းတွေကို လိုက်နာပေါ့ကွာ။ လမ်း စည်းကမ်း၊ ဈေးစည်းကမ်း၊ ကျောင်းစည်းကမ်း၊ ရုံးစည်းကမ်း သူ့နေရာနဲ့သူ ရှိနေတာပဲ။ အချိန်မရလို့ လမ်းစည်းကမ်း တစ်ခုတည်းပြောပြတာကွ။ ဖြစ်နေတာက စည်းကမ်း သတ်မှတ် ထားတဲ့ နေရာမှန်သမျှမှာ စည်းကမ်း မလိုက်နာ

သူ ရှိနေတာပဲ။ ဒီတော့ မင်းတို့မန္တလေးသားတွေ မန္တလေး ချစ်တာက သာအေး သူ့နှမချစ်တာလိုဖြစ်နေတယ်။ လုပ် လည်း မကျွေးဘူးကွာ။ နှမဆီ အရက်ဖိုးတောင်းသေးတယ်။ မပေးရင် ထမိယူပေါင်၊အင်္ကျီယူပေါင်နဲ့။ မူးလာပြီဆိုရင်တော့ "ဟော့ ငါ့နှမ စော်ကားမယ်မကြံနဲ့ကွ" ဆိုအော်ရော။

၂၀၀၃ ကုန်ပါတော့မယ်။ မန္တလေးကို ၂၀၀၄ မှာ ပိုမို သစ်လွင်လှပစေချင်ပါတယ်။ ကြည်ကြည်နူးနူးလေးရေးချင် တဲ့ ကံချွန့်ရဲ့လက်ကို . . . သာအေးက ဘရိတ်အုတ်လိုက် လို့ . . .။

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၁.၁၂.၂၀၀၃**

❖ ❖ ❖ ❖ ❖

# တစ်နာရီစာ ရှိရဲ့လား

မင်္ဂလာပါ။ မကြာခင် ၂၀၀၄ ခုနှစ်ကို ပျော်ရွှင်စွာ ကြိုဆိုကြပါဦးမယ်။ ၂၀၀၃ ခုနှစ်ကိုလည်း ကံချွန်တို့ ဟက်ပီနယူးရီးယားခဲ့ကြတာပါပဲခင်ဗျာ။ နှစ်သစ်တွေကို ကြိုဆိုနေရတာနဲ့ပဲ ကုန်လွန်သွားတဲ့နှစ်ဟောင်းကို ပြန်ပြောင်းသုံးသပ်ဖို့ အတော်များများက မေ့နေကြပါတယ်ခင်ဗျ။ ကံချွန်ကတော့ မမေ့ပါဘူး။ ကုန်လွန်ပြီးခဲ့တဲ့အချိန်များကို ဘယ်လို အသုံးချခဲ့တယ်ဆိုတာ တွေးလေ့ရှိပါတယ်။ ဘာလို့တွေးသလဲဆိုတော့ ကံချွန့်မှာ တွေးတာကိုပဲ အလုပ်လို လုပ်နေလို့ပါ။

တစ်နှစ်ဆိုတာ ၃၆၅ $\frac{၁}{၄}$ ရက်ခင်ဗျ။ နာရီလိုတွက်ကြည့်ရင် ၈၇၆၆ နာရီရှိပါတယ်။ အဲသလို နာရီပေါင်း ၈၀၀၀ ကျော်ကို ကျွန်တော်တို့ ဘယ်လိုများခွဲတမ်းချပြီး သုံးခဲ့ပါသလဲဆိုတာ မတွေးသင့်ဘူးလား။ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ ဝန်းကျင်အတွက်လည်း အကျိုးမရှိ။ ကိုယ့်လောကအတွက်လည်း အကျိုးမရှိတဲ့အလုပ်ကို ဘယ်လောက်လုပ်ခဲ့ကြသလဲ။ တစ်နှစ်ကုန်သွားလို့မှ ဝမ်းသာဂုဏ်ယူစရာ ကြည်ကြည်နူးနူးနဲ့ ပြောပြနိုင်မယ့် အလုပ်အကြောင်း တစ်နာရီစာလောက်မှ ရှိပါရဲ့လား။ တစ်ရက် တစ်ရက်မှာ ၁၀ စက္ကန့်စာလောက် အကျိုးရှိတဲ့အလုပ်ကလေးမှ မလုပ်နိုင်ခဲ့ဘူးဆိုရင်၊ ပြန်ပြော

ရလောက်တဲ့ ကြိုးစားအားထုတ်မှုမရှိခဲ့ဘူးဆိုရင် ကျွန်တော်တို့က နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုချိန်မှာ နှစ်သစ်က ကျွန်တော်တို့နဲ့ တွေ့ဆုံရမှာကို တော်တော်စိတ်ညစ်နေပါလိမ့်မယ်။

ကံချွန်တစ်လက်စတည်း တွေးကြည့်မိတယ်ခင်ဗျ။ တစ်နှစ်အတွင်းမှာ ပီတိဖြစ်ပြီး ဂုဏ်ယူကြည်နူးစရာ ပြန်ပြောရမယ့် လုပ်ရပ်ဟာ တစ်နာရီစာမရှိဘူးဆိုရင် ကုန်လွန်ခဲ့တဲ့ ငါးနှစ်စာ လုပ်ရပ်တွေပေါင်းရင်ရော တစ်နာရီစာရှိရဲ့လား။ မရှိဘူးဆိုရင် ကိုယ်ပြုမူခဲ့တာ၊ လုပ်ကိုင်ခဲ့တာတွေထဲက ပြန်ပြောပြစရာ၊ ပြန်ပြောပြရလောက်တဲ့ လုပ်ရပ်တွေကို စဉ်းစားကြည့်ပါဦး။ ပြောစရာ တစ်နာရီစာလောက်ရှိရဲ့လား။

မကြာခင် ၂၀၀၄ ခုနှစ်ရောက်လာပါတော့မယ်။ ၂၀၀၄ ခုနှစ်ကိုရော ကျွန်တော်တို့ ဘယ်လို ကျော်ဖြတ်မလဲ။ နေ့စဉ် စိတ်ကောင်း နှလုံးကောင်းနဲ့ စေတနာသန့်သန့်နဲ့ ၁၀စက္ကန့်စာလောက်ကလေးတော့ လုပ်နိုင်အောင် ကြိုးစားသင့်ပါပြီ။ လုပ်ရိုးလုပ်စဉ်၊ နေရိုးနေစဉ် အကျိုးမဲ့အလုပ်တွေမှာ အချိန်ပေးပြီး ကျော်ဖြတ်ဦးမယ်ဆိုရင်တော့ မတန်ပါဘူး။ ကုန်လွန်ရမယ့် အချိန်တွေကို နှမြောဖို့ကောင်းပါတယ်။ ၂၀၀၄ ကုန်တဲ့အချိန်မှာ ၂၀၀၄ ခုနှစ်အတွင်း ကျွန်တော်တို့ လုပ်ခဲ့တာတွေထဲက တစ်နာရီလောက် ပြန်ပြောပြစရာလေးရှိ

အောင်တော့ လုပ်ဖို့လိုပါပြီ။

လူတစ်ယောက်နဲ့တစ်ယောက် အခြေအနေပေးပုံခြင်း၊ လုပ်နိုင်စွမ်းရှိပုံခြင်း၊ ပတ်ဝန်းကျင်အနေအထားခြင်း မတူညီဘူးဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နေရတဲ့ ဝန်းကျင်မှာ ကျွန်တော်တို့ တတ်နိုင်သလောက် စေတနာကောင်းထားမယ်ဆိုရင် သူကုန်လွန်ရတဲ့အချိန်ဟာ တန်ဖိုးရှိရှိ အသုံးချနိုင်ခဲ့တာလို့ပဲ သတ်မှတ်ရမှာပေ့ါ။ ငွေကြေးဥစ္စာ၊ပညာအရည်အချင်း၊ ဆွေမျိုးမိတ်ဆွေအသိုင်းအဝိုင်းဆိုတာတွေကို လူတစ်ယောက်နဲ့တစ်ယောက် ညီမျှခြင်းထိုးလို့ မရနိုင်ပေမယ့် "စေတနာ" ဆိုတာကတော့ ညီမျှခြင်းထိုးလို့ရပါတယ်။ ကိုယ်နဲ့ ထိတွေ့နေရတဲ့ အဝန်းအဝိုင်းမှာ စေတနာကောင်းထားနိုင်ရပါမယ်။ ကောင်းစေချင်တဲ့၊ သိစေချင်တဲ့၊ တတ်စေချင်တဲ့၊ တော်စေချင်တဲ့၊ အဆင်ပြေစေချင်တဲ့ စိတ်ပါပဲ။

ကံချွန်ကတော့ နှစ်စဉ် "ဘာလုပ်မယ်" ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချလေ့ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆုံးဖြတ်ပြီးဖြစ်တဲ့ အလုပ်မပြီးမပြတ်သေးတာရှိရင်လည်း နှစ်သစ်ကို ကူးတဲ့အခါ စာရင်းမှတ်ပြီး သယ်လာတာပါပဲ။ အဲဒါမျိုးတွေကိုတော့ တစ်သက်တာလုပ်ရမယ့်အလုပ်တွေ၊ ကျင့်ကြံရမယ့် အပြုအမူတွေအဖြစ်မှတ်ထားပြီး ကြုံကြိုက်လာရင် လိုက်နာဖို့

အဆင်သင့်ပြင်ဆင်ထားတာပါပဲ။

ကံချွန်တို့ မြန်မာစကားမှာ "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့" ဆိုပြီး လူအတော်များများရဲ့ အမူအကျင့်ကို သရော်ထားတဲ့၊ သတိပေးထားတဲ့ စကားရှိပါတယ်။ အဲဒီစကားကိုလည်း မှတ်ထားတယ်။ ကျွန်တော်မလိုက်နာနိုင်တဲ့ အမူအကျင့်မျိုး သူတစ်ပါးကို မခိုင်းမိ၊ မပြောမိအောင်လို့ပါ။ ယှက်နွယ်နေတဲ့ ပုံပြင်တစ်ပုဒ်လည်းရှိပါတယ်။

တစ်ခါက တောစပ်မှာနေတဲ့ သားအမိရှိသတဲ့။ အမေနဲ့ သားဟာ ပျားဖွပ်စားကြတယ်။ ပျားရည်များများရတဲ့အခါ မြို့ကို ချက်ချင်းသွားရောင်းတယ်။ ခက်တာက သားဖြစ်သူက ပျားရည်ကြိုက်နေတာပဲ။ စုထားတဲ့ ပျားရည်တွေကိုစားပစ်နေလေတော့ ရောင်းချဖို့အတွက် စုလို့မရဘူးဖြစ်နေတယ်။ ဒီတော့ အမေဖြစ်သူက မြို့တက်ပြီး နယ်စားမင်းကို တိုင်သတဲ့။ သူ့သားကို ခေါ်ဆုံးမပေးဖို့ပေါ့။ တစ်နေ့ တစ်နေ့ကို ပျားရည်နှစ်ဆယ်သားလောက် စားနေလို့ပေါ့။ ဒီတော့ နယ်စားမင်းက နောက်ရက်တစ်ပတ်နေမှ လာခဲ့ပါ။ နယ်စားမင်း အဲသလိုပြောတာကို အမေကြီးက သိပ်မကျေနပ်ချင်ဘူး။ သူ့သားကို ချက်ချင်းဆုံးမစေချင်တာ။ နောက်ရက်တစ်ပတ်စောင့်ရရင် ပျားရည် တစ်ပိဿာကျော်ကျော် အလကားဖြစ်ဦးတော့မှာပဲဆိုပြီး တွေးမိတာကိုး။ ဒီလိုနဲ့

နောက်ရက်တစ်ပတ်နေတော့ သူ့သားကိုခေါ်ပြီး နယ်စာမင်း ရှေ့ရောက်သွားပြန်ရော။ အဲဒီနေ့မှာတော့ နယ်စားမင်းက အမေအိုကြီး ခက်ခက်ခဲခဲ ရှာဖွေစုဆောင်းထားရတဲ့ ပျားရည်ကို မင်းမားရဘူး။ စားတယ်ဆိုရင် မလွဲမရှောင်သာ မင်းကို အချုပ်ခန်းထဲထည့်ထားရမှာပဲလို့ ပြောပြီး မစားပါဘူးဆိုတဲ့ ကတိလည်း သူ့ရှေ့မှာ အမေအိုကို ပေးဖို့ ခိုင်းတယ်။ အမေအိုကိုလည်း စားတယ်ဆိုရင် ချက်ချင်းလာအကြောင်းကြားဖို့ မှာတယ်။ နယ်စားမင်းက အဲသလိုဆုံးဖြတ်ပေးပြီးတော့ အမေကြီး ဘာများပြောချင်ပါသေးသလဲလို့ မေးသတဲ့။ ဒီတော့ အမေအိုက နယ်စားမင်းသာ လွန်ခဲ့တဲ့ရက်တစ်ပတ်ကတည်းက ခုလို ဆုံးဖြတ်ပေးရင် ကျွန်မ ပျားရည်တွေကုန်မှာ မဟုတ်ဘူး။ ခုမှ ဆုံးဖြတ်ပေးတော့ အိမ်မှာရှိတဲ့ ပျားရည်တွေက ကုန်ခဲ့ရပြီ။ ဘာလို့ ရက်တစ်ပတ်ချိန်းပြီးမှ ဆုံးဖြတ်ပေးရတာလဲလို့ မေးသတဲ့။ ဒီတော့ နယ်စားမင်းက

"အမေကြီး အမေကြီးရဲ့သားက တစ်နေ့ကို ပျားရည်နှစ်ဆယ်သားပဲ စားတာပါ။ ကျွန်တော်က တစ်နေ့ကို သုံးဆယ်သားစားနေသူပါ။ မနက် နေ့လည် ညအိပ်ရာဝင်မှာ ပျားရည်ဖျော်ရည်အမြဲသောက်ပါတယ်။ ပျားရည်ကို မစားဘဲနေလို့ရ မရ ကျွန်တော်ကိုယ်တိုင် ပထမဖြတ်ကြည့်တာပါ။ ခု ဖြတ်လို့ရသွားပါပြီ။ ဒါကြောင့် အမေကြီးရဲ့

သားကို ခုမှ တားရတာပါ။ ကျွန်တော် မလုပ်နိုင် တဲ့ အလုပ် သူ့ကို လုပ်ခိုင်းမိမှာ စိုးလို့ပါ။” လို့ပြောသတဲ့။

၂၀၀၄ မှာတော့ နှစ်ကုန်တဲ့အခါ တစ်နှာရီစာလောက် ပြန်ပြောစရာလေးရှိအောင် ကျွန်တော်တို့ ကြိုးစားရအောင် လား။

***ဂျာချန်***

**ရွှေမန္တလေးဂျာနယ် – ၈.၁၂.၂၀၀၃**

❖ ❖ ❖ ❖ ❖

# လိမ္မော်ခြံထဲမှာ ထားမယ့် ကွန်ပျူတာ

နိုဝင်ဘာ ၂၉ ရက်နေ့။ ပြင်ဦးလွင်အတက်လမ်း ပြင်စာရဲ့ အထက်နားက သုံးတောင်ကျေးရွာမှာ စိုက်ပျိုးရေးလုပ်နေတဲ့ လူငယ်တွေနဲ့ စကားဝိုင်းဖွဲ့ဖြစ်ပါတယ်။ လာပြီးဆက်သွယ်သူက ကိုထွန်းတင်ပါ။ သူက စိုက်ပျိုးရေးခေတ်မီနည်းပညာတွေ လေ့လာဖို့ ကိုရီးယားကို သွားဖူးတယ်။ ပြန်လာတော့ သူသိလာတဲ့ နည်းစနစ်တွေနဲ့ သီးနှံအထွက်တိုးဖို့အတွက် သုံးတောင်ရွာဝန်းကျင်က ရွာတွေမှာ လက်တွေ့ လုပ်ကိုင်တယ်။ စိုက်ကွင်းထဲက လူငယ်တွေစုပြီး သုံးတောင်မှာ တွေ့မေးကြ၊ ဆွေးနွေးကြလုပ်ဖို့ ရောက်နေတဲ့ လူငယ်နှစ်ဆယ်လောက်ရှိပါတယ်။

သုံးတောင်ရွာမှာ စိုက်ပျိုးရေးနဲ့ ဘွဲ့ရထားတဲ့ ဆရာကြီးဦးထွန်းလှိုင်ရှိတယ်။ ၇၁ ခုနှစ်က ဘွဲ့ရတာ။ နယ်မြေမှာရှိတဲ့ တောင်သူတွေသိသင့်သိထိုက်တာမှန်သမျှ ပြောပြကူညီဖြည့်ဆည်းပေးနေတဲ့ ဆရာကြီးပါ။ ကိုယ်တိုင်လည်း အောင်မြင်တဲ့ စိုက်ပျိုးရေးခြံတွေရှိတယ်။ ဦးငွေအောင်ဆိုတာလည်း အတွေ့အကြုံရင့်ကျက်တဲ့ ဒေသခံတောင်သူကြီးပါပဲ။ ပေတစ်ရာ၊ တစ်ရာ့ငါးဆယ်လောက်မြေကွက်မှာ လိမ္မော်ပင်တစ်ရာ စိုက်ထားတယ်။ အောင်မြင်တယ်။ အသီးစားရနေပါပြီ။ဦးခင်မောင်ရင်၊ဦးစိုးမိုးထွန်း၊ဦးမောင်မောင်၊ဦးနေမျိုးထွန်း

စတဲ့ တောင်သူတွေဟာ သူတို့ စိုက်ထားတဲ့ သစ်ပင်ကိုပဲ အရိပ်တကြည့်တကြည့်နဲ့ အရွက်ဝါသလား၊ အရိုးခြောက်သလား၊ အပွင့်ကြွေသလား၊ ဘယ်မှာအားနည်းချက်ရှိလို့လဲ။ မြေမှာလား၊ ရေမှာလား၊ အမြစ်မှာလား၊ ပင်စည်မှာလား။ အဲသလို အားနည်းချက်အပြစ်ကို ရှာတွေ့လိုက်လို့ ပြုပြင်ရမယ့်နည်း၊ သုံးရမယ့်ဆေးတွေ့ပြီဆိုရင် အချင်းချင်းဖြန့်ဝေ။

"ဒီနှစ် ဒီရာသီမှာစိုက်လိုက်တဲ့အပင် မဖြစ်ထွန်းရင် ပြုပြင်ဖို့အတွက် တစ်နှစ်စောင့်ရတာ။ နောင်နှစ်ရာသီမှာ ကျွန်တော်တို့ရှာတွေ့တဲ့အပြစ်ကို ပြင်ပြီး ထပ်စမ်းရတာ။ တစ်ခါတလေမှာ သုံးနှစ်လောက်ရှာမှ အားနည်းချက်အမှန်ကိုတွေ့ရတာမျိုးလည်းရှိတယ်။ စိတ်ရှည်ရတယ်။ နည်းတွေ့သွားပြီဆိုတဲ့အချိန်မှာ ပျော်တဲ့ အပျော်မျိုးကတော့ ကိုယ်တိုင်ခံစားမှုမှသိမှာ" လို့ ဦးဌေးအောင်က ရှင်းပြပါတယ်။ ကျွန်တော်တို့အထဲမှာ ဘွဲ့ရပညာတတ်တွေ ပါတယ်။ အထက်တန်း အဆင့်လောက်ပဲ သင်ခဲ့သူလည်းပါတယ်။ လေးတန်းကထွက်ပြီး စိုက်ခင်းထဲ ကြီးခဲ့သူတွေလည်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံး တူညီတာကတော့ သစ်ပင်ကို ချစ်တဲ့စိတ်ပဲလို့ ရှင်းပြပါတယ်။ "ကျွန်တော်တို့ ခံယူချက်က မြေကြီးနဲ့ ထိတွေ့နေရမှ ကျန်းမာတယ်။ သစ်ပင်နဲ့ စကားပြောနေရမှ အသက်ရှည်တယ်" ဆိုတဲ့ စကားဟာ သုံးတောင်ရွာက တောင်သူကြီးရဲ့ နှုတ်ဖျားက ထွက်လာတဲ့

စကားပါ။ ရင်ထဲကစကားပါ။

စိုက်ကွင်းထဲ သစ်ပင်တွေကြားမှာ ပျော်နေတဲ့ သူတို့ရဲ့ ခံစားမှုကို ဂျာနယ်မဂ္ဂဇင်းတွေကြားမှာ ပျော်နေတဲ့ သူမို့ စာနာယုံကြည်လို့ရပါတယ်။ စကားဝိုင်းစီစဉ်ပုံက အလွန်ရိုး သားပြီး ဟန်ဆောင်မှုကင်းတဲ့စကားဝိုင်းပါ။ ညနေ ၅ နာရီ လောက်မှာ ဆုံမိတာနဲ့ ၆နာရီကျော်ရင် နားမယ်နော်။ ဆရာ တို့ရောက်နေတုန်း စကားပြောချင်သေးတယ်ဆိုရင် ၈ နာရီ ကျော်မှ ပြန်ဆုံရအောင်။ ကိုရီးယားကားက ကောင်းခန်း ရောက်နေပြီဆိုပြီး အစီအစဉ်ကို ကြေညာတာပါ။ စကားဝိုင်း ဖွဲ့ဖို့ ရောက်သွားတာက ကျွန်တော်နဲ့ ကိုသန်းဌေး (ဓာတ်ပုံ ညောင်ဦးသန်းဌေး)ပါ။ အဲဒီမှာ ဓာတ်ပုံရိုက်နေတဲ့ လူငယ်သုံး ယောက်လည်းရှိပါတယ်။ ဝါသနာပါသူတွေလည်း ရှိပါတယ်။ သူတို့ကလည်း နည်းပညာ၊ အတတ်ပညာခေတ်ရေစီးကို သိ ချင်နေကြတော့ “ကျွန်တော်တို့ ကိုင်နေတဲ့ ကင်မရာတွေနဲ့ ဒစ်ဂျယ်တယ်ကင်မရာ ဘာကွာသလဲ” “အင်တာနက်ဆိုတာ ဘာလဲ” “ဝက်(ဘ်)ဆိုက်ဆိုတာဘာလဲ” ကွန်ပျူတာက ဘာ တွေ လုပ်ပေးနိုင်သလဲ” ဆိုတာမျိုးတွေ မေးကြတယ်။ ကိုသန်းဌေးက ကွန်ပျူတာကို “နည်းပညာပဒေသာပင်” လို့ တင်စားပြောပြီး နားလည်လွယ်မယ့် အရပ်သုံးစကားတွေနဲ့ ရှင်းပြတယ်။ “သူ့အထဲမှာ အားလုံးရှိနေတယ်။ ကျွန်တော်တို့ ယူသုံးတတ်ဖို့ပဲလိုတယ်” ဆိုတဲ့ စကားကို သူတို့နားစွဲသွား

ကြတယ်။

ဆရာကြီး ဦးထွန်းလှိုင်ကတော့ "ကျွန်တော်တို့က အောင်မြင်အောင်စိုက်ပျိုးဖို့ကိုပဲ စိတ်ဝင်စားကြတယ်။ ဒါကြောင့် လေ့လာထားသမျှ နည်းတွေပဲ ကိုယ့်ရေမြေ ရာသီဥတုနဲ့ တွက်ချက်ပြီး စိုက်ကြပျိုးကြတော့ အောင်လည်း အောင်မြင်ပါတယ်။ အဲသလို လုပ်အားရော၊ ငွေအားရော၊ အချိန်ရောရင်းနှီးလိုက်ပြီး အောင်မြင်လာပြီဆိုတော့မှ ဈေးကွက်က အေးနေရင်၊ ဈေးတွေထိုးကျနေရင် ကြိုးစားအား ထုတ်ခဲ့ရသမျှ ရင်ကျိုးရော။ ဒီတော့ တောင်သူဟာ စိုက်ပျိုးရေးတင် အာရုံစိုက်လို့မရဘူး။ ဈေးကွက်ပါစိတ်ဝင်စားပြီး တွက်ချက်ရတော့မယ်။ ဒါကြောင့် ကျယ်ပြန့်တဲ့ ဈေးကွက် ရှိဖို့လိုလာပြီ ပြည်ပဆိုတာကို ကုန်သည်တွေ စိတ်ဝင်စားလေ့လာနည်းမျိုး တောင်သူတွေလည်း စိတ်ဝင်စားလေ့လာရတော့မယ်"

လို့ ပြောပြပါတယ်။ ထယ်နီးတို့ရဲ့ ဇာတ်လမ်းပြီးတာနဲ့ ပြန်စလိုက်တဲ့ ကျွန်တော်တို့စကားဝိုင်းဟာ ည ၁၂ နာရီထိုးမှ လူစုကွဲပါတယ်။

မန္တလေးထက်သုံးဆမကအေးတဲ့ သုံးတောင်ကျေးရွာ လိမ္မော်စိုက်ခင်းထဲက အဆောက်အဦလေးမှာ စကားဝိုင်းဖွဲ့ကြတာပါ။ အိမ်ရှင်က ဦးဌေးအောင်၊ ဒေါ်ကြည်စိန်ပါ။ ဦးဌေးအောင်ကလည်း ရပ်ကွက်မှာ တာဝန်ရှိပုဂ္ဂိုလ်ပါပဲ။

မနက်မှာတော့ ရ. ယ. က ဥက္ကဋ္ဌ ဦးမောင်ရွှေ အပါအဝင် ရပ်ကွက်လူကြီးများရောက်လာပြီး "ဒီက ဟိုဘက်တော့ အအေးက ပိုလာဦးမယ်ဆရာ။ အအေးအားပျော့သွားရင်တော့ ဆရာတို့နဲ့ဆုံပြီး နောက်ထပ်စကားဝိုင်းဖွဲ့ချင်ပါသေးတယ်။ ရပ်ကွက်လူငယ်လေးတွေအတွက် အများကြီး ဗဟုသုတရပါတယ်။ ကျွန်တော်တို့ကတော့ အသက်ကြီးပါပြီ။ ကိုယ့် ရပ်ကွက်ကလူငယ်လေးတွေကို တိုးတက်တဲ့ခေတ်ရဲ့ ဗဟုသုတတွေ ရစေချင်တယ်။ ဆရာတို့ ခုလိုလာပြီး၊ ဦးဆောင် ပြီး စကားဝိုင်းဖွဲ့ပေးတာကို ကျေးဇူးတင်ပါတယ်" လို့ ပြောပါတယ်။

လက်ဖက်ဝါးရင်း၊ လိမ္မော်သီးစားရင်း၊ မီးလှုံရင်း သူတို့ပြောတာကို ကျွန်တော်တို့ စိတ်ဝင်စား၊ ကျွန်တော်တို့ပြောတာကို သူတို့ စိတ်ဝင်စား၊ စကားအမျှင်မပြတ်လို့ သရီးအင်ဝမ်း ကော်ဖီမစ်ထုတ်တောင် မဖောက်ခဲ့ကြရပါဘူး။ ဒီစကားဝိုင်းလေးကို စီစဉ်ဖန်တီးပေးတဲ့ ကိုထွန်းတင်က

"ကျွန်တော် နိုင်ငံခြားမှာ မှတ်သားခဲ့ရတဲ့ စကားတစ်ခွန်းရှိတယ်။ ရက်ပိုင်း၊ လပိုင်း အကျိုးရှိချင်ရင် ဟင်းသီးဟင်းရွက်စားပင်စိုက်၊ ဆယ့်လေးငါးနှစ် နှစ် နှစ်ဆယ်မက အကျိုးရှိရင်ချင်ရင် နှစ်ရှည်စားပင်စိုက်။ နှစ်တရာမက အကျိုးရှိချင်ရင်တော့ လူငယ်တွေအတွက် အထွေထွေဗဟုသုတရှိအောင် အသိဉာဏ်သစ်ပင်စိုက်ဆိုတဲ့စကားပါ။ "

လို့ပြောပါတယ်။ သူတို့ရဲ့ဆန္ဒနဲ့အနာဂတ်ကို ထင်ဟပ်ပြခြင်းဟာ အခြားကျေးရွာတောင်သူများရဲ့ ဆန္ဒနဲ့ အနာဂတ်ကို ထင်ဟပ်ပြီးလည်း ဖြစ်နေမယ်လို့ ယုံကြည်ပါတယ်။ တိုးတက်ချင်စိတ်ရှိရင် တိုးတက်ဖို့ နည်းလမ်းရှာဖြစ်မှာ သေချာပါတယ်။ ခေတ်မီနည်းပညာလောကထဲကို တိုးဝင်ဖို့ ဆန္ဒရှိနေခြင်းဟာ ကောင်းသောအလားအလာပါ။ မကြာခင်ကာလမှာ လိမ္မော်ခြံထဲမှာ ကွန်ပျူတာချပြီး စိုက်ပျိုးရေးနည်းပညာတွေကို အင်တာနက်ကနေ ဆွဲယူအသုံးချ နိုင်ကြပါစေ။ ဈေးကွက် ချဲ့ထွင်နိုင်ကြပါစေ။

စကားဝိုင်းပြီးတော့ လူငယ်တစ်ယောက်ရဲ့ မှတ်စုစာအုပ်ကလေးထဲမှာ ညောင်ဦးသန်းဌေးပြောတဲ့ စကားလေးကို မှတ်ထားတာတွေ့လိုက်ရပါတယ်။

**ကွန်ပျူတာ နည်းပညာပဒေသာပင်** တဲ့။

***ဂျာနယ်ကျော်မမလေး***

**ရွှေမန္တလေးဂျာနယ် – ၁၅.၁၂.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ၂၀၀၃ လက်ကျန်ရှင်းတမ်း

၂၀၀၃ အတွေ့အကြုံတွေထဲက ပြောစရာရှိတဲ့ လက်ကျန်လေးတွေ။ မရေးရရင် ရင်ချောင်မှာမဟုတ်လို့ ၂၀၀၃ ထဲမှာပဲ အပြတ်ရှင်းခဲ့ပါရစေ ခင်ဗျာ။ နှစ်ဟောင်းမှာ တွေ့ရကြုံရတာတွေထဲမှာ နှစ်သစ်ကို သယ်မသွားသင့်တာတွေရှိတယ်ခင်ဗျ။ အဲသလို ယူမသွားသင့်တာတွေထဲမှာ တာဝန်မကျေမှုဆိုတာပါ ပါတယ်။ ယူထားတဲ့ တာဝန်ကို ဖြစ်သလို လုပ်တာ။

ကံချွန်အလေးစားဆုံးပုဂ္ဂိုလ်ကို ပြပါဆိုရင် တာဝန်ကျေသူကိုလက်ညှိုးထိုးပြမှာပါ။ စိတ်အပျက်ဆုံးနဲ့ မပတ်သက်ချင်တဲ့သူကို ပြပါဆိုရင်တော့ တာဝန်မဲ့နေသူ၊ တာဝန်မကျေသူ၊ ဖြစ်သလို ပြီးရင် ပြီးရောဆိုပြီး စေတနာမပါဘဲ အလုပ်လုပ်တဲ့ သူ့ကို လက်ညှိုးထိုးပြမှာပါပဲ။

"ဟုတ်ကဲ့" ဆိုတဲ့ စကားနှစ်လုံး နှုတ်ကထွက်ပြီးတာနဲ့ အဲဒီ အလုပ်ကို ဦးစားပေးပြီး အကောင်းဆုံးဖြစ်အောင် လုပ်ရပါမယ်။ "ဟုတ်ကဲ့" ဆိုတာ သဘောတူညီလိုက်တာပဲ။ တာဝန်ယူလိုက်တာပဲ။ မိတ်ဆွေတစ်ယောက်က အကူအညီတောင်းလို့ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုခုက မေတ္တာရပ်ခံလို့ပဲဖြစ်ဖြစ်၊ ပါဝင်ပတ်သက်ရပြီဆိုရင် ကိုယ်ယူထားရတဲ့ တာဝန်ကို အကောင်းဆုံး၊ အကျေပွန်ဆုံးဖြစ်အောင် လုပ်ရ

ပါမယ်။ ကိုယ့်အတွက် အကျိုးခံစားခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ကိုယ်ယူလိုက်တဲ့တာဝန်ကို စေတနာအပြည့်နဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ရပါမယ်။ အဲသလို မလုပ်နိုင်ရင်တော့ အဲဒီတာဝန်ကို မယူပါနဲ့။ တာဝန်ယူပြီးကာမှ တာဝန်ကျေပွန်အောင် မလုပ်ရင် အဲဒီအလုပ်ကို အနှောင့်အယှက်ပေးတာနဲ့ အတူတူပါပဲ။ လုပ်ငန်းကို အကောင်အထည်ဖော်ရာမှာ အဖု အထစ် ဖြစ်အောင် လုပ်တာပါပဲ။ စေတနာအပြည့်နဲ့ မလုပ်နိုင်ရင် လုံးဝငြင်းလိုက်ပါ။ မလုပ်ပါနဲ့။ မလုပ်တာဟာ အကူအညီပေးရာ မရောက်ပေမယ့် အနှောင့်အယှက်ပေးရာတော့ မရောက်တော့ပါဘူး။ စိတ်ဝင်စားမှုမရှိဘဲ ဖြစ်သလိုလုပ်မယ့်သူရဲ့နေရာမှာ စေတနာနဲ့ စိတ်ဝင်စားပြီး လုပ်ကိုင်မယ့်သူကို ရှာဖွေလို့ရတာပေါ့။

တာဝန်ကျေဖို့အတွက် လိုအပ်တာကတော့ စည်းကမ်းရှိဖို့နဲ့ စေတနာရှိဖို့ပါပဲ။ အလုပ်အပေါ်မှာ စေတနာမပါဘဲ စည်းမဲ့ ကမ်းမဲ့လုပ်နေရင် ဘယ်လိုမှ တာဝန်မကျေနိုင်ပါဘူး။ ၂၀၀၃ ခုနှစ်ထဲမှာ ကြုံတွေ့လိုက်ရတဲ့ ဖြစ်ရပ်ကလေးတစ်ခုကို ပြောပြချင်ပါတယ်။ ကလေးတွေကို ပြိုင်ပွဲလေးတစ်ခုလုပ်ပေးတယ်။ ကလေးတွေကလည်း ပါဝင်ယှဉ်ပြိုင်ကြတယ်ပေါ့။ ပြိုင်ပွဲပြီးလို့ ဆုပေးမယ့်ရက်မှာတော့ ပေးရမယ့်ဆုတွေများလို့ အချိန်ကို ချုံ့ချင်လို့ဆိုပြီး ဆုရသူတွေအားလုံး စင်ပေါ်တင်လိုက်တယ်။ ပြီးတော့ ပေးရမယ့် ဆုတွေကို တစ်ယောက်တစ်

ခုစီ ဝေလိုက်တယ်။ကလေးတွေက ကိုယ်ရတဲ့ဆုအမျိုးအစား လွဲနေတာ၊ ဂုဏ်ပြုမှတ်တမ်းမှာ နာမည်လွဲနေတာတွေပြော တော့ စင်အောက်ရောက်မှ ကိုယ့်ဟာကိုယ်လဲလိုက်ကြပါဆို ပြီး ပြောပါတယ်။ တကယ်စင်အောက်ရောက်တော့ ပြန်တဲ့ ကလေးကပြန်၊ ကျန်တဲ့ကလေးကကျန်၊ လဲလို့ရတာလဲရှိ။ မရတာလဲရှိ။ ပေးတဲ့ပစ္စည်းဆုငွေဆိုတာထက် “ဂုဏ်ပြုလွှာ” က ပြဿနာပါ။ ပေးလိုက်တဲ့ ဆုပေးဖို့ တာဝန်ယူလိုက်သူက ကဒ်ပြားပေါ် နာမည်လေးလွဲတာ ရေးကြီးခွင်ကျယ်လုပ်နေ တယ်လို့ မြင်နိုင်ပါတယ်။ ရသူအတွက် အဲဒီကဒ်ပြားက အဓိ ကပါ။ ကိုယ့်တူ၊ ကိုယ့်သား၊ ကိုယ့်မြေး ဘယ်ပြိုင်ပွဲမှာ ဘာဆု ရတယ်ဆို ဂုဏ်ယူပြီး ချိတ်ထားချင်တာပါ။ ကလေးအတွက် လည်း အဲဒီဂုဏ်ပြုလွှာဟာ ဘဝမှတ်တမ်းပါ။

ဂုဏ်ပြုမှတ်တမ်းလွှာဟာ ဝယ်ယူလို့ရတဲ့ အမျိုးအစား မဟုတ်ပါဘူး။ ကြိုးစားအားထုတ်မှုရဲ့ သက်သေပါ။ အဲဒီပြိုင် ပွဲမှာ ပါဝင်ပတ်သက်တာကိုက အဲဒီပြိုင်ပွဲရဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်ကို ယုံကြည်လို့ပါ။ ကိုယ်ယုံကြည်စွာ ပြိုင်လိုက် တဲ့ အလုပ်အပေါ်မှာ ရတဲ့ရလဒ်ကို အလေးထားဂုဏ်ယူတာ ဟာ သဘာဝပါပဲ။ ဒီသဘောကိုမှ နားမလည်ရင် ဒါမှမဟုတ် အလေးမထားရင် အဲဒီသူဟာ ဒီအခမ်းအနားနဲ့မတန်ပါဘူး။ “ဂုဏ်ပြုလွှာ” ဆိုတာ လက်ခံသူရဲ့ အလေးထားမှုနဲ့ ပေးသူရဲ့ ဂုဏ်သိက္ခာဆက်စပ်နေတာပါ။ ခု ကြုံလိုက်ရတာဟာ မြို့နယ်

အဆင့်ပြိုင်ပွဲတစ်ခုမှာပါ။ ဂုဏ်ပြုလွှာပေးခြင်းအပေါ်မှာ ဘယ်လိုအလေးအထားရမလဲဆိုတာသိချင်ရင်တော့ ရုပ်မြင်သံကြားသတင်းများမှာ လေ့လာကြည့်ပါလို့ပဲ နတ်လမ်းညွှန်ရမှာပါ။ (ဆို၊က၊ရေး၊တီး ပြိုင်ပွဲကြီး ကျင်းပပြီး ဆုပေးတဲ့ သတင်းများ ထုတ်လွှင့်သွားတာ မကြာသေးပါဘူးခင်ဗျာ)

ပြိုင်ပွဲတစ်ခု ကျင်းပပြီဆိုတာနဲ့ ပြိုင်ပွဲအောင်မြင်ဖို့အတွက် ဝင်ရောက်ယှဉ်ပြိုင်သူများရဲ့ အရေးပါမှုကို အသိအမှတ်ပြုရပါမယ်။ အဲဒီ ပြိုင်ပွဲအတွက် ဆုပေးပွဲကျင်းပပြီဆိုတဲ့အခါမှာလည်း အခမ်းအနားကို တစ်ဦးတစ်ယောက်တည်းလှုပ်ရှားလို့မရပါဘူး။ ဦးဆောင်သူ၊ အကောင်အထည်ဖော်သူ၊ ကူညီပံ့ပိုးသူ၊ ပါဝင်ယှဉ်ပြိုင်သူ၊ တက်ရောက်သူ ပရိသတ်အားလုံးပေါင်းမှ အခမ်းအနားတစ်ခုဖြစ်တာပါ။ အားလုံးရဲ့ အရေးပါမှုကို လက်ခံမှ ရည်ရွယ်ချက် အောင်မြင်မှာပါ။ ဒါကြောင့် အပြန်အလှန် လေးစားမှုရှိရပါမယ်။ ထားရပါမယ်။

မကြာမီ နှစ်သက်ကို လှမ်းဝင်ပါတော့မယ်။ ကျွန်တော်တို့မှာရှိနေတဲ့ အားနည်းချက်တွေကို နှစ်ဟောင်းမှာပဲ ထားရစ်ခဲ့ဖို့လိုပါတယ်။ ရှက်စရာ အပြုအမူနဲ့ ဂုဏ်သိက္ခာရှိတဲ့ အပြုအမူဆိုတာ ဆန့်ကျင်ဘက်ပါ။ ဒါပေမယ့် မှားယွင်းဖို့အတွက် အလွန်လွယ်ကူပါတယ်။ နည်းနည်းလေး တိမ်းစောင်းလိုက်တာနဲ့ အကျိုးသက်ရောက်မှုက ဆန့်ကျင်ဘက်ဖြစ်သွားမှာပါ။

ဂုဏ်ပြုလွှာပေးအပ်တယ်ဆိုတာ ယူသူက အလေးထားခြင်းဟာ ပေးသူကို လေးစားလို့ပါ။ ပေးသူက ခပ်ပေါ့ပေါ့လုပ်လိုက်မယ်ဆိုရင်တော့ ကိုယ့်လုပ်ရပ်က ကိုယ့်သိက္ခာ၊ အခမ်းအနားရဲ့ သိက္ခာကို ပြန်ဖျက်ဆီးလိုက်သလို ဖြစ်ပါမယ်။ ဘယ်မြို့နယ်က ဘယ်ပြိုင်ပွဲမှာဆိုတာ မဖော်ပြလိုပါဘူး။ အဲဒီပွဲကို ထိခိုက်နစ်နာစေလိုတဲ့ ဆန္ဒမရှိလို့ပါ။ အပြုအမူကိုသာ နောင်မဖြစ်အောင် ပြုပြင်စေချင်လို့ပါ။ မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ နိုင်ငံတော်အဆင့်၊ နိုင်ငံတကာအဆင့်ဆိုပြီး အဆင့်ဆင့် တက်လှမ်းသွားမယ့် ကလေး၊ လူငယ်များကို ပြုစုပျိုးထောင်ပေးရာမှာ အခြေခံအဆင့်မြို့နယ်အဆင့်ဆိုတာ သိပ်ကိုအရေးကြီးတဲ့ အရေးပါတဲ့ ရည်ရွယ်ချက်အောင်မြင်ဖို့ အုတ်မြစ်ချတဲ့အဆင့်ပါ။

ဒါကြောင့် တာဝန်ယူပြီး အလေးထားလုပ်ဆောင်မပေးနိုင်ရင် ဖြစ်သလိုလုပ်ရင် အဲဒီလုပ်ရပ်ဟာ လုပ်ငန်းရည်ရွယ်ချက်အတွက် အဖုအထစ်ပါပဲ။ ဒါကတော့ ၂၀၀၃ အတွက် လက်ကျန်ရှင်းတမ်းလေးပါခင်ဗျာ။

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် - ၂၂.၁၂.၂၀၀၃**

❖ ❖ ❖ ❖ ❖

# ၂၀၀၃ ကောက်သင်းကောက်

ပန်းချီပြပွဲလုပ်ချင်လို့ နေ့ ပန်းချီရေး၊ ပင်တိုင်တာဝန်ယူထားတဲ့ ဂျာနယ်မဂ္ဂဇင်းတွေအတွက် ည, စာရေး၊ အလုပ်ကို အဲသလို ခွဲတမ်းချထားတာပါ။ ဒါပေမယ့် ၂၀၀၃ ကို နှုတ်ဆက်တဲ့လ၊ ဂွဒ်ဘိုင် ဒီဇင်ဘာမှာ လျှပ်စစ်နတ်သမီးက ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ အနက်ဝမ်းဆက်လေးဝတ်ထားလေတော့ စာရေးတာတွေမပြီးတော့ဘူးပေါ့။ ဒီတော့ မပေးမဖြစ်စာမူတွေအတွက် ပန်းချီရေးဖို့ စိတ်ကူးထားတဲ့နေ့မှာ အချိန်လုရတော့တယ်။ ဒီဇင်ဘာ ၁ ရက် နေ့ပြမယ့် ကံချွန်ရဲ့ ပန်းချီပြပွဲကို ၁၅ ရက်ရွှေ့။ ဒါပေမယ့် မျက်စိအခြေအနေက ဖယောင်းတိုင်အားကိုးပြီး မမိုက်ရဲလေတော့ ပန်းချီပြပွဲကို ဇန်နဝါရီ ၁ ရက်ထိ ရွှေ့လိုက်ရပြန်ပါပြီ။

ဂျာနယ်တိုက်ကို စာမူခထုတ်ဖို့လာတာ ဝီရိယလွန်ပြီး ကံချွန်က စောနေတော့ တရုပ်တန်းဘက်ပတ်။ တစ်ပတ်ဝေ့ပြီး လက်ဖက်ရည်သောက်မယ်ပေါ့။ အိတ်ထဲမှာ လက်ဖက်ရည်တစ်ခွက်ဖိုးတော့ပါသေးတယ်။ လက်ဖက်ရည်ဆိုင်ရှေ့ရောက်လို့ ဆိုင်ကယ်ရပ်လိုက်တော့ လွယ်အိတ်နဲ့ ဆရာလေးက ရောက်လာပြီး

"ဆိုင်ကယ်ဆိုရင် နှစ်ဆယ်ပါ"

"ဘာလဲ နှစ်ဆယ်"

"ရပ်နားခ"

"ခဏလေးပါကွာ"

"တန်အောင်လို့ တစ်နေကုန်ရပ်လည်း ရပါတယ်"

"ဦးလေးက လက်ဖက်ရည်သောက်မလို့ကွ"

"ကျွန်တော်တော့ တော်ပါပြီ"

"စိတ်ညစ်ရတဲ့အထဲက မင်းက နံပတ်တစ်ဖြစ်သွားပြီ။ မင်းကို ဘယ်သူက တိုက်မယ်ပြောလို့လဲ"

"ကျွန်တော့်မတိုက်ချင်ဘဲနဲ့ ဘာလို့ လက်ဖက်ရည်သောက်မယ့် အကြောင်းပြောရတာလဲ"

"ငါမှားပါတယ် ငါ့တူရယ်။ ဆောရီး။ ငါ့ဆိုလိုတာက ခဏလေးရပ်မှာ။ လက်ဖက်ရည်သောက်ရုံလေးတင်။ ပိုက်ဆံကလည်း လက်ဖက်ရည်ဖိုးပဲပါတာ။ အဲသလို"

သူ့ကြည့်ရတာ အလျှော့ပေးချင်ပုံ မရဘူးခင်ဗျ။ ကံချွန့်စကားလည်း ယုံဟန်မတူဘူး။

"ခါးမှာတော့ ဟမ်းဖုန်းကြီးချိတ်ပြီးတော့"

"ဟေ"

"စီးလာတော့ ဆိုင်ကယ်"

"မင်းကို ရှင်းပြရရင်တော့ ငါပဲ မဟာအရှက်တော် ကွဲရဦးမယ်။ ဖုန်းက ထုတ်စျေးနဲ့ရလို့ သားမက်က ထုတ်ပေးတာကွ။ ဆိုင်ကယ်က သမီးက ဝယ်ပေးထားတာကွ။ ငါ့ကို ခပ်ကြောင်ကြောင်မှန်းသိလို့ သူတို့အဖေပျော်ပါစေတော့ဆို

ပြီး ဖုန်းတစ်လုံးခါးချိတ် မြို့ပတ်နေတာကို ကြည့်နေကြတာ။ ခုအိမ်က ထွက်တော့လည်း ငါက လက်ဖက်ရည်ဖိုးပဲ တောင်းခဲ့တာကွ။ အေး နောက်တစ်ခါဆိုရင်တော့ မင်းတို့ဖို့ပါ ပိုတောင်းခဲ့မယ်။ ကဲ ခုဆက်ထွက်သွားရင်ကော ရပ်နားခ ပေးရဦးမှာလား"

"ဦးလေးမှာ လက်ဖက်ရည်ဖိုးပဲ ပါတာဆိုတော့ ရပါတယ်ဗျာ"

"ဒါဖြင့် ပြောပါဦးကွ။ ငါ ဘယ်နေရာ သွားသောက်သင့်သလဲ"

စိတ်ချဉ်စူးပေါက်တဲ့အထဲမှာ ဘူတာကြီးခုံးကျော်တံတားလည်း ပါတယ်ခင်ဗျ။ သူ့ထက်ရှည်တဲ့ ရန်ကုန်က ခုံးကျော်တံတားတွေမှာတောင် ဖြတ်သန်းခ မပေးရဘဲနဲ့ မန္တလေးဘူတာကြီး ခုံးကျော်တံတားက ဖြတ်သန်းခ ကောက်ခံပါတယ်။ အတက်မှာ ရပ်ပြီး ပေးရတဲ့အတွက် အင်ဂျင်ကျနေတဲ့ ဆိုင်ကယ်နှစ်ယောက်စီးလာမိလို့ကတော့ ဆိုင်ကယ်ပေါ် ဇာတ်ထုပ်က သွားတယ်လို့ ထင်ကြမှာပါ။ အိအိအိအိနဲ့ ငိုချင်းချနေတာလိုလို နှဲကြီးတော့နေတာလိုလို။

ကံချွန်ကတော့ ပြင်ဦးလွင်တက်တော့မယ်ဆိုတာနဲ့ ဆိုင်ကယ်ကို စစ်ဆေးချင်ရင် တစ်ဆယ်ပေးပြီး ဘူတာကြီးခုံးကျော်ကို ဖြတ်မောင်းကြည့်လိုက်တာပဲ။ စာဖတ်သူအနေနဲ့ မြန်မာပြည်ရဲ့ အန္တမ်းဆုံးဆိုတဲ့ ငွေစက္ကူများကို မြင်ဖူးချင်ရင်

ဘူတာကြီးခုံးကျော်ကို ရာတန်တစ်မျိုးမျိုးထုတ်ပေးလိုက်ပါ။ ပြန်အမ်းငွေဟာ အနွမ်းစံချိန်တင်ထားတဲ့အကြောင်း လက်တွေ့သိရပါမယ်။

သွားရေးလာရေး လွယ်ကူအောင်၊ ယာဉ်ကြောရှင်းအောင် ခုံးကျော်တံတားကို လုပ်ပေးထားပေမယ့် သွားရလာရ အဆင်မချောလို့ ၂၆ လမ်းနဲ့ ၃၅ လမ်းဟာ ကျပ်မြဲ၊ ညှပ်မြဲပါခင်ဗျာ။ ဖြတ်သန်းခ ပေးရတဲ့ငွေက ပြဿနာမဟုတ်ပေမယ့် အရှိန်နဲ့မောင်းတက်ရမယ့်နေရာမှာ ရပ်ရ၊ ပေးရ၊ ပြန်အမ်းတဲ့အနွမ်းကြွေမကျအောင် အိတ်ထဲထည့်ရ၊ ဘယ်လိုမှ စိတ်မရှည်နိုင်လို့ "ကွင်းရှောင်တံတား" ဖြစ်နေပါတယ်။

ဒီဇင်ဘာ မှတ်တမ်းမှာ ထည့်သင့်တာကတော့ ကံချွန့်ကို ကံချွန်ရဲ့ဘကြီးက လာဆုံးမတာပါပဲ။ မင်း လူမုန်းများမယ့် စာတွေမရေးနဲ့တဲ့။ ကံချွန်က ရှင်းပြပါတယ်။ စည်းကမ်းမဲ့သူ အခွင့်အရေးယူသူ၊ အတ္တရှေ့တန်းတင်သူဆိုတာမျိုးတွေကို ကံချွန်ရဲ့ ကိုယ်ရေးကိုယ်တာကင်းကင်းရှင်းရှင်းနဲ့ ကြည့်ပြီး မြင်သမျှတော့ ရေးနေရမှာပဲ။ မမှန်တဲ့သူတွေက မုန်းတာ ကိစ္စမရှိပါဘူးလို့ ရှင်းပြတော့ဘကြီးက မင်းကလည်း ခပ်စွာစွာ၊ အယ်ဒီတာကလည်း ခပ်မာမာ၊ ခက်တာက ငါပြောတာကို သဘောမပေါက်တာပဲ။ အဲသလိုရေးနေလို့ လူမုန်းများမယ့်စာတွေလို့ ပြောတာပေါ့ကွလို့ ဆုံးမပါတယ်။

ဂျာနယ်စာဖတ်သူအပေါင်းတို့ခင်ဗျာ အထူးထုတ်

စာမျက်နှာ ကနေပြီး လေးစားစွာ ကတိပေးပါတယ်ခင်ဗျာ။ စာဖတ်သူအကျိုး၊ အများအကျိုးကို ဆက်လက်ရေးသားသွားပါမယ်။ ကံချွန်ရဲ့ ယုံကြည်မှုကတော့ စေတနာကောင်းထားရင် ကောင်းသောအကျိုးပေးမယ်ဆိုတာပါပဲ။ အယ်ဒီတာအဖွဲ့ရဲ့ ရည်ရွယ်ချက်၊ အုပ်ချုပ်ရေးအဖွဲ့ရဲ့ မျှော်မှန်းချက်ဟာလည်း တူညီနေကြတယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်လည်း တာဝန်ကျေအောင် ကြိုးစားရေးသားနေတာပါ။

ကံချွန်ကို နေရာပေးရတဲ့အတွက် ဂျာနယ်ရဲ့ ယုံကြည်မှုကို လေးစားတန်းဖိုးထားသလို၊ ဒီစာမျက်နှာကို ဖတ်နေတဲ့ ပရိသတ်ရဲ့ ကျေးဇူးတရားကိုလည်း စာရေးစားပွဲမှာ ထိုင်မိတာနဲ့ အလေးအနက်သတိရနေရိုးအမှန်ပါ။ ပရိသတ်ကို မမေ့ရိုးအမှန်ပါ။ ဂျာနယ်မှာရေးတဲ့ ပင်တိုင်စာရေးသူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားနဲ့တာဝန်ကို မမေ့မလျော့ရှိကြောင်း . . . ။ (ဗွီဒီယိုဇာတ်ကားတစ်ကား နာမည်သတိရမိတယ်။ ရေးဖော်သူငယ်ချင်း ဆရာဒေါ်နုရိုက်တာပါ။ နောက်မဆုတ်နဲ့ ကိုကံချွန်တဲ့ . . . )။ ဟုတ်ကဲ့။

***ကံချွန်***

**ရွှေမန္တလေးဂျာနယ် – ၂၉.၁၂.၂၀၀၇**

❖ ❖ ❖ ❖ ❖

www.burmeseclassic.com



မန္တလေးမြို့ က

# လူတွေအကြောင်း